
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၁၂၂၆/၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၇၂၇/၂၀၀၄ (၇) |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၄၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - ဦးတင့်လွင် (သော်ကစာပေ) |
| | ၆၀၅၊ သုဓမ္မာလမ်း၊ ၄၅/တိုးချဲ့၊ |
| | မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| အဖုံးနှင့်အတွင်းပုံနှိပ်တိုက် | - ဦးမောင်မောင်လွင် (ကဝိရတနာပုံနှိပ်တိုက်) |
| | အမှတ် ၂၀၄၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ |
| | ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | - ကိုယ်သီး (Modern Electronic Art) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၇၀၀ ကျပ် |
| စီစဉ်သူ | - မောင်မောင်ပြေသိဏ်း (ရွှေထီးမိုးစာပေ) |

BURMESE CLASSIC

ဗုဒ္ဓ ဓမ္မ သံဃ

**ရွှေထီးမိုး စာပေ**

အမှတ် ၁၇၇၊ (ဒုတိယထပ်)၊ ၁၇ လမ်း။

ဖုန်း-၆၄၁၃၈၄

ဖုန်း-၂၁၂၈၆၆ လိုင်းခွဲ - ၂၄၀

www.burmeseclassic.com

www.burmeseclassic.com

# အာဝိုင်း တာစ်

www.burmeseclassic.com

www.burmeseclassic.com



(၁)

'ကိုကို… သား'

အခန်းတံခါးခေါက်သံနှင့်အတူ မေမေ့အသံကို ညင်သာစွာကြားရသည်။ မျက်လုံးကိုအားယူဖွင့်ပြီး တစ်ချက် သမ်းဝေလိုက်သည်။ မီးခလုတ်ကို အသာခွဲဖွင့်လိုက်ပြီး စားပွဲပေါ်မှ နာရီကို ကြည့်လိုက်သည်။

နံနက် ငါးနာရီတိတိ။

'ပျင်းထူမနေနဲ့ ကိုကို၊ သားကောင်ကြီးကို သားပဲ အကျင့်လုပ်ထားတာ၊ အခု ခြံထဲမှာ တဆူဆူတည်းညံ လုပ်နေတယ်'

'သား နိုးပါပြီ မေမေ၊ လေးနာရီကတည်းက သား နိုးနေတာ။ အဲဒီကတည်းက ကောင်ကြီး တအီအီလုပ်နေတာ'

မေမေ့အသံ တိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်အိပ်စက်ခြင်းပြုမည် မဟုတ်သည်ကိုတော့ သိ၏။ မေမေသည် ထုံးစံအတိုင်း သွားတိုက်ပြီး သွားတိုက်မည်။ မျက်နှာသစ်မည်။ ပြီးတော့ အအိပ်စုံမက်သော ဂျမ်းကို နှိုးမည်။ သည့်နောက် ဘုရားရှိခိုး၊ အမျှဝေ၊ ကြေးစည်ထုမည်။

ဂျမ်း...

နာမည်နှင့်လိုက်အောင် ခပ်ကြမ်းကြမ်းနိုင်သည်။

အသက်ဆယ့်ခြောက်နှစ်တွင် တစ်ရက်လျှော့သော်လည်း အပျိုကြီးအိုက်တင် အပြတ်လုပ်သည်။ သို့သော်လည်း အချက်အပြုတ်နှင့် အိမ်မှုကိစ္စတွင် မေမေက လုံးဝလွှဲအပ်ထားနိုင်လောက်အောင် စေ့စပ်သေချာသည်။ သုံးနှစ်သမီးအရွယ်ကတည်းက မေမေ မွေးစားထားသည့် မွေးစားသမီးလည်းဖြစ်သည်။ ဂျမ်းတွင် ဆိုစရာအပြစ်ကလေးက တစ်ခုသာရှိ၏။ အအိပ်ကတော့ အရမ်းကြီးသည်။ မေမေ မနှိုးဘဲနှင့် နိုးလာသည့်အသံကို ကျော်ကိုလတ် တစ်ခါမှ မကြားခဲ့ဖူး၊ မကြုံခဲ့ဖူး။

အခန်းတံခါးဂျက်ကို အသာဆွဲလှည့်လိုက်သည်။

အခန်းပြင်ရောက်သည်နှင့် ဂျမ်းပုံကို မျက်နှာချင်း ဆိုင်တွေ့သည်။

'ကိုကိုလတ်က သိပ်ပြီး အိပ်ပုပ်ကြီးတယ် သိလား'

'အောင်မာ... ငပြူးကများ ပြောရတယ်ရှိသေး'

'ကိုကိုလတ်... အိပ်ပုပ်ကိုကြီးတာပါနော်၊ ဂျမ်းက ချစ်သဲကြီး တအီအီလုပ်ကတည်းက နိုးနေတာ'



'ဒါဖြင့် ငါ နိုးပါလားဟ'

'ကိုကိုလတ် ဘယ်ထိအိပ်ပုပ်ကြီးမယ်ဆိုတာ သိချင်လို့ တမင်ကလာ မနှိုးဘဲနေတာ'

'အာလူး'

ကြွေခွက်ရှိရာလျှောက်ခဲ့သည်။ မျက်နှာကို ကမန်းကတန်း သစ်ပြီး နံရံထောင့်ရှိ ဖိနပ်စင်ပေါ်မှ သံကြိုးကို ဆွဲယူလိုက်၏။ ဘာကျာတံခါး ဆွဲဖွင့်လိုက်သည်နှင့် ချစ်သဲကြီး အုယားဖားယား ပြေးလာသည်။ ကိုယ်ပေါ် ပတတ်ရပ်တက်ပြီး တအီအီလုပ်၏။

'အင်း... မင်းကို အကျင့်လုပ်မိတာ ငါတော့မှားပြီ ထင်တယ် ချစ်သဲရာ၊ ငါမထလည်း ခြံထဲမှာ မင်းဘာသာ မင်း နေပါလားကွ၊ ခုတော့ မင်းဟာက တအီအီ တဂိုဂိုနဲ့'

မျက်နှာကိုကြည့်လိုက်... ခြံထဲ ပတ်ပြေးလိုက်နှင့် ထုံးစံအတိုင်း ချစ်သဲကြီး မြူးနေ၏။ ခေတ္တခဏရပ်ကြည့်ပြီး ချစ်သဲကြီး လည်ပင်းကို သံကြိုးစွပ်ရသည်။

လေအေးက သုတ်ခနဲဝေ့သွားသည်။

ခြံထဲရှိ စံကားပင်ကြီးမှ စံကားပွင့်တစ်ပွင့် ဖြုတ်ခနဲ ကြွေကျသည်ကို တွေ့ရသည်။ ခြံတံခါးကိုဖွင့်ပြီး ကျော်ကိုလတ်သည် ချစ်သဲကြီးကိုဆွဲကာ ခြံပြင်သို့ ထွက်လိုက်သည်။

'အမလေး...'

'ဟ... ဟ... ဟော့ကောင် ချစ်သဲ'

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

သံကြိုးကို တုံ့ဆွဲလိုက်ရသည်ကြောင့် လက်ဖဝါးမှာ ကျဉ်ခနဲ ခံစားလိုက်ရ၏။

'တောက် ... သေတော့မှာပဲ'

မကျေမနပ်နှင့် ကျော်ကိုလတ်က စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်သည်။ အမျိုးသမီးငယ်၏ မျက်နှာတွင် ကြောက်ရွံ့စိတ်နှင့် သွေးရောင်ပင် ကွယ်ပျောက်နေ၏။ သူမကိုင်ထားသည့် ပန်းခြင်းကလေးသည် သူမ၏ နံဘေးဝယ် ပြုတ်ကျလျက်ရှိသည်။ စံပယ်ဖြူဖြူကလေးများသည် ပန်းခြင်းကလေးထဲမှ ထွက်အန်နေ၏။

'ကျုပ်သာ လျင်မြန်ဖျတ်လတ်မှု မရှိရင် ခင်ဗျားမျက်နှာကြီးတော့လား ဟက်တက်ကို ပြဲသွားမှာ၊ ချစ်သဲက ကျုပ်တို့မိသားစုကလွဲလို့ ကျန်တဲ့ သက်ရှိအားလုံးကို ရန်သူလို့ သတ်မှတ်ထားတာ'

'ရှင် ... ရှင်က မပြောမဆိုပဲနဲ့ ခြံထဲက ဖြုန်းစားကြီး ထွက်လာတာ'

'ပြောကောင်းဗျာ၊ ကိုယ့်ခြံထဲက ကိုယ်ထွက်လာတာပဲ၊ ခြံထဲက ထွက်လာပါတော့မယ်ဗျို့လို့ ကြေငြာရမှာလားဗျ'

ကျော်ကိုလတ်စကားကြောင့် အမျိုးသမီးကြောင်အမ်းအမ်းဖြစ်သွားသည်။ ချစ်သဲကြီးက တဟာမ်းဟာမ်းနှင့် ရုန်းကန်နေသဖြင့် သံကြိုးကို ခပ်တင်းတင်း ဆွဲထားရသည်။ အမျိုးသမီး





က လွင့်ကျနေသော ပန်းခြင်းကလေးကို ကပျာကယာ ကောက်ယူလိုက်၏။

'နေပါဦး... အမိက ခြံရှေ့မှာ ဘာလာလုပ်တာလဲ'

'ပန်း လာခူးတာ'

သည်တစ်ခါမူ အမျိုးသမီးက ခပ်ဆတ်ဆတ်ပြောသည်။

'ဘာပန်းလာခူးတာလဲ'

'မမြင်ဘူးလား'

ကျော်ကိုလတ်မျက်လုံး ဝိုင်းခနဲ ဖြစ်သွားသည်။

ဘယ်လိုကောင်မလေးပါလိမ့်။

စွာတေးမလေးပါလား။ သည်တစ်ခါ ဆက်ပြောလျှင် ချစ်သဲကြီးကို အသာကြိုးလျှော့ထားပြီး ခြောက်လှန့်မည်ဟု စဉ်းစားထားသည်။ တစ်ဆက်တည်းပင် ပန်းခြင်းကလေးထဲမှ ပန်းပွင့်ကလေးများကို လှမ်းကြည့်သည်။

ပန်းခြင်းကလေးထဲတွင် စံပယ်ပွင့်တွေ တစ်ဝက်တစ်ပျက်။

'ပိုင်ရှင်ရဲ့ ခွင့်ပြုချက် မရဘဲ ပန်းခူးတယ်ဆိုတာ ပန်းသူခိုးပဲ'

'ဘာရှင်...'

'ပန်းသူခိုးဆိုတာကို မြန်မာလိုပြောနေတာလေ၊ အင်္ဂလိပ်လို ထပ်ပြောရဦးမလား'

အမျိုးသမီး၏ နှုတ်ခမ်းသားကလေး တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်သွားသည်။ ကျော်ကိုလတ်က ကြည့်ကောင်းကောင်းနှင့် ကြည့်ပြီး စိတ်ထဲကမူရယ်ချင်နေသည်။ ခြံစည်းရိုးတန်းတစ်လျှောက်တွင် စံပယ်ရုံများရှိသည်။ တကူးတက စိုက်ထားသည် မဟုတ်သော်လည်း ဂျမ်းက ညမွှေးတိုင်း ရေလောင်းသည်။ စံပယ်ပွင့်များကို မေမေ ဘုရားတင်ဖို့အတွက် ခြံထဲက ဆွတ်သည်တောင်မှ ကုန်နိုင်ခြင်းမရှိချေ။ ခြံစည်းရိုးအပြင်မှ အပွင့်များကမူ ဘယ်သူ ဆွတ်ဆွတ် ခွင့်ပြုထားခဲ့သည်။

'ဟင်း… လာလုပ်မနေနဲ့၊ ခုမှခူးတာ မဟုတ်ဘူး'

'သြော်… ခိုးပြီးခူးတာ ကြာပြီပေါ့'

'ရှင်… သိပ်စော်ကားလွန်းပြီ၊ အတူတူတော့ မလုပ်နဲ့၊ ရှင့်လက်ထဲက အင်းခွေးကြီးကို ကြောက်မယ်များ ထင်သလား'

'တကယ်'

အမျိုးသမီးက ကျော်ကိုလတ်မျက်နှာကို ဖြတ်ခနဲ ကြည့်လိုက်သည်။ ကျော်ကိုလတ်က တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့် သံကြိုးကို တစ်ပတ်လျှော့လိုက်၏။

'ဟမ်း…'

ချစ်သဲကြီးက ပတောက်ရပ်သည်။

အမျိုးသမီးနားသို့မရောက်ခင် ကျော်ကိုလတ်က သံကြိုးကို တို့ဆွဲလိုက်၏။

'ရှင်… ရှင်'

'ဒါနဲ့ မကြောက်ဘူးဆို'





'ရှင်… သိပ်မစော်ကားနဲ့ သိလား၊ ပုံကိုက ဘာပုံမှန်းမသိဘူး၊ နွားကျောင်းသားလိုလို၊ ခွေးကျောင်းသားလိုလိုနဲ့'

အမျိုးသမီးက ပြောပြီး ချာခနဲ လှည့်လိုက်သည်။

'ပန်းတွေ ထားခဲ့လေ'

'ဘာလို့ထားခဲ့ရမှာလဲ'

'ပန်းသူခိုး'

'သေခြင်းဆိုး'

'အယ်…'

ကျော်ကိုလတ် တွန့်ခနဲ ဖြစ်သွား၏။ ဆံစကလေးများ ခါယမ်းထွက်သွားသော အမျိုးသမီးကိုကြည့်ပြီး ကျော်ကိုလတ်က ပြောလိုက်သည်။

'နောက်တစ်ခါ ပန်းလာခိုးရင် ခွေးနဲ့အသေကိုက်သတ်ခိုင်းမယ်၊ ကောင်းကောင်းကြီး သတိထား'

လည်ပြန်မျက်စောင်းကြီးက ဒိုင်းခနဲ ရောက်လာ၏။ လက်ဝါးကို ထောင်ပြသောအခါ ဖတ်ခနဲဖူးသည့် မပေါ့သဘောတ်မှ အမရာကို သတိရလိုက်သည်။

□ □ □

ဝင်ဒါမီယာအောက်လမ်းမကြီးအတိုင်း ချစ်သဲကြီးကို ဆွဲပြီး လျှောက်ခဲ့သည်။ နံနက်ခင်း လေပြည်သာ ခပ်စိမ့်စိမ့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်လျက်ရှိ၏။ တစ်လမ်းလုံး ကောင်ကြီးက အငြိမ်မနေ။ လမ်းဘေးချွေးများတွေ့လျှင် အခွဲကြီး ထိုးလိုက်ချင်သည်။ သည်ကောင့်အရုပ်နှင့် ဗလကြီးကလည်း နည်းနည်းနောနော ကောင်ကြီးမဟုတ်။ ချောကလက်ရောင် အမွေးအသွေးသည် သူ၏ကြီးမားသော ဦးခေါင်းကြီးနှင့် ခြေဆစ်လက်ဆစ်ကြီးများကို ပိုမို၍ ခန့်ထည်ထားသည်။ ချစ်သဲကြီးသာ မြဲဝမှာ ငုတ်တုတ်ထိုင်နေလျှင် သူစိမ်းလူသည် ခြံနားသို့ပင် သီဝံ့လိမ့်မည် မဟုတ်ချေ။

ချစ်သဲကြီးကို လသားအရွယ်ကတည်းက မွေးထားခြင်းဖြစ်သည်။ ယခု အခါလည်နီးပါးမျှသော ရှိသေးသော်လည်း ချစ်သဲကြီး၏ အရုပ်အမောင်းက ခွေးကြီးတစ်ကောင်၏ အသွင်သဏ္ဍာန်ဟန်ပန်များ ပေါ်လွင်နေ၏။ အစက ချစ်သဲကြီးနှင့်အတူ နံနက်စောစောထ၍ လမ်းလျှောက်ခြင်းအလုပ်ကို မလုပ်ခဲ့သော်လည်း လွန်ခဲ့သည့်တစ်ပတ်လောက်က ကျော်ကိုလတ် အကျင့်လုပ်သလို ဖြစ်သွားခဲ့သည်။ ယခုမူ မိုးမလင်းခင် ခြံထဲမှနေ၍ တအီအီလုပ်ပြီး ကျော်ကိုလတ်ကို နှိုးတတ်သည့် အကျင့် ချစ်သဲကြီးမှာ ရနေသည်။

လမ်းလျှောက်တော့လည်း ကောင်ကြီးက ငြိမ်ငြိမ်ဆိမ်ဆိမ် လိုက်ပါလာသည်မဟုတ်။ သူ့ဗလကြီးနှင့် အတင်းဆွဲသွားလျှင် ကျော်ကိုလတ် ယက်ကန်ယက်ကန် ပါသွားရသည်ချည်းဖြစ်၏။

တစ်ခါက ချစ်သဲကြီး လွတ်သွားခဲ့ဖူးသည်။





ကျော်ကိုလတ်တို့ မာရသွန်ကြီးနွဲပြီး လိုက်ဖမ်းရသည်မှာ ဖတ်ဖတ်ကိုမောရော။ ပြီးတော့ ချစ်သဲကြီးက အကောင်ပလောင်ဆိုလျှင် ဝါးတတ်သေးသည်။ တစ်ဖက်ခြံမှ မွေးထားသည့်ကြက်တွေ ခြံထဲ မျက်စိလည်ရောက်လာလျှင် ပြန်လမ်းပျောက်သွားရသည်ချည်းသာဖြစ်၏။ သည်ထိ ချစ်သဲကြီး သောင်းကျန်းသည်။

'ဟော့… ကျော်ကိုလတ်'

ခေါ်သံကြောင့်ကြည့်လိုက်သည်။

ဝင်းတံခါးကို မှေးတင်ပြီး ရပ်နေသော ကျော်စွာကို တွေ့ရသည်။

'မင်းမလဲ အလုပ်ပိုကွာ'

'ဝါသနာကိုးကွ သူငယ်ချင်းရ၊ ငါက ခွေးသိပ်ချစ်တတ်တာပဲဟာ'

'ခွေးထက် ချစ်ရမယ့်အချစ်ကို မင်း မတွေ့သေးလို့ပါ ကျော်ကိုလတ်ရာ၊ အဲဒီအခါကျ ချစ်သဲကြီးကို မင်းမေ့သွားမှာပါ'

ကျော်ကိုလတ် ရပ်နေလိုက်၏။

ယခုထက်ထိတော့ ချစ်သဲကြီးထက် ချစ်ရမည့်သူကို မတွေ့သေးချေ။ ကျော်စွာနှင့် စကားပြောနေစဉ် ခြံထဲမှ အယ်ဖေးရှင်းခွေးကြီးတစ်ကောင် ပြေးထွက်လာသည်။

'ဟ… ဘယ်တုန်းက ရောက်လာတဲ့ မြွေကြီးလဲကွ၊ မင်းငါ့ကို မပြောဖူးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒက်ဒီ ပြင်ဦးလွင်က ယူလာတာကွာ၊ ငါက မင်းလို ဝါသနာမပါဘူး၊ ဒီခွေးကြီးကို ယူလာလို့ မာမီကလည်း ဒက်ဒီကို သိပ်မကြည်ဘူး'

'နေပါဦး အထီးလား၊ အမလား'

'အမကြီးကွ'

'ဟာ... ဒါဆို မဆိုးဘူး၊ ချစ်သဲကြီး အချစ်ဖီလင်တွေ တက်လာရင် မင်းတို့ခြံထဲခေါ်လာမှာပဲ'

ကျော်စွာက ပြုံးသည်။

တစ်လမ်းလုံး ခွေးလေခွေးလွင့်များကို ရန်လိုနေသော ချစ်သဲကြီးသည် ကျော်စွာ ခွေးမကြီးနှင့် ဇေမှာပြနေ၏။ ခြားထား သော သံတံခါးကြားမှ နှုတ်သီးကြီးထိုးပြီး တအီအီလုပ်နေသည်။ အချစ်ဖီလင်များ တက်နေသည်လားမသိ။

'မင်းကောင်ကြီးကလည်း သောင်းကျန်းလိုက်တာ'

'အချစ်ကို တောင့်တနေတာပါကွ'

'ငါ့သဘောနဲ့ မဖြစ်ဘူး၊ ဒက်ဒီဆီ လာတောင်းရမ်းလေ ကွာ၊ မင်္ဂလာဖိတ်စာပါ စီစဉ်လို့ရတာပေါ့'

နှစ်ယောက်ပြိုင်တူ အသံထွက်အောင် ရယ်လိုက်ကြ၏။

'ဒီခွေးကြီး ရောက်လာကတည်းက မာမီကလည်း ညည်းလိုက်တာ ချူသံကို ပါနေတာပဲ'

'ဘာဖြစ်လို့လဲ'

'တစ်နေ့တစ်နေ့ ကျွေးရတဲ့စရိတ်ကို ကြည့်ဦးလေကွာ၊





အမဲသားငါးဆယ်သား၊ ကြက်ဥနှစ်လုံး၊ ပေါင်မုန့် ထောပတ်သုတ် က နေ့ရောညရော ငါဖြင့် သဒ္ဒါကို မသဒ္ဒါဘူး၊ ဒက်ဒီ ဖူးဖူး မှုတ်နေလို့ကြည့်နေရတာ'

'ခွေးမကြီးက အရမ်းလှတာပဲကွ'

'မျိုးမရောဘူးလေကွာ'

'ဟုတ်လား'

'ဟုတ်လားတော့ မသိဘူး၊ ဒက်ဒီပြောတာပဲ၊ တကယ် ဆို မင်းမေမေနဲ့ ငါနဲ့သားအမိတော်ဖို့ ကောင်း၏၊ ဒက်ဒီနဲ့မင်းနဲ့ သားအဖတော်ဖို့ ကောင်းတာကွ၊ ဝါသနာချင်းကတူတယ်'

'မင်းကလည်း ငါ့မေမေ အေးအေးဆေးဆေး နေပါရ စေကွာ'

ကျော်စွာက တောက်တောက်ပပပြုံးသည်။ ငယ်သူငယ် ချင်းများဖြစ်သည်မို့ ပြောမနာ ဆိုမနာ။ ဆယ်တန်းအောင်တော့ လည်းအတူတူ၊ ဒေသတက်တော့လည်း အတူ၊ တက္ကသိုလ်ရောက် တော့လည်း မေဂျာတူ ဖြစ်သည်။

'ကျော်ကိုလတ်'

'ဟင်...'

'မေဖလားဝါးကြီးက ရယ်တော့ရယ်ရတယ်ကွ'

ကျော်ကိုလတ် မျက်မှောင်ကြုတ်လိုက်၏။

'ဘယ်သူလဲ မေဖလားဝါး'

'ဒီခွေးမကြီး နာမည်ပေါ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်...'

'မနေ့ကခြံကို ဒက်ဒီမိတ်ဆွေတွေ လာတယ်၊ ငတိမလှ လှတစ်ယောက်လည်း ပါတယ်ကွ၊ ငတိမက ခွေးချစ်တတ်တယ် ထင်ပါရဲ့ကွာ၊ မေဖလားဝါးကို လက်ဖျောက်လေးတီးပြီး စကလူ တာ...'

ကျော်စွာက စကားကိုတန့်ပြီး မျက်နှာကို ပြုံးစိစိလုပ်သည်။ ကျော်စွာကိုကြည့်ပြီး ကျော်ကိုလတ် စိတ်မရှည်ချင်တော့။ သည်ကောင့်အချိုး သည်အတိုင်းဖြစ်နေသည်ကို နားလည်ထားသော်လည်း စိတ်က သိပ်မရှည်ချင်။

'မင်းကလည်းစကားပြောရင်ပြတ်တောင်း ပြတ်တောင်းနဲ့ ပြည့်ပြည့်စုံစုံ ပြောစမ်းပါကွ'

'မင်းကလည်း ဖြည်းဖြည်းပေါ့၊ အဲဒါ မေဖလားဝါးကြီး ကမြူးပြီး ပတတ်ရပ်လိုက်တာကွာ၊ ကံကောင်းလို့ ပက်လက်လန် မလဲတယ်'

'ဟာ'

'အေးပေါ့ကွ၊ ငါဖြင့် အဲဒီငတိမမျက်နှာကို မကြည့်ရဲလို့ အခန်းထဲကကို မထွက်တော့ဘူး'

'ငတိမလည်း တော်တော်ရှက်သွားမှာပဲ'

'အောင်မာ... ခပ်တည်တည်ပဲ ကိုယ့်လူ၊ အပြုံးမပျက်ဘူး၊ မေဖလားဝါးကြီးကတော့ တကယ်ရယ်ရတယ်'

မေဖလားဝါးကို လှမ်းကြည့်သည်။



နားရွက်ထောင်ထောင် နှုတ်သီးချွန်ချွန်နှင့် အရောင်အသွေးက မွေးပွပြီး အဖြူဘက် လိုက်နေသည်။ အယ်ဖေးရှင်းခွေးစစ်သည်ကို ကျော်ကိုလတ် ချက်ချင်းသိလိုက်၏။

'ကဲ... သွားမယ် ကျော်စွာ၊ ဆက်နေရင် ချစ်သဲကြီး မေဖလားဝါးကို အပြတ် ဖီးလ် တက်သွားလိမ့်မယ်'

ကျော်ကိုလတ် ချစ်သဲကြီးကို ဆွဲခေါ်သည်။

ကိုယ်တော်က သိပ်မလိုက်ချင်။ တံခါးနားမှာ ပေနေသေး၏။

ချစ်သဲကြီးကိုကြည့်ပြီး ကျော်ကိုလတ်နှင့် ကျော်စွာ ဟားလိုက်ကြသည်။

'အင်း... ကျော်ကိုလတ်ရာ၊ မင်းချစ်သဲကြီးက မင်းလိုပဲ ချစ်မိရင် သဲကြီးမဲကြီးထဲကများလားကွာ'

'အေပေး'

ချစ်သဲကြီးကို မရမက ဆွဲခေါ်ခဲ့ရ၏။

❐ ❐ ❐

အိမ်ပြန်ရောက်သောအခါ ချစ်သဲကြီးအကြောင်းကို မေမေ့ကို ပြန်ပြောပြသည်။ မေမေက သဘောကျစွာ ရယ်၏။

'သားအရှက်ကွဲပေါ့ မေမေရာ၊ ဒါတောင် ကျော်စွာရဲ့ နမတွေ ထွက်မလာလို့ နို့မို့ရင်မို့လား၊ သားဘယ်လို မျက်နှာပူ

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ မသိဘူး'

'မေဖလားဝါးကတော့ သူ့ကို ကြိုက်လို့လား'

ကြိုက်တယ်ထင်တယ် မေမေရ၊ နှစ်ကောင် တစ်ကောင် မျက်နှာတစ်ကောင်ကြည့်ပြီး တအီအီလုပ်နေတာ၊ သားဖြင့် ချစ်သဲကြီးကို စိတ်ချဉ်တောင် ပေါက်လာတယ်'

'ဒီလိုဆို သားရဲ့ချစ်သဲကြီးက သားလိုပဲ နောက်ပိုးရှုးထင်တယ်'

'ဟာ… မေမေကလည်း သားဘယ်သူ့ကို နောက်ပိုးလို့လဲ၊ သားက ပိုးတာပန်းတာ ဝါသနာမပါဘူး၊ အကြိုက်တွေ့ရင်တော့ ခပ်ပြတ်ပြတ်ပဲ'

'ဟဲ့… သားအမိနှစ်ယောက် ဘာတွေများ ပြတ်နေကြတာလဲ'

ဘွားဘွားက အသံနှင့်အတူ အိပ်ခန်းထဲမှထွက်လာသည်။

'အမေ့မြေးလေး'

'ဟဲ့… ငါ့မြေးက ဘာဖြစ်လို့လဲ'

'ချစ်သဲကြီး ရွှံတာကို မကျေမနပ် ဖြစ်နေတယ်'

ယင်းစကားကို မေမေက အရယ်နှင့်ဆိုသည်။ ဘွားဘွားကမူ မျက်နှာကို လှမ်းကြည့်၏။ ကျော်ကိုလတ်က သူ့အဘွား၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

'မေမေပြောတာ မဟုတ်ဘူး ဘွားဘွား၊ ကျွန်တော်က



စွံအောင်လည်း မကြိုးစားဘူး၊ မိန်းမယူဖို့လည်း စိတ်မကူးဘူး၊ ကျောင်းပြီးရင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုလုပ်မယ်၊ ဘွားဘွားနဲ့ မေမေကို လုပ်ကျွေးမယ်'

ဘွားဘွားမျက်နှာတွင် အပြုံးတွေ ဝေနေ၏။

ဘယ်ကွေ့မှာ ဘယ်တက်နှင့်လှော်ရမယ်၊ ဘယ်ထောင့်မှာ ဘယ်စကားလုံးနှင့် ဖြောင်းရမည်ကို ကျော်ကိုလတ်က ကျွမ်းပြီးသား။ မေမေကတော့ သား၏အာ့ထာကို သိသည်။

'ဘွားအေကြီးဆီမှာ ဘာတောင်းဖို့ ကြံစည်နေပြန်ပြီလဲသား'

'အဟဲ… မေမေကလည်း'

ရယ်ရင်း ဘွားဘွားကို တင်းကြပ်စွာ ဖက်ထားသည်။ လက်ဖြင့်လည်း ဘွားဘွားအိတ်ကပ်ကို မသိမသာစမ်းကြည့်သည်။

ဘွားဘွားအိတ်မှာ မာခေါက်ခေါက်လေးတော့ စမ်းမိ၏။ ကျော်ကိုလတ် မျက်နှာဝင်းလက်သွားသည်။

'ဘွားဘွား'

'ဘာလဲမြေး'

'ဘွားဘွား မုန့်ဖိုးမပေးတာ ကြာပြီလေ'

'အလိုလေ… ဟိုတစ်ပတ်ကပဲ မုန့်ဖိုးတစ်ရာ ပေးလိုက်သေးတာပဲဟာ'

'ဘွားဘွားကလည်း ရက်သတ္တပတ်ဆိုတာ ဘယ်လောက် ကြာသွားပြီလဲ'

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျော်ကိုလတ်က မျက်မှောင်ကြုတ်လိုက်ကြည့်သည်။ ဘွားဘွားကမူ သူ၏ အိတ်ကပ်ထဲသို့ နှိုက်နေပြီဖြစ်၏။

'သား ကိုလတ်'

'ဗျာ… မေမေ'

'သား… သိပ်အသုံးကြမ်းနေပြီ၊ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ သုံးတာကို မေမေ မကြိုက်ဘူး'

ကျော်ကိုလတ် အနည်းငယ် တွန့်သွားသည်။

'ဟိုတစ်နေ့က မင်း မေမေ့ဆီက တောင်းသွားတဲ့ မုန့်ဖိုးငါးဆယ်က ကုန်ပြီလား'

'ကျောင်းမှာ သားသူငယ်ချင်း လခသွင်းစရာ မရှိလို့ အကူအညီပေးထားတယ် မေမေ၊ ကျောင်းလခ ဆက်မသွင်းနိုင်ရင် နိုတစ်ဘုတ်မှာ အကပ်ခံရမှာ'

'ကဲ… ကဲ… ရှေ့… ရှေ့… မရှိဆင်းရဲသူကို ကူညီတယ်ဆိုတာ မင်္ဂလာတစ်ပါးပဲ မြေးရဲ့'

'အင်း… အမေကတော့ အမေ့မြေးကို အရမ်းအလိုလိုက်နေတော့တာပဲ'

'ငါ့မှာ မြေးလေးတစ်ယောက် ရှိပါတယ်အေ၊ ညည်းကတော့ နေရာတကာကို စည်းနဲ့ကမ်းနဲ့ချည်းပဲ၊ ကလေးအနေကျပ်ပါတယ်၊ ပြီးတော့ ငါ့မြေးက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေတာ မုန့်ဖိုးက လုံလုံလောက်လောက် ရှိရမှာပေါ့'





'ကျွန်မလည်း လုံလောက်အောင် ပေးထားတာပဲ၊ အမေ့မြေးက အကြောင်းအမျိုးမျိုးပြနေတာ'

'သား မလိမ်တတ်ပါဘူး မေမေ'

ကျော်ကိုလတ်က ပျာပျာသလဲ ပြောသည်။ ဘွားဘွားကမူ မေမေ့စကားကို ပယ်မဲ့မှာ ပြထားသည်ချည်းဖြစ်၏။ ဂျမ်းက 'ကိုကိုလတ်၊ ကော်ဖီတွေ ဖျော်ထားတာ အေးတော့မယ်' ဆိုသဖြင့် ကော်ဖီခန်းဘက် ထလာခဲ့သည်။ မေမေကမူ မှန်ရှေ့တွင် သွားရပ်ပြီး မျက်နှာကို တို့ပတ်တင်နေသည်။

'ကိုလတ်'

ကော်ဖီရည်ကို ပါးစပ်တွင် ငုံထားရင်း မေမေ့ကို လှမ်းကြည့်သည်။ လေးဆယ်စွန်းစဖြစ်သော်လည်း မေမေက အရွယ်တင်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သော မေမေသည် ကျော်ကိုလတ်အတွက် အင်အားရပ်ကို ပေးခဲ့သည်။ နောက်အိမ်ထောင်ဆိုသည့် စကားကို မေမေ့ထံမှ မကြားရသလို ဘွားဘွားနှုတ်မှလည်း တစ်စွန်းတစ်စမျှ ထွက်မလာချေ။ တကယ်ဆိုမူ ဘွားဘွားက မေမေ့ကို နောက်အိမ်ထောင်သစ်တစ်ခု ထူထောင်မည်ကို စိုးရွံ့ကြောင့်ကြသည်။ တစ်ခါက ဘွားဘွားနှင့် မေမေ တီးတိုးပြောဆိုနေသည့် စကားလေးများကိုတော့ ကျော်ကိုလတ် အမှတ်ရ၏။ သည်တုန်းက ဘွားဘွားက သွေးတိုးစမ်းသည့်သဘောမျိုးဖြင့် မေမေ့နှလုံးသားအရေးကို မေးသည်။

'နောက်ထပ် အိမ်ထောင်ပြုဖို့ဆိုတာကို ကျွန်မ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



မှ မစဥ်းစားတော့ပါဘူး အမေ၊ သားက လူပျိုပေါက်ဖြစ်နေပြီ၊ သားရှေ့မှာ ကျွန်မက နောက်အိမ်ထောင်နဲ့ ဘယ်လိုစကားပြောဝံ့မှာလဲ၊ ပြီးတော့ အားကိုးအားထား ရာရမယ် ဆိုရအောင်လည်း ကျွန်မတို့မှာနောက်တစ်ဘဝ ထိုင်စားတောင် မကုန်နိုင်တဲ့ စည်းစိမ်ရတနာတွေ ရှိတာပဲအမေ၊ နောက်ထပ် ယောကျ်ားယူဖို့များ အိမ်မက်မှာတောင် မမက်ဘူး'

မေမေသည် သည်သို့ ပြန်ပြောခဲ့ဖူးသည်။

အပြောနှင့် အညီလည်း မေမေက နေတတ်ထိုင်တတ်သည်။ မေမေ့ကို စိတ်ဝင်စားသည့် လူပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးဖိုစသည်များသည် လက်ဆောင်ရတနာများကို ကြည့်ပြီး မေမေကဟားတိုက်ရယ်မောခဲ့သည်ချည်း ဖြစ်၏။ မေမေ့ရင်ထဲတွင် ဖေဖေတမလွန်ဘဝရောက်သည့်တိုင် ဖေဖေ့ကို ချစ်သည့်အချစ်များက ရင်မှာခြောက်သွေ့၍ မသွားသေးချေ။ ဘယ်သောအခါမှလည်း ခြောက်ခန်းသွားလိမ့်မည် မဟုတ်ဟု ကျော်ကိုလတ် ယုံကြည်ထား၏။

'သား ဒီနေ့ ကျောင်းကို ကားယူသွားဦးမလား'

'ဘာဖြစ်လို့လဲ မေမေ'

'မေမေ ရန်ကင်းဘက်မှာ ခရီးဖင့်စရာကိစ္စလေးရှိလို့၊ ပြီးတော့ မေမေဆိုင်ကိုတန်းသွားမှာ'

မဂိုလမ်းတွင် ရွှေဆိုင်ရှိသည်။ ရွှေဆိုင်အမည် တပ်ထားသော်လည်း မေမေ အထင်ကရ အရောင်းအဝယ်လုပ်သည်မှာ



စိန်ထည်များနှင့် ရတနာ ပစ္စည်းဖြစ်သည်။ အရောင်းဝယ်တွင် ကျွမ်းသလို ရတနာကို အဖိုးသားနား ဈေးဖြတ်ရာတွင်လည်း မေမေတို့က အရမ်းကျွမ်း၏။ မဂိုလမ်းမှ အခိပတိဆိုသည့် ရတနာအကဲဖြတ်သမားကြီးများပင် အရောင်းအဝယ်နှင့် ကြုံကြိုက်၍ ဝေဝေဝါးဝါး ဖြစ်နေလျှင် မေမေ့ကို အကူအညီတောင်းကြရသည်။ ဘည်ထိကျွမ်းရအောင်လည်း မျိုးရိုးစဥ်ဆက်က အားဖြုထားကြသည်။ ရတနာတွင်းများနှင့် လက်ပွန်းတတီးရှိခဲ့သော မိုးကုတ်သူ မေမေသည် ရတနာအသွေးကို ထောင်ကြည့်လိုက်သည်နှင့် ရာထောင်ဆိုသည့်ဈေးကို အပြတ်ဖြတ်နိုင်၏။

'သွားလေ မေမေ… ဦးသော်ကို ကားထုတ်ခိုင်းထားလိုက်မယ်'

'ဂျမ်းကို ခိုင်းလိုက်ပါ'

'ဂျမ်းရေ… ဟေ့ ဂျမ်း'

ကျော်ကိုလတ်အသံကြောင့် ဂျမ်း မီးဖိုခန်းမှ ပြေးထွက်လာသည်။

'ဘာလဲ… ကိုကိုလတ်'

'ဦးသော်ကို သွားပြော… ကားကို အသင့်ထုတ်ထားလို့ မေမေအပြင်ကို ထွက်မယ်လို့ပြော'

'ဟုတ်ကဲ့… ကိုကိုလတ်'

ဂျမ်းပြေးထွက်သွားသည်။

ဂျမ်းပြန်လာပြီး မရှေးမနှောင်းမှာပင် တိုက်ရှေ့သို့ ကား



www.burmeseclassic.com

www.burmeseclassic.com

ရုပ်သံကို ကြားရ၏။ မေမေက သူ၏ အညိုရောင် ဘက်ခ်အိတ်ကြီးကို ပခုံးမှာ လွယ်လိုက်သည်။

'သား… ကျောင်းအပြန် ကားလွှတ်လိုက်မယ်'

'မလွှတ်နဲ့ မေမေ… သား ကျော်စွာကားနဲ့ ပြန်ခဲ့မယ်၊ ပြီးတော့ ကျောင်းပြန်ရင် ဖိုးဝဥယျာဉ်မှာ သူငယ်ချင်းတွေနဲ့ အအေးသောက်ဖို့ အစီအစဉ်ရှိတယ်'

'သူငယ်ချင်းတွေက မိန်းကလေးလား၊ ယောကျ်ားလေးလား'

ယင်းစကားကို မေမေက မျက်မှောင်ကြုတ်မေး၏။

'ယောကျ်ားလေးတွေပါ မေမေ'

မေမေ နှုတ်ပိတ်သွားသည်။

ကျော်ကိုလတ်က မေမေ့ကို ကားပေါ်တက်သည်အထိ ငေးငေးကလေး ကြည့်နေမိသည်။ ကားထွက်သွားသောအခါ ပင့်သက်ကို အသာကလေး ချလိုက်၏။

ဪ… မေမေရယ်၊ သားနှလုံးသား ကိစ္စကလေးတွေကို ယောင်လို့ပေါင်လို့တောင် မစဉ်းစားရတော့ဘူးလား။

□ □ □





(၂)

ကျော်စွာက သဲမာဆိုသည့် ကောင်မလေးအကြောင်းကို ပြောပြသည်။ ကျော်ကိုလတ်က စိတ်ဝင်စားမှုမပြ။ စပတ်ကလင်ကို ဖယောင်းပိုက်ကလေးနှင့် ဖိစုပ်နေမိ၏။

'သူ့ရဲ့အလှက ပွလောင်တဲ့အလှကွ ကျော်ကိုလတ်ရ၊ သူ့အလှမှာ အပူရောင်တွေရောယှက်နေတယ်'

သူ့အလှမှာ အပူရောင်တွေ ရောယှက်နေတယ်'

ကျော်စွာက ပန်းချီကို ဝါသနာပါသည်။ တက္ကသိုလ်ပန်းချီပြပွဲတွင် ကျော်စွာသည် မိန်းမပုံလှလှကလေးများကို ရေးဆွဲတတ်၏။ ရေးဆွဲပြီးတိုင်းလည်း ကျော်ကိုလတ်ကို ပြသည်။ သူ့ပန်းချီပုံများမှ မိန်းကလေးများ၏ အလှသည် အဆဉ်ထာဝရ တက်ကြွနေ၏။ အေးချမ်းငြိမ်သက်သော အသွင်သဏ္ဌာန်များ

www.burmeseclassic.com



လုံးဝမရှိချေ။

'ငါက သူများတွေနဲ့မတူဘူးကွ ကျော်ကိုလတ်ရ၊ မိန်းကလေးတွေရဲ့အလှမှာ အေးချမ်းတဲ့အလှထက် ပူလောင်တဲ့အလှကို ပိုခံစားလို့ရတယ်၊ အေးချမ်းတည်ငြိမ်တဲ့ အလှတွေက ရင်ကို မလှုပ်ရှားဘူး၊ ဒါဆို အချစ်မှာ ခံစားမှုက မှဲ့သွားတာပဲ'

'ငါတော့ အဲဒါတွေ ဘာမှမသိဘူး၊ ပြီးတော့ ချစ်ဖို့ဆိုတာကိုလည်း စိတ်ကူးထဲမထည့်ဝံ့သေးဘူး'

'ဘာဖြစ်လို့လဲ'

'မေမေက ငါ့နှလုံးသားကိစ္စကို လက်မခံဘူးကွ၊ ဘွားဘွားကတော့ တစ်ခါတလေ နောက်တယ်'

ဥယျာဉ်ထဲသို့ အတွဲတစ်တွဲ ဝင်လာသည်။ စားပွဲထိုးလူငယ်က မီနူးကဒ်ကလေးကိုင်ပြီး ပြေးသွား၏။

'ဘယ်လိုနောက်တာလဲ'

'ငါ့မြေးက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေတာတောင် ရည်းစားကလေး ဘာလေး မရှိဘူးလားဟဲ့'

ကျော်စွာက ရယ်၏။

'မင်းက ထားဖို့ စိတ်ကူးကလေးတောင် မရှိဘူးလား'

'ချစ်ဖို့ကို စိတ်ကူးထဲ မထည့်ဝံ့ပေမယ့် ချစ်တော့ချစ်ချင်တာပေါ့ကွ'

'ချစ်ကြည့်ပါလား'

'ဘယ်သူ့ကိုလဲ'





'သဲမာကိုလေ၊ ငါတစ်နေ့ မင်းနဲ့မိတ်ဆက်ပေးမယ်၊ သဲမာက မင်းကို စိတ်ဝင်စားလာမှာပါ'

အအေးရည်ကို ဖယောင်းပိုက်ကလေးနှင့် မျှဉ်းစုပ်နေမိ၏။ စကားဝိုင်းတွင် ဇော်ထွေးက မျက်လုံးကလေး ကလည်ကလည်နှင့်နေရှာသည်။ သူငယ်ချင်းများ၏ ဘဝနှင့် ပတ်သက်၍ ဆုံးဖြတ်ပေးဝံ့သည့်အင်အား ဇော်ထွေးမှာမရှိ၊ မပြည့်မစုံမကုံလုံသော ဘဝကို သူငယ်ချင်းများကပင် အားဖြည့်ထားရသည်။ သည်အထဲတွင် ဇော်ထွေးဘဝကို နွားအလည်ဆုံးနှင့် အညာတာဆုံးက ကျော်ကိုလတ်။ ကျော်စွာကမူ ဇော်ထွေးကို သာမန်အဆင့်ရှုသာ ပေါင်းပြီး ဇော်ထွေးဘဝနှင့် ပတ်ဝန်းကျင်ကို စိတ်ဝင်စားသူမဟုတ်ချေ။ ကြုံလျှင် ဆုံလျှင် လက်ဖက်ရည်တိုက်သည်။ မေးတူးခေါ်ပြောလုပ်သည်။ အလျဉ်းသင့်လျှင်တွဲမည်။ သံယောဇဉ်ဆိုသည့် ရှည်လျားသော ကြိုးမျှင်ကို မထားချေ။

'သဲမာဆိုတဲ့ ငတိမက စိတ်ဝင်စားပေမယ့် ငါက စိတ်ဝင်စားဦးမှကွ'

'ကျော်ကိုလတ်ရာ… သဲမာကိုမြင်ရင် မင်းထိနိုက်သွားမှာပါ'

'နေပါဦး… သဲမာက ဘယ်ကလဲ'

'စီးပွားရေးကလေ၊ စီးပွားရေးမှာ သဲမာကိုမီတဲ့အလှတစ်ယောက်မှမှ မရှိဘူး'

နှုတ်ကို ပိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမှုမရှိသော်လည်း ကျော်စွာပြောကောင်း ဖြစ်နေသော သဲမာဆိုသည့် ငတိမ၏အလှကို စိတ်မှာ ပုံဖော်ကြည့်မိ၏။

'ပူလောင်တဲ့ အလှမျိုးဆိုရင်တော့ ခေတ်ဆန်မှာပေါ့'

ကျော်စွာက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

အဲဒါတော့ မင်းမြင်မှ ဆုံးဖြတ် ကျော်ကိုလတ်ရာ

နေကလေးစောင်းလာသည်။

အအေးဖိုးကို ဇော်ထွေးက ရှင်းပေးမည်ပြုသောအခါ ကျော်ကိုလတ်နှင့် ကျော်စွာက ပျာပျာသလဲ လက်ကိုကာသည်။

'နေစမ်းပါ ဇော်ထွေးရာ၊ ငါရှင်းလိုက်ပါ့မယ်'

'ငါက တစ်ခါတလေ ရှင်းရတာပါ ကျော်ကိုလတ်ရာ၊ မင်းတို့တိုက်တာချည်း သောက်နေရတာ ကြာတော့ အားနာလာတယ်'

'သွားစမ်းပါ၊ မင်းကို ကျွေးမွေးရလို့ တို့ဘဝပျက်မသွားဘူး၊ မင်းဆယ်တန်ကို သိမ်းထားလိုက်စမ်းပါ'

'ငါ... ရှင်းပါရစေကွာ'

ဇော်ထွေးက အခွမကြီး ဖြစ်နေ၏။

ကျော်ကိုလတ်က ဇော်ထွေး၏မျက်နှာကို ရှုတည်တည် ကြည့်လိုက်သည်။ အိတ်ကပ်ထဲတွင် ငါးကျပ်တန် တစ်ရွက်မှ ပင်မကပ်ဖူးသော ဇော်ထွေး ယခု ဆယ်တန်အနွမ်းကလေးက လက်ထဲမှာ ခပ်ညစ်ညစ် ရှိနေသည်။





'အိုကေနေသလား'

'အိုကေတာ မဟုတ်ပါဘူး ကျော်ကိုလတ်ရာ၊ မနက်က သမဝါယမဆိုင်က သကြားပေးတယ်လေ၊ အဲဒါထုတ်ရောင်းလာတာ၊ ရတဲ့အမြတ်ကလေးနဲ့ မင်းတို့ကို အအေးဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ် တိုက်ဖို့ ဆုံးဖြတ်ထားတာ'

ကျော်ကိုလတ်မှာ နင့်ခနဲ ဖြစ်သွား၏။ ထိခိုက်စိတ်ကလေးနှင့် ဇော်ထွေးမျက်နှာကို တွေတွေကလေး ပြန်ကြည့်မိသည်။ ဘက္ကသိုလ်ပညာက ချို့ချို့ငဲ့ငဲ့နှင့် သင်နေရသော သူငယ်ချင်းဘဝသည် နွမ်းပါးလွန်းသည်။ ကျော်ကိုလတ်လို ဖအေမဲ့ ဘဝမျိုးဖြစ်သော်လည်း ဇော်ထွေးအမေက ကျပမ်းဈေးသည်ဘဝဖြင့် ဝမ်းစာကို ရှာရသည်။ ကျော်ကိုလတ် မေမေကမူ ရတနာပုံပေါ်ထိုင်ပြီး အရောင်းအဝယ်ကို အလုပ်လုပ်သည်ဆိုရုံမျှလောက်သဘောဖြင့် လုပ်သည်။ မလုပ်ဘဲနေလျှင်လည်း မေမေ့ဘဝက ဦးပြည့်စုံသည်။ သို့သော်လည်း မေမေသည် ရတနာရှိရာ ရတနာလာရမည်ဆိုသည်ကို လုံးဝယုံကြည် ယူဆထား၏။ မေမေ့ယုံကြည်မှုအတိုင်းလည်း ရတနာတွေက ဝင်ပြီးချင်းဝင်သည်။ မေမေ့မိတ်ဆွေများက ဒေါ်ခင်မေလတ်တို့ကတော့ ဘာပဲလုပ်လုပ် ကံကအခြေလိုက်နေတာပဲဟုဆိုသည်။ သို့သော်လည်း မေမေက ကံကိုယုံကြည်ချေ။ အလုပ်ကို ယုံကြည်သည်။ ဘိုးဘွားစဉ်ဆက်က အလုပ်လုပ်ခဲ့လို့ ကံသည် ဖြစ်ပေါ်လာရသည်ဟု မေမေက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ··· ဒီတစ်ခါတော့ မင်း ဆုံးဖြတ်ချက်ကို ပြန်လည်ရုတ်သိမ်းလိုက်ပါတော့၊ နောက်တစ်ခါကျတို့ကပါ အတည်ပြုပေးပါ့မယ်'

ဇော်ထွေးက ပင့်သက်ကလေးချသည်။ သူငယ်ချင်းများက သူ့ကိုညှာသည်ကို သိသည်။ ကျော်စွာကမူ ရယ်ရယ်ပြုံးပြုံးနှင့်ကားသော့ကွင်းကလေးကို လက်ညှိုးမှာစွပ်ပြီး တယမ်းယမ်းလုပ်နေသည်။

နေကလေးအနည်းငယ် ရင့်စပြုသောအခါ ထိုင်ရာမှထသည်။ ကျော်စွာက ဇော်ထွေးကို အရင်လိုက်ပို့သည်။ ကျော်ကိုလတ်နှင့်က လမ်းကြောတစ်ခုတည်းဖြစ်သည်။

'ဇော်ထွေးက သူ့ဘဝကို အရမ်းအားငယ်ရှာတာ ကျော်စွာ'

'ဘာဖြစ်လို့လဲ'

'သူက ဆင်းရဲချို့တဲ့တယ် မဟုတ်လား၊ တို့ကို ခင်လွန်းလို့ ပေါင်းသင်းရှာပေမယ့် သိမ်ငယ်သလို သူ့မှာ ခံစားနေရတယ်'

'တို့က သူ့ကို နှိမ်မပေါင်းပါဘူး၊ ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာကတော့ မဆန်းပါဘူး၊ ငွေမရှိရင် ဆင်းရဲတယ်၊ ငွေရှိရင် ချမ်းသာတယ်၊ ဘာမှမဆန်းဘူး'

'ဒါကတော့ မင်းပြောမှလား'

ရယ်ကြသည်။

ကားကို ဘောင်ဒရီလမ်းအတိုင်း မောင်းပြီး စက်မှု





ကျောင်းဘေးလမ်းသို့ ကွေ့လိုက်သည်။ ခြံရှေ့သို့ရောက်သောအခါ ခြံတံခါးပိတ်ထားသည်ကို တွေ့ရ၏။ ကျော်စွာက ဟွန်းကို သုံးလေးချက် ဆင့်တီးလိုက်သည်။ ဂျမ်း'အမြေးကလေးထွက်လာ၏။ ဂျမ်းနောက်မှာ ချစ်သဲကြီးက ကပ်ပါလာသည်။ ကျော်ကိုလတ်ကို မြင်သည်နှင့် ချစ်သဲကြီး တအီအီလုပ်တော့၏။

'ဝင်ဦးမလား'

'မဝင်တော့ဘူး၊ မင်းဆီဝင်ရတာ မချောင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'မင်းချစ်သဲကြီးလေ၊ သူစိမ်းဆိုရင် စားမတတ် ဝါးမတတ်နဲ့၊ ချစ်သဲကြီးလို့ နာမည်မမှည့်ဘဲ ဧည့်လန့်ကြီးလို့ နာမည်ပေးရင်ကောင်းမှာ၊ ကဲ··· ငါသွားမယ်'

'အိုကေ'

ကားကို မောင်းထွက်သွားသည်။

ခြံတံခါးကို တစ်ကိုယ်စာ ဟရုံမျှဖြင့် အသာဖွင့်ပြီး ဝင်လိုက်သည်။ ချစ်သဲကြီးက ပတာတိုရပ်တက်၏။ ချစ်သဲကြီးကို ဆက်နှင့်တွန်းဖယ်ရသည်။ လူကိုကွေ့ပတ်ပြီး မြူးနေသော ချစ်သဲကြီးကို ကြည့်ပြီး ဂျမ်းက ရယ်သည်။

'ကိုကိုလတ် ချစ်သဲကြီးက သိပ်ပေါ်တာပဲ'

'နင်ကလည်း···'

'ဟုတ်တယ်လေ၊ ကြည့်ပါဦး၊ သူ့ခန္ဓာကိုယ်ကြီး အကြီးကြီးနဲ့ ကွေ့ပတ်ပြေးနေတာ တကယ်ဟားရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နင်လည်း ချစ်သဲကြီးလို ပေါတာပဲ'

'အောင်မယ်… မပေါပါဘူး'

'ပေါပါတယ်၊ ညဘက် ငါကက်ဆက်ဖွင့်ရင် နင်ပေါ်တောတောနဲ့ကတာ'

'ဒါ မေမေလတ်က က နိုင်းလို့ပါနော်'

ဂျမ်းက မေမေ့ကို မေမေလတ်ဟုခေါ်သည်။

'ကနိုင်းနိုင်း မနိုင်းနိုင်း နင့်အရွယ်ကြီးနဲ့ ကရမလားဟဲ့၊ တော်တော်ကိုပေါတယ်'

တိုက်ထဲ ဝင်ခဲ့သည်။

မေမေ့အရိပ်အရောင်ကိုမတွေ့။ မေမေက အလုပ်တိုက်က ပြန်မရောက်သေးသည်ကို နားလည်လိုက်၏။ အသံကြားသဖြင့် ဘွားဘွားက သူ့အိပ်ခန်းထဲမှ ထွက်လာသည်။

'ငါ့မြေးတောင် ပြန်ရောက်နေပြီကိုး'

'မေမေ ပြန်မလာသေးဘူးလား ဘွားဘွား'

'နေ့လယ်က တစ်ခေါက် ပေါက်ချလာသေးတယ်၊ ဈေးဆိုင်ထားတာ တည့်လို့ ပစ္စည်းလာယူတာတဲ့၊ အင်း… မင်းမေမေတော့ လောဘကိုကြီးတယ်၊ ဘွားဘွားရှာခဲ့တာတွေ သုံးပါလေ့ကွယ်၊ လောဘက အတောမသတ်နိုင်ဘူး'

'မေမေက လောဘကြီးတာ မဟုတ်ပါဘူး ဘွားဘွားရဲ့၊ လုပ်နိုင်ကိုင်နိုင် ရှာနိုင်ဖွေနိုင်တဲ့အရွယ်မှာ အလုပ်လုပ်ရမယ်၊ ရှာဖွေရမယ်ဆိုတဲ့ ခံယူချက် ရှိနေလို့ပါ'



'မင်းတို့ သားအမိကတော့ လိုက်ပါတယ်'

အဝတ်အစားလဲပြီး ခြံထဲဆင်းခဲ့သည်။

ခြံနောက်ဘက်မှ စိုက်ခင်းဘက်သို့ သွားသည့်အခါ ချစ်သဲကြီးက နောက်ကလိုက်ပါလာသည်။

'ဟာ… ချစ်သဲကြီးရာ…'

စိုက်ခင်းကိုကြည့်ပြီး ရင်မှာ အမောကြီးမောသွားသည်။ င်ကလေးများသည် ထိုးထိုးထောင်ထောင်မရှိဘဲ ပိုးလိုးပက်တ် ဖြစ်နေ၏။ မြေများ ဖွာဆန်ကြဲနေသည့်အတွက် ချစ်သဲကြီးတ်ချက်မှန်း သိလိုက်သည်။

'ဂျမ်း… ဟေ့ ဂျမ်း'

ဂျမ်းကို အော်ခေါ်သည်။

တိုက်နောက်ဘက် ခြံတံခါးကိုဖွင့်ပြီး ဂျမ်းအပြေးလေး ထွက်လာ၏။

'ဘာလဲ ကိုကိုလတ်'

'ဟိုမှာ ကြည့်ပါဦးဟာ'

မေးဆတ်ပြရာသို့ ဂျမ်းလှည့်ကြည့်သည်။ ဂျမ်း၏မျက်း ဝိုင်းခဲ ပြူးသွား၏။ ပြီးတော့ ရင်ကလေးကိုလည်း လက်နှင့်သား၏။ ပါးစပ်မှလည်း…

'အမယ်လေး ကုန်ပါပြီ ကိုကိုလတ်ရယ်၊ ကုန်ပါပြီ'

'အေး… အဲဒါ နင်မကြည့်လို့ ကုန်တာပေါ့'

'ဂျမ်း တကယ်ကို မသိဘူး ကိုကိုလတ်'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်သဲကြီး စိတ်ရှိလက်ရှိ သောင်းကျန်းနေတာ နင်မသိရအောင် နင် ဘာလုပ်နေလို့လဲ'

ဂျမ်း မျက်စိသူငယ်ကလေး ဖြစ်သွားသည်။

ကျော်ကိုလတ်ရင်မှာမူ ဒေါသတွေ ဆူဝေဆ ပြုနေ၏။ တလောက မြေပဒေသာ အရောင်းဆိုင်မှ အဘရှိန် ပေးလိုက်သည့် ပန်းဂေါ်ဖီမျိုးစေ့များကို မြေအကွက်ချပြီး စိုက်ပျိုးခဲ့သည်။ အစို့အညှောက်ထွက်မှ ချစ်သဲကြီးလက်စ မိတော့၏။

'ဒီကောင် ခါတိုင်း ဒီလို မဟုတ်ပါဘူးဟာ'

'ဂျမ်းတော့ ထင်တယ်'

'ဘာထင်တာလဲ'

'ဟော့ ဟိုမှာ ကြွက်တွင်းတစ်တွင်းကို ကိုကိုလတ် တွေ့တယ်မဟုတ်လား'

လှမ်းကြည့်လိုက်သည်။

ကြွက်တွင်းသည် အဝကျယ်လျက် ရှိနေ၏။ ပြီး ကြွက်တွင်းဝန်းကျင်တွင် ယက်ထားသည့် မြေများ ဖွာဆန်ကြဲနေသည်။

'ကြွက်ကိုလိုက်ရင်း တွင်းထဲဝင်ပြေးလို့ မကျေမချမ်းနဲ့ ယက်ထုတ်တာနေမယ် ကိုကိုလတ်၊ ချစ်သဲကြီးက စည်းကမ်းမဲ့ပါဘူး၊ အီအီးတောင်မှ သူ့ကို ပြထားတဲ့နေရာမှာပါတာ'

ဂျမ်းက အကြိုက်လိုက်ပြောသည်။

ချစ်သဲကြီးကို တစ်အိမ်လုံးက အသည်းဖြစ်နေမှန်း ဂျမ်း သိ၏။ ဂျမ်းကိုယ်တိုင်ပင် ချစ်သဲကြီးကို သံယောဇဉ်ကြီးသည်။



ချစ်သဲကြီး ငါးလသားအရွယ်က ခြံမှ [illegible]ပျောက်သွားသေးသည်။ [illegible] ရသေးသည်။ [illegible] ဒိုက်ကြီး'

'ဘာတန်းလန်းကြီးလဲ'

'မေမေကြီး [illegible] လုပ်ပေးနေတာ၊ မေမေကြီးက [illegible] မရှိဘူးဆိုလို့'

ဂျမ်းက [illegible] မေမေကြီးမှာ [illegible]သည်။

'နင်ကတော့ ဆင်ခြေချည်းပဲ၊ သွားပါတော့'

[illegible] 'ဘာ[illegible]' [illegible] 'ဟုတ်[illegible] ကိုကိုလတ် [illegible] ကိုကိုလတ်မှာ [illegible] ဂျမ်း [illegible] [illegible]

'သွားစမ်းပါ'

'သွားစမ်းပါ'ဆိုသော်လည်း ဂျမ်းက မသွားသေးချေ။

'ကိုကိုလတ်'

'ဘာလဲ'

'[illegible] ပေါင်တွေကြီးရှင်း [illegible] [illegible] ချောင်းတွေ [illegible] ယ်၊ [illegible] ဆိုတာ [illegible] မကြိုက်ဘူးလား'

www.burmeseclassic.com



'မကြားဖူးပါဘူး'

'နင့်နာမည်ကို ဂျမ်းလို့ မမှည့်ဘဲ ဂျမ်းတုံးလို့ မှည့်ဖို့ ကောင်းနေပြီ၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုတာ သီးပင်စားပင်စိုက်ပျိုးတာကို ပြောတာဟ၊ သီးပွင့်ရင် စားရတယ်၊ ငွေကုန်ကြေးကျ မများဘူး'

စကားကို ဂျမ်းက သဘောကျစွာ ရယ်၏။ ကျော်ကိုလတ်က ဂျမ်းကို မျက်လုံးပြူးကြည့်သည်။

'ကိုကိုလတ်က တကယ်ဟားရတယ်'

'ဘာ... ဟ'

'ဟားရတာကို ပြောတာလေ၊ ဂျမ်းတစ်ယောက်တည်း ဟားတာမဟုတ်ဘူး၊ မေမေလတ်ရော မေမေကြီးရော ဟားတာပဲ၊ ဟားမယ်ဆိုလည်း ဟားစရာပေါ့ ကိုကိုလတ်ရဲ့၊ ဒီလောက် ပိုက်ဆံတွေချမ်းသာနေတာ၊ ကိုကိုလတ်မို့ ဒီလောက် အပင်ပန်းခံပြီး စိုက်ပျိုးရတယ်လို့ ပိုက်ဆံပေးပြီးဝယ်ရင် ဈေးထဲမှာ လွှင့်ပစ်လို့တောင် မကုန်ဘူး'

'သွားစမ်းပါ ဂျမ်းရာ နင့်တစ်ထွာလောက် အမြင်ကလေးနဲ့ လာပြောမနေစမ်းပါနဲ့၊ နင့်ဈေးထဲကဟာက လတ်လတ်ဆတ်ဆတ်ရှိလို့လား'

သည်တစ်ခါမူ ဂျမ်း ငြိမ်ကျသွား၏။ စကားနှုတ်လုံ့မထိုးမီ တိုက်ထဲမှ ဘွားဘွားခေါ်သံကြောင့် ဂျမ်း ပြေးဝင်သွားသည်။ ကျော်ကိုလတ်က ခြံထောင့်မှ ပေါက်ပြားကို လှမ်းယူလိုက်၏။





မွာဆန်ကြဲနေသော မြေများကို ပြန့်စုသည်။ ချစ်သဲကြီးက ကြွက်တွင်းဝ နှာခေါင်းထိုးပြီး တအိအိ လုပ်နေသေး၏။ ချစ်သဲကြီးကို မနိုင်မနင်း ဆွဲဖယ်ပြီး ကြွက်တွင်းကို မြေနှင့်ဖို့ပစ်ရသည်။ ပြီး မြေများကို မြောင်းပြန်ဖော်ရ၏။ အပျက်အစီး ကျန်နေသေးသော ပင်ညှောက်ကလေးများကို ပြန်လည် ပြုစုရသည်။

ပေါင်းသင် မြေလောင်းနှင့် ကျော်ကိုလတ် အရမ်းပန်းဟိုက်သွား၏။ ဒါတောင်မှ ခုမှ ထလုပ်သည့် အလုပ်မဟုတ်။ နေ့စဉ်လုပ်လာခဲ့သော အလုပ်ဖြစ်၏။ ချစ်သဲကြီး ရောဂါရှာ၍ အနည်းငယ် ပိုပင်ပန်းသွားခြင်းသာ ဖြစ်၏။

နဖူးမှ ချွေးများကို-လက်နှင့်အသာသပ်တင်ပြီး ကုံကော်ပင်ကြီးအောက်ရှိ ခုံတန်းသို့ လျှောက်ခဲ့သည်။ ရောက်သောအခါ ထိုင်ခုံတန်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ အမောပင် သက်မှုကို မှုတ်ထုတ်လိုက်စဉ်ဝယ် ဂျမ်း အနားရောက်လာသည်။ ဂျမ်းလက်ထဲတွင် သံပရာဖန်ခွက်က အသင့်။ စိမ်ထားသော သံပရာခြမ်း သုံးလေးခုကို ဖန်ခွက်အကြည်ရောင်ကြောင့် မြင်နေရ၏။

'ဂျမ်းက လီမွှာတယ်'

'ဂျမ်းက သိတတ်ပါတယ်နော်၊ ကိုကိုလတ်ကသာ မသိတတ်တာ'

သံပရာရည်ခွက်ကို လှမ်းယူရင်း ဂျမ်းက မျက်နှာကို ကြည့်သည်။



www.burmeseclassic.com

တာမသိတော့ဘူးလေ

ဂျမ်းမွေးနေ့တုန်းက အင်္ကျီမယ်တစ်ဝတ်တစ်စားတောင် ဝယ်မပေးဘူး၊ မေမေကြီးနဲ့ မေမေလေးကသာ ထားဘိနဲ့ အင်္ကျီ တစ်ထည်စီ ဝယ်ပေးတာ

'နေဦး ပြောမှ မပြောတာနဲ့ ပြောပါတယ်နော်၊ အဲဒီနေ့မနက်က ဂျမ်းစံပယ်တွေ ထိုးတော့ ကိုကိုလတ်က မေးတယ်လေ၊ အဘောကြီးထံ ပန်းဆွဲ ခူးပြီး ဘာလုပ်မလို့လဲမေးတော့ ဂျမ်းက ဂျမ်းမွေးနေ့ဘုရားတင် မလို့ပါ ကိုကိုလတ်ရဲ့လို့တောင် ပြောခဲ့တာပဲဟာ'

'အေး... ငါ အခုမှ သတိရတယ်၊ နောက် မွေးနေ့ကျရင် ကြိုပြောပေါ့ဟာ၊ အင်္ကျီတစ်ထွာ တစ်မိုက်လောက်တော့ ငါ့မုန့်ဖိုး ထဲက ဝယ်ပေးနိုင်ပါတယ်'

ရမယ်... ဂျမ်းကိုယ်လုံးနဲ့ ကိုကိုလတ် ဝယ်ပေးမယ့် အင်္ကျီ တစ်ထွာတစ်မိုက်နဲ့

ဂျမ်းကို ကြည့်ပြီး ပြုံးနေမိသည်။

'ကလင်... ကလင်... ကလင်'

ခြံရှေ့မှ ဘဲလ်သံကို ကြားရသည်။

ကျော်ကိုလတ်ရော ဂျမ်းပါ ဖြတ်ခနဲ လှည့်ကြည့်မိကြ၏။

အမျိုးသမီးတစ်ယောက်က စက်ဘီးဖြတ်စီးသွားသည်။

'ဟိုကောင်မလေး'

ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။



'ဘယ်သူလဲ ကိုကိုလတ်'

'သိပါဘူးဟာ၊ တို့ပန်းခြံက ပန်းလည်း လာခိုးသေးတယ်၊ ငါ့ကိုလည်း ဂျစ်ကောကောတယ်'

'အရမ်းလှတယ်နော်'

ဂျမ်းကို မျက်လုံးပြူးကြည့်မိတော့၏။

□ □ □

## (၄)

www.burmeseclassic.com



(၃)

'ရှင့်ခွေးကြီးကို ဆွဲထားပါ'

'ဆွဲထားတာပဲ၊ မတွေ့ဘူးလား'

နှင်းက ကွဲရှုံ့မျှသာ ရှိသေး၏။

လေအေးက သုတ်ခနဲ တိုက်ခတ်သော်လည်း ကိုယ်မှာ ချွေးပင် ပြန်ချင်လာ၏။

ချစ်သဲကြီးကလည်း တကယ့်ကို မဟားတရား။

ရန်လုပ်မည့်ပုံ မဟုတ်သော်လည်း အဖြစ်သည်းမည့်ပုံ က အရမ်းကဲနေသည်။ ခုတလော သည်ကောင် ဘယ်လိုစိတ် ဘယ်လိုဆန္ဒတွေ ဝင်နေသည်မသိ။ ခွေးအထီးမြင်လျှင် သဲသဲမဲမဲ ရန်လုပ်တတ်ပြီး ခွေးမလှလှလေးမြင်လျှင် တအီအီနှင့် ပလီချင် သည်။ ကြည်ချင်သည်။





'ဘယ်လိုခွေးကြီးမှန်းလည်း မသိဘူး၊ တစ္ဆေသရဲကျနေ တာပဲ'

'ခန့်ညားတယ် ပြောစမ်းပါဗျ၊ ခင်ဗျားခွေးလို ဘုစုပုတု မဟုတ်ဘူး'

'အောင်မာ… ဒီကခွေးက မျိုးကောင်း၊ တယ်ရီယာမျိုး ဆိုတာ မကြားဖူးဘူးလား၊ တစ်ကောင်ကို ငါးရာအောက်မှာ မရှိဘူး'

'ပြားငါးရာလား'

'ရမယ်… အားကြီး'

'ခွေးမ'

'ဘာ… ဘာ… ရှင် ဘာပြောတယ်'

'ခွေးမလို့ပြောတာလေ'

'ဟင်…'

'အိုး… ခင်ဗျား ဘာဖြစ်လို့ ဒေါသကြီးနေရတာလဲ၊ ခင်ဗျားခွေးက ခွေးမ မဟုတ်လို့ ခွေးထီးလား'

မျက်စောင်းကြီးကျလာသည်။

သည်အချိန်၊ သည်နံနက်ခင်း၊ သည်လိုနေရာမျိုးမှာ သူမ ကို ခွေးတစ်ကောင်နှင့်တွေ့ရလိမ့်မည်ဟု ကျော်ကိုလတ် မထင်ခဲ့။ သူမလက်ထဲမှ အဖြူနှင့်အညိုကြွက် ခွေးမလေးက ချစ်သဲကြီး ကို တဝုတ်ဝုတ်နှင့် ဟောင်သည်။ သို့သော်လည်း ခွေးအမြင်လျှင် ဒေါသကြီးမားတတ်သော ချစ်သဲကြီးသည် ယခုမှု အမျိုးဂုဏ်မာန်



www.burmeseclassic.com

www.burmeseclassic.com



မဲ့ချို့ဆိုးပုံသဏ္ဌာန်ဖြစ်နေ၏။ သူ့အကြီးကြီး ... နှင့်ချစ်ပန်းတွေ အရမ်းဝေနေသည်။

'ခွေးမ ... သိပ်စွာ ... ' 

'ရှင် စကားကို လူလိုပြော'

'ခေါ်သဖြင့် ... ကျွန်တော်မြင်တော့ ပန်းလာ ခိုးတုန်းက ... မမြင်ခဲ့ပါဘူး'

'ပန်းလာခူးတယ် ပြောပါ'

စိတ်မှာ ရယ်ချင်ပက်ကျိဖြစ်နေ၏။

အလှရုပ်ကလေးနှင့် မလိုက်အောင် ... တန်သော သူမကို စိတ်က စချင် နောက်ချင်နေသည်။

'ပိုင်ရှင် ... ခွင့်ပြုရဲ့လား။ သိလို့လား'

'မလိုပါဘူး'

'ပိုင်ရှင်မသိဘဲခူးတာ ခိုးတာပေါ့'

မျက်နှာ ရဲခနဲ ဖြစ်သွား၏။

ပန်းသွေးများ ... သည်လားမှသာ ... စကားတိုက်စစ်ဆင်နေဆဲမှာပင် ချစ်သဲကြီးက ခွေးမလေးနား ကပ်သွားသည်။ ခွေးမလေး၏ ... လှမ်းတင်လိုက်၏။ ... ခွေးမကလေး ... ငြိမ်သွားသည်။ ချစ်သဲကြီးကို ... ဖြစ်သွားရသည်။





'သခင်လိုပဲ ... '

'အား ... သခင်ဖြစ်ပဲလဲ'

'မသိဘူး ... သွားမယ် ... '

... ဖြစ်သွားသည်။ ... ကျောပြင်ကို ... ကြည့်နေမိသည်။ ချစ်သဲကြီးက ... ပြေးလိုက်မည် ... ကြည့်နေရသည်။

... မိန်းကြောင်း ... အရမ်း ... ချစ်သဲကြီး ... ပြန်ခေါ်ခဲ့သည်။ ... နောက်ဘက်မှ ... ကြားရ၏။ ... ကြည့်လိုက်မိသည်။ ... ရှယ်လိုက်မိသည်။

'ဟား ... ဟား ... မစ္စတေးတို့နောက်မှာ ခွေးတစ်ကောင် ... '

... အရေးရမပါးရ ... ရယ်၏။ ... ချစ်သဲကြီး အကြောင်းပြောပြီး ကိုယ်တိုင်ရည်း ... ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာကလည်း မတန်မရာကွာ'

'အဖိုနဲ့အမဆိုတာကတော့ ကြီးသည် ငယ်သည်၊ ပုသည် ရှည်သည် ဘယ်သိမလဲကွ၊ အချစ်ဆိုတာပဲ သိမှာပေါ့'

'မင်းချစ်သဲကြီးကလည်း ချစ်ပဲချစ်နိုင်လွန်းတယ်၊ မေဖလားဝါးကြီး တွေ့တုန်းကလည်း ကဲတာပဲ၊ တယ်ရီယာခွေးပု မလေး မြင်တော့လည်း သွားကဲတာပဲ၊ လွန်ကိုလွန်တယ်ကွာ'

မန္တလေးဆောင်ဘက်မှ ဖြတ်လျှောက်ခဲ့သည်။ တောင်ရှု ဆောင်ပေါ် တက်မည်ဟု ကြံစည်စိတ်ကူးမိသော်လည်း မတက် ဖြစ်။ ဦးချစ်ဆိုင်ဘက်သို့အသွား လမ်းတွင် ဇော်ထွေကို တွေ့ သည်။ လက်ဖက်ရည်ဆိုင်သို့ ဇော်ထွေးကိုပါ ခေါ်ခဲ့၏။

ထောင့်ကျသော စားပွဲမှာ ဝင်ထိုင်လိုက်သည်။ ဇော် ထွေးက သူ့အိတ်ကပ်ထဲမှ စီးကရက် သုံးလိပ်ကို ထုတ်ယူပြီး စားပွဲပေါ်မှာတင်လိုက်သည်။ ကျော်ကိုလတ်က တစ်လိပ်လှမ်းယူ ပြီး ပါးစပ်မှာ တပ်လိုက်၏။ မီးညှိပြီး နှစ်ချက်လောက် ဖွာရှိုက် လိုက်သည်။

'ငါ့ကိုတော့ အသားလွှတ် ခွပ်သွားသေးတယ်၊ ခေါသ ကို အရမ်း ချုပ်တည်းထားလိုက်ရတယ်ကွာ၊ အရွဲ့တိုက်ပြီး ချစ်သဲ ကြီးကို လွှတ်ပေးမလို့ ကြံစည်မိသေးတယ်၊ မဟားဒရားတွေ ဖြစ်ကုန်မှာစိုးလို့'

'လွှတ်ပေးရင် မတော်မတရား ပြုမူတယ်ဆိုပြီး အဲဒီ ဝေတီမက မင်းကို တရားစွဲမှာပေါ့'



ရယ်ရင်းက ကျော်စွာကပြောသည်။

ဇော်ထွေးကမူ ပြောနေသည့်စကားများကို ဘာမှ နား မလည်၊ ယောင်တောင်ပေါင်တောင်နှင့် လိုက်ရယ်သည်။

'နေပါဦး ဇော်ထွေး၊ မင်းက ဘာရယ်တာလဲ'

'သိဘူးလေ… မင်းတို့ ရယ်လို့ လိုက်ရယ်တာ'

'ကောင်းကွာ၊ တို့က ချစ်သဲကြီး ပြဿနာ ပြောနေတာ'

'ချစ်သဲကြီး ပြဿနာ ဟုတ်လား'

ဇော်ထွေးက စိတ်ဝင်တစားမေးသည်။ ချစ်သဲကြီးကို တော့ ဇော်ထွေးလည်း သိ၏။

'အေးပေါ့ကွ၊ မနက်က ငါနဲ့ဂျစ်ကျတဲ့ ဝေတီမရဲ့ခွေးမ လေးကိုမှ သွားပြီး ဗီလင်တွေ စွတ်တက်နေတာ'

'ဒါက အချစ်ပဲကွာ၊ လွှတ်ပေးလိုက်ပေါ့'

'မဖြစ်ဘူးကွ'

'ဘာဖြစ်လို့လဲ'

'အင်း…'

ဇော်ထွေးက မျက်လုံးပြူးသွား၏။ စိတ်ကူးထဲတွင် လူ့ ခါးလောက်ရှိသည့် ချစ်သဲကြီးနှင့် အရပ်တစ်တောင်ကျော် နှံ့လောက်သာရှိမည့် ခွေးမလေးကို မျက်စိမှာ မြင်ယောင် နေသည်။

'မသင့်တော်လိုက်တာကွာ'

'အေးလေ… သင့်တော်လည်း ငါက ဗီလိအတက်မခံ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ တီမက ချစ်ခင်ခြင်းမေတ္တာနဲ့ အပိုင်ကိုမှ မကြိုးဘူး'

ဒါနေ့လည်းက ကျော်စွာက ပြောခဲ့သည်။

'ဒီတစ်ခါ အရပ်ရှည်ရှည် ကြယ်ခြင်းခြင်း ဘယ်သူလဲ မသိဘူး၊ တစ်ခါတစ်လေ ခြေရာ ... လာရင်း ... တန်းတိုး ရစ်... [illegible]

'နာမည်မသိဘူးလား'

ခေါင်းကိုငုံ့ကာ ခါယမ်းပြလိုက်သည်။ နာမည်မေးရဖို့ နေနေ သာသာ တွေ့တိုင်း တိုက်စစ်ကြီး ခံနေရ၏။

'ခေတ်ရေစီးကြောင်း ... ပိုပြီးနေတဲ့ ... ဆိုးတော့ မဆိုဘူး၊ အပိုးမရှိ ... ထဲကပဲ'

စကားဝိုင်း တိတ်ဆိတ်သွားသည်။

ကျော်စွာက ဘယ်ကများပါလိမ့်ဟု ... အတွေးဖြင့် တွေဝေစဉ်းစားနေသည်။ ဇော်ထွေးကတော့ ခံသိကျိုးကျနံပြရင်း ကွင်း... ရှာမိသည်။ ... ကျောင်းဆွာ ... များကို ... ရှည်... ကြည့်နေ၏။ ... အသားဖြူဖြူ ...

ခွေးတစ်ကောင်နှင့် တီမကို ကျော်စွာ အရမ်းစိတ်ဝင်စား စားနေသည် ထင်၏။

'မြူ... ကျော်စွာ'



'ဆံပင်ကို ဘယ်လိုဖြတ်ထားလဲ၊ တူးစတက်လား၊ သရီး စတက်လား'

ကျော်စွာ စကားကြောင့် အုတ်အုတ် ဖြစ်သွားသည်။ ကျော် ကိုလတ် သည်ထိတော့ မရှုစိုက်မိ။ ဂျစ်ကော ကောနေရသည့် အတွက် ချောသည်နှင့်အသားဖြူသည်ကိုသာ ပြေးပြေးလွှားလွှား မှတ်သားထားမိသည်။

'အဲဒါတော့ မသိဘူး၊ ပြစ်မှားချင်စရာတော့ ကောင်း တယ်'

(၃)

ကျော်ကိုလတ်ကို ကြည့်ပြီး ဝိုင်းဟားကြ၏။ နောက် အဆက်ကြည့်မိသည့်အဖြစ်ကိုတော့ ကျော်ကိုလတ် မပြောဖြစ်ချေ။ ကိုလတ်စိတ်ချမ်းမှ ... တံခါးပိတ်ချိန် ... ပြန်ပြောကာခဲ့ သည်။ ... ရောက်သည်အထိ ကျော်ကိုလတ် မှတ်ဆိတ်လာ၏။ အတွေးထဲတွင် အသားဖြူဖြူလေးသည် ... ကြောင့် ... ကိုလတ်ကို မသိချေ။ ကိုလတ် ... ဇော်ထွေးက ... ပြောသည်။ ကိုလတ်၊ ကိုလတ်အဖြစ်က ချစ်သကြီး အဖြစ်ထက် ... [illegible]

'အာ... မဟုတ်တာကွာ'

ထိတ်ထိတ်ပျာပျာ ငြင်းပယ်လိုက်ရသည်။

www.burmeseclassic.com



## (၄)

ဝီရိယကောင်းနေသည့် ကိုယ့်အဖြစ်ကို ပြန်လည်ရှက်လာမိရသည်။ နှိုးစက်နာရီမှ အချက်ဘဲလ်မတီးခင် ကျော်ကိုလတ်နိုးနှင့်နေသည်။ မေမေကတော့ အဖြစ်ကိုမသိ။ ကိုယ့်ကိုဒ္ဓကလည်း ကိုယ့်အဖြစ်ကိုမသိ ဖြစ်နေရသည်။

အသားဖြူမကလေးသည် နှလုံးသားကို စိုးမိုးနေချေပြီလား။ သည်သို့လည်း မဟုတ်ချေ။ တွေ့လျှင် နှုတ်ခမ်းစူ ရန်မူတတ်သော အသားဖြူမလေးကို စိတ်က ဘာဖြစ်လို့ တွေ့ချင်သည်ကိုလည်း ကျော်ကိုလတ် ကိုယ့်ကိုယ်ကို သုံးသပ်၍မရ ဖြစ်နေသည်။

အချိန်မှန် ပုံမှန်ထွက်ရသဖြင့် ချစ်သဲကြီးကတော့ အပြတ်မြူးသည်။ ကျော်ကိုလတ် အိပ်ခန်းမှ မီးရောင်မြင်သည်နှင့် ချစ်သဲကြီးတို့ အပြင်ဘက်တွင် ခုန်ပေါက်နေပြီဖြစ်၏။ ဘာဂျာတံခါး



ဆွဲဖွင့်ပြီး သံကြိုးကိုင်ထွက်လာသောအခါ ချစ်သဲကြီးအပျော်သည် အတောမသတ်နိုင်တော့ သခင်ကို ကွေ့ပတ်ပြီးပြေးသည်။ ဝတာတ်ရပ်တက်သည်။ ပြီးခေါင်းကလေးကို ထိုးပြီး သံကြိုးအချည်ခံသည်။

'ချစ်သဲကြီး မင်းသိပ်မွှန်နေပြီကွာ'

ချစ်သဲကြီးက . တအီအီ။

သခင်ပြောသည့်စကားကို နားလည်သည့်အလား အမြီးတယမ်းယမ်းခါနေ၏။

'မင်းကြောင့် ငါလည်း နာမည်ပျက်ပြီ'

ချစ်သဲကြီးသာ လူစကား နားလည်လျှင် အပြတ်ဟားမည်။ သခင်က သူနဲ့ဆုံနိုင်တဲ့လမ်းကို ဘာဖြစ်လို့သွားရတာလဲဟု မေးကောင်းမေးမည်။

ချစ်သဲကြီးကိုဆွဲပြီး ခြံထဲမှ ထွက်ခဲ့သည်။

နှင်းကမကွဲသေး။

လေက ခပ်စိမ့်စိမ့် တိုက်ခတ်လျက်ရှိသည်။

စံပယ်ပင်များကြားတွင် သူမကို ရှာကြည့်မိသေးသည်။ သာလိမ့်မည်မဟုတ်သည်ကိုလည်း နားလည်ထား၏။ တလောကနိုးသူနိုးဆိုသည့်စကားကို သူမ အရမ်းနာလိမ့်မည်။ မာနနှင့်လိုချင်တပ်မက်စိတ်ကို သူမသည် ချေဖျက်ပစ်လိမ့်မည်။

ချစ်သဲကြီးတစ်လမ်းလုံး ဂနာမငြိမ်။ ကျော်စွာတို့ခြံရှေ့အဖြတ်တွင် ခြံထဲကို လှမ်းကြည့်ပြီး ခွန်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ပါး၏ အရိပ်အရောင်ကို [illegible] မတွေ့ရ။ ချစ်သဲ ကြီး [illegible] မျက်[illegible]သွားဟန်တူသည်။ [illegible]

ဦးဝိစာရလမ်းဘက်သို့ ထွက်မည့် လမ်းချိုးအရောက်တွင် ကျော်ကိုလတ်နှင့် ချစ်သဲကြီး [illegible]များ [illegible] ရပ်သွားသည်။ ပြီး ချစ်သဲကြီး ဝုတ်ခနဲ ဟောင်လိုက်သည်။ [illegible] ဒေါသသံ ဖြစ်၏။ [illegible] တစ်ချက် မော့ကြည့်ပြီး တရှူးထိုးပြေးရန် ရုန်းထွက်သည်။

ကျော်ကိုလတ်က ချစ်သဲကြီးကို ချုပ်ထားသည့်သံကြိုးကို ခပ်တင်းတင်း ဆွဲလိုက်ရ၏။

အသားဖြူမကလေးက [illegible] ခွေးမလေး မေရီကို ရင်ခွင်မှာ ထွေ့ခနဲ ကောက်ယူပွေ့လိုက်၏။

‘[illegible] မုန်းဖို့ကောင်းတဲ့ [illegible]’

‘[illegible]’

[illegible]

ကျော်ကိုလတ်ရင်မှာ [illegible] ဖြစ်သွား၏။ တော်မက ချစ်သဲကြီးကို [illegible] မိမိကိုပါ [illegible] သွားသည်။



‘ခွဲခြားပြောစမ်းပါဗျ’

‘ဘာကို ခွဲခြားပြောရမှာလဲ’

‘မုန်းဖို့ကောင်းတာလား၊ ချစ်ဖို့ကောင်းတာလားဆိုတာကို’

အသားဖြူမကလေး၏ နှုတ်ခမ်း ဆတ်ခနဲ တွန့်သွားသည်။ သူမ၏ ရင်ခွင်ထဲမှ ခွေးမလေးက ချစ်သဲကြီးကို ဖြူးတူးကြောင်တောင်ကြည့်နေ၏။ ချစ်သဲကြီး၏ မျက်ဝန်းတွင်မူ အချစ်မီးငွေ့ငွေ့ ဝေ့တက်နေသည်။ မေရီကိုကြည့်ပြီး တအီအီလုပ်နေပြန်၏။

‘ချစ်ဖို့ကောင်းတာ မဟုတ်ဘူး၊ မုန်းဖို့ကောင်းတာသိသား၊ ဘာမုန်းလဲ မသိဘူး၊ သူများသွားတဲ့လမ်းကို သူ့ခွေးကလန်ကလားကြီးနဲ့ တကောက်ကောက် လျှောက်လိုက်နေတယ်’

ချစ်သဲကြီးသည် အင်းစပ်ပီပီ အရပ်ရှည်ပြီး ခါးလျားကြီးလည်း ရှည်သေးသည်။ ကလန်ကလားဆိုသည့် စကားသည် ချစ်သဲကြီးအတွက်တော့ မှန်၏။

‘အမိက လုလိုက်တာ’

‘အောင်မာ…’

အောင်မာနဲ့အတူ မျက်စောင်းကြီး ခိုင်းခနဲ ရောက်လာ[illegible] ရန်စွာစကားကို မနားတမ်းပြောတတ်သော နှုတ်ခမ်းကလေး[illegible] ပိမိုဘွန့်သွားသည်။

‘ဟုတ်တယ်လေ… ကျုပ်က ချစ်သဲကြီးလိုဆွဲပြီး နံနက်

www.burmeseclassic.com



တိုင်းလမ်းလျှောက်ထွက်နေကျ'

'ဘာလဲ ချစ်သဲကြီး'

'ချစ်သဲကြီးဆိုတာ ခွေးနာမည်ပေါ့ဗျ'

'အမလေး… အမြင်ကတ်ဖို့ကောင်းလိုက်တာနော်၊ ခွေးကလန်ကလားကြီးကိုများ ချစ်သဲတဲ့၊ ဟင်း… ဟင်း'

သူမက အသံကလေးထွက်အောင် ရယ်၏။ လှောင်ရယ် မှန်းလည်း ကျော်ကိုလတ် သိသည်။

'မလှောင်ပါနဲ့'

'လှောင်တာ မဟုတ်ဘူး၊ ပြောင်တာ၊ ရှင့်ခွေးကြီးကို ချစ်သဲကြီးလို့ နာမည်မပေးဘဲ ချစ်ဘူးကြီးလို့ နာမည်ပေးရင် ကောင်းမယ်သိလား'

တွန့်ခနဲ ဖြစ်သွားရသည်။

'ခွေးတောင်မှ ဒီလောက်ဖြစ်နေရင် ရှင်က ပိုဆိုးမယ် ထင်တယ်'

စကားလုံးက အရှိုက်ကိုလာမှန်သည်။

သည်ထိ ရဲတင်းစွာပလန်တန်လိမ့်မည်ဟု မထင်ခဲ့။ မျက်နှာကိုကြည့်ပြီး စိတ်မှာအတော် အချဉ်ပေါက်လာသည်။ နံနက်ဦးက စွဲလမ်းချင်သလို ဖြစ်ပေါ်လာသော စိတ်ကလေးသည် ဘယ်ချောင်သို့ရောက်ရှိသွားသည်မသိ။

ကျော်ကိုလတ် သူ့မျက်နှာကိုကြည့်ပြီး ရွဲ့ချင်လာသည်။

ချစ်စကား မဟုတ်သည့် ဂျစ်စကားဆိုရန်လည်း ဆုံးဖြတ်





လိုက်၏။

'ဒီမယ်…'

'ဘာလဲ'

ထူးပုံလေးက သိမ်မွေ့လွန်းလှ၏။

'ခင်ဗျားကို စကားပြောချင်လို့ပါ'

အသားဖြူမလေး မျက်မှောင်ကုတ်သွား၏။

'ဘာစကားလဲ၊ ဘာပြောမှာလဲ'

'ပြောမယ့်စကားက ခင်ဗျားနဲ့ ကျုပ်အတွက် ဘယ်လိုမှ မပတ်သက်သလို ဘယ်လိုမှလည်း မသက်ဆိုင်ပါဘူး'

သူမက မျက်လုံးကြီးပြူးပြီး ကြည့်၏။ စကားကို နားရှုပ်သွားဟန်တူသည်။ လေအေးတစ်ချက် ဝှေ့ခနဲ သုတ်လိုက် သည်ကြောင့် သူမက သူ့ခွေးကလေးကို ရင်ခွင်မှာ ခပ်တင်းတင်း ဖက်ထားသည်။ ချစ်သဲကြီးခမျာမှာမူ လမ်းပေါ်တွင် ငုတ်တုတ် ကျောက်ဆစ်ခွေးရုပ်ကြီး ဖြစ်နေ၏။

'အူတူတူစကားတွေ လာမပြောနဲ့'

'အင်း… စကားကတော့ အူတဲ့စကားပဲဗျ၊ ကျုပ်က ကြားဝင်ပြောရတာ အမိကို အားလည်းနာတယ်'

'တို့နာမည် အမိမဟုတ်ဘူး'

'ဒါဖြင့် ဘယ်သူလဲ'

'မသိဘူး'

'နာမည်ကြီးကလည်း မသိဘူးတဲ့၊ အောက်လှချည်လား၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရုပ်နဲ့ဆို ပဂ္ဂီတို့၊ ရှယ်လီတို့၊ မေရီတို့ဖြစ်သင့်တယ်'

သူမ ဆွေ့ဆွေ့ခုန်သွားသည်။

သူမ၏ ခွေးမရွလေးနာမည် မေရီမှန်း ကျော်ကိုလတ် သိ၏။ သို့သော်လည်း မသိကျိုးကျွန်ပြုလိုက်သည်။

'မမိုက်ရိုင်းနဲ့ သိလား'

'ယော်... ရန်ကလည်း အပြတ်လိုနေတာပါပဲလား၊ ခင်ဗျားနဲ့ ကျွန်တော် ရန်သူမဟုတ်ပါဘူးဗျာ၊ အဆင်သင့်ရင် ခမည်းခမက်တောင် ဖြစ်နိုင်ပါတယ်'

'ဘာ...'

ဘာဆိုသည့်အသံကြီးက ဖိန်းတက်သွား၏။ နားမလည်သလို ကြည့်သည့်အကြည့်ကိုလည်း ကြုံတွေ့ရသည်။

'ဒီလိုပါ'

စကားကို အစပျိုးပြီး နားစွင့်နေသလားဟု မျက်နှာကို လှမ်းကြည့်မိသည်။

'ခမည်းခမက်ဆိုတာကို ခင်ဗျားသိလား'

'သိဘူး'

ပြောဖော်ရ၍ တော်သေး၏။ ခွေးပိုက်ပြီး ခြေဆောင့်မသွားသည်ကို ကျေနပ်ရသေးသည်။

'အင်း... မသိရင်တော့ ရှင်းပြရတာပေါ့ဗျာ၊ ခမည်းခမက်ဆိုတာက ဒီလိုဗျ၊ မောင်ဖြူနဲ့မဖြူက လင်မယားဗျာ'

သူမ၏ မျက်လုံးကြီး ပိုမိုပြူးလာသည်။



'မောင်ဖြူနဲ့မဖြူက လင်မယားဆိုတော့ မောင်ဖြူအဖေအမေနဲ့ မဖြူအဖေအမေက ခမည်းခမက်တော်ကြတယ်ဗျ'

'စောစောစီးစီး ဘာတွေလာပြောနေတာလဲ၊ အဓိပ္ပါယ်မရှိတဲ့စကားတွေကို တို့နားမထောင်ချင်ဘူး'

လေသံက အနည်းငယ်ပျော့ပြောင်းသလို ဖြစ်လာ၏။ စောစောကလောက် တင်းမာခြင်းမရှိချေ။

'ဆက်စပ်တဲ့စကားကို ပြောတာပါဗျာ။ အဓိပ္ပါယ်မရှိတဲ့စကားကို ပြောတာ မဟုတ်ပါဘူး၊ ခမည်းခမက်ဆိုတဲ့ သဘောတရားကိုတော့ ခင်ဗျားသိသွားပြီ'

'ဘာတွေလာကြောင်နေတာလဲ'

ကျော်ကိုလတ်က ပြုံးသည်။ ချစ်သဲကြီးက တအံ့အဲ့နှင့် ကျော်ကိုလတ်မျက်နှာကို မော့ကြည့်သည်။ ပြီးတော့ မေရီဆိုသည့်ခွေးပုမလေး၏ မျက်နှာ။ ပေါ်ပကတော့ သူ့ခွေးမလေးကို လွတ်ထွက်သွားမည်စိုးဟန်ဖြင့် တင်းကြပ်စွာ ဖက်ထား၏။ ချစ်သဲကြီးနှင့် ဘယ်ရိုမှ သဘောမတူနိုင်သည့် အသွင်သဏ္ဍာန်များ ပေါ်လွင်နေသည်။

'ဒီလိုဗျာ... ချစ်သဲကြီးကပြောတယ်'

'ဟင်...'

'ဟင်တွေ ဘာတွေ လုပ်မနေပါနဲ့ဗျာ၊ ချစ်သဲကြီးက ခင်ဗျားခွေးမလေးကို ချစ်လို့တဲ့ဗျ'

သူမ၏ မျက်ဝန်း အရည်လဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဪ... ရှင်က ခွေးစကားတတ်တယ်ကိုး'

ကျော်ကိုလတ် တွန့်ခနဲ ဖြစ်သွား၏။

မထူးတော့။

ခပ်တည်တည်နှင့်လောင်ပစ်လိုက်မည်ဟု ဆုံးဖြတ်ထားသည်။

'တတ်တာပေါ့ဗျာ၊ တတ်လို့လည်း ခင်ဗျားကို ခုလို ပြောပြနိုင်တာပေါ့၊ အဲဒါ ခင်ဗျားသဘောကို သိပါရစေ၊ ကျုပ်နဲ့တော့ဘာမှ မပတ်သက်ဘူးနော်၊ ချစ်သဲကြီးက ခင်ဗျားခွေးမလေးကို ဖီလင်တွေ စွတ်တက်နေပေမယ့် သူ့သခင် ကျုပ်ကတော့ ခင်ဗျားကို လုံးဝဖီလင်မတက်ဘူး'

'ကြည့်စမ်း... ကြည့်စမ်း၊ လူပါးဝလိုက်တာ၊ ရှင့်လိုဟာကိုလည်း သည်က ဖီလင်တက်မလား'

ပုစွန်ဆိတ်ကလေးလို ဆွေ့ဆွေ့ခုန်သွားသည်။ မာနမျက်နှာက ဒေါသဖြင့် အရောင်တဝင်းဝင်း လက်နေ၏။ ကျော်ကိုလတ်ကမူ ရင်ထဲမှနေ၍ ကျိတ်ရယ်နေမိသည်။

နှင်းက ခုမှ ကွဲစပြုကာရှိသေးသည်။

'ကဲပါဗျာ... ခင်ဗျားနဲ့ ကျုပ်ကိစ္စကို ခေါက်ထားစမ်းပါဗျာ၊ ခင်ဗျားခွေးမလေးနဲ့ ချစ်သဲကြီးကိစ္စဆွေးနွေးရအောင်'

'ဆွေးနွေးစရာမလိုဘူး၊ မေရီက ရှင့်ခွေးကို လုံးဝမချစ်ဘူးတဲ့ သိလား'

'ခင်ဗျားကို ပြောတယ်'





'ဟုတ်တယ်... ဟုတ်တယ်... ခုတင် နားနားကပ်ပြီး ပြောလိုက်တာ၊ အစုတ်ပလုတ်တွေ မကြိုက်ဘူးတဲ့'

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ ကျော်ကိုလတ်က နောက်မှနေ၍ တဟားဟား အော်ရယ်သည်။ ကိုက်သုံးဆယ်အကွာအဝေးရောက်တွင် သူမက ဆတ်ခနဲ လှည့်ကြည့်၏။ ကျော်ကိုလတ်က အသံကျယ်ကျယ်နှင့် လှမ်းအော်သည်။

'ခမည်းခမက်လေ... ခမည်းခမက်'

ခြေကလေးကို ထပ်မံ ဆောင့်သွားသည်။

ခြေကလေး သိမ့်သိမ့်ခါသွားလေသလားဟု ထင်လိုက်ရ၏။ ချစ်သဲကြီးကမူ လမ်းလယ်ခေါင်မှာ ငေါင်နေသည်။

'ဟင်း... မင်းတော့ ဆွေးပြီ ချစ်သဲရေ'

□ □ □



www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျော်စွာ၏ ပါးစပ်ဖျားတွင် သဲမာတစ်ယောက်သာ ရှိသည်ထင်၏။ ပြောဖန်များတော့ သဲမာဆိုသည့် ဘိုကြက်ချေး အမည်ကို စိတ်ဝင်စားသလို ဖြစ်လာသည်။

'နေပါဦး… သဲမာက ဘယ်မှာနေတာလဲ'

'စက်မှုကျောင်းနောက်ဘက်က ခြံလေ။ သဲမာက မင်းလိုပဲတစ်ဦးတည်း သမီးကွ'

'အဲဒါဘာဖြစ်သလဲ၊ မင်းက အောင်သွယ်ပေးမလို့လား'

ကျော်စွာကပြုံးသည်။

'မင်းကို အောင်သွယ်ပေးမလားကွ။ ငါ့ဘာသာ ငါဖန်မှာပေါ့၊ သဲမာ ဒက်ဒီနဲ့မာမီက အိမ်က အဘိုးကြီးနဲ့ဖရင့်ကွ။ ပြီးတော့ ငါ့တီမက ရုပ်ကလေး လှသလောက် ဂျစ်ဆတ်ဆတ်သိပ်





နိုင်တယ်။ စိတ်ရင်းသဘောကတော့ မဆိုးပါဘူး'

'ငါ့အင်ထရီကျူး လုပ်ပေးစမ်း'

ကျော်စွာက မျက်နှာကို လှမ်းကြည့်သည်။ အကြမ်းပန်းကန်ထဲမှ ရေနွေးကြမ်းကို တစ်ကျိုက်မော့သောက်လိုက်သည်။

ဇော်ထွေးက မှတ်စုစာအုပ်ထဲမှ ရေးမှတ်ထားသည့် အကြောင်းများအောက်တွင် မျဉ်းလိုင်းရှည်ဆွဲနေသည်။

'အစီအစဉ်တော့ရှိတယ်၊ သဲမာနဲ့ကို မဆုံဖြစ်လို့ပါ'

'ငါ့ကို မဖန်နဲ့ပါဘူး'

'ဖန်လည်း ငါ့ရင်ထဲမှာ ဖီးလ်မရှိပါဘူး ကျော်ကိုလတ်ရာ၊ ကံကော်တောမှာ အရောင်သွေးစုံတဲ့ ပန်းပွင့်ကလေးတွေ အများကြီးပါ၊ ကြိုက်ရာမီရာ ခူးပန်ရုံပေါ့ကွာ'

'အဟုတ်ပြောတာနော်၊ နောက်မှ သူငယ်ချင်းရယ် လုပ်ရက်လိုက်တာဆိုပြီး လာငိုပြမနေနဲ့'

'မျက်ရည်အကုန်ခံလို့ကွာ'

ဆိုင်မှာလူကျလာသည်။

အင်းလျားဘက်သွားရအောင်ဟု ကျော်စွာက ဆိုသဖြင့် ထိုင်ရာမှထလိုက်ကြသည်။ ဆိုင်မှအထွက်တွင် ကလပ်စ်အချိန်ကို ပြန်စဉ်းစားရသေးသည်။ ကိစ္စမရှိ။ ကလပ်စ်က နေ့လည်ပိုင်းမှပြန်ဝင်ရမည်။ သုံးယောက်သား အင်းလျားဘက် လျှောက်ခဲ့ကြ၏။

'ဘူးသီးကြော်ဆိုင် ထိုင်မလား'

www.burmeseclassic.com



ကျော်စွာကမျက်နှာကို လှမ်းကြည့်ပြီးပြောသည်။ အင်းလျားလေပြည်က ခပ်နွေးနွေး တိုက်ခတ်သွား၏။

'ကောင်းသားပဲ၊ မထိုင်တာတောင် ကြာပြီ'

ကန်ဘောင်ကို ဖြတ်ပြီး လျှောက်ခဲ့သည်။ သရက်ပင်ကြီးအောက်တွင် ထိုင်နေသော အတွဲတစ်တွဲကို ဖော်ထွေးက တံတောင်နှင့်တွက်ပြီးပြသည်။ လှမ်းကြည့်လိုက်သောအခါ အကြည့်ချင်းဆုံသွား၏။

မသိကျိုးကျွန်ပြုပြီး ရှေ့ဆက်လျှောက်ခဲ့သည်။

ကုန်းမြင့်ကလေး လှမ်းအတက်တွင် ကျော်စွာက…

'သိတယ်မဟုတ်လား'

ခေါင်းညိတ်ပြသည်။

'တစ်နေ့တစ်ယောက်ကျ တွဲနေတာ အချိုးကိုမပြောဘူး၊ ရာရှူးမှာ သက်စေ့တွဲပြီး ဆေးကနောနဲ့တွဲနေတာ'

'အဲဒီကောင်က ဆေးကလား'

'ဆေးကလေ၊ ဆေးကကောင်နဲ့တွဲပြီး ကြီးကျယ်နေတာ'

'ကျယ်လည်းကျယ်လောက်တယ်ပေါ့ကွာ၊ ရုပ်ကလည်း အတော်ဖြောင့်တာ၊ မင်းသမီး သူ့လောက်လှလား'

'မင်းတစ်နေ့ ဆိုမှာပါ ကျော်ကိုလတ်ရာ'

စကားတပြောပြောနှင့် လျှောက်ခဲ့သည်။

ကုန်းမြင့်ပေါ်တက်လိုက်သည်နှင့် ဘူးသီးကြော်ဆိုင်က



လေးကို လှမ်းမြင်ရ၏။ ကန်စပ်ကလေးဘေး နေရာကလေးသို့ ဦးတည်အသွားတွင် ကျော်စွာက ခြေလှမ်းကို တုံ့ခနဲရပ်လိုက်သည်။

'ဟာ… ဟိုမှာ သဲမာတို့'

လှမ်းကြည့်လိုက်သည်။

ကန်စပ်လေးထောင့် စားပွဲဘေးတွင် အမျိုးသမီး သုံးယောက်ကို ထင်းခနဲ တွေ့လိုက်ရ၏။

ရင်မှာ လှပ်ခနဲ ဖြစ်သွားသည်။

ကျော်စွာက အရယ်များနှင့် ရှေ့ဆက်လျှောက်သည်။ လေးငါးလှမ်းအရောက်တွင် နောက်ကို လှည့်ကြည့်မိသည်။

တုံ့ဆိုင်းဆိုင်းဖြစ်နေသော ကျော်ကိုလတ်ကို…

ရင်မှာပိုမို လှုပ်ခတ်သွားသည်။

မျက်နှာသုံးခုကို ခပ်စူးစူး လှမ်းကြည့်လိုက်၏။

တစ်ခုသောမျက်နှာက ရှုံ့မဲ့သွားသည်။

သဲမာဆိုသည့် ဝတီမသည် ရှုံ့သွားသောဝတီမလေး ဖြစ်ပါစေနဲ့ဟု ကျော်ကိုလတ် ဆုတောင်းလိုက်သည်။

❐ ❐ ❐

'သြော်… ကိုကျော်စွာတို့'

အင်ဒိုနီးရှားပါတိတ်ဝမ်းဆက် ဝတ်ထားသော အသား

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်၊ နှာတံပေါ်ပေါ် ကောင်မလေးက အပြုံးနှင့် စကားဆို ပြီး 'ထိုင်... ကိုကျော်စွာ' ဟု ဆိုကာ အားလုံးကို သိမ်းကျုံး၍ ဖိတ်မန္တကပြုသည်။ တဆက်တည်း အကြော်နှစ်ပွဲကို လှမ်းမှာ၏။

သည်နေရာတွင် ကျော်စွာက ဦးစီးဦးဆောင်။ ကျော်စွာ ထိုင်သည်နှင့် ကျော်ကိုလတ်နှင့် ဇော်ထွေးက ခပ်ယိုယို့ပင် ဝင် ထိုင်လိုက်သည်။ ကျော်ကိုလတ်ကမူ မျက်နှာရှုံ့မလေးကို မသိမသာ လှမ်းကြည့်သည်။ တေီမက မျက်နှာကြီးကို တစ်ဖက် သို့ လွှဲထားပြီး မျက်နှာထားကို တင်းတင်းကြီး လုပ်ထားသည်။ ကြုံမှကြုံတတ်ပလေဟု ကျော်ကိုလတ် တွေးလိုက်မိ၏။

'ဟော့... သဲမာ'

ကျော်စွာကလှမ်းခေါ်သည်။

သဲမာက ကျော်စွာဘက် မျက်နှာလှည့်လာ၏။

ကျော်ကိုလတ်ရင်မှာ ဒိန်းခနဲ ဖြစ်သွားသည်။ သဲမာ ဆိုတာ မိမိနှင့်နံနက်တိုင်း ဂျစ်ကျသည့်တေီမပါလား။

'သဲမာက တို့ကိုတောင် ဖိတ်မန္တက မပြုနိုင်အောင်ဖြစ် နေပါလားဟ'

'ကိုကျော်စွာတို့အထဲမှာ သဲမာအမုန်းဆုံး၊ အလွန်မုန်း၊ ပစ္စလက္ခကို မုန်းတဲ့သူတစ်ယောက်ပါနေလို့ စကားမပြောတာ'

'ဟော...'

ကျော်စွာက မျက်လုံးပြူးသွားသည်။

အသားလတ်လတ်နှင့် အသားဝါမလေးနှစ်ယောက်က



ကျော်ကိုလတ်နှင့်ဇော်ထွေးမျက်နှာကို အားနာစွာ လှမ်းကြည့်၏။ ဇော်ထွေးက ခပ်ယောင်ယောင် ဖြစ်နေသည်။ ကျော်ကိုလတ်ကမူ ခပ်တည်တည်။ မျက်ခုံးနှစ်ဖက်ကိုပင့်ပြီး ကြည့်မိသေးသည်။

'ဘယ်သူများလဲ သဲမာရာ'

'အဲဒီလူက ခွေးစကားတတ်တယ်'

'ဟေ'

ကျော်စွာက မျက်လုံးများကို ကျော်ကိုလတ်ဆီ ဒိုင်းခနဲ ရောက်လာ၏။ ချပေးသွားသော ဘူးသီးကြော်ချောင်းကလေးများ သည် ပေါင်းကူးတံတားအဖြစ်သို့ ရောက်ရှိမလာတော့ပေ။

'ဟုတ်တယ် ကျော်စွာ၊ ငါတတ်တဲ့ ခွေးစကားကို သူ လည်းတတ်တယ်၊ တို့နှစ်ယောက်က လူရှေ့သူရှေ့မှာသာ ဟန်ပန် ကြီးတစ်ခွဲသားနဲ့ လူလိုစကားပြောတာ၊ နှစ်ယောက်လမ်းမှာတွေ့ ရင် ခွေးလိုစကားပြောကြတာကွ'

'ရှင်... မမိုက်ရိုင်းနဲ့'

'ဩော်... ဘယ်သူက စရိုင်းတာလဲ'

'ထီးနဲ့ဆော်ထည့်လိုက်မယ်နော်'

'အမိက ထီးနဲ့ဆော်ရင် ကျုပ်က မီးနဲ့ပြန်ဆော်ထည့် လိုက်မှာပေါ့'

ကျော်ကိုလတ်က ပြောပြီး ဂက်စ်မီးခြစ်ကို ဖြတ်ခနဲ ခြစ်လိုက်သည်။ မီးတန်းရှည်ကလေး လွန့်တက်လာ၏။

'သိပ်ရိုင်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… ခင်ဗျားလေးက သိမ်မွေ့တာကိုး'

စကားက လမ်းကြောင်းမပြတ်။

နှစ်ယောက်စလုံး မျက်နှာကိုကြည့်ပြီး ကျော်စွာက စိတ်မာတ်အကျကြီးကျနေသည်။

'ဒုက္ခပါပဲ၊ ဘယ်တုန်းကသိပြီး ဘယ်လိုတွေ ဖြစ်ကြတာလဲ'

'သူ့မေးကြည့်ကွာ ကျော်စွာ'

'အောင်မာ… ဘာ သူ့မေးကြည့်လဲ'

ပဋိပက္ခကို အသားလတ်မလေးက ဝင်ထိန်းလာသည်။

ခပ်ဆတ်ဆတ်အသံကြောင့် အသားလတ်မလေး တွန့်ခနဲဖြစ်သွားသည်။ သူတို့ သဲမာကို လန့်ပုံရသည်။ သဲမာကိုအလိုလိုက် အကြိုက်ပေးပေါင်းသင်းနေသည့် အသွင်သဏ္ဍာန်များကိုလည်းတွေ့ရ၏။

'ဘယ်သူကမှ မဖိတ်ဘူး၊ မျက်နှာပြောင်ပြောင်နဲ့ အကြော်တွေယူစားရင်လည်း ကိုကျော်စွာကိုပဲ သဒ္ဓါတယ်'

မာနကို လာထိသဖြင့် ရင်မှာ တင်းခနဲ ဖြစ်သွားသည်။ မျိုးဂုဏ်၊ ဆွေဂုဏ်၊ ဇာတိဂုဏ်က လွှန့်ခနဲ တက်လာ၏။ အကြော်ဆယ်ပွဲလောက်မှာပြီး မလှမ်းမကမ်းတွင်ရှိသည့်ခွေးကို ကျွေးပစ်လိုက်မည်ဟု စိတ်ကူးမိသည်။ သို့သော်လည်း အသိကိုပြန်လည်ချုပ်သည်။ မာနကို ပြန်ရုပ်သိမ်းသည်။ ကိုယ်ကလည်း တိုက်စစ်ဆင်သည့်အဖြစ်ကို ပြန်စဉ်းစားရ၏။





'ဘယ်လိုဖြစ်ကြတာလဲဟာ… ငါ့ကို ရှင်းပြကြပါဦး'

'အို… ကိုကျော်စွာ ဘာမှမသိပါဘူး'

'မသိလို့မေးတာပေါ့ သဲမာရာ'

ကျော်ကိုလတ်က ကြားဝင်ပြီး…

'ဒီလိုကွ ကျော်စွာရ၊ မင်းသဲမာနဲ့ငါက'

'ဘာ မင်းသဲမာလဲ'

စကားကို ကြားဖြတ်ပြီး ဝင်ဟောက်သည်။

'ဒုက္ခပါပဲ၊ ဟောက်ကြီးပဲ နေတော့တာပါပဲလား၊ ဒီလိုကွာ၊ သူနဲ့ငါက နံနက်တိုင်းဆုံတယ်'

'တို့က လိုက်ဆုံတာမဟုတ်ဘူး'

'ကျုပ်ကလည်း လိုက်ဆုံတာ မဟုတ်ပါဘူးဗျာ'

'လှူပါးဝတယ်'

'လှူကိုဗျ'

'ဩော်… ဒါဖြင့် တို့က ခွေးပေါ့'

'ကိုယ့်ကိုယ်ကို သိမှာပေါ့'

သဲမာက ခေါက်ထီးကို ဆတ်ခနဲ ဆွဲယူသည်။

ကျော်ကိုလတ်က ဂက်စ်မီးခြစ်ကို ဆတ်ခနဲခြစ်လိုက်၏။

'မလုပ်နဲ့၊ ကျုပ်မှာလည်း မီးပါတယ်'

သဲမာကို အသားဝါမလေးနှင့် အသားလတ်မလေးက ဆွဲထားသည်။

'ဒုက္ခပါပဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာအူနေ၏။

ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေဖွဲ့ပေးမည်ဆိုသည့် အစီအစဉ်နေရာတွင် ဆေးရုံကားခေါ်ထားရမည့် အစီအစဉ်ကို ပြောင်းရေးရမည့် အခြေအနေ ဖြစ်ပေါ်နေ၏။

'သီတာနဲ့ထရီဇာ သွားမယ်၊ ကြာရင် ကိုယ့်လက် လူသတ်မှုဖြစ်နေလိမ့်မယ်'

ဆောင့်ခနဲထသည်။

အသားဝါမလေးနှင့် အသားလတ်မလေး၏ အမည်မှာ သီတာနှင့်ထရီဇာဟု နားလည်လိုက်သည်။

'ခင်ဗျားလက်ကလေးတွေက လူသတ်လက် မဟုတ်ပါ ဘူးဗျာ'

'ဟုတ်တယ်၊ သိပ်ကိုဟုတ်တယ်၊ ဒီလက်က ရှင့်ကို ကော သတ်ချင်တယ်၊ ရှင့်ခွေးကြီးကိုကော သတ်ချင်တယ် သိပြီလား'

ပြောပြီး ချာခနဲ လှည့်ထွက်သွားကြသည်။ အကြော်ဖိုး ကိုမှ ရှင်းမသွား။

'နေပါဦးဗျ၊ ဒီအကြော်ဖိုးတွေ ဘယ်သူက ရှင်းမှာလဲ'

'ရှင်းချင်တဲ့လူရှင်း'

ပြန်ကောသွားသည်။

ကျော်ကိုလတ်က ကျော်စွာမျက်နှာကိုကြည့်ပြီး ရယ် လိုက်၏။ ဖော်ထွေးကမူ ဘူးသီးချောင်းကလေးကို အချဉ်မှာနှစ်





ပြီး ပါးစပ်ထဲ သွင်းနေသည်။

'ငါပဲ ရှင်းလိုက်ပါ့မယ် ကျော်ကိုလတ်ရာ'

'မင်းတို့ဟာက ဘာတွေမှန်းမသိပါဘူး'

'နေစမ်းပါဦး မင်းပြောပြောနေတဲ့ သဲမာဆိုတာ အဲဒီ တော့မလား'

'အေးလေ'

'တော်ပါကွာ၊ မအော့ကြောလန်'

ကျော်စွာမျက်နှာ ဆီးစေ့လောက်လေး ဖြစ်သွားသည်။

□ □ □

ခြံကို ဖော်ထွေးပါလာသည်။

ဂျမ်းကို အအေးနှစ်ခွက်လှမ်းမှာပြီး မရမ်းပင်ကြီးအောက် သို့လျှောက်ခဲ့၏။ ခုံတန်းလေးပေါ်မှ ကြွေရွက်များကို လက်နှင့် သပ်ဖယ်ရှားပြီး ခုံတန်းပေါ် ထိုင်လိုက်ကြသည်။ ညနေအေး အေးပြည်က ဝေ့ခနဲ တိုက်ခတ်သွား၏။

'ငါကတော့ ကိုလတ်နဲ့ကောနေတုန်း ဘူးသီးကြော်တွေ ဆိုအုပ်ဟာ၊ ဟိုငတိမနှစ်ကောင်က မျက်လုံးပြူးကြည့်တယ်။ ...နှယ် ဟိုမှာ ဒီလောက်စကားများနေကြတာ၊ သူမို့ ...ဝင် ...လို့ ထင်မှာပဲ'

ပြုံးနေလိုက်သည်။ ပြုံးရင်းနောက်ဘက်သို့ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ စိုက်ခင်းများကို ဂျမ်းရေလောင်းနေသည်ကို တွေ့ရ၏။ ချစ်သဲကြီးကမူ ထိုင်ခုံခြေရင်းတွင် ဝပ်နေသည်။ ဇော်ထွေးနှင့် ကျော်စွာကိုတော့ ရန်မပြု။ လာနေကျလူများမို့ မျက်နှာသိဖြစ်နေ၏။ အမြီးတယမ်းယမ်းနှင့် ခွေးပေါ်ပုံစံတော့မနေ။ မျက်နှာထားကို ရှုတည်တည်ကြီး ထားတတ်၏။ ကျော်ကိုလတ်မပါဘဲ ခြံထဲလျှောက်သည့် သတ္တိမျိုးကိုတော့ ဇော်ထွေးကော ကျော်စွာပါ မလုပ်ဝံ့ချေ။

'ဟဲ့… ဂျမ်း'

လှမ်းခေါ်သည်။

ဂျမ်းအပြေးကလေးရောက်လာသည်။

'နင့်ကို အအေးနှစ်ခွက်ယယူခဲ့လို့ မှာထားကယ် မဟုတ်လား။ စိုက်ခင်းသွားပြီးတော့များ ရေလောင်းနေရတယ်လို့'

'အယ်… ဟုတ်ပါရဲ့၊ ဂျမ်းမေ့သွားတယ် ကိုကိုလတ်၊ ဆောရီးနော်… ဆောရီး'

ဆောရီးဆိုသည့်စကားနှင့် အင်္ဂလိပ်စကား အကျိုးအဝှဲ လောက်တော့ ဂျမ်းသိသည်။ သူ့ဘက်မှ တစ်ခုခုမေ့လျော့ခဲ့လျှင် ဂျမ်းသည် ဆောရီးဆိုသော စကားကို တွင်တွင်သုံး၏။

'ဂျမ်း ကျောင်းမနေဘူးလား ကိုလတ်'

ဇော်ထွေးကမေးသည်။

'ကိုးတန်းထိတော့ မေမေက ထားတယ်။ နောက်တိုက်မှာက အချက်အပြုတ်နဲ့ ဗာဟီရကျ လုပ်မယ့်သူကမရှိဘူး မဟုတ်





လား၊ အဲဒါကြောင့် မေမေက ဂျမ်းကို ကျောင်းထုတ်လိုက်တာ၊ ဂျမ်းကလည်း ပညာကို လိုလိုလားလား လိုချင်ပုံမရပါဘူးကွား ကျောင်းဘက်တော့မယ်ဆို ဖင်နာတယ်၊ ခေါင်းနာတယ်လို့အကြောင်းအမျိုးမျိုးပြပြီး ကျောင်းတက်ပျင်းတာ၊ ကျောင်းဆက်မထားခဲ့တာ အဲဒါတွေပါ ပါတာပေါ့၊ အိမ်ဖော်လို့သာမှတ်လို့ရပေမယ့် မေမေက ဂျမ်းကို သံယောဇဉ်ကြီးတယ်၊ တိုက်မှာ သူ့ခြေသူ့လက်ပဲ၊ အားလုံးကို မေမေက ယုံကြည်စိတ်ချတယ်'

အအေးနှစ်ခွက်ရောက်လာသည်။

ဂျမ်းသွားရာနောက်သို့ ချစ်သဲကြီးလိုက်ပါသွား၏။ သူ့ထမင်းစားချိန်ကျပြီကိုး ချစ်သဲကြီးက စိတ်မှတ်သိထားသည်။

'စောစောက စကားကို ဆက်ရဦးမယ်'

ဇော်ထွေးက စကားကို ပြန်လည်နှားစွင့်ထား၏။

'ကိုလတ်နဲ့ အဲဒီသဲမာဆိုတဲ့ ငတိမနဲ့ သိနေကြတာကြာပြီလား'

'သိတာကြာတာ မဟုတ်ဘူး၊ ကောတာကြာတာ ဇော်ထွေးရ၊ သူနဲ့တွေ့ရင်လည်း ငါက ဂျစ်စကားပြောတာ။ နက်မနက်ဆို သူက ခွေးပုကလေးဆွဲပြီး လမ်းလျှောက်တယ်လေ၊ ငါက ချစ်သဲကြီးကိုဆွဲပြီး လမ်းလျှောက်တာ ချစ်သဲကြီးကလည်း အေပ်စပ်ရာကွာ၊ သူ့ခွေးပုမလေးကိုသွားပြီး မီးလ်ဖြစ်ရတယ်လို့'

ဓာတ်လမ်းကို အကျဉ်းချုံးပြီး ပြောပြသည့် နားထောင်ပြီး ဇော်ထွေးက ရယ်၏။ သဲမာအကြောင်း ကျော်စွာပြောနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



က ပိုစ်ဖော်ကြည့်ဖူးလားဟု မေးသည်

'မကြည့်မိဘူးကွ၊ အကြော်ဆိုင်မှာထိုင်တော့ သူမိတ်ဆက်ပေးပေမယ့် သဲမာဟာ အဲဒီငတိမဖြစ်လိမ့်လို့ကို မထင်ခဲ့ဘူး၊ သူစပြီး ဘုစကားပြောမှ သဲမာဆိုတာ သူပါလားလို့သိတာ'

'တကယ့် ဆတ်ဆတ်ကြဲပဲ၊ မာနလည်း တော်တော်ကြီးပုံရတယ်'

'ကြီးကျယ်တာပါကွာ၊ ခနတွေကိုပုံပြီး မာနပြိုင်ရင် မေမေ့မှာရှိတဲ့ ပတ္တမြားတစ်ဆင်စာရဲ့ဂုဏ်ဖိုးကိုတောင် သူတို့တိုက်တွေကားတွေက လိုက်မမီဘူး'

ဇော်ထွေးက ခေါင်းကို ဆတ်ခနဲညိတ်သည်။

ချမ်းသာသည့်အခြေအနေကို ဇော်ထွေးသိသည်။ ခနနှင့်ပတ်သက်၍ မာန်မာန ကင်းဝေးသည်ကိုလည်း ဇော်ထွေးနားလည်သည်။

'ကျော်စွာ တော်တော် ငေါင်သွားတယ်'

ပြုံးလိုက်မိသည်။

'သူကတော့ ရင်းနှီးကျွမ်းဝင်စေချင်တဲ့ သဘောပါ၊ သူမိတ်ဆက်ပေးမယ့် သဲမာနဲ့ငါ ရန်သူဖြစ်ခဲ့တာကို သူကသိမှမသိဘဲ၊ သူမပြောနဲ့ငါတောင် သိတာမဟုတ်ဘူး'

'ငတိမက တော်တော်ထက်တယ်'

'ထက်တာ မဟုတ်ဘူး၊ ဂျစ်တာ ဇော်ထွေးရ၊ စတွေ့ကတည်းက ငါနဲ့ဂျစ်နေတာ'



ခြံရှေ့မှ ကားဟွန်းသံကြားရသည်။ ဂျမ်းက အပြေးကလေးသွားပြီး ခြံတံခါးဖွင့်ပေးသည်။

'မေမေတောင် ပြန်လာပြီ'

ပေါ်တီကိုအောက်သို့ ကားကိုထိုးရပ်သည်။ မေမေက ကားပေါ်မှဆင်းပြီး ခြံထဲသို့ မျက်လုံးဝေ့ကြည့်သည်။

'ဩော်... မောင်ဇော်ထွေး ရောက်နေသကိုး'

ဇော်ထွေးက ထိုင်ရာမှ ဆတ်ခနဲ ထသည်။ မေမေ့ကို ပြုံးရယ်ပြပြီး အန်တီနေကောင်းရဲ့လားဟု နှုတ်ဆက်သည်။

'မင်း ရောက်မလာတာတောင် ကြာပြီ'

'နေ့လည်ပိုင်းတွေ ကိုလတ်နဲ့အတူ ရောက်ရောက်လာပါတယ် ဒေါ်နတ်တီ၊ အန်တီ အလုပ်တိုက်သွားနေချိန်မို့ပါ'

မေမေက အပြုံးနှင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ထမင်းစားသွားနော် မောင်ဇော်ထွေး'

ပြောပြီး မေမေ တိုက်ထဲဝင်သွားသည်။

'အန်တီက သဘောကောင်းတယ်နော်'

'မင်းကိုသာ သဘောကောင်းတာပါ၊ မေမေက အရမ်းကို မာနကြီးတာ၊ ဒါပေမဲ့ မင်းဘဝကို သနားတယ်လို့ မေမေပြောဖူးတယ်၊ မင်းကမေမေ့ရှေ့မှာ ဘာတွေသွားငိုပြထားလဲမှမသိတာ'

ကျော်ကိုလတ်က ပြောပြီးရယ်သည်။

'ဟိုတစ်လောက အန်တီက ငါ့ဘဝကို မေးတယ်လေ။ ငါက ညဘက်မီးကင်းစောင့်တယ်၊ အမေမုဆိုးမကြီးက ပုံကျစျေး

www.burmeseclassic.com



ရှောင်းရတယ်၊ ဘက္ကသိုလ်ပညာကို ပင်ပင်ပန်းပန်း ရှာဖွေရတာပါ အန်တီလို့ပြောပြတာ၊ အဲဒီတုန်းက အန်တီက ငါ့ကို မုန့်ဖိုးတစ်ရာ တော်င်ပေးသေးတယ်လေ၊ ငါက မင်းကို ပြန်ပြောပြခဲ့သားပဲဟာ'

ခေါင်းညိတ်ဖြစ်သည်။

ညနေထမင်းစားရန် ဂျမ်းလာမခေါ်ခင် ဇော်ထွေးနှင့် အတူခြံထဲ ရေတိုင်မှာရေချိုးသည်။

ညနေစာစားတော့ ညနေငါးနာရီခွဲတိတိ။

စားသောက်ပြီးမှ ဇော်ထွေးကို အိမ်လိုက်ပို့သည်။

တစ်လမ်းလုံး သဲမာအကြောင်းကို ဒေါသဖြင့်တွေးနေမိသဖြင့် ဇော်ထွေးနှင့် စကားသိပ်မပြောဖြစ်ခဲ့ချေ။

□ □ □

'ကိုလတ်... အိမ်ပေါ်တက်ဦး'

အစွန်အဖျားရပ်ကွက်၏ ကျဉ်းမြောင်းသော မြေလမ်းကလေးပေါ်မှ ခနိမိုးဝါးထရံကာ အိမ်ကလေးဖြစ်၏။ အိမ်ချင်းကပ်လွန်းသည့်အပြင် ရေလောင်းအိမ်သာမဲ့ ရပ်ကွက်မို့အနံ့အသက်ဆိုးက နှာခေါင်းဝသို့ စူးခနဲ ဝင်ရောက်လာသည်။

ဇော်ထွေး၏ အားနာသော အကြည့်ကို ဆုံတွေ့ရ၏။

'လက်လုပ်လက်စား ငွေမဲ့ကြေးမဲ့တွေရဲ့ ရပ်ကွက်ဆိုတော့ သဖင်နံ့၊ နှင်းဆီနံ့တွေ မသင်းပေဘူးပေါ့ ကိုလတ်ရယ်'



ပြုံးပြမိသည်။

ကားပေါ်ကမူ မဆင်းဖြစ်သေး။

'တက်ပါဦး ကိုလတ်ရဲ့၊ အမေကလည်း ကိုလတ်ကို တဖွဖွမေးနေတယ်'

'ဒေါ်ဒေါ်နေကောင်းတယ် မဟုတ်လား'

'မနေ့ညက အမေ့ရောဂါက ဖောက်လာတယ်၊ ဒီနေ့ အမေဈေးရောင်းမထွက်ဘူး'

သော့ပေါက်မှ ကားသော့ကိုဖြုတ်လိုက်သည်။ တံခါးဖွင့်ဆင်းပြီးဇော်ထွေးနှင့်အတူ အိမ်ပေါ်တက်ခဲ့သည်။ ဝါးကြမ်းကို နင်းမိသည်နှင့် အိခနဲ ဖြစ်သွားသည်ကို သတိပြုမိ၏။ ဝါးကြမ်းနင်းလိုက်တိုင်း တကျွီကျွီမြည်သောအသံကြောင့်...

'ကိုလတ်တို့ကြားရခဲ့တဲ့ တေးသံလေ'

ဇော်ထွေးက ရယ်ရယ်မောမောနှင့်ပြောသည်။ အသံကြောင့် ဝါးထရံအိမ်ခန်းကလေးထဲမှ အမေသုန်ထွက်လာသည်။

'အမေနေမကောင်းဘူးဆို'

ကျော်ကိုလတ်က အမေသုန်လက်မောင်းကို ဆုပ်ကိုင်သည်။ အမေသုန်ကို ဖျာချပ်ပေါ်မှာ ထိုင်စေသည်။

'ရှောင်တခင်ပါပဲကွယ်၊ တစ်နေ့က အမေက ဟင်းရွက်တွေ မကုန်တာနဲ့ ခရီးဖြန့်လိုက်တာ၊ အမောကို ဝင်လာရော'

ရင်မှာ ကျင်ခနဲဖြစ်သွား၏။

မတူညီသော ဘဝများ၊ မမျှတသော ဘဝများကိုတွေး

www.burmeseclassic.com

www.burmeseclassic.com



တောကြည့်မိသည်။ ဆင်းရဲခြင်းဆိုသည်ကို ဖော်ထွေးနှင့်သူငယ်ချင်းဖြစ်မှ နားလည်ခဲ့ရ၏။ သို့အတွက်လည်း သူငယ်ချင်း၏ ကျောင်းပညာရေးကို အတန်တန် ငြင်းဆန်သည့်ကြားမှ ငါ့အကူအညီမယူရင် မင်းကို သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်မယ်' ဆိုသည့် အခြိမ်းအခြောက်ဖြင့် အမွှကူညီခဲ့သည်။

'ဆေးခန်းပြကြည့်ပါလား အမေရယ်'

စေတနာ ကရုဏာသံနှင့်ပြောမိ၏။

အမေသုန်က ဖော်ထွေးမျက်နှာကို လှမ်းကြည့်သည်။ ဖော်ထွေးမျက်နှာ ညှိုးရော်သွားသည်ကို သတိပြုမိ၏။ အခြေအနေကို သူချက်ချင်းနားလည်လိုက်သည်။ လူနေထိုင်မကောင်းလျှင် ဆရာဝန်ပြ၊ ဆေးခန်းသွားဆိုသည့် စကားသည် အင်မတန်လွယ်ကူသော အားပေးမှုပင်ဖြစ်သည်။ သို့သော်လည်း ဆေးခန်းတွင် ကုန်ကျမည့် ငွေကြေးသည် ချို့ငဲ့သူများ၏ရောဂါသက်ကို ပိုမိုရှည်ကြာစေ၏။

'ကဲ... ဖော်ထွေး... အမေ့ကို ကားပေါ်တင်... ဆေးခန်းသွားမယ်'

ဖော်ထွေးက ရီဝေစွာ လှမ်းကြည့်သည်။

'သူငယ်ချင်းရယ်'

'စကားကိုဘာမှမဆက်နဲ့၊ ငါအားလုံးနားလည်ပါတယ်၊ အမေ့ဝေဒနာအတွက် ငါ့ကို ဒါနပေးကွာ၊ ပြီးတော့ မင်းနဲ့ငါက အချစ်ဆုံးသူငယ်ချင်းပါ၊ ငါ့မေမေဟာ မင်းအမေဖြစ်သလို မင်းအမေဟာလည်း ငါ့မေမေပဲပေါ့'

ဖော်ထွေးမျက်နှာ ဝင်းခနဲလက်သွားသည်။

အမေသုန်က ကျော်ကိုလတ်၏ ဆံစတလေးများကိုလက်နှင့် အာကာအယာဖွသည်။

'လူကလေးရယ်... အမေ သာဓုခေါ်ပါတယ်ကွယ်၊ သာဓု... သာဓု... သာဓု...'

ရင်မှာကြည်ကြည်နူးနူးခံစားလိုက်ရသည်။

အမေသုန်ကို မေမေ့မိတ်ဆွေ အမျိုးသမီးဆရာဝန်မကြီးဆီခေါ်ခဲ့သည်။ အမေသုန်ကိုစမ်းသပ်သည်။ ကုသသည်။ ပြီးတော့ ဝမ်းသာစရာစကားဆိုသည်။

'သား ကိုလတ်၊ သားသူငယ်ချင်း မေမေရဲ့ရောဂါအတွက် ဘာမှ မပူပါနဲ့ကွယ်၊ လုံးဝပျောက်ကင်းစေရမယ်ဆိုတဲ့ တာဝန်ကို အန်တီယူတယ်'

အန်တီဒေါက်တာ မေဖော်စကားကြောင့် လူနာ၏ရောဂါ ထက်ဝက်ပျောက်ပြီဟု ယုံကြည်လိုက်သည်။

☐ ☐ ☐



www.burmeseclassic.com

www.burmeseclassic.com



(၆)

တံခါးခေါက်သံကို ညင်သာစွာ ကြားရသည်။ မျက်စိကို အသာဖွင့်လိုက်သည်။ အားကောင်းသော အလင်းရောင်ကြောင့် မျက်စိမှာ ကျိန်းစပ်စွာခံစားလိုက်ရ၏။ ညက မီးဖွင့်စာကြည့်ရင်း အိပ်ပျော်သွားသည့်အဖြစ်ကို သတိရလိုက်သည်။ တံခါးခေါက်သံ ဒုတိယအကြိမ်မြောက်တွင် အိပ်ယာက လူးလဲထပြီး ဘယ်သူလဲ ဟုမေးလိုက်၏။

'မေမေပါ'

မေမေပါဆိုသည်နှင့် စားပွဲပေါ်မှ စားပွဲတင်နာရီဆီသို့ မျက်လုံးကရောက်သွားသည်။ နံနက်ငါးနာရီတိတိ။ တံခါးဆီသို့ လျှောက်ခဲ့ပြီး တံခါးချက်ကို အသာလှည့်လိုက်သည်။ မေမေ့မျက်နှာကို မီးရောင်နှင့်တွေ့ရ၏။

'သား လမ်းမလျှောက်တော့ဘူးလား၊ ချစ်သဲ ခြံထဲမှာ





အအိအိလုပ်နေတယ်'

'မလျှောက်တော့ဘူး မေမေ၊ ဒီကောင်ကြီးက သိပ် ပြဿနာလုပ်တယ်၊ လမ်းမှာတွေ့တဲ့ ခွေးမလေးတွေမှန်သမျှ ဖိလင် လျှောက်တက်နေတာ'

မေမေက ပြုံးသည်။

'သားက နောက်ပိုးတတ်အောင် သင်ပေးထားလို့နေမှာ ပေါ့'

'မသင်ပါဘူး မေမေရာ၊ သူ့ကြောင့် ဝေါမတစ်ကောင်နဲ့ ချစ်ကျတာ ကျောင်းအထိပဲ'

သဲမာအကြောင်းကို ပြောပြသည်။ မေမေကရယ်၏။ ကြွေခွက်တွင် မျက်နှာကို ကပျာကယာသစ်ပြီး လက်ဖက်ရည်စားပွဲ တွင် ဝင်ထိုင်သည်။ နံနက်အစောကြီး လက်ဖက်ရည်သောက် သည့်အကျင့် မေမေ့မှာရှိသည်။ မေမေ့နည်းတူ အားလုံးလည်း သောက်ကြ၏။

ဂျမ်းက ပေါင်မုန့်ကို ကပျာကယာမီးကင်ပြီး ထောပတ်တင် သည်။ သကြားကို အလောတော်ဖြူးပြီး ပန်းကန်မှာထည့်သည်။

'ဒီတစ်ခါတော့ ဝီရိယတယ်ကောင်းပါလား ဂျမ်း'

'ခါတိုင်းလည်း ဂျမ်း အစောကြီးနိုးတာပါနော်၊ တစ်ခါ တလေသာ သတိလက်လွှတ် ဖြစ်သွားတာပါ'

'နင်သတိလက်လွှတ်တာက တစ်လမှာ ရက်ပေါင်းသုံးဆ ဆယ်နှစ်ရက်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အမ်··· ကိုကိုလတ်က မချွတ်ပါနဲ့'

'ဟုတ်တာပြောတာ'

ဂျမ်းက နှုတ်ခမ်းကိုစူသည်။ နှုတ်ခမ်းစူရင်း ပေါင်မုန့်ဘေးသားများကို အစိမ်းလိုက် ထောပတ်သုတ်သည်။ ချစ်သဲကြီးအတွက်မှန်း သိလိုက်၏။

'နင် စားပါဦး'

'ဒီကဖြင့် စားပြီးပြီ'

'ဟာ··· ခွေးမ၊ မေမေ့ကို နင်ဦးချရဲ့လား'

'အမ်··· ဂျမ်းစားတာက မေမေလတ်စားပြီး ချန်ထားတာ စားတာပါနော်၊ ကိုကိုလတ်လို ဦးဦးဖျားဖျား မစားတတ်ဘူး'

'ငါက ဘာစားလို့လဲ'

သွင်းအုံ့ဆဲ ပေါင်မုန့်ချပ်ပင် ပါးစပ်ဝမှာ တန့်သွား၏။

'ဟိုးတစ်ခါကလေ၊ ကျောင်းကအပြန်ရောက်ရောက်ချင်း မီးဖိုထဲဝင်ပြီး ကြက်သည်းကြက်မြစ်တွေ နှိုက်စားတာ၊ ဂျမ်းက ကိုကိုလတ်ရယ် မေမေကြီးနဲ့ မေမေလတ်ဖို့ ခပ်မထားရသေးဘူး ဆိုတော့ ကိုကိုလတ်က ပြောတယ်လေ'

'ဘာပြောလို့လဲ'

'ချက်နေတုန်း အိုးထဲမှာ နှိုက်စားတာ ငရဲမကြီးဘူးတဲ့၊ မေမေ့ကို သွားပြောရင် လက်သီးနဲ့ထိုးမယ်လို့ ကြိမ်းသေးတယ်လေ'

မျက်လုံးကြီးပြူးပြီး ကြည့်ပစ်ရသည်။



မေမေကမူ လှမ်းကြည့်၏။

'နင်မချွန်နဲ့'

'ချွန်ပါဘူး၊ ဂျမ်းက အမှန်စကားပြောတာ'

'ခွေးမ'

ရယ်ကျဲကျဲမျက်နှာနှင့် ဂျမ်း ဧည့်ခန်းဘက် လျှောက်သွားသည်။ သံတံခါးဖွင့်သံ၊ ချစ်သဲကြီးဟောင်သံကို တဆက်တည်း ကြားရ၏။

'ဂျမ်းနော် ပေါင်မုန့်ကို လက်နဲ့ကိုင်မကျွေးနဲ့၊ လက်ပြတ်သွားမယ်'

မေမေက စိတ်ပူပန်စိတ်ဖြင့် လှမ်းပြောသည်။

'ဟုတ်ကဲ့ မေမေလတ်'

တုံ့ပြန်သံကြားရ၏။

လက်ကျန်ပေါင်မုန့်ကို ပါးစပ်ထဲထိုးထည့်ဝါးပြီး လက်ဖက်ရည်နှင့် မျှောချလိုက်ရ၏။

'ကောင်ကြီးကို အပြင်ထွက်ကျင့် မလုပ်တော့ဘူးမေမေ၊ ခြံထဲမှာပဲ စိတ်ကျေနပ်အောင် ဆော့ပေးလိုက်မယ်၊ ပြီးတော့ ခိုတ်ခင်းကိုလည်း သားပြုပြင်ရဦးမှာ'

'သားကိုကြည့်ရတာ ပင်ပန်းလွန်းတယ်ကွယ်'

ပြုံးနေလိုက်မိသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ရင်မှာ အေးခနဲဖြစ်သွားသည်။

ဝိုင်းစက်သွားရသည့် ကိုယ့်မျက်ဝန်းကို သတိပြုမိ၏။ တစ်ဆက်တည်းပင် အမြင်မှားသလားဟု ပြန်တွေးရသည်။ မှားစရာအကြောင်းက မရှိ။ လှုပ်လှုပ်ရှားရှား ဖြစ်ချင်သော ချစ်သဲကြီးကို ခေါင်းသပ်ချော့မော့ပြီး ဇွန်ပန်းရုံနံဘေးမှာ ကွယ်ဝပ်လိုက်သည်။

မျက်နှာကို စေ့စေ့ကြည့်သည်။

ဂျစ်ကလေးမဟုတ်။

ဂျစ်ကလေး ပန်းလာခူးစရာအကြောင်း မရှိတော့သည်ဟုလည်း နားလည်ထားသည်။ ယခု မျက်နှာသစ်၊ မျက်နှာစိမ်း၊ မျက်နှာလှမလေးတစ်ယောက်သည် မိမိနှင့်ခုနစ်ကိုက်၊ ရှစ်ကိုက်အကွာမှာသာ ရှိ၏။ စံပယ်ပွင့်ကလေးများပေါ် လှုပ်ရှားနေသော သူမလက်သွယ်လေးကို ကြည့်ပြီး မိန်းမောသွားသလို ခံစားလိုက်ရသည်။

ပုလောင်သော အလှမဟုတ်။

လ၏အေးမြသော အလင်းရောင်ဖုံးလွှမ်းသည့် အလှမျိုးဖြစ်သည်။ အလှကို ခံစားနေဆဲဝယ် ချစ်သဲကြီးက လွန့်ခနဲကြွလာသည်။ ကပျာကယာသိုင်းဖက်ပြီး လေသံနှင့် ပြောရသည်။

'ငြိမ်ငြိမ်နေစမ်းပါ ချစ်သဲရာ၊ ငါတောင်းပန်ပါတယ်'

နားလည်သည် နားမလည်သည်တော့ မသိ၊ ချစ်သဲကြီးပြန်ငြိမ်သွားသဖြင့် ကျေးဇူးတော့တင်ရသည်။ မျက်လုံးအကြည့်





ကိုသူမထံမှ မခွာစံ့သေး။ ဖြစ်တည်ဆဲဘဝက ကာလအထိ သူမလောက်လှသည့် အလှမျိုးကို ကြုံဆုံခဲ့ဖူးခြင်း မရှိသည်ကို ကိုယ့်တိုကိုယ် နားလည်သည်။

သူမသည် ခူးပြီးသား စံပယ်ပွင့်ကလေးများကို အပြာနုရောင် လက်ကိုင်ပဝါကလေးထဲထည့်သည်။ တစ်ချက်တစ်ချက်တွင် ခြံထဲသို့ မျက်ဝန်းလဲ့ကြီးနှင့် လှမ်းကြည့်၏။ ဇွန်ပန်းရုံဘေးတွင် ပုန်း ကွယ်နေသည့်အဖြစ်ကို သူမသည် မသိချေ။ ပုန်းကွယ်ပြီး ချောင်းမြောင်းကြည့်နေမိသည့် ကိုယ့်အဖြစ်ကိုလည်း ကျော်ကိုလတ် စဉ်းစားမရချေ။

နှင်းပွင့်ကလေးများ ကွဲစအချိန်တွင် သူမ၏ စံပယ်ပွင့်ကလေးများ ခူးခြင်းအလုပ်က ပြီးစီးသွားသည်။ သူမသည် ခူးပြီးသား စံပယ်ပွင့်ကလေးများကို လက်ကိုင်ပဝါနှင့် တယုတယထုပ်ပြီး တစ်ယောက်တည်း လဲ့လဲ့ဆိုရုံမျှ ပြုံးသည်။

သူမ ထွက်ခွာသွားသောအခါ ရင်မှာ မောကျန်နေသည်။ ဇွန်ပန်းရုံမှထွက်ပြီး သူမ၏ နောက်ကျောပြင်ကို ငေးကာကြည့်နေမိ၏။ ဘယ်အရပ်ကပါလိမ့်၊ ဘယ်ဒေသကပါလိမ့်၊ ဘယ်မှာနေပါလိမ့်၊ အတွေးများက ရုတ်ခြည်း နယ်ချဲ့လာသည်။ တစ်ခါဖူးမျှ မလှုပ်ရှားခဲ့ဖူးသော ရင်၏လှုပ်ရှားမှုကို ခံစားရသည်။

ပင့်သက်ကို ခပ်မျှင်းမျှင်း ချလိုက်သည်။

နံနက်ခင်းလေအေးက သုတ်ခနဲတိုက်ခတ်သည်။

စိုက်ခင်းဘက်သို့ လေးတွဲ့စွာ လျှောက်ခဲ့၏။ နောက်


www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ မြှုးဆော့ပြီး လိုက်ပါလာသော ချစ်သဲကြီးကို စနောက်ရမှန်းပင် မသိတော့ချေ။ အမျိုးအမည်မသိသော ဝေဒနာတစ်ရပ် ရင်မှာ စုပြုံရောက်ရှိလာတော့မည်ကို အလိုလို နားလည်လိုက်သည်။

□ □ □

ကျော်စွာနှင့်ဇော်ထွေးကို စံပယ်ပွင့်ကလေးများနှင့် နွယ်နေသည့် သူမအကြောင်းကို ပြောပြမိသည်။

'လာပြန်ပြီလား စပယ်ပန်းဇာတ်လမ်း'

ကျော်စွာက ရယ်ရင်းပြော၏။

'ကိုလတ် မြင်မြင်ချင်း ဖီးလ်ဖြစ်တယ်ဆိုတဲ့ စကားကို ဒီတစ်ခါပဲ ကြားဖူးသေးတယ်'

ဇော်ထွေးအကြည့်တွင် အံ့ဩရိပ်များဖုံးလွှမ်းနေသည်။

'တော်တော်လှတယ်ကွာ'

'သဲမာလောက်လှလား'

'သူ့အလှခြေဖျားကိုတောင် သဲမာ လိုက်မီမှာမဟုတ်ဘူး'

'စာကဆိုလှချည်လား ကျော်ကိုလတ်ရာ၊ မင်းပြောသလိုဆို ဥမ္မာတို့၊ ပပတို့တောင် ခြေဆင်းအော်ငိုရမယ့် အခြေအနေပဲ'

'ငိုလောက်တယ် ကျော်စွာ၊ ဥမ္မဒန္တီကိုမြင်လို့ သိဝိမင်း





ကြီး ရူးကြောင်ကြောင် ဖြစ်သွားရတယ် ဆိုတာ အစက လက်မခံသေမယ့် ခု လုံးဝလက်ခံလိုက်ပြီ'

ပြောပြီး လက်ဖက်ရည် သုံးခွက်လှမ်းမှာလိုက်သည်။ သည်နေ့စံပယ်ဖြူမလေးအကြောင်းပြောပြီး ကျသင့်ငွေမှန်သမျှ ရှင်းမည်ဟု ဆုံးဖြတ်ထား၏။

'နာမည်သိလား'

'စံပယ်ဖြူမလေး'

'ပြောသွားတယ် ဟုတ်လား'

'မဟုတ်ဘူး၊ ငါ့အာသာငါပေးထားတာလေ၊ အလှကရိုးရိုးယဉ်ယဉ်လေးပေမယ့် မျက်နှာချင်းဆိုင် တွေ့လို့လွန်သွားရင်တောင် တစ်ခါပြန်လှည့်ကြည့်ချင်တဲ့စိတ်ပေါ်တယ်'

ပိုတယ်ကွာ ဆိုသောအကြည့်ဖြင့် ကျော်စွာက ကြည့်သည်။ ဇော်ထွေးကမူ ခေါင်းတညိတ်ညိတ်။ ဘောလ်ပင်တစ်ချောင်းထုတ်ပြီး စာရွက်လွတ်တစ်ရွက်ပေါ်မှာ တောင်ခြစ်မြောက်ခြစ် ခြစ်သည်။ ပြီးတော့ ကိုလတ် စံပယ်ဖြူပုံက အဲဒီပုံမဟုတ်လားဟု စာရွက်ထိုးပေးပြီး လှမ်းမေးသည်။

ကျော်စွာက စာရွက်ပေါ်မှ ပုံကိုကြည့်ပြီး တဟားဟားအော်ရယ်သည်။ ကျော်ကိုလတ်က 'အေပေး'ဟုလေးကြီးပင် ဆဲဝစ်လိုက်၏။

စာရွက်ဖြူပေါ်မှ ဇော်ထွေးရေးဆွဲထားသည့် မယ်သီလရှင် ခေါင်းတုံး၊ မျက်လုံးကပြူးပြူး၊ သွားကခေါခေါ၊ ပုံအောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကိုလတ်ရဲ့စံပယ်ဖြူဟု ရေးသားရေးဆွဲထားသော ပုံသည် ကဲ့ကော်နှံ့သင်းသော လေပြည်ဝယ် တဖျတ်ဖျတ်လူးလွန့်နေတော့၏။

□ □ □



(၇)

နေ့စဉ်ရက်ဆက်ရောက်လာသည့် မဟုတ်ချေ။ မျှော်မော နေသော အဖြစ်ကိုတွေးပြီး ရင်မှာလွမ်းမောသလို ခံစားရသည်။ နံနက်တိုင်းထိုင်ရသည့်အဖြစ်ကို မေမေကတော့ လုပ်ရိုးလုပ်စဉ် အစ်ခုဟု နားလည်ထားသည်။ ဖွန်ပန်းရုံနံဘေးတွင် ထိုင်ခုံတန်း အဆိုက်ပြီး နံနက်တိုင်း ထိုင်ထိုင်နေစာတ်သည့် အဖြစ်ကို ဂျမ်းက တော့ အမှတ်ထားသည်။

နံနက်ဦး လက်ဖက်ရည်ကို ကမန်းကတန်းသောက်ပြီး ထိုင်ရာမှထသောအခါ ဂျမ်းကပြုံးသည်။ ဘာပြုံးတာလဲဟု ခင် ညိတည်နှင့် လှမ်းပောက်ပစ်လိုက်၏။

'ကိုကိုလတ် ယတြာက မပြီးသေးဘူးလား'

'ဘာယတြာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မနက်တိုင်း ဖွန်ပန်းရုံနံဘေးမှာ သွားသွားထိုင်နေရတဲ့ ယတြာလေ'

မေမေကလှမ်းကြည့်သည်။

မျက်နှာပျက်မသွားအောင် ကိုယ့်ကိုယ်ကို ထိန်းလိုက်ရ၏။ သွားစမ်းပါ ပေါတောတောနဲ့ဟု စကားကို လမ်းကြောင်းပြောင်းပြီး ခြံထဲဆင်းခဲ့၏။

ထုံးစံအတိုင်း ချစ်သဲကြီး မြူးဆော့နေ၏။ အပြင်မထွက်တော့သည်ကိုတော့ ချစ်သဲကြီးနားလည်သဘောပေါက်သွားဟန်တူသည်။ ခြံတံခါးနားသွားပြီး တအီအီမလုပ်တော့။ ရံဖန်ရံခါတွင် ခြံထဲမှာ ခုန်ဆွခုန်ဆွ ဖြစ်နေသော ပုရစ်များကို ခုန်ဟပ်လိုက်ဖမ်းနေတတ်သည်။

စံပယ်ဖြူ၏ အရိပ်အရောင်ကို မတွေ့ရ။

ပန်းရုံနံဘေးခုံတန်းတွင် ခပ်ငူငူထိုင်နေမိသည်။

စိတ်က နံနက်ခင်း၏ အလှအပထက် စံပယ်ဖြူ၏ အလှအပကို ခံစားချင်နေမိသည်။ နေ့စဉ်ရက်ဆက်ဆိုသလို စံပယ်ဖြူကို မျှော်မောတမ်းတနေမိသည်။ မနေ့ကဆိုလျှင် ဖော်တွေးကို ခေါ်ပြီး အနီးပတ်ဝန်းကျင်ကို လမ်းလျှောက်ကြည့်မိသည်။ စံပယ်ဖြူနှင့်တူသော အရောင်သွေးကို အရိပ်ကလေးမှပင် မမြင်ခဲ့ရချေ။ အစွဲအလမ်းကြီးသွားသည့် အဖြစ်ကို ရိပ်စားမိသောအခါ နောက်တစ်ခေါက်ဆုံလျှင် လိပ်စာကိုမေး၊ ဒါမှမဟုတ် နောက်ယောင်ခံလိုက် ကိုလတ်ရာဟု ဖော်တွေးက အားပေး၏။ ခေါင်းကိုတော့



ညိတ်ပြခဲ့၏။ သို့သော်လည်း ယခုတိုင် စံပယ်ဖြူနာမည်ပေးထားသည့်အလှနတ်ဖုရားမလေးကို မဆုံတွေ့ရတော့ချေ။

အတွေးမှာ အဆွေးသမား ဖြစ်နေရသည်။ ခြံစည်းရိုးမှ လှုပ်ခတ်သွားသော သစ်ရွက်သံကြောင့် ခေါင်းကိုဆတ်ခနဲ လှည့်ကြည့်မိသည်။

'အို… စပယ်ဖြူပါလား'

နှုတ်မှထွက်ပေါ်လာသော တီးတိုးသံကို စပယ်ဖြူကြားလိမ့်မည်မထင်။ နှင်းပွင့်လေးများ၊ နူးညံ့သော စပယ်ဖြူ၏ လက်ချောင်းကလေးများသည် စပယ်ပွင့်ကလေးများပေါ်ယံ ပြေးလွှားလှုပ်ရှားနေသည်။ ချစ်သဲကြီးက လူစိမ်းနံ့ရသဖြင့် ခြံစည်းရိုးအပြင်ဘက်သို့ ခေါင်းထောင်ကြည့်သည်။ ချစ်သဲကြီး၏ ခေါင်းကိုလက်နှင့် အသာပွတ်ပေးလိုက်ရ၏။ ခြံစည်းရိုး အပြင်ဘက်မှ အလှနတ်ဘုရားလေးသည် ဟို့၏ရန်သူမဟုတ်ဟု ဆိုသည့်သဘော။

ရင်မှာ လှုပ်ခတ်ရသည့်အဖြစ်ကို ကိုယ့်ကိုယ်ကို သိသည်။ ပန်းရုံများ ပန်းချုံများက ခြံစည်းရိုးတွင် ထူပြိန်းနေသဖြင့် စပယ်ဖြူသည် ခြံတွင်းမှလှုပ်ရှားမှုများကို တွေ့နိုင်လိမ့်မည်မဟုတ်ချေ။

ကျော်ကိုလတ် ပန်းချုံနားသို့ အသာတိုးကပ်သွားသည်။ သစ်ရွက်သစ်ခက်ကလေးများကို ကာဗာလုပ်ပြီး အလှကိုအနီးကပ်ခံစားသည်။ ပန်းချုံမှာခေါင်းက တိုးဝင်နေသည်။ သစ်ရွက်စိမ်းကလေးများက ခေါင်းကို ဖုံးလွှမ်းထား၏။ စပယ်နံ့သင်းသင်းဝယ်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အမြှုံးလက်လက်ကိုတွေ့ရသည်။ စပယ်ပွင့်လေးများ ခူးပြီးတိုင်း သူမ၏မျက်နှာတွင် အပျော်ရိပ်ကလေးများ သမ်းသမ်းသွား၏။ သူမကိုကြည့်ပြီး ပျော်ချင်သလို ဖြစ်လာသည်။ အပျော်စိတ်ဖြင့် ဟိတ်ဟူ ရုတ်တရက် အော်လိုက်လျှင် သူမလန့်သွားလေမည်လား။ သို့မဟုတ် ပေါ်ကြောင်ကြောင်နိုင်သည်ဟု ထင်သွားလေမည်လားဟု ပြန်လည်တွေးမိသည်။

အတွေးမှာ ပတ်ချာလည်နေစဉ် ပုရွက်ဆိတ်တစ်ကောင်က ကျော်ကိုလတ်နှာခေါင်းပေါက်ထဲသို့ တန်းခနဲ ပြေးဝင်သည်။ ယားခနဲ ခံစားမှုနှင့်အတူ…

'ဟတ်… ဟတ်… ဟတ်ချိုး'

'အမယ်လေး'

သူမ၏ ထိတ်လန့်သံ ရုတ်ခြည်းပေါ်လာသည်။ သူမ၏မျက်နှာကို အားနာစွာကြည့်မိသည်။

'လန့်လိုက်တာ'

အသံတိုးညင်းသော်လည်း ချိုအေးလျက်ရှိသည်။

'ဘာလာလုပ်တာလဲ'

ကျော်ကိုလတ်က မသိကျိုးကျွန်ပြုမေးသည်။

'ပန်းလာခူးတာ'

'ပန်းလာခိုးတာ… ဟုတ်လား'

သူမမျက်နှာ ကွက်ခနဲ ပျက်သွား၏။ ကြည့်သောအကြည့်ဝယ် မျက်ဝန်းကြီးက ဝိုင်းစက်နေသည်။



'အို… ခိုးတာ မဟုတ်ပါဘူး၊ ပိုင်… ပိုင်ရှင်ကို ခွင့်မတောင်းဘဲ ခူးမိတာ စပယ်တောင်းပန်ပါတယ်'

ရင်တွင် အုံ့ဩရိပ်ကလေး လွှမ်းသွားရသည်။ စိတ်ကူးထဲမှ မှည့်ခဲ့မိသော နာမည်နှင့်တိုက်ဆိုင်လွန်းသည့်အဖြစ်။ ဖြူဆိုသည့်အမည်စာလုံးလေးတစ်ခုသာ ပိုသည်။

'နာမည်က စပယ်တဲ့လား'

သူမက ခေါင်းကို ညင်သာစွာညိတ်ပြသည်။

'စပယ်ဖြူ မဟုတ်ဘူးလားဟင်'

သူမမျက်ဝန်း အရည်လဲ့သွားသည်။

'လူမှားနေပြီ ထင်တယ်နော်'

ပြုံးလိုက်မိသည်။

စပယ်၏စကားသံချိုချိုသည် နံနက်ခင်း၏အလှနှင့်လိုက်ဖက်နေ၏။

'စပယ်ဖြူဆိုတာ စပယ်နဲ့တူလို့လားဟင်'

'မဟုတ်ပါဘူး'

စပယ်၏မျက်နှာတွင် နားမလည်မှုများက ရောထွေးသွား၏။ ကျော်ကိုလတ်ကို တွေကြည့်ရင်း စပယ်ကိုင်းလေးပေါ် လက်တင်ထားသည်။

'စပယ်ဖြူဆိုတာ တို့က နာမည်ပေးထားတာပါ'

စပယ်၏မျက်ဝန်းသည် ပိုမို၍ အရည်လဲ့သွားသည်။

'စပယ်ကို တို့သိနေတာ ကြာပြီလေ'

www.burmeseclassic.com



စပယ်ထံမှ ခွန်းတုန့်သံ မကြားရချေ။

'ပန်းတွေက ပန်ဖို့လား'

စပယ်၏မျက်ဝန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဘုရားတင်ဖို့ပါ၊ ပြီးတော့ စပယ်လည်း ပန်တယ်လေ၊ ဒီတစ်ခါ ဘုရားတင်ရင် သူ့အတွက်ပါ ကုသိုလ်ရအောင် ဆုတောင်းပေးပါ့မယ်'

'တို့နာမည် ကျော်ကိုလတ်ပါ၊ ကိုလတ်လို့ခေါ်ရင်တော့ အတိုဆုံး အရှင်းဆုံးပေါ့'

စပယ်က ပြုံးသည်။

ရင်းနှီးရိပ်ကလေးများ မြင်ရသဖြင့် အားတက်ဖွယ်ရာ ဖြစ်ရသည်။

'ပိုင်ရှင်ကို ခွင့်မတောင်းဘဲ ခူးမိတာ စိတ်မဆိုးပါနဲ့နော်၊ စပယ်က နေ့ရင်းထိုင်ရင်း ကိုလတ်ကို ကုသိုလ်ပေးတာပါ'

ရင်မှာ စမ်းရေကလေး စီးသည်သို့ ခံစားရသည်။ 'ကိုလတ်'ဆိုသည်ကို သုံးဖွဲ့လိုက်ရသဖြင့် ရင်မှာ အေးမြမှုနှင့်အတူ ကျေနပ်ခြင်း ဖြစ်ပေါ်ခံစားရသည်ကို စပယ်သိလိမ့်မည်မဟုတ်။ စပယ်ကို ငေးမောကြည့်နေစဉ်ဝယ် စပယ်က စပယ်ဖွင့်ကလေးများကိုခူးပြီး အပြာနုရောင် လက်ကိုင်ပဝါလေးထဲ ထည့်သည်။

'ကျေးဇူးတင်ပါတယ်နော် ကိုလတ်၊ စပယ်ကို ခွင့်ပြုပါဦး'





စပယ်ပြန်မည်ဆိုမှ လှုပ်လှုပ်ရှားရှားဖြစ်လာရသည်။ ပြန်တော့မယ်လား စပယ်ဟု မေးသည့်စကားတွင် တုန်ယင်မှုလေးများ ပါဝင်နေ၏။

'နောက်တစ်နေ့တွေလည်း လာခူးနော်'

'စပယ်က တနင်္ဂနွေတစ်နေ့ပဲ လာခူးတာပါ'

ခုမှ ကျောင်းပိတ်သည့် တနင်္ဂနွေကို သတိရသည်။

'နောက် စပယ်အတွက် ပန်းတွေအများကြီးကို ကိုလတ် ခူးထားပေးမယ်နော်...'

စပယ်က ခေါင်းမညိတ်၊ ခေါင်းမခါ။ ဝေ့ခနဲကြည့်ပြီး အပြုံးတစ်ခု ခြွေချသွားသည်။

ထွက်ခွာသွားသော စပယ့်ကို အငေးသား ကြည့်နေမိ၏။

❐ ❐ ❐

တိုက်မှာ နန်းကထိ လုပ်သည်။ ကျောင်းအားရက်တိုင်း လုပ်လေ့လုပ်ထရှိသည့် မေမေ့အစီအစဉ်ဖြစ်သည်။

'မောင်ကျော်စွာနဲ့ မောင်ဇော်တွေးကို ခေါ်ထားတယ် မဟုတ်လား'

'ခေါ်ထားတယ်မေမေ၊ တော်ကြာရောက်လာမှာပါ'

ဂျမ်းက အုန်းသီးခြစ်နေရာမှ ခေါင်းထောင်ကြည့်သည်။ ဘွားဘွားက 'စားပွဲပေါ်တွင် ပေါင်မုန့်ချပ်များ ဖြိုးရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ဂျမ်းနော်… အုန်းသီးခြစ်ပြီး ဦးရည်ဖျားကို နှိုက်မစားနဲ့'

'မေမေကြီးကလဲ…'

ပြောပြီး ဂျမ်းက ရှက်ရယ်ရယ်သည်။ ဂျမ်းမှာ ညဉ့်ကလေးတစ်ခုရှိ၏။ တိုက်မှာ အုန်းထမင်းချက်လျှင် သို့မဟုတ် မိတ်ဆွေသင်္ဂဟများခေါ်ပြီး အုန်းနှင့်ပတ်သက်သော အစားအစာတစ်ခုခုကျွေးမည်ဆိုလျှင် အုန်းသီးကို အားကြိုးမာန်တက် ခြစ်သည်။ အပေါ်ရေချိုအိအိကို လက်နှင့်နှိုက်ပြီး ပါးစပ်ထဲပလုပ်ပလောင်းသွင်းသည်။ ယင်းအကျင့်ကို ပေါင်တွင်းကြော လိမ်ဆွဲပြီး မေမေဖျက်ခဲ့သည်မှာ ခဏခဏ။ သို့သော်လည်း ဂျမ်းက လူလစ်လျှင်လစ်သလိုလုပ်သည်။ တော်ကြီးကျသည်လည်းမဟုတ်။ ကလေးက အကောင်းကြိုက်လွန်း၏။

အားလုံးပြင်ဆင်ပြီးသောအခါ မေမေက သူ့သူငယ်ချင်း မသုံးယောက်ကို ဖုန်းဆက်ခေါ်သည်။ ကျော်ကိုလတ်က ခြံပြင်ကို လှမ်းကြည့်သည်။ ကျော်စွာနှင့်ဖော်ထွေးတို့ အရိပ်အရောင်ကို မမြင်ရ။ မေမေက မလာကြသေးဘူးလာဆိုသော အမေးပုံစံဖြင့် လှမ်းကြည့်သည်။

'ကျော်စွာကို ဖုန်းဆက်လိုက်မယ် မေမေ'

ပြောပြီး ဖုန်းရှိရာကို လျှောက်သွားသည်။

ဖုန်းခွက်ကို ပုခက်ပေါ်မှဆွဲယူပြီး ဂဏန်းကွက်ငါးခုကို လှည့်လိုက်၏။



'ဟလို…'

'….'

'အန်တီလား၊ ကျွန်တော်ပါ၊ အန်တီ၊ ကျော်ကိုလတ်ပါ၊ ကျော်စွာနဲ့စကားပြောချင်လို့ပါ'

'…'

'ဟုတ်လား… အန်တီ၊ ကျွန်တော် သူ့ကို စောင့်နေတာ ဒါဆို သူရောက်လာမှာပါ၊ ကျွန်တော်က ကျော်စွာမေ့များနေသလားလို့ပါ'

'….'

'ဟုတ်ကဲ့ အန်တီ၊ ဟုတ်ကဲ့'

ဖုန်းကို ပုခက်ပေါ် ပြန်တင်လိုက်သည်။ မေမေ့ဘက်လှည့်ပြီး…

'ထွက်လာပြီတဲ့မေမေ၊ ကျော်စွာမာမီနဲ့ တွေ့တယ်'

'မောင်ဖော်ထွေးကကော…'

တွေခနဲဖြစ်သွားသည်။ ချိန်းထားလျှင် ဖော်ထွေးနောက်မကျတတ်။ အိမ်မှာရေဆွဲနေသလား၊ သို့မဟုတ် မအေကြီးပြန်အလာစောင့်နေရသည်လား အမျိုးမျိုး တွေးမိသည်။

'သွားခေါ်လိုက်မယ်မေမေ၊ အစားကောင်းအသောက်ကောင်းဆိုရင် ဖော်ထွေးကို သိပ်စားစေချင်တာမဲ့'

သူ့ဘဝကို မေမေလည်းသိပါတယ်လေ'

ဘီဒိုပေါ်မှ ကားသော့ကို လှမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဦးသော်ကို ခေါ်ခိုင်းလိုက်ပါလား သားရဲ့၊ အိမ်ကိုဦးသော်သိတယ်မဟုတ်လား'

'အာ… ဟုတ်သားပဲ မေမေ'

ဂျမ်းကို သွားအကြောင်းကြားခိုင်းသည်။ ဂျမ်း ခြံထဲသို့ အပြေးကလေး ဆင်းသွားသည်။ ရှေ့မနှောင်းပင် ဂျမ်း၏အသံကို စူးခနဲကြားရ၏။

'ကိုဇော်ထွေးလာပြီ ကိုကိုလတ်'

ခေါင်းကို ငုံ့ကြည့်သည်။

ခြံတံခါးဝတွင် ဇော်ထွေးကို ရပ်လျက်တွေ့လိုက်၏။ ဂျမ်းက အပြေးကလေးသွားပြီး ခြံတံခါးဖွင့်ပေးသည်။

'ကိုကိုလတ်က ကိုဇော်ထွေးကို အခေါ်တောင်လွှတ်တော့မလို့'

'အစ်ကို အိမ်မှာ ရေဆွဲနေရသေးလို့ ဂျမ်းဂျမ်းရဲ့'

အသံအားလုံးကို ကြားနေရ၏။

'ကြာပါ့ ဇော်ထွေးရာ'

'အိုးတွေ ရေဖြည့်နေရလို့ ကိုလတ်ရ။ မလာဘဲ ဘယ်နေပါ့မလဲ၊ ဒါနဲ့ ကျော်စွာ ရောက်လာပြီလား'

'ဖုန်းလှမ်းဆက်လိုက်တယ်လေ၊ သူ့မာမီက သွားပြီလေလို့ အကြောင်းပြန်တယ်၊ ဒီကောင် ဘယ်များ ခြေရှည်နေလဲ မသိဘူး'

စကားအဆုံးတွင် ကားရပ်သံကြားရသည်။





လှမ်းကြည့်လိုက်၏။

ကျော်စွာကို ရယ်ပြုံးပြုံးနှင့် တွေ့ရသည်။

ဇော်ထွေးက ခြံတံခါးကို ပြေးဖွင့်ပေးသည်။ ကားကို ခြံထဲမောင်းသွင်းရင်း ဆောရီးဆောရီးဟု ကျော်စွာက အော်လာသည်။

'မေမေ… ကိုယ်တော်နှစ်ပါးကြွလာပြီ'

တိုက်ထဲဝင်ခဲ့ရင်း မေမေ့ကို လှမ်းပြောသည်။ မေမေက အပြုံးနှင့်နှုတ်ဆက်သည်။ ရှေ့မနှောင်းပင် မေမေ့မိတ်ဆွေ အမျိုးသမီးများရောက်လာ၏။ စကားဝိုင်းကို သီးခြားဖွဲ့ဖြစ်ကြသည်။ မေမေတို့စကားဝိုင်းတွင် စိန်ရွှေရတနာသံတွေ လွှမ်းနေသော်လည်း သည်ဘက်ဝိုင်းတွင် နှလုံးသားအသံကလေးများ တီးတိုးထွက်နေ၏။

စပယ့်အကြောင်းကို မေမေ မကြားနိုင်လောက်မှာ တီးတိုးပြောပြသည်။ နှစ်ယောက်စလုံး၏ မျက်နှာတွင် အံ့ဩရိပ်ကလေးများ လွှမ်းနေ၏။

'တိုက်ဆိုင်မှုဆိုတာ အံ့ဩစရာကောင်းတယ်နော်'

ဖြူတစ်လုံးသာ ထပ်ပါရင် ပိုပြီးတောင် အံ့ဩရမှာ'

ကျော်စွာကပြောသည်။

'ဘယ်မှာနေတယ်ဆိုတာ ကိုလတ်က မေးမကြည့်ဘူးလား'

'အဲဒါကို သတိမရဘူး ဇော်ထွေးရာ၊ စကားအခွင့်အ


www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေတော့ စပယ်က အများကြီးပေးတယ်'

ကျော်စွာက ဝင်၍…

'မင်းကို သူဌေးသားဆိုပြီး ပေးမှာပေါ့၊ သည်ခြံရှေ့ စပယ်ပန်းလာခူးကတည်းက ခြံရှင်ရဲ့ အတိမ်အနက် သူ သိမှာပေါ့'

'သူ့အကြည့်မှာ သူဌေးသားဆိုတဲ့အမြင် မပါဘူး ကျော်စွာ၊ သူ့မျက်လုံးတွေ အရမ်း အေးချမ်းတာပဲ၊ ခင်တတ်တယ် မင်တတ်တယ်ဆိုတဲ့ သဘောကို ဖွင့်မပြောပေမယ့် နှုတ်ခမ်းလေး တွေလှုပ်ပြီး သက်သေပြတယ်'

'စပယ်နဲ့ စကားပြောနေရတဲ့ အချိန်တစ်ချိန်လုံးမှာ ငါ့ ရင်တွေ တလှပ်လှပ် ဖြစ်နေတာပဲ'

'ဘာဖြစ်လို့လဲ'

'အဲဒါတော့ ငါဘယ်သိမလဲကွ'

ဇော်ထွေးက ဝင်ပြီး…

'အဲဒါ အချစ်ရဲ့ မူလအစပေါ့ ကိုလတ်ရ'

ကျော်စွာက အသံကလေး ထွက်သွားအောင်ရယ်သည်။

မီးဖိုဆောင်ဘက်မှ ပန်းကန်ခွက်သံကြားရသဖြင့် ဇော်ထွေးက လှမ်းကြည့်ပြီး…

'ဂျမ်းဂျမ်းကို သွားကူလိုက်ဦးမယ် ကိုလတ်'

ပြောပြီး ထသွားသည်။

မေမေတို့ ဝိုင်းကို အရင်ပြင်ပေးသည်။ ပြီးမှ ကျော်ကို





လတ်တို့ ဝိုင်းအတွက် ပြင်သည်။ အုန်းနို့မှာ နှစ်နေသော ပေါင်မုန့် ချပ်ကို ဇွန်းနှင့်ထိုးခပ်စားပြီး ကျော်စွာက မေးသည်။

'အန်တီ့လက်ရာလား၊ ဂျမ်းဂျမ်းလက်ရာလား'

ဂျမ်းက…

'ကိုကျော်စွာက ဘယ်သူ့လက်ရာထင်လဲ'

'ငါကတော့ အန်တီ့လက်ရာထင်တာပဲ'

'မဟုတ်ဘူး ဂျမ်းလက်ရာ'

'ဒါကြောင့်မို့ မကောင်းတာ'

'သွားပါ ကိုကျော်စွာက အလကားစားရတဲ့ဟာဆို ဘယ်တော့မှ အကောင်းမပြောဘူး၊ ကိုဇော်ထွေး ဂျမ်းလက်ရာ ကောင်းတယ်မို့လား'

'အစ်ကိုကတော့ ရင်ထဲထိ ချိုစိမ့်နေတာပဲ'

တွေ့လားဆိုသည့်သဘောဖြင့် ဂျမ်းက ကျော်စွာကို လှမ်း ကြည့်သည်။

'ဇော်ထွေးက စားကောင်းသောက်ကောင်းအောင်ပင့်နေ တာ၊ နင်ဟာလေ မြှောက်ပြောလို့ မြှောက်ပြောမှန်း မသိဘူး၊ ဝပေါက်မလေးကို ဖြစ်လို့'

ဂျမ်းက နှုတ်ခမ်းစူသွားသည်။

ပါးစပ်က ပွစိပွစိလုပ်ပြီး မီးဖိုခန်းထဲ ဝင်သွားသည်။ စားသောက်ပြီး ခြံထဲကို ဆင်းခဲ့သည်။

'ချစ်သဲကြီး အရိပ်အရောင်တောင် မတွေ့ရပါလား'



www.burmeseclassic.com

www.burmeseclassic.com



'နောက်ဖေးက သူ့လှောင်အိမ်ထဲ သွင်းထားတယ်'

မေမေ့မိတ်ဆွေက သူနဲ့မျက်နှာစိမ်းနေတယ်၊ မျက်နှာစိမ်းဆိုရင် ဒီကောင်ကြီးက စိတ်မချရဘူး'

'စပယ်ဆိုတဲ့ ငတိမကျ ရန်မလုပ်ဘူးလား'

ပြောပြီး ကျော်စွာက အညိုရောင် သားရေအိတ်ကလေးထဲမှ စီးကရက်သုံးလိပ်ထုတ်သည်။ တစ်လိပ်စီ လှမ်းပေး၏။ မရမ်းပင်ကြီးအောက်သို့ လျှောက်ဆင်းခဲ့ပြီး ပင်စည်ကို မှီရိုက်ထားသော ခုံတန်းပေါ်တွင် ထိုင်ဖြစ်ကြသည်။

'ချစ်သဲကြီးက အရမ်းအလိုက်သိတယ်ကွာ၊ ကောင်ကြီးဆိုတာနဲ့ ငါခြေရင်းမှာ ငြိမ်နေတာပဲ'

'ချစ်သဲကြီးနဲ့မင်းကတော့ လိုက်ပါ့ကွာ၊ အပြန်အလှန်များအကျိုးပြုနေကြသလား မသိဘူး'

'မင်းကလည်း'

ဂက်စ်မီးခြစ်မှ မီးစွယ်ကလေး တက်လာ၏။ စီးကရက်မှာ မီးကူးလိုက်ပြီး တစ်ချက် ဖွာရှိုက်လိုက်သည်။ ဖွန်ပန်းရုံနားမှ အပြာနုရောင် ခုံတန်းလေးကို ကျော်စွာက လှမ်းကြည့်ပြီး...

'အစက အဲဒီမှာ ခုံမရှိပါဘူး'

'စပယ်ကို စတွေ့တဲ့နေ့နဲ့ စိတ်ဝင်စားတဲ့နေ့က တစ်နေ့တည်းဖြစ်ပေါ်လာတာကွ၊ အဲဒါကို မှတ်တမ်းတင်နိုင်အောင် ငါကိုယ်တိုင် ခုံတန်းရိုက်၊ ဆေးသုတ်ပစ်တာ'

ကျော်စွာက ပြုံးသည်။





ဇော်ထွေးက မျက်နှာကို လှမ်းကြည့်၏။ အကဲခတ်သည်ဟု ထင်လေမည်လားဟု တွေးမိလိုက်သည်။ မလုံသောအရယ်ဖြင့် ရယ်ပြီး စီးကရက်ကို ဖွာရှိုက်နေဖြစ်၏။

'လာတုန်းက သဲမာကိုတောင် တွေ့တယ်'

ကျော်စွာက အေးဆေးတည်ငြိမ်စွာ ပြောသည်။

'ငါ့ကို ဘယ်သွားမလို့လဲ ကိုကျော်စွာ... လို့တောင်မေးတယ်၊ ငါက ကျော်ကိုလတ်ကို ဒါနသွားဖြည့်မလို့ သဲမာ လိုက်ခဲ့ဝါလားလို့တောင် နှောင့်ခဲ့သေးတယ်'

'ငတိမက ဘာပြောလဲ'

'သူတော့ မလိုက်ဘူးတဲ့၊ သူ့ခွေးမလေး မေရီကို လွှတ်လိုက်မယ်တဲ့'

'အောင်မာ... ခွေးသူတောင်းစားမက...'

ကျော်စွာနှင့်ဇော်ထွေးက အသံထွက်အောင် ရယ်ကြသည်။ မျက်စိမှာ သဲမာ၏ ဂျစ်တစ်တစ်ရုပ်ကို ပြေးမြင်ယောင်သည်။

အင်းလျားမှာ ဖြစ်ခဲ့သည့် အဖြစ်ကလေးကိုပါ အမှတ်ရဆိုက်၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

(၈)

ကားရပ်သံကိုကြားရသည်။

တစ်ဆက်တည်း ကားဟွန်းသံပါကြားရ၏။ ပြီး… ချစ်သံကြီး၏ ဟောင်သံနှင့်အတူ ခြံတံခါးနားသို့ပြေးကပ်သွားသည့် အသံ။ လက်တွင် ကိုင်ထားသည့် ပေါက်ပြားကို မြေပေါ်မှာ အသာထောင်ထားခဲ့ပြီး ခြံတံခါးနားသို့လျှောက်ခဲ့သည်။ ကား၏ အရောင်အသွေးကို ကြည့်ခြင်းအားဖြင့် ကျော်စွာ မဟုတ်သည်ကို တော့ ချက်ချင်းသိ၏။ မေမေ့ မိတ်ဆွေတွေများလားဟု တစ်ဆက် တည်း ပြန်တွေးမိသည်။

တံခါးနားရောက်မှ မျက်လုံးဝိုင်းခနဲဖြစ်သွားရ၏။ သူက မှ တစ်ချက်စွေစောင်းကြည့်ပြီး ခပ်တင်းတင်း မျက်နှာထားနှင့် ကားပေါ်မှ ဆင်းလာသည်။

'အန်တီခင်မေလတ်ခြံလား'





'သိပ်ဟုတ်တာပေါ့'

သူမက မျက်စောင်းကြီးထိုး၏။

'အန်တီနဲ့တွေ့ချင်တယ်'

'ဘာလုပ်မလို့လဲ'

'ဒီမယ်… ခြံအလုပ်သမားနဲ့ စကားမပြောချင်ဘူး၊ ခြံကြီးရှင်ကိုတွေ့ဖို့လာတာ'

သီးထနေသော ကိုယ်ပေါ်မှချွေးစချွေးနများကို လက်နှင့် အသာသပ်လိုက်သည်။ တင်းရင်းနေသော ကြွက်သားအမှအထစ် နှင့်ကိုယ်အပေါ်ပိုင်း ဗလာကျင်းနေသော ကိုယ့်အဖြစ်ကို ပြန် သတိပြုမိသည်။ နောက်ဘက် ဥယျာဉ်မှ ထွက်လာသည်မို့ အလုပ် သမားအသွင်သဏ္ဌာန်နှင့်ဟန်က ပေါ်လွင်နေ၏။ သို့သော်လည်း သမာက သက်သက်မဲ့ ချွတ်နေသည်ကို စိတ်က အလိုလို ဆားလည်သည်။

'အူတူတူ စကားတွေ ပြောမနေနဲ့၊ မိုးကုတ်ကျောက်တွင်း သူဌေးမကြီး ဒေါ်စောလတ်ရဲ့မြေး၊ တိုင်းပြည်တာဝန်ကို အသက် ပေးထမ်းဆောင်သွားတဲ့ ဗိုလ်မှူးနေကျော်၊ ဒေါ်ခင်မေလတ်တို့ ရဲ့ တစ်ဦးတည်းသား၊ ဒီရတနာ ဥယျာဉ်ခြံကြီးရဲ့ အရှင်သခင် ဗိုလ်ကြီးကျော်ကိုလတ်ဆိုတာ ကျုပ်ပဲ၊ ကဲ… ပြောစမ်း၊ ဘာကိစ္စ နဲ့ လာတာလဲ'

သမာ၏နှုတ်ခမ်း ထောင့်စွန်းသို့ တွန့်တက်သွားသည်။ ရင်ထဲမှာ ရယ်ချင်နေမိသည်။ တံခါးကို ဖွင့်မပေးဘဲ မခံချင်

www.burmeseclassic.com



အောင်ပြောမည်ဟု ဆုံးဖြတ်ထား၏။ ကားပေါ်မှ ဒရိုင်ဘာအဘိုးကြီး၏ မျက်နှာကမူ ရယ်ပြုံးဖြစ်နေသည်။

'သြော်… ဟုတ်လား'

ရွှံ့သံပါနေ၏။

ရွှံ့တော့မည်မှန်းလည်း သိသည်။

'ဒီမယ် နားထောင်ပါ၊ ညွှန်ကြားရေးမှူးဦးစောနောင် ဒေါ်ခိုင်သဇင်တို့ရဲ့ တစ်ဦးတည်းသောသမီး သဲမာဆိုတဲ့…'

ကျော်ကိုလတ်က စကားကို ကြားဖြတ်ပြီး…

'ဘာ… ပဲပလာတာ ဟုတ်လား'

သဲမာ၏မျက်နှာ မည်းခနဲဖြစ်သွား၏။ ဒေါသရိပ်ကလေးက ချက်ချင်းလွှမ်းတက်လာသည်။

'စကားကို ဖြတ်မပြောပါနဲ့၊ အဲဒီသဲမာဆိုတဲ့ အချောအလှမလေးရဲ့ ၂၂နှစ်ပြည့်မွေးနေ့မင်္ဂလာအတွက် အန်တီခင်မေ လတ်ကို ဖိတ်စာလာပေးတာ'

သဲမာလက်ထဲတွင် အဖြူရောင် စာအိတ်ပြားကြီး တစ်ခုကို တွေ့ရသည်။

'သြော်… ဒါလား'

'ဟုတ်တယ်'

'၂၂နှစ်ကြီးတောင်ပြည့်ပြီဆိုတော့ လူလားမြောက်ပြီပေါ့'

'အဲဒါ ဘာဖြစ်လဲ'

'ယောကျ်ားယူလို့ရပြီလေ'



'ဘာ…'

ဒေါသသံ ဒိုင်းခနဲ ပွင့်လာ၏။ သဲမာမျက်နှာကို ကြည့်ပြီး စိတ်ထဲမှ ကျိတ်ရယ်နေမိသည်။

'ယောကျ်ားယူလို့ရပြီဆိုပြီး သိပ်ပြီး ဝမ်းပန်းတသာဖြစ်မနေနဲ့၊ ယူလို့ရပြီဆိုတာကိုသာ ပြောတာ၊ ခင်ဗျားလေးကို ကြိုက်မယ့်ယောကျ်ားကတော့ မြန်မာပြည်မှာ တစ်ယောက်မှ ရှိမှာ မဟုတ်ဘူး'

'အောင်မာ… လူပါးဝလိုက်တာ'

သဲမာက လက်ကိုဆန့်တန်းပြီး ကုတ်ဖဲ့ရန် ကြိုးစားသည်။ ကျော်ကိုလတ်က တဟားဟားရယ်ပြီး နောက်သို့ အသာယို့လိုက်၏။

'မစွာနဲ့နော်၊ ခြံတံခါးဖွင့်ပေးလိုက်လို့ ချစ်သဲကြီးပါးစပ်မှာ အသက်ပျောက်သွားမယ်'

ချစ်သဲကြီးက ဟိန်းသံတစ်ချက် ပေးလိုက်သည်။

သဲမာကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားသည်။

'သိပ်ချဉ်ဖို့ကောင်းတယ်၊ မာမီခိုင်းလို့သာ လာရတာ၊ ချဉ်ဖတ်အိမ်မှန်းသိရင် အစက မလာပါဘူး၊ ဒီမယ် ဖိတ်စာ အန်တီ့ကို ပေးပေးပါ'

မချိုမချဉ်မျက်နှာနှင့် ဖိတ်စာကို လှမ်းယူသည်။

'ဘာကျွေးမှာလဲ'

'ပဲကြီးလှော်'



www.burmeseclassic.com

www.burmeseclassic.com



သဲမာက ရွှဲဖြေပြီး ကားဆီသို့ ခြေကလေးဆောင့်သွားသည်။ ကားတံခါးဖွင့်သံနှင့် ကားတံခါးပိတ်သံကို ခပ်ကြမ်းကြမ်းကြားရ၏။

'ကိုယ်ကြိုက်တဲ့အစားအစာကို စီစဉ်ကျွေးတာ ထင်တယ်၊ ဒါကြောင့် ခင်ဗျားလေး အနားကပ်လာတော့ အီးစော်ကိုပေါင်သွားတာပဲ'

'ဟယ်… အယုတ်တမာကြီး'

ကားကလေး ဘီးလိမ့်ထွက်သွားသည်။

ရယ်သံကို ကားထဲမှနေ၍ သဲမာကြားလိမ့်မည် ထင်၏။

□ □ □

ဖိတ်စာကဒ်ကိုပေးပြီး ဘွားဘွားနှင့် မေမေ့ကိုပြောပြသည်။ ဘွားဘွားက ပြုံးပြီး မေမေက အသံထွက်အောင်ရယ်၏။

'မောင်စောနောင် သမီးလား'

'ဟုတ်တယ် မေမေ၊ သားနဲ့မတည့်ဖြစ်နေတာ ခိုင်သဇင်ရဲ့ သမီးမှန်း ခုမှသိတယ်'

'မေမေ မြင်ဖူးလို့လား'

ကျော်ကိုလတ်က ကြားဝင်မေးသည်။

'မေမေတွေ့တုန်းက အငယ်လေးပဲ'

'အခု မငယ်တော့ဘူး မေမေရ၊ ၂၂နှစ်ဆိုတော့ သားနဲ့





ရွယ်တူ၊ အကြီးကြီးပဲ'

'ငါ့မြေးက တော်တော်ကြီးပြီလား'

ဘွားဘွားက ကြားဝင်ရွှတ်သည်။ စကားပြောလောဘကြီးသွားသည့်အဖြစ်ကို ပြန်တွေးပြီး ပြုံးမိရသည်။ 'ဘွားဘွားကလဲ'ဟု အရှက်ပြေပြောပြီး မေမေ့လက်ထဲမှ ဖိတ်စာကဒ်ကို လှမ်းယူ၍ ထောင်ကြည့်သည်။

'မေမေနဲ့ သူ့မိဘတွေက ရင်းနှီးလို့လား'

'ခိုင်သဇင်နဲ့က သူငယ်ချင်း သားရဲ့၊ ခိုင်သဇင်ကကျောင်းသူဘဝက အရမ်းဆိုးရှယ်ကျတာ၊ ဒါပေမဲ့ စိတ်သဘောထားကတော့ ကောင်းတယ်'

'ဒီလိုဆို သူ့သမီးကလည်း သူ့အမေလိုပဲပေါ့ မေမေ'

'သဲမာက ဆိုးရှယ်ကျလား'

'ခေတ်တော့ အရမ်းဆန်တယ် မေမေ၊ သားမျက်စိထဲမှာတော့ ကြည့်လို့ကိုမရဘူး၊ ကြက်ခြေခတ်တွေ ရောင်စုံထွက်နေတာပဲ'

'ဟုတ်ရဲ့လား သားရယ်'

'မေမေ မမြင်ဖူးသေးလို့ပါ၊ မြင်ဖူးရင် တစ်ခါတည်း အော့ကြောကြီးလန်သွားမှာ'

'အင်း… တစ်နေ့မှ သားကိုခေါ်ပြီး အိမ်သွားလည်ဦးမှပဲ'

မေမေ့မျက်နှာကို ကမန်းကတန်း လှမ်းကြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရခက်သည်ဟုတော့ စိတ်မှာ ထင်မိ၏။ သို့သော်လည်း ပြောဖြစ်အောင်တော့ ပြောရသည်။

'သားတော့ မခေါ်ပါနဲ့မေမေရာ၊ သွားချင်ရင် မေမေ့ဘာသာပဲသွားပါ၊ အဲဒီ ဂျစ်လေးမျက်နှာမြင်ရတာ ရင်မှာပူလွန်းလို့'

'နောက်မှ ရင်ကို အေးမြနေမယ်နော်'

မေမေက အရယ်စကားနှင့်ဆို၏။ ရယ်ရင်းဖုန်းတင်ထားသည့် စားပွဲပေါ်မှ စာအုပ်ထူကြီးကို လှမ်းဆွဲသည်။ ဖုန်းနံပါတ်တစ်ခုကို ရှာဖွေမှန်းသိသာ၏။ သည့်နောက် ဖုန်းနံပါတ်ကွက်ကလေးကို လှည့်လိုက်သည်။

'ဟလို...'

'....'

'ခိုင်သဇင်လား'

'....'

'မိခိုင်... မေလတ်ပါ၊ သမီးကို ဖိတ်စာပို့ခိုင်းတယ်ဆို'

တစ်ဖက်မှ စကားပြောသံ သဲ့သဲ့ကို ကြားရသည်။

'ပြောင်းလာတယ် ဟုတ်လား၊ ဝယ်လိုက်တာလား၊ ကိုယ်မသိဘူးကွာ၊ မင်းကလည်း ချက်ချင်း အကြောင်းကြားဖို့ကောင်းတယ်'

'....'

'အေးပေါ့၊ ဆင်ခြေဆိုတာ ရှာပေးရတာပါပဲ'





'.....'

'စိတ်ချ လာခဲ့မယ်၊ သားတော်မောင်ပါ ခေါ်ခဲ့မယ်'

ဖုန်းကို ပုခက်ပေါ်ပြန်တင်ပြီး မေမေက ဘွားဘွားဘက်မျက်နှာလှည့်သည်။

'သူတို့မိသားစု ဝင်ဒါမီယာ ပြောင်းလာကြတာပဲ မေမေရဲ့၊ သိပ်မကြာသေးဘူးလို့ပြောတယ်၊ ကိစ္စတွေများလို့ရောက်မလာနိုင်တာကို ခွင့်လွှတ်ပါလို့လည်း တောင်းပန်တယ်လေ၊ မိခိုင်ကတော့ ကျောင်းနေတုန်းကလိုပဲ မေမေ၊ စကားပြောရင် ရွှတ်နောက်နောက်နဲ့'

ရွှတ်နောက်နောက်ဆိုသည့် စကားအဆုံးဝယ် မေမေက လှမ်းကြည့်သည်။

'အစကာ သူတို့က ဘောက်ထော်မှာနေကြတာ သားရဲ့၊ ဘောက်ထော်က ခြံနဲ့တိုက်ကိုရောင်းပြီး ပြောင်းလာကြတာ'

'အဲဒါတွေကို သားစိတ်မဝင်စားပါဘူး မေမေ၊ ဂျစ်မလေးမွေးနေ့ကို မေမေသွားမှာလား'

'သွားမှာပေါ့၊ ဒီလောက် ရင်းနှီးတဲ့ဟာ သားလည်းလိုက်ရမယ်'

ရင်မှာ လှိုက်မောသွား၏။ ဖိတ်စာကို မေမေ့ထံလာမပေးဘဲ အပျောက်ရှင်းလိုက်ရင် ကောင်းမည်ဟု ကလေးတွေးသွေးမိသည်။

စိတ်ပျက်လက်ပျက်နှင့် ခြံထဲ ပြန်ဆင်းခဲ့သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မလိုက်ချင်ဘူး မေမေဟု ဆက်လက်၍ ငြင်းဆိုမည် ကြံစည်မိသေး၏။ သို့သော်လည်း မေမေ့ စိတ်ဓာတ်ကိုသိသည်။ တစ်သွေးတစ်သံတစ်မိန့်ဆိုသည်ကို မေမေက အပြတ်ကျင့်သုံးထား၏။

'ကိုကိုလတ်… ကိုကိုလတ်'

ဥယျာဉ်ဘက်မှ ဂျမ်းအော်သံ ကြားရသည်။

လှည့်ကြည့်ပြီး လျှောက်လာခဲ့သည်။

'ဘာဖြစ်တာလဲ'

'ကိုကိုလတ် သစ်ပင်တွေ ပိုးကျနေပြီ'

'ဟင်…'

မြောင်းပေါင်ပေါ်နှင့် ဝါးကပ်များပေါ်မှအရွက်များကို အထိတ်တလန့်ကြည့်လိုက်သည်။ ပိုးဖောက်ထားသည့်အပေါက်လေးများနှင့် ခူလိုလို ပိုးကောင်ကလေးအချို့ကို တွေ့ရသည်။

'သွားပါပြီဟာ'

'သွားမှာပေါ့၊ ကိုကိုလတ်က စိုက်ပျိုးရေး စိုက်ပျိုးရေးဆိုပြီး ဟန်ကြီးပန်ကြီးနဲ့ လေလုံးထွားနေတာ၊ စိုက်တယ် ပျိုးတယ်ဆိုတာ လွယ်လွယ်နဲ့ရတယ်များ အောက်မေ့လို့လား'

ဂျမ်း စာလာပြနေသည်။ သို့သော်လည်း ဂျမ်းစကားတွင် စိတ်မဝင်စားနိုင်အား။ ပိုးကောင်များ ကိုက်ဖြတ်ခံထားရသည့် အရွက်ဝါကြန့်ကြန့်လေးများကို ကြည့်ပြီး စိတ်မှာ ထိခိုက်နေရသည်။ စိုက်ခင်းများပိုးကျလျှင် ပိုးသတ်ဆေးအကူအညီနှင့် ပိုးသတ်ရမည်ဆိုသည်ကိုတော့ နားလည်သည်။ အဘယ်သို့သော





ဆေးရည်ဖြန်း၍ သတ်ရမည်ကို လုံးဝမသိ၊ မျိုးစေ့ရ၍သာ စိုက်ချလိုက်ရသည်။ ကြိုတင် ကာကွယ်မှုကမရှိ။

'နည်းစနစ်ကျနမှုမရှိဘဲ ဘာမှလုပ်လို့မရဘူး ကိုကိုလတ်ရ၊ ဂျမ်းတို့ ထမင်းချက်တဲ့အလုပ်ဆိုရင် ပိုပြီးတောင် ခက်သေးတယ်၊ အချိန်အဆ နည်းစနစ်အရမ်းလိုတာ'

'သွားစမ်းပါဟာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ နင်သိပ်ပြီးလေများတာပဲ'

'အင်း… စေတနာနဲ့ပြောတာကိုများ'

'မလိုချင်ဘူး'

ပိုးကိုတ်ထားသည့် အရွက်ကလေးများကို ကိုက်ဖြတ်သည့် သည်နေရာတွင်တော့ ဂျမ်းက အကူအညီရ၏။ ကူပြီးတိုက်ဖြတ်ပေးသည်။

'ကိုကိုလတ်'

'ဘာလဲ'

'စိုက်ပျိုးရေးမလုပ်ပါနဲ့ ကိုကိုလတ်ရာ၊ မွေးမြူရေးလုပ်ပါလား၊ ခြံထဲမှာ သီးပင် စားပင်တွေ ရှိလျက်သားနဲ့ဟာ'

တွေသွားရသည်။

မွေးမြူရေးကို အစတည်းက စိတ်ဝင်စား၏။ ငယ်ငယ်တုန်းတည်းက အကောင်ပလောင်ကလေးများ မွေးဖူးသည်။

'ဘာမွေးရင် ကောင်းမလဲဟ၊ ငုံးမွေးရမလား၊ ကြက်မွေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



'ကြက်မွေးပါ ကိုကိုလတ်ရ'

'ကြက်မွေးရင် ကြက်ဥကတော့ ချက်ချင်း လက်ငင်း စားရမှာပဲ၊ ဂျမ်းက ကိုကိုလတ်ကိုကြောက်လို့ စိုက်ခင်းကို လုပ်ပေးနေရတာ၊ ဝါသနာပါတာက ကြက်ကလေး၊ ငှက်ကလေး မွေးတာကို ဝါသနာပါတာ ကိုကိုလတ်ရ'

'အေးပါ၊ ငါမွေးပါ့မယ်'

ပြောပြီး မီးဖိုဆောင်ဘက်ဝင်ရန် ခြေလှမ်းလိုက်သည်။

❒ ❒ ❒





(၉)

ချိုကြည်သောအပြုံးကို အရင်မြင်နှင့်ရသည်။ လှမ်းလာသည့် ခြေလှမ်းများသည် စာတွင်ဖတ်ဖူးသည့် ဆင်မယဉ်သာ ဆိုသည့်အသွင်မျိုး ဖြစ်လိမ့်မည်။ ရင်မှာ အေးခနဲဖြစ်သွားရသလို ကိုယ့်အဖြစ်ကိုတော့ ကိုယ်သိသည်။ စပယ်လာသည်ကိုမြင်ကတည်းက ဆံပင်ကို လက်နှင့်သပ် ဖြစ်လိုဖြစ်၊ ဝတ်ထားသည့် အနွေးအင်္ကျီကို ဆွဲလိုဆွဲဆန့်နှင့် ငြိမ်ဆိမ်မှုမရှိသည့် ကိုယ့်အဖြစ်ကို ပြန်ရယ်ချင်လာမိ၏။

စပယ်အနားရောက်လာသည်။

စပယ်က စောစောကထက် တောက်ပသော အပြုံးကို ပြုံးသည်။

နှင်းမြူလေးများကမူ ကွဲကွဲပြားပြား မရှိသေး။

'ဟိုအပတ်က စပယ်မလာဘူးနော်'

'ဟုတ်တယ်ကိုလတ် မေမေ နေမကောင်းလို့ စပယ်က



www.burmeseclassic.com

www.burmeseclassic.com



အစောကြီး မီးဖိုဝင်ပေးရတယ်၊ ကိုလတ်ကိုတော့ စပယ် သတိရလိုက်ပါတယ်'

ကိုလတ်ကိုတော့ စပယ်သတိရလိုက်ပါတယ် ဆိုသည့် စကားက နှင်းပွင့်ကလေးများထက် အေးမြစွာ ရင်ထဲ စီးဝင်သွားသည်။ သည်နေ့မနက် စပယ်တွေ အများကြီးပွင့်ပါလား ဆိုပြီး စပယ်က စပယ်ပွင့်လေးများကို ခူးသည်။ စပယ်နှင့် စည်းရိုးခြားပြီး စကားပြောရသည့်အဖြစ်ကို စိတ်ကကျဉ်းကျပ်လာ၏။ ခြံပြင်ထွက်ပြီး စပယ့်ကို စပယ်ပွင့်ကလေးများ ကူခူးရင်း စကားပြောရလျှင် ကောင်းလိမ့်မည်လားဟု တွေးမိသည်။ သို့ဆိုလျှင် စိတ်အခြေအနေကို စပယ် သိသွားပြီအထင်ဖြင့် ရှုံ့သွားမည်ကိုလည်း စိုးရိမ်သည်။

ပြီးတော့ မေမေ။

သည့်နောက် ဂျမ်းကိုလည်း စိုးရိမ်သည်။

မေမေလတ် ကိုကိုလတ်ရယ် အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေသည်ဟု သွားချွန်လျှင် မေမေသည် နှလုံးသားကိုစွတွင် အစစ်ဆေးဝင်နေမည်ကို ကြိုသိနှင့်သည်။

'စပယ်အတွက် ကိုလတ်စပယ်ပန်းတွေ ခူးထားသေးတယ် စပယ်၊ စပယ်မှ လာပါဦးမလားဆိုပြီး စိတ်ပူပန်သွားရသေးတယ်'

ပြောပြီးခူးထားသည့် စပယ်ခိုင်ကလေးများကို စပယ်၏ လက်ကိုင်ပဝါထဲ ထည့်ပေးသည်။ စပယ်က မျက်လုံးကို လှန်





ကြည့်သည့်အခါ အကြည့်ချင်းဆုံသွားရ၏။ အေးမြနေသော ရင်သည် နွေးခနဲ ဖြစ်သွားရပြန်သည်။

တဒင်္ဂငြိမ်သက်သွားရသည့်အဖြစ်ကို စပယ်က သိသွားဟန်တူ၏။

'ကိုလတ်တို့ ခြံထဲမှာ အင်းခွေအကြီးကြီး တစ်ကောင် စပယ်မြင်ပါတယ်'

'ရှိတယ် စပယ်၊ စပယ့်ကို ရန်လုပ်မှာစိုးလို့ သူ့လှောင်အိမ်ထဲမှာ တံခါးပိတ်ထားတယ်'

'ကိုက်လို့လားဟင်'

ကိုက်တယ်စပယ်ဟု ပြောမည် ကြံစည်မိသေး၏။ ကြောက်လန့်ပြီး စပယ်ပန်းအခူး ရောက်ရှိမလာမည်ကို စိတ်က ပြန်ပူပန်သည်။ ထို့ကြောင့် ချစ်သဲကြီးက သူ့ကိုရန်မူမှပါ စပယ်ဟု စကားကို ကွေ့ပြောလိုက်ရ၏။

လေအေးအေးက ခပ်ရမ်းရမ်းတိုက်ခတ်မိသည်။

စပယ်က အပြာနုရောင် ဆွယ်တာလက်ရှည်ကို ရင်စေ့အောင် ခပ်တင်းတင်း ဆွဲလိုက်သည်။ စပယ့်လှုပ်ရှားမှုများက တည်ငြိမ်လွန်း၏။ သည်ကကောင်၏ ရင်မှ လှုပ်ရှားမှုများကိုမူ စပယ် သိလိမ့်မည်မဟုတ်။

'စပယ်'

မျက်လုံးလှန်ကြည့်သည်။

'စပယ် ဘယ်မှာနေလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်က သိချင်လို့လား'

'သိချင်တာပေါ့ စပယ်'

အားတက်သရောနှင့် ပြန်ဖြေမိ၏။

'စပယ်ဘယ်မှာနေတယ် ဆိုတာကို သိလို့ကော ကိုလတ်အတွက် ဘာထူးခြားမှာလဲ'

ယန်းပေးပြီးမှ လမ်းဆေားမှာ ထိုင်ငိုချင်စိတ်ပေါက်သွားရသည်။ နှမ်းတမြေ့နှင့် အလွမ်းကလေးပင် ဝေ့ချင်လာ၏။

□ □ □

'စပယ်နဲ့ကိုလတ်က ခင်မင်နေပြီ မဟုတ်လား၊ ခင်သူမင်သူဆိုသာ သိသင့်တာလေးတွေကိုတော့ သိသင့်တာပေါ့ စပယ်'

'စပယ် ကိုလတ်ကို မခင်ဝံ့ပါဘူး'

ရင်မှာ ပန်းဟိုက်သွားရမည့်အဖြစ်။ စပယ့်မျက်နှာကို ရီဝေစွာကြည့်မိသည်။

'စပယ့်ကိုခွင့်လွှတ်ပါနော်၊ ကိုလတ်က စပယ့်ကို ခင်တယ် ဆိုတာကို စပယ်က ဂုဏ်ယူဝမ်းသာမိပါတယ်၊ ဒါပေမဲ့ စပယ်စောစောက ပြောသလို ကိုလတ်ကို စပယ်မခင်ဝံ့ပါဘူး၊ စပယ်သွားမယ်နော်'

နှုတ်ဆက်ပြုံးကလေးကို ခပ်သဲ့သဲ့ ပြုံးမိသည်။ အမုန်း





မဖက်သော်လည်း အပြုံးတစ်ဝက်နှင့် ခွဲထွက်သွားသည့်အဖြစ်။ စပယ် စပယ်ဟု နောက်ကလိုက်၍ အော်ခေါ်ရန်လည်း မသင့်သည်ကို နားလည်သည်။ ဂိုဒေါင်ဘက်ပြေးပြီး ကားထုတ်၍ လိုက်ရမည်လားဟု ကြံစည်မိ၏။ ကားသံကြားသည်နှင့် မေမေ အပြင်ထွက်လာမည်။ စောစောစီးစီး ဘယ်သွားမလို့လဲ သားဟု အမေးစကားရှိလာလျှင် အဖြေစကား ဟုတ္တိပတ္တိမရှိ။

စပယ့်ကို နားမလည်နိုင်သလိုခံစားလိုက်ရသည်။ ဟိုတစ်လောက ရင်ဆိုင်ခဲ့ရသည့် မျက်ဝန်းထဲမှ အခင်မင်များသည် ပျောက်ပြယ်သွားခဲ့ပြီလားဟု တွေးမိ၏။

နှင်းမြူကလေးများ ကွဲလာသည်။

တဝုန်းဝုန်းနှင့် သူ့အိမ်ထဲမှာ သောင်းကျန်းနေသည့် ချစ်သဲကြီး အသံကိုကြားရ၏။

ချစ်သဲကြီးကို အပြင်ထုတ်ဖို့ ခုမှ သတိရလိုက်သည်။

□ □ □

'ငါ့အကြည့်တွေကို သဘောပေါက်လို့ မယုံစားဝံ့တဲ့ အခြေအနေများလား မသိပါဘူး ဖော်တွေးရာ၊ မွေးကတည်းက အဲသလို ခံစားမှုမျိုး တစ်ခါမှမခံစားရဘူး၊ ငါပေးလိုက်တဲ့ စပယ်ပွင့်ကလေးတွေကိုတော့ သူ မြတ်မြတ်နိုးနိုး ယူသွားတယ်'

ထောင့်ကျသော စားပွဲဝိုင်းတွင် နှစ်ယောက်တည်း ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။ ကျောင်းလာကာနီး ကျော်စွာ ဖုန်းဆက် အကြောင်းကြားသဖြင့် ကျော်စွာတစ်ယောက် ပဲခူးရောက်နှင့်နေပြီကို စိတ်က သိထားသည်။

လက်ဖက်ရည်နှစ်ခွက်လာချသည်။

မသောက်သေး။ ဒူးယားလှမ်းမှာပြီး မီးညှိလိုက်၏။ သည်နေ့ စီးကရက်သောက်ရသည့် အရသာသည် ခါးသက်သလို ခံစားနေရသည်။

'စပယ့်ဘဝ ကိုကိုလတ်ဘာသိလဲ'

ရင်ကို အထိတ်တလန့်ဖြစ်သွားစေရသော မေးခွန်းဖြစ်သည်။ စပယ်နှင့်ပတ်သက်၍ စပယ်ဆိုသည့်အမည်နှင့် စပယ်ကို စိတ်ဝင်စားသည်ဆိုသည်ကိုသာ သိသည်။ စပယ်ဘဝကို သိဖို့နေနေသာသာ စပယ်ပတ်ဝန်းကျင်ကိုပင် သိရန်ခက်နေ၏။

'ဘာမှမသိဘူး၊ သိဖို့ဆိုတာက စပယ်ပြောပြမှ သိရမှာ၊ စုံစမ်းဖို့ဆိုပြန်တော့လည်း ဘယ်မှာ စုံစမ်းရမှန်းမသိဘူး'

'မနက်ဖက် ပန်းလာချတယ်ဆိုတော့ ဝေးဝေးလံလံမှာ စပယ်နေမှာ မဟုတ်ဘူး၊ ကိုလတ်ကို မခင်ဝံ့ဘူးဆိုတဲ့ စကားကတော့ အတော် စဉ်းစားရမယ် ခိုင်ခိုင်မာမာ နားလည်ထားလို့ရတာ တစ်ခုတော့ရှိတယ်'

စကားစကို ဖြတ်ထားသည်။

လက်ဖက်ရည်တစ်ကျိုက်ကို မော့သောက်လိုက်၏။ ဖော်ထွေးနှုတ်မှဆက်လာမည့် စကားဆက်ကို မျှော်လင့်နေမိ၏။





'စပယ်ဟာ ကိုလတ်တို့ဘဝနဲ့အများကြီး ကွာဟတယ်ဆိုတာကိုတော့ နားလည်ထားလို့ရတယ်'

'တိကျဦးမယ် မဟုတ်ပါဘူး ဖော်ထွေးရာ'

အသံမှာ အားလျော့မှုများ ပါဝင်နေသည်ကို ကိုယ့်ကိုကိုယ်သိသည်။ ပန်းကန်လုံးထဲတွင် ရှိသော လက်ဖက်ရည်ကို တစ်ကျိုက်မမော့ဖြစ်သေး။ ဝင်လာသော အတွဲတစ်တွဲကို တွေတွေဝေဝေကြည့်နေမိ၏။

'တိကျတာပေါ့ ကိုလတ်ရာ၊ သူက ကိုလတ်ကို မခင်ဝံ့ဘူးလို့ပြောတယ်မဟုတ်လား၊ မခင်ဝံ့ရအောင် ကိုလတ်က လူရမ်းတားလား၊ ရည်းစားထည်လဲတွဲနေတဲ့ နှလုံးသားမဲ့လား။ အကြောင်းချက်က တစ်ခုပဲရှိတယ်၊ ဘဝချို့ငဲ့လို့ ကိုလတ်ကိုခင်မင်ရမှာ ဘွန့်နေတယ်၊ မဝံ့မရဲဖြစ်နေတယ်'

'ခင်မင်တာပဲ ဖော်ထွေးရာ၊ ဘဝချို့ငဲ့လို့ ဘဝတင့်တယ်လို့ဆိုတာတွေက မဆိုင်ပါဘူး၊ မင်းနဲ့ငါ ခင်တယ်၊ တို့နှစ်ယောက် ခင်မင်မှုမှာ ဘာအတားအဆီးရှိလဲ… ကဲ'

ဝိုင်ပြီးဟု ပြောချလိုက်သည်။

ဖော်ထွေးကတော့ ပြုံး၏။ လေးနက်သော အပြုံးများဟု နားလည်ထားလို့ရသည်။

'ကိုလတ်ရယ်၊ တိမ်မယောင်နဲ့နက်သလို ဖြစ်နေပါလား၊ ကိုလတ်နဲ့ငါက ယောကျ်ားလေး သူငယ်ချင်းလေ၊ ကိုလတ်ကို တစ်ခုမေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



မေးဆိုသည့်သဘောနှင့် ခေါင်းကို အသာညိတ်ပြလိုက်သည်။

'ကိုလတ် စပယ့်ကို ခင်တာလား၊ ချစ်တာလား'

အဖြေရ အရှမ်းခက်သွားသည်။

နှုတ်ကို အသာဆိတ်ထားမိ၏။

'ထားပါ၊ ခင်မင်တယ်ပဲထားပါ၊ ခင်မင်ရာကနေ အဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာမယ်ဆိုတာ စပယ် စဉ်းစားမိမှာပဲ၊ အဲဒီအခါကျ လူတန်းစားပြဿနာက ဝင်လာမယ်လေ၊ ကိုလတ်ရဲ့အခြေအနေကိုကြည့်ပြီး စပယ် သူ့ဘဝကို သူ သုံးသပ်မိမှာ အမှန်ပဲ၊ အဲဒါကြောင့် ကိုလတ်ကို မခင်ဝံ့ဘူးလို့ ပြောတာဖြစ်မှာပဲ'

တိကျသောအဖြေမဟုတ်။ ပြန်လည် စဉ်းစားရသောစကားဖြစ်သည်။ စဉ်းစားလေ ခေါင်းမှာ နောက်ကျိလေ ဖြစ်လာရ၏။

'ကိုလတ်ကိုယ်တိုင်က ခင်ပါမင်ပါ စကားသုံးပေမယ့် တကယ်တမ်းကျ စပယ်ရဲ့ ခင်မင်မှုကို ကိုလတ်က လိုလားတာမဟုတ်ဘူး၊ အချစ်ကို လိုလားတာ'

မှန်သောစကားဖြစ်သည်။

ငြင်းဆန်ရန် စကားလုံးဝမရှိ။ ဇော်ထွေးကို ရှက်ပြုံးတစ်ပြုံးလောက်တော့ ပြုံးပြမိသည်။ စပယ့်ကို တွယ်တာသည့်အဖြစ်နှင့် မြတ်နိုးသည့်အဖြစ်ကို ကိုယ့်ဘာသာ ကိုယ်သိသည်။ ကိုယ့်





အမြင်တစ်စွန်းတစ်စလောက်ကိုလည်း သူငယ်ချင်းနှစ်ယောက်ကို အရိပ်မြွက်လောက် ပြောပြထားဖူးသည်။

'အစွဲအလမ်းကို ဒီလောက်ထိ ပြင်းထန်လိမ့်မယ်လို့ တောင် မထင်ဘူး၊ စပယ် လှည့်ထွက်သွားတော့ လုံးဝလက်လွှတ်ဆုံးရှုံးသွားပြီလားလို့ အရှမ်းခံစားရတယ်၊ ကျောင်းလာကာနီး ထမင်းစားတော့ မေမေကတောင် တစေ့တစောင်း အကဲခတ်တယ်၊ သား ထမင်းစားနည်းလှချည်လားလို့ မေးတော့ ဘာပြန်ဖြေရမှန်းတောင် မသိဘူး'

ဇော်ထွေးကရယ်သည်။

အရယ်နှင့်အတူ အံ့ဩကြည့်ကပါ မျက်နှာပေါ်သို့ ရောက်လာ၏။

'အချစ်နဲ့ တွေ့ဆုံခြင်း စာတမ်းတစ်ခုကို အစပြုရင် ကောင်းမယ် ကိုလတ်'

ပြုံးပြလိုက်သည်။

ဆိုင်လူကျလာသဖြင့် ဆက်ထိုင်လိုစိတ်မရှိ။ လက်ဖက်ရည်ဖိုးနှင့် စီးကရက်ဖိုးရှင်းပြီး ထိုင်ရာမှ ထသည်။ နာရီကို ကြည့်တော့ ကလပ်စ်က ပြန်ဝင်ဖို့က စောသေး၏။ သိပ္ပံခန်းများဘက်လျှောက်ခဲ့သည်။

ခြေလှမ်းများက ဘာရယ်မဟုတ်။

မျက်လုံးများကြည့်မိကြည့်ရာ ကြည့်ဖြစ်သည်။

သိပ္ပံကင်တင်းဘက် လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆီချက်စားမလား ဖော်ထွေး'

ဖော်ထွေးက ခေါင်းခါသည်။ ခုပဲ လက်ဖက်ရည် သောက်ထားတာပဲဟု ပြန်ပြောသည်။ ဝင်မစားဖြစ်သော်လည်း မျက်လုံးကို ဝေ့ကြည့်လိုက်သည်။ ကင်တင်းထဲမှ အမျိုးသမီးနှစ်ယောက် ထွက်လာသည်။

မျက်လုံးဝိုင်းခနဲ ဖြစ်သွားသည်။

လူမှားနေပြီလားလို့ စူးစူးစိုက်စိုက်ကြည့်ပစ်သည်။ မျက်လုံးချင်း ဆုံသွား၏။

အုံ့ညြိရိပ်ကလေးများ လွှမ်းသော အပြုံးဖြင့် သူမက ခပ်လှဲ့လှဲ့ပြုံးသည်။

'စပယ်... စပယ်... ဟုတ်ပါတယ် စပယ်ပါ'

ဖော်ထွေးက ကျော်ကိုလတ်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

□ □ □

'ကိုလတ်'

မျှော်လင့်တောင့်တနေမိသော အသံ။

ပါးစပ်ကလေး လှုပ်ရုံ ပြုံးပြမိသော်လည်း မျက်ဝန်းမှာ ရီဝေနေသည့် ကိုယ့်အဖြစ်ကို ကိုယ်သာသိသည်။ စပယ်က မျက်လုံးကို ခပ်စူးစူးကြည့်ပြီး အနားလျှောက်လာသည်။ ခြေတစ်လှမ်း





မမှား၊ မျက်နှာအမူအရာတစ်ချက် မပျက်။ တည်ငြိမ်သော လှုပ်ရှားမှုမျိုးကို အေးဆေးစွာ လုပ်ဆောင်သည်။

'ကိုလတ် သိပ်ဝမ်းသာတာပဲ စပယ်၊ ခုလို တွေ့ရတာ ကိုလတ် သိပ်ဝမ်းသာတာပဲ၊ စတွေ့တုန်းကတည်းက ပြောသင့်တဲ့စကားကို စပယ် ကိုလတ်ကို မပြောဘူး'

စပယ်က ပြုံးလျက်သားဖြစ်နေသည်။

ကင်တင်းမှခွာပြီး သစ်ပုပ်ပင်ဘက် လျှောက်ဖြစ်ခဲ့ကြသည်။

ရင်မှာပျော်နေသည့် အဖြစ်ကြောင့် စပယ်နှင့်ဖော်ထွေးကို မိတ်ဆက်မပေးဖြစ်သေး။ ခုံတန်းကလေးနား အရောက်တွင်မူ စပယ့်သူငယ်ချင်း အနားမှ စတင်ခွာသည်။

'ကြူကြူက ကျောင်းလခ သွားသွင်းစရာ ရှိသေးတယ်လေ၊ ပြီးတော့ ကိုလတ်နဲ့စပယ့်ကို အမြင်တစ်မျိုးနဲ့ ရှောင်ပေးတဲ့ သဘောလား မသိဘူး'

ပွင့်လင်းလွန်းသော စကားကြောင့် စပယ့်မျက်နှာကို ဝင် မည်ကဲ့သို့ စတင်ကြည့်ရမှန်းမသိ ဖြစ်သွား၏။ စိတ်ကအကြောင်းအရာ တစ်ခုခုကို ပြေးပြေးလွှားလွှား စိုးရိမ်လိုက်ရသေးသည်။ ဖော်ထွေးများ ရှောင်ပေးသလို ခွာသွားလေမည်လား၊ သို့ဆိုလျှင် စပယ့်ကို အရမ်းအားနာဖို့ကောင်းသည်ကို ပြန်လည်ခြင်းစားမိ၏။ သို့သော်လည်း ဖော်ထွေးက နံဘေးမှ တည်တည်ငြိမ်ငြိမ်၊ ထသွားလျှင် ရုပ်ပျက်မည့်အခြေအနေကို ဖော်ထွေးတွေးမိလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



'စပယ်နဲ့မိတ်ဆက်ပေးရဦးမယ်'

'စပယ်က အပြုံးလဲ့လဲ့ကလေးနှင့် ခေါင်းငုံ့ကြည့်၏။

'သူက ကိုလတ်ရဲ့ အချစ်ဆုံးသူငယ်ချင်း ကိုဇော်ထွေး တဲ့၊ ကိုလတ်နဲ့ကလပ်စ်တူ၊ မေဂျာတူ'

'ဝမ်းသာပါတယ် ကိုဇော်ထွေး၊ စပယ့်ကိုတော့ သိနေမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုလတ်က စပယ့်အကြောင်းကို ပြောပြထားပြီး ဖြစ်နေမှာ မဟုတ်လား'

ဇော်ထွေးက ပြုံးသည်။ အပြုံးတွင် သိပ်ဟုတ်တာပေါ့ စပယ်ဆိုသည့်အသွင်သဏ္ဍာန်များ ပါဝင်နေ၏။

'စပယ့်ကို ကိုလတ်ကျောင်းမှာ တစ်ခါမှမမြင်ဖူးဘူး၊ စီးပွားဘက်လည်း ကိုလတ်လျှောက်တာပဲ၊ သိပ္ပံဘက်လည်း လျှောက်တာပဲ၊ ဒီနေ့မှ ထူးထူးခြားခြားပါ'

'စပယ်က သိပ်အပြင်မထွက်ဘူး ကိုလတ်၊ ကျောင်းနဲ့ အိမ်၊ အိမ်နဲ့ကျောင်းပဲ၊ ကျောင်းရောက်ရင်လည်း အခန်းထောင့် ကပ်ပြီး စာဖတ်နေတာ၊ ဒီနေ့ ခင်ခင်ကြူက ခေါ်လို့ ကင်တင်း ထွက်ဖြစ်တာ'

ဪ... ဟုဆိုပြီး စပယ့်မျက်နှာကို မဝံ့မရဲလှည့်ကြည့် မိသည်။ စပယ်ကမူ အေးအေးငြိမ်ငြိမ်။ အတူယှဉ်ထိုင်ရင်း ယောကျ်ားကလေးနှင့် ယှဉ်ထိုင်ဝံ့သော စပယ့်အကြောင်းကို တွေး နေမိ၏။

'ကိုလတ် စပယ့်အကြောင်းကို စဉ်းစားနေတယ် မဟုတ်





လား'

ရင်မှာဆတ်ခနဲ ဖြစ်သွား၏။ မဟုတ်ပါဘူးဟု ငြင်းဆန် နေကြစဉ်ဆဲတွင်...

'ကိုလတ်နဲ့ လိုက်လာတယ်၊ ခုံတန်းပေါ်မှာ ထိုင်တယ်၊ ခုံတင်းလွန်းတယ်ဆိုတဲ့ အတွေးစိတ်နဲ့ အထင်ကလေးတောင် သေး နေသေးနေမှာပါ'

တတ်သိနိုင်လွန်းသည်ဟု တွေးမိ၏။ သို့သော်လည်း စပယ့်ကို အထင်မသေးဖြစ်သည့် ကိုယ့်အဖြစ်ကိုတော့ ကိုယ်သာ သိသည်။

'ကိုလတ်နဲ့ လိုက်ထိုင်တာက နံဘေးမှာ ကိုဇော်ထွေး ပါလို့ပါ၊ ကိုဇော်ထွေးပါမလာရင် ဪ... ကိုလတ်ဆိုတဲ့ နှုတ် ဆက်စကားလောက်နဲ့ ပြီးဆုံးလိုက်မှာပါ'

ရင်မှာ မောနေသည့်အဖြစ်။

နှုတ်မှ မပြောဖြစ်သေးသည့် စကားလုံးများအတွက် လည်း ကျော်ကိုလတ် ကိုယ့်ကိုကိုယ် ဒေါသဖြစ်သည်။ ပြောဖြစ် သည်ဆိုပြန်တော့လည်း ဘာစကားကို ပြောရပါမည်နည်း။ ဆုံခွင့် ရသည်ကိုပင် ရင်မှာ ကျေနပ်စရာအဖြစ် လက်ခံလိုက်ရ၏။

'ကိုဇော်ထွေး...'

ကျော်ပြီး ခေါ်သည်။

'ဗျာ...'

ခပ်ယောင်ယောင်နှင့် ဇော်ထွေးက ထူးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဇော်ထွေးသူငယ်ချင်းက စပယ့်ကိုခင်တယ်တဲ့၊ ဒါပေမဲ့ စပယ်က ကိုလတ်ကို မခင်ဝံ့ဘူးလို့ ပြန်ပြောလိုက်တယ်လေ၊ အဲဒီအတွက် ကိုလတ် စပယ့်ကိုမကျေမနပ် ဖြစ်နေတယ်ဆိုတာ စပယ် နားလည်ပါတယ်'

'ခု ခင်သွားပြီ မဟုတ်လားဗျာ'

ဇော်ထွေးစကားက မိမိဘက်မှ ရပ်တည်မှုအပြည့်အဝ ပါနေ၏။ စပယ်က မျက်ဝန်းကလေးကို ဝိုင်းစက်စက်လုပ်ပြီး ဇော်ထွေးကို လှမ်းကြည့်သည်။

'ဟင့်အင်း… သိတာပါ'

'ဗျာ…'

'ခင်တာနဲ့ သိတာ မတူဘူးလေ၊ အသိတစ်ယောက်နဲ့ လမ်းမှာတွေ့ရင် ရပ်စကားပြောလေ့ရှိတတ်ကြတယ်၊ ဒါက သဘာဝမဟုတ်လား'

'ခုထိုင်ပြီး စကားပြောတယ်လေ'

'ဪ… ကိုလတ်ရယ်'

စပယ်က အသံကလေး ထွက်အောင် ရယ်၏။ ရယ်သံသည် ကုံကော်ရွက်ကလေးများ လှုပ်ခတ်သံနှင့်ရောထွေးသွားသည်။ ကိုလတ်နဲ့ကိုဇော်ထွေး စပယ်သွားဦးမယ်နော်ဆိုသည့်အချိန်အထိ ငေးမောနေ မင်တက်နေရသည့်အဖြစ်။ ထွက်ခွာသွားသော ကျောပြင်ကိုကြည့်ပြီး ရွက်ကြွေတောမှာ စပယ့်ကို ပျောက်ဆုံးသွားရသည်သို့ ခံစားလိုက်ရသည်။ စပယ်ဟု လှမ်းမခေါ်ဖြစ်လိုက်သည့် ကိုယ့်ပါးစပ်ကိုပင် အသည်းဆတ်လောက်အောင် နာကျင်နာကြည်းသွားမိ၏။

'ဦးနှောက်မှ ကောင်းရဲ့လားမသိဘူး'

ယင်းစကားကို ရယ်ပြီး ဇော်ထွေးကပြောသည်။

ထိုင်ခုံတန်းမှ မထဖြစ်သေးဘဲ ပင့်သက်ကိုမှုတ်ထုတ်လိုက်၏။ မျက်ဝန်းအကြည့်က သစ်ပုပ်ပင်ကြီးဆီသို့ ရောက်နေသည်။

'တစ်မျိုးကြီးပဲ'

'စပယ်လား ကိုလတ်'

'အင်းလေ'

'စပယ် ကိုလတ်ကို စိတ်ဝင်စားပါတယ်'

'ဟင်…'

အံ့သြစွာ လှည့်ကြည့်မိသည်။

'ဘယ်လိုအထောက်အထားများ တွေ့လို့လဲ ဇော်ထွေးရာ'

'အဲဒါကိုတော့ ဘယ်လိုပြောရမှန်း မသိဘူး၊ အနီးစပ်ဆုံး နားလည်လို့ရတာကတော့ စပယ့်မျက်လုံးတွေမှာ အကြင်နာရိပ်တွေရောယှက်သန်းနေသလို ထင်ရတယ်၊ ဒါပေမဲ့ ကိုလတ်တို့ရဲ့ ဥဿအရှိန်တွေက စပယ့်နှလုံးသားကို ချောက်ချားနေတယ်'

'အချစ်မှာဂုဏ်တို့၊ ပကာသနတို့ မရှိပါဘူး ဇော်ထွေးရာ'





ရွှေထီးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ကိုလတ်ရယ်၊ ကိုလတ်မှာ မရှိပေမယ့် အန်တီတို့မှာ ရှိမှာပါ၊ ကိုလတ် ဘွားဘွားမှာ ရှိမှာပါ၊ ဘာပဲဖြစ်ဖြစ် ကိုလတ်ကို ဘယ်လောက်ပဲ ချစ်ချစ် ကိုလတ်ချစ်တဲ့မိန်းကလေးက ကိုလတ်တို့အခြေအနေနဲ့ အရမ်းကွာဟနေရင်တော့ အန်တီက ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး၊ အဲဒါတော့ ကိုယ်ယုံကြည်တယ်'

ရှင်သန်စ အချစ်သည် ပိန်လှီဖျော့တော့သွားရသည်။ မျက်စိမှာ ဘွားဘွားမျက်နှာနှင့် မေမေ့မျက်နှာကို ပြေးမြင်ယောင်သည်။ ဟိုးအရင်ညက မိသားစု စကားဝိုင်းတွင် အရယ်လို အတည်လိုနှင့် ပြောသွားသော မေမေ့စကားတစ်ခွန်းကိုပါ နားမှာ ကြားယောင်လာပြန်၏။

'သားသားနော်၊ ဆွေဂုဏ်မျိုးဂုဏ် မိဘဂုဏ်ကို ထိန်းသိမ်းပါ'

'ဘာဖြစ်လို့လဲ မေမေ'ဟု ပြန်မေးခဲ့သည်။ မေမေက ရယ်သလို မောသလိုနှင့် ဘွားဘွားကိုကြည့်ပြီး…

'မေမေ့မြေးက ခုတစ်လော နောက်ပိုးတတ်နေတယ် မေမေရဲ့ ကျွန်မ သဘောမကျနိုင်တဲ့သူမျိုးနဲ့ဆိုရင်တော့ ဘယ်လောက်ချစ်ချစ် အမွေဖြတ် သေခန်းပြတ်ပဲ'

သည်သို့ မေမေ ပြောခဲ့ဖူးသည်။

တွေးမိမှ ကြက်သီးမွေးညင်းကလေးများ ဖြတ်ခနဲ ထလာ၏။ ပြောသလို လုပ်တတ်သော မေမေ့ စိတ်ဓာတ်ကိုလည်း





စဉ်းစားမိသည်။

'ဘယ်လိုလုပ်ရမလဲကွာ'

'ဘယ်လိုမှမလုပ်ပါနဲ့ ကိုလတ်ရာ၊ မချစ်တာ အကောင်းဆုံးပေါ့'

အရယ်စကားနှင့်ဆိုပေမယ့် ရှင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။ သေရမည်ထက် စည်းစိမ်ဥစ္စာ မခံစားရမည်ထက် စပယ့်ကိုမချစ်ရမှာကို ကြောက်သည်။

ဇော်ထွေးကို စကားတစ်ခွန်းကိုတော့ ပြတ်ပြတ်သားသား ပြောလိုက်မိသည်။

'ငါ စပယ့်ကိုမချစ်ဘဲ မနေနိုင်တော့ဘူးကွာ'

ဇော်ထွေးက အသံကလေးထွက်အောင် ရယ်လိုက်ချေ၏။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

ဆန္ဒလုံးဝကိုမရှိ။

မေမေက မျက်စောင်းတစ်ချက် ဝင့်လိုက်သည်နှင့် သည်ကကောင် ရေချိုးခန်းဝင် အဝတ်အစားလဲပြီး ဆိုဖာဆက်တီပေါ် ခပ်ငူငူ ထိုင်ရသည်။ ထိုင်ရင်းမျက်လုံးများက ဖော်မီကာ စားပွဲပေါ်မှ အထုပ်ကြီးဆီရောက်သွားသည်။ သည်အထုပ်ကြီးကို မေမေ ဘယ်တုန်းက ထုပ်လိုက်၍ အထဲမှာ ဘယ်လိုပစ္စည်းတည် ရှိနေမှန်း ကျော်ကိုလတ် မသိ။ အဝါရောင်ဖဲပြားနှင့် ချည်နှောင်ထားပြီး အောက်ခံစာရွက်တွင် သမီးသဲမာအတွက်မွေးနေ့လက်ဆောင်ဆိုသည့် စာတမ်းကိုပင် မေမေသည် မည်သူ့ကို ရေးခိုင်းထားမှန်းမသိ၊ လက်ရေးကတော့ ပန်းချီလက်ရေးဖြစ်သည်။

'ဂျမ်း...'

နံဘေးတွင် တံမြက်စည်းလှည်းနေသော ဂျမ်းကို တီးတိုးခေါ်သည်။



'ဘာလဲ... ကိုကိုလတ်'

'အဲဒီအထုပ်ကြီးထဲမှာ ဘာတွေလဲဟ'

'ဟင်... ကိုကိုလတ်မသိဘူးလား'

'မသိလို့မေးတာပေါ့၊ နှင့်ကို ကွက်ရှင်ထုတ်လိုက်ရင် အန်ဆာက ဘယ်တော့မှ ပြန်မလာဘူး၊ ကွက်ရှင်က ပြန်ထုတ်လိုက်တာပဲ၊ တော်တော် စိတ်မရှည်ဖို့ကောင်းတယ်'

ဂျမ်းက ခစ်ခနဲ ရယ်၏။

'အဲဒီအထဲမှာ ဝမ်းဆက်ကို ခြောက်ရာတန်တဲ့ အထည်စတွေပါတယ် ကိုကိုလတ်ရဲ့၊ ဦးသော်ကို မေမေလတ် အထုပ်ထုပ်ခိုင်းရင်း ပြောနေတာကြားတယ်၊ လှတာမှ တအားပဲ ကိုကိုလတ်ရာ၊ မွေးနေ့တို့၊ မင်္ဂလာဆောင်တို့ဆိုတာ လက်ဖွဲ့ပစ္စည်း လက်ဆောင်ပစ္စည်းလိုချင်လို့ လုပ်ကြတာ၊ သူများပစ္စည်းကို လိုချင်မျက်စိရှိကြတာ'

'ဟုတ်တယ်နော် ကိုကိုလတ်'

'သိပ်ဟုတ်တာပေါ့ဟာ၊ ဒီအိမ်မှာ မေမေ့ထက် ဘွားဘွားက ပညာတတ်တယ်၊ ငါ့ထက်မေမေက ပညာတတ်တယ်၊ ပြီးတော့ နှင့်ထက်ငါက ပညာတတ်တယ်၊ သွားတော့... ငါ ပြောတဲ့စကားက ဟုတ်ကိုဟုတ်တယ်'

ဘာရယ်တော့မသိ၊ ဂျမ်းကလည်း ခေါင်းတညိတ်ညိတ်။ ကော်သင်ညိုခေါင်းသည် မေမေ့ဧည့်ခန်းထမှထွက်လာမှ အညိတ်

www.burmeseclassic.com



ရပ်သွားတော့၏။

'သား... သွားမယ်'

ထိုင်နေရာမှ ထရသည်။ နံရံကို လှမ်းကြည့်တော့ ကား ရပ်သံကြားရ၏။ ဦးသော် မောင်းပို့မည်ကိုစိတ်က သိလိုက်သည်။

ဘာဂျာတံခါးကို ဆွဲဖွင့်ပြီး ထွက်မည်အပြုတွင် မေမေ က...

'ဂျမ်း... မေမေကြီးကို ပူတင်းဖုတ်ပေးလိုက်နော်။ ကြက်ဥတွေ ကြောင်အိမ်ထဲမှာရှိတယ်'

'ဟုတ်ကဲ့ မေမေလတ်'

ဂျမ်းက လက်ဆောင် အထုပ်ကြီးကို ကားပေါ်တင် သည်။ မေမေက နောက်ခန်းဝင်ပြီး ကျော်ကိုလတ်က ရှေ့ခန်းမှာ ထိုင်လိုက်သည်။ ဩော်... လမ်းလျှောက်သွားရင် ခြေလှမ်းနှစ်ရာ လောက်သာ လှမ်းရမည့်နေရာ၊ မေမေတို့ကတော့ ကိန်းခန်းကြီး ပါ၏။

အခုမှ မဟုတ်ဘဲကို...။

ဆတ်စလူးက မဟားတရားကြီးကို ခါနေသည်။ ကြည့် ရတာ ဘယ်လိုမှ အချိုးမပြေ။ ဝတ်ထားသည့်အရောင်အသွေး က အပူရောင်တွေ၊ မျက်နှာမှာ မှုန်းထားသည့် နံ့သာမိတ်ကပ် များကလည်းအေးချမ်းမှု တစ်ခုမှမပါ။ သဲမာကိုကြည့်ရသည်မှာ ကန္တာရအလယ်မှ ကျောက်တုံးဖြူတစ်လုံးကို ကြည့်ရသည်နှင့် ပူလောင်လွန်းလှသည်။ အန်တီခိုင်သဇင်က သမီးကိုလက်ဆွဲပြီး





အမေနှင့်ဆုံပေးသောအခါ သဲမာတစ်ကိုယ်လုံး လှုပ်ယမ်းနေ၏။ အမေ့ကိုခေါ်သည့် အန်တီဆိုသည့်အသံသည် နားမှာလျှံတက်နေ သည်။

'သမီးကို မိတ်ဆက်ပေးရဦးမယ်'

မေမေက အရယ်စကားနှင့်ဆိုပြီး လှည့်ကြည့်သည်။ ခေါင်းကို အသာငုံ့ထားဖြစ်၏။

'ဒါက အန်တီ့သား၊ သဲမာနဲ့သိကြ ကျွမ်းကြတယ် ဆို...'

ဆတ်ခနဲမော့ကြည့်လိုက်၏။

သဲမာနှင့်အကြည့်ချင်းဆုံသွားသည်။ သဲမာမျက်နှာတွင် အပြုံးရိပ်ကလေး ဖြတ်ခနဲ ထင်သွား၏။

'ဟုတ်ပါတယ် အန်တီ၊ သဲမာနဲ့ကိုကိုလတ်က သိ ဟောင်းကျွမ်းဟောင်းပါ'

အရင်းနှီးဆုံးသော စကားပုံစံကို ဆိုသည်။ တအံ့တဩ နှင့် လှမ်းကြည့်မိသည်။ သဲမာက ပြုံးနေ၏။ ညွှဲသည်ကို ရန်သူ လိုသတ်မှတ်ရန် မသင့်ဆိုသည့် ဟန်ဆောင်အပြုံးလား၊ သို့မဟုတ် မေမေပေးအပ်သည့် လက်ဆောင်ပစ္စည်းများကြောင့်လားဟု တွေး မိသည်။

ပြီးတော့ သဲမာသည် 'ကိုကိုလတ်' ဆိုသည့် နာမည်ကို ရင်းနှီးစွာသုံး၏။

ခပ်မဆိတ်နေလိုက်ရသော်လည်း စိတ်မှာကြည်လင်မှု



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ စားပွဲတွင် ထိုင်ဖြစ်သောအခါ သဲမာကိုယ်တိုင် အုန်းနို့ခေါက်ဆွဲပြင်ပေးသည်။ ပြီးတော့ ဝိုင်းမှာ ဝင်ထိုင်သည်။ ဧည့်သည်များ နောက်ရောက်လာသည့်အခါတွင်မူ သဲမာသည် ထိုင်ရာမှထပြီး မိတ်ဆွေများကို အပြေးကလေး နှုတ်ဆက်ရသည်။ လက်ဆောင်ပစ္စည်းများ လက်ခံယူနေချိန်တွင် သဲမာ၏ မျက်နှာသည်ပိုမို၍ ချိုမြနေသည်ဟု ကျော်ကိုလတ်တွေးသည်။ သည့်နောက်မှာ သဲမာသည်စားပွဲသို့ ပြန်ပြန်လာတတ်၏။

'မေလတ်ကို နိုင် အပွင့်တစ်ပွင့်ပြချင်လို့၊ ကိုကို့ကို သူ့မိတ်ဆွေတစ်ဦးက ကျောက်လက်ဆောင်ပေးသွားတာ၊ နိုင်ကလည်း ကျောက်ဆို ကျောက်နဲ့တွင်းထွက်ကို ကွဲပြားအောင်တောင် ကြည့်တတ်တာမဟုတ်ဘူး'

ရယ်ရင်းပြောသည်။

'အနီလား… အပြာလား နိုင်ရဲ့'

'အနီပွင့်… မေလတ်၊ ကိုကိုကလည်း ပေးတဲ့လက်ဆောင်ကို ကိုင်ပြီး ဘယ်လောက်တန်တယ်မှန်း မသိဘူးဖြစ်နေတယ်'

အန်တီနိုင်သဇင်က သူ့ခင်ပွန်းကို မေးငေါ့ပြရင်း ပြောသည်။ အန်ကယ်ဦးစောနောင်ကို ပင်လယ်ကမ္ဘီးပင်အောက်စားပွဲတွင် ယောကျ်ားဧည့်သည်များနှင့် တွေ့ရ၏။ ဦးစောနောင်က လှမ်းကြည့်ပြီး လက်ကိုမြှောက်ပြသည်။ လာသည်ကိုသိသည် ဆိုသည့်သဘော။ နှုတ်ဆက်သည်ဆိုသည့်သဘော။



'ကြည့်ရအောင်လား နိုင်'

မေမေကလည်း မိုးကုတ်သူပီပီ ကျောက်ဆိုလျှင် စိတ်ဝင်စားသည်။

'တိုက်ထဲသွားရအောင် မေလတ်၊ သားနဲ့သမီးကတော့ စကားပြောနေကြဦးနော်'

ထိုင်ရာမှ ထသည်။ တိုက်ထဲကို ဝင်သွားသည်အထိ ကျော်ကိုလတ်သည် မေမေနှင့် အန်တီနိုင်သဇင်ကို အငေးသား ကြည့်ကျန်ခဲ့သည်။

'ကိုကိုလတ်…'

ခေါ်သံကြောင့် တွန့်ခနဲ ဖြစ်သွားသည်။

'လန့်သွားသလား ကိုကိုလတ်ရဲ့'

'မလန့်ပါဘူး၊ ယဉ်ကျေးသိမ်မွေ့လွန်းလို့ အံ့သြနေတာပါ'

သဲမာက အသံထွက်အောင်ရယ်၏။

'ရန်သူတွေမှ မဟုတ်တော့ဘဲ ကိုကိုလတ်ရယ်၊ မာမီက အန်တီ့အကြောင်းတွေ ပြောပြတယ်၊ သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေတဲ့၊ တက္ကသိုလ်မှာ ကျောင်းပြီးတဲ့အထိ တစ်ဆောင်တည်းနေခဲ့ကြတာတဲ့၊ မာမီနဲ့ကိုကိုလတ်မေမေက အချစ်ဆုံးသူငယ်ချင်းဖြစ်နေမှတော့ ကိုကိုလတ်နဲ့သဲမာကလည်း ရန်သူမဖြစ်သင့်တော့ဘူးပေါ့'

အလံဖြူကတော့ တလူလူလွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သဲမာရှိုင်းစိုင်းခဲ့တာတွေပါရင် ကိုကိုလတ်ကို သဲမာ တောင်းပန်ပါတယ်'

ပင့်သက်ကို အသာချလိုက်သည်။

ကျေးအေးသည့် အသွင်သဏ္ဍာန်များကို မျက်နှာရိပ်နှင့် တော့ ပြမိ၏။ သဲမာက မျက်လုံးညိုကြီးများနှင့်ကြည့်ပြီး လက်တွင်ကိုင်ထားသည့် အိတ်အညိုလေးကို ဖွင့်သည်။ ဖြူနုသော လက်ချောင်းနှင့် ငါးသုံးလုံး စီးကရက်တစ်လိပ်ပါလာ၏။ ကိုကိုလတ်အတွက် သဲမာ သီးသန့် စီစဉ်ထားတာပါဟု ပြောသည်။

'ကိုယ်ပါလာမယ်လို့ သဲမာက အတပ်သိထားတယ်ပေါ့'

'ဩော်... ကိုကိုလတ်ရယ်၊ အန်တီနဲ့မာမီ ဖုန်းစကားပြောရင် သဲမာက အနားမှာရှိတာပေါ့၊ မာမီက သားတော်မောင်ကိုဆက်ဆက်ခေါ်လာရမယ်နော်လို့ ပြောတယ်၊ အန်တီက စိတ်ချပါ၊ ပါလာရစေမယ်လို့ပြောတယ်၊ အဲဒီကတည်းက ကိုကိုလတ်ပါလာရမယ်ဆိုတာ သဲမာ သိပြီးသား'

ပြုံးတော့ပြုံးပြမိသည်။ သဲမာနှင့်ကျောင်းအကြောင်း၊ တခြားအကြောင်းများပြောရင်း ချစ်သဲကြီးကို ဘာလို့မခေါ်လာတာလဲဟု ရယ်ပြီးမေးသည်။

'ခု မွေးနေ့ပွဲက သဲမာရဲ့မွေးနေ့ပွဲလေ၊ ခွေးမလေး မေရီရဲ့မွေးနေ့မှမဟုတ်ဘဲ၊ ဒီတော့ ချစ်သဲကြီး ဘယ်ပါလာမလဲ'

ကိုကိုလတ်ကလဲဟု သဲမာကပြောရင်း မျက်လုံးများက ခြံအဝင်လှသွားလမ်းလေး ရှိရာသို့ ရောက်သွားသည်။





'ကိုကိုလတ်... ပလိစ်နော်'

သဲမာက ကပျာကယာ ထသွားသည်။ ဝင်လာသည့်လူကို သဲမာက ပျာပျာသလဲ ခရီးဦးကြိုပြုသည်။ ဖလဲဘောင်းဘီပွကို အနက်နှင့်အဖြူရောင်ပါသည့် အင်္ကျီနှင့် တွဲဖက်ဝတ်ထားသည်။ လက်ကောက်ဝတ်တွင် ပတ်ထားသည့်နာရီက သော့သီးသုံးလုံးပါ ကျွဲခေါင်းနာရီ။ မြင်ကတည်းက သဘော်သားမှန်း သိသာသည်။

သဲမာကခေါ်လာသည်။ ကိုကိုလတ်နဲ့မိတ်ဆက်ပေးမယ် ဆိုပြီး မျက်နှာကိုလှမ်းကြည့်၏။

'ပီတာ ဒါ ကိုကိုလတ်တဲ့ သဲမာရဲ့မိတ်ဆွေ'

ပီတာက လက်ကိုဆန့်တန်းသည်။ မကောင်းတတ်လွန်းသဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ရသော်လည်း ကျွမ်းဝင်လိုစိတ်လုံးဝမရှိ။ မိမိကိုကြည့်သည့် ပီတာ၏မျက်ဝန်းတွင် အထင်မြင်သေးလိုမှုများ ပါဝင်နေသည်ကို သတိပြုမိသည်။ ဝတ်ဆင်ထားသည့် နံ့သာရောင်တိုက်ပုံ၊ ရခိုင်လုံချည်အနီကွက်နှင့် မိမိပုံပန်းသဏ္ဍာန်ကို ပီတာ မည်သို့မျှ အထင်တကြီး ရှိလိမ့်မည်မဟုတ်ဟု တွေးမိ၏။

အထင်မြင်သေးသော အသွင်သဏ္ဍာန်များကို ရစ်သိုင်းပြီး လက်ဆောင်ဘူးကလေးကို ဖွင့်သည်။

'ဟယ် နာရီလေးက လှလိုက်တာ ပီတာရယ်'

သဲမာက လိုချင်စိတ်ကို ဟန်မဆောင်နိုင်၍ ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆွေ့ဆွေ့ခုန်သည်။

ကျော်ကိုလတ်ဘက်သို့လည်း လှည့်ကြည့်ပြီး ပီတာက နိုင်ငံခြားသဘော်သားလေ ကိုကိုလတ်ရယ်ဟု ဆို၏။

'သဲမာမွေးနေ့မှာ ဒီနာရီကလေးပေးရတာ စိတ်မှာ အားမရပါဘူး သဲမာ၊ နောက်များ ကြုံကြိုက်မယ့် မွေးနေ့တွေမှာ သဲမာ ဒီထက်ပိုပြီး စိတ်ချမ်းသာစေရပါစေ့မယ်'

သဲမာက ပြုံးနေ၏။

ပီတာက ကျော်ကိုလတ်ဘက် လှည့်ကြည့်ပြီး…

'ဒီတစ်ခေါက် တက်ရင်တော့ ကားပါလာမှာပါ၊ ဆိုင်ကယ်စီးနေရတာကို စိတ်မှာ အောက်တန်းကျတယ်ထင်နေတာ၊ ဒါပေမဲ့လေ ကိုယ်စီးနေတဲ့ ဆိုင်ကယ်ကလည်း နောက်ဆုံးပေါ် ဈေးအမြင့်ဆုံးပါ'

ကျော်ကိုလတ် ပင့်သက်ကို ချလိုက်သည်။ ယောကျ်ားတစ်ယောက်၏ ကြွားဝါတတ်ခြင်းများကို မျက်မြင်ကိုယ်တွေ့ ကြုံဆုံနေရ၏။ အစကတော့ ကြွားဝါခြင်းအလုပ်ကို မိန်းမများ လုပ်သည်ဟု ယုံကြည်ခဲ့သည်။

သဲမာကမူ ကျော်ကိုလတ်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။

မေမေနှင့် အန်တီခိုင်သဇင် ပြန်ရောက်လာသည်။

သဲမာက ပီတာရောကနေတယ် မာမီဟုဆိုသောအခါ အန်တီခိုင်သဇင်က ပြုံးရုံသာ ပြုံးပြ၏။

'မေလတ်သာ အဖိုးဖြတ်မပေးရင်တော့ ခိုင်တော့ ဘယ်





လောက်တန်ဖိုးရှိမှန်းတောင် သိမှာမဟုတ်ဘူး'

'နောက်ဆိုရင် ကိုယ်တောင် လာဖို့မလိုပါဘူး မိခိုင်သားကို လွှတ်လိုက်မယ်'

'သားတော်မောင်က ကျောက်အကြောင်းကို ကောင်းကောင်းနားလည်နေပြီလား'

'ကျွမ်းကျင်အဆင့်တစ်လေ၊ မိခိုင်က စိန်ထုတ်ပြရင် ဥဿဖ(ပ)ားပြောလိမ့်မယ်၊ ပတ္တမြားပြလိုက်ရင် ကျောက်နီလို့ ပြောလိမ့်မယ်'

မေမေ၏အရွှန်းအပြက်စကားကြောင့် အန်တီခိုင်သဇင် နှင့် သဲမာက အသံကလေးထွက်အောင် ရယ်သည်။ ပီတာကမူ ခပ်ကြောင်ကြောင် ကြည့်နေ၏။

'ဒါနဲ့စောစောက ကိုယ်ပြောတဲ့စကားကို နောက်နေ့ကျ မေလတ်လိုက်ကြည့်မှာလား'

'ကြည့်မယ်လေ၊ မိခိုင်ပြောတဲ့ဈေးကတော့ အရမ်းများတယ်ကွ၊ သားတစ်ယောက်နဲ့မုဆိုးမက ဘယ်လိုလုပ် ဝယ်နိုင်မှာလဲ'

အန်တီမေခိုင်က ပခုံးနှစ်ဖက်တွန့်ပြီး လျှာကလေးထုတ်ပြသည်။ မယုံရေးချ မယုံဆိုသည့်သဘော။

'ယုံရမယ်ကွာ အားကြီးကြီး၊ သိန်းငါးဆယ်လောက် ချမ်းသာတဲ့လူကများ သုံးလေးသိန်းတန် ကားကိုများဘယ်လို ပြောရက်တယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် အန်တီခိုင်သဇင်ကတော့ ရယ်ကြသည်။ ကျော်ကိုလတ် ပီတာ့ကို မသိမသာ ခွေစောင်းကြည့်လိုက်၏။

စကားဝိုင်းတွင် ပီတာအသံ တိတ်သွားသည်။ ကုပ်ချောင်းချောင်းဖြစ်သွားသော အသွင်သဏ္ဍာန်ကိုကြည့်ပြီး ကျော်ကိုလတ်စိတ်မှာရယ်ချင်နေမိ၏။

ပြန်ရန်ပြင်ဆင်ပြီး နှုတ်ဆက်သောအခါ ပီတာက ကျော်ကိုလတ်ကု မချိုသွားဖြဲ ရယ်ပြ၏။ ခြံဝထိ အန်တီခိုင်သဇင်နှင့် သဲမာ လိုက်ပို့သည်။

ကားပေါ်တက်ကာနီးမှ သဲမာဒက်ဒီ အပြေးကလေး ရောက်လာပြီး…

'မေလတ်… ဆောရီးနော်၊ ဝိုင်းမှာ ညွှန့်သည်က စကားမပြတ်ဘူး'

'ရပါတယ် ကိုစောရဲ့၊ မိခိုင်နဲ့သမီးက ညွှန့်ဝတ်ကျေပွန်နေပြီပဲဟာ'

လက်ပြနှုတ်ဆက်သည်။ ကားဘီးလိမ့်သည်ထိ သဲမာက မျက်လုံးညိုကြီးများနှင့် ကြည့်သည်။ ပြန်ကာနီးမှ ရင်ဖိုလိုက်ရသည့် ကိုယ့်အဖြစ်ကို ကျော်ကိုလတ် အံ့ဩလိုက်ရသည်။





(၁၁)

အမေသုန် နေထိုင်မကောင်းသည့်သတင်းကို ဖော်ထွေးက ဖုန်းဆက်ပြောသည်။ ဖုန်းထဲတွင် အမေသုန်အတွက် အသီးနဲ့ ငယ်ဖို့ပင် ခက်ခဲကြောင်းနှင့် သူငယ်ချင်း ကူညီပါဦးဆိုသည့် အသနားခံသည့်အသံသည် လွှိုက်မောနေသည်ဟု ကျော်ကိုလတ် ထင်မိ၏။

ကားသော့ကို နံရံမှလှမ်းယူသည်။ ကားနားရောက်မှ အိတ်ကပ်ကို ကြည့်ဖြစ်၏။ အိတ်ထဲမှာ ရာဂဏန်းပြည့်အောင်ပင် ပေါ၊ အိပ်ခန်းပြန်ဝင်ပြီး ဗီရိုဖွင့်သည်။ မေမေမသိအောင် ဘွားဘွားက လက်သိပ်ထိုးပေးထားသော ငွေတစ်ထောင် ရာစည်းမပျက်ရှိသည်။ ကျပ်တန်ရာအုပ်တစ်အုပ် ဆွဲယူလိုက်သည်။

အိပ်ခန်းမှ ပြန်အထွက်တွင် မေမေနှင့်တန်းတိုးသည်။

'သား… ဘယ်သွားမလို့လဲ၊ ရေးကြီးသုတ်ပြာနဲ့'

www.burmeseclassic.com

www.burmeseclassic.com



စကားနှင့်အတူ ရှုးစမ်းသောအကြည့် ဒိုင်းခနဲရောက်လာ၏။

'ဖော်ထွေးအမေ အရမ်းနေမကောင်းဖြစ်နေတယ် မေမေ၊ စောစောက ဖုန်းဆက်တယ်'

မေမေက ခေါင်းကို ဆတ်ခနဲညိတ်သည်။ ခွင့်ပြုသည်ဆိုသည့်သဘော ပါဝင်၏။ ကားပေါ် အပြေးကလေးတက်ပြီး မောင်းထွက်ခဲ့သည်။ ဖော်ထွေးတို့အိမ်ရောက်တော့ အမေသုန်ကို ပက်လက်ကလေး တွေ့ရသည်။

'ဆေးခန်းမပြဘူးလား ဖော်ထွေးရာ'

ဖော်ထွေးက နှုတ်ကို ဆိတ်ထားသည်။

'အန်တီဒေါက်တာ မေဇော်ကို မင်းလည်းသိထားတာပဲဟာ၊ အန်တီ ကိုလတ်ရှင်းလိမ့်မယ်လို့ ဆိုလိုက်ရင် ကိစ္စပြီးတာပဲ၊ ဒီလောက်တောင် မင်းပါးစပ်က မထွက်နိုင်ဘူးလား'

ကရုဏာ ဒေါသမှန်းသိလိမ့်မည်။

စကားကို ရှေ့ဆက်မဆိုဘဲ အမေသုန်ကို ကားပေါ်ထွေ့တင်သည်။ အန်တီမေဇော်ဆီရောက်တော့ အမေသုန်အမောဖောက်နေ၏။

စမ်းသပ်ပြီး ကြောင့်ကြမှုမရှိပါနဲ့ ကိုလတ်ရယ်ဟု အန်တီမေဇော်က အပြုံးနှင့်ဆိုသည်။ သို့သော်လည်း စိတ်မှာမချင့်မရဲအက်ဂျက်ရှင်း လုပ်ပြီးပြီးချင်း အမောငြိမ်လာသည်ကိုတော့ သတိပြုမိသည်။ နောက်နေ့ လာခဲ့ဦးပေါ့ဟုဆိုပြီး အန်တီ ဒေါက်



တာမေဇော်က ဆေးအချို့နှင့် ဆေးစာရေးပေးသည်။

အိမ်ရောက်တော့ အမေသုန် ဝေဒနာ သက်သာလာသည်။

'ကိုလတ်ရယ်... အမေဖြစ်လာရင် ငါခြေမကိုင်မိလက်မကိုင်မိပဲ၊ ငါ့ဘဝကို အနားလည်ဆုံးနဲ့ အညှာတာဆုံးဆိုလို့လည်း ကိုလတ်ပဲရှိတယ်၊ ငါနဲ့သူငယ်ချင်းဖြစ်ရတာ ကိုလတ်အတွက် နာပါတယ်'

'မဆိုင်ပါဘူးကွာ၊ သူငယ်ချင်းဆိုတာ ဒုက္ခကိုမျှဝေခံစားရမှာပဲ၊ ငါ့ရဲ့ကူညီမှုက မင်းဘဝအတွက်ကြီးမားချင် ကြီးမားနေပေမယ့် ငါ့အတွက် ဘာမှ မထောင်းတာပါဘူး၊ အစကလည်း ငါ မင်းကို ပြောထားသားပဲ၊ အမေသုန့်ကျန်းမာရေးအတွက် ဒါနကို ငါယူမယ်လို့'

ကျပ်တန်တစ်ရာအုပ်ကို ကမ်းပေးသည်။ လှမ်းယူနေသည့် ဖော်ထွေးညာလက် တုန်ယင်နေသည်ကို သတိပြုမိ၏။

'စီးပွားရေးကြောင့် ပညာရေးမှာ စိတ်ဓာတ်မကျပါနဲ့ ဖော်ထွေးရာ၊ မင်းနံဘေးမှာ ငါ တစ်ယောက်လုံးမားမားမတ်မတ်ကြီးရှိပါတယ်၊ အားမငယ်ပါနဲ့'

'ကိုလတ်စကားတွေက ကိုယ့်အတွက် အင်အားတွေပါဆိုလတ်ရာ၊ ကျေးဇူးတွေကို ရင်မှာ အမြဲထားတယ်'

ကျော်ကိုလတ် ခေါင်းကို ညင်သာစွာခါသည်။

'မလိုဘူးဖော်ထွေး၊ သူငယ်ချင်းကောင်းဆိုတာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ရှိရမှာပေါ့၊ ငါ့နေရာမှာ မင်းဖြစ်ပြီး မင်းနေရာမှာ ငါခံစားနေရမယ်ဆိုရင်လည်း မင်းလက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

'မှန်သော သစ္စာစကားပါ ကိုလတ်ရာ'

ရင်မှာချမ်းမြေ့ရသည်။ ဇော်ထွေးက အေးချမ်းသောအပြုံးကို ပြုံးသည်။ အမေသုန့်လက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး အမေသုန် ကျွန်တော် ပြန်ဦးမယ်ဟု ဆိုသောအခါ အမေသုန်က လျော့ရဲသောအပြုံးနှင့် ခေါင်းညိတ်ပြ၏။

ကားပေါ်တက်သည့်အထိ ဇော်ထွေးနံဘေးမှ ပါလာသည်။

'ကိုလတ်'

တီးတိုးခေါ်သည်။

'စပယ်နဲ့တွေ့သေးလား'

'ဟင့်အင်း'

'စပယ် ကိုလတ်ကို မချစ်ဝံ့တဲ့အကြောင်းတစ်ခုကို ကိုယ်ရထားပြီ'

'ဘယ်… ဘယ်လို'

'နက်ဖြန် ကျောင်းကျမှ ပြောပြမယ်'

'ခုပြောကွာ'

'ဖြည်းဖြည်းပေါ့ ကိုလတ်ရာ၊ အေးအေးချမ်းချမ်း ပြောရမယ့်စကားကို ကတိုက်ကရိုက်ကြီးပြောလို့ ဘယ်ကောင်းမလဲ။



တစ်ညလေးစောင့်လိုက်ပါဦး'

မျက်မှောင်ကြုတ်ပြီး ခွီးဟု ဆဲဖြစ်သည်။ ဇော်ထွေးက ပြုံးရင်း ကျန်ရစ်ခဲ့သည်။ ဘာမဆို အေးတိအေးစက်လုပ်တတ် ပြောတတ်သော ဇော်ထွေးကို ဒေါသဖြစ်ခဲ့ရပေါင်းမနည်းတော့။ တိုက်သို့ တန်းပြန်ခဲ့သည်။

❐ ❐ ❐

မေမေ ထိတ်ထိတ်ပျာပျာ ဖြစ်သည်ကို တစ်ခါမျှ မမြင်ဘူး။ ဦးသော်နှင့်ဂျမ်း ပျာယာခတ်နေသည်ကိုလည်း သတိပြုမိသည်။ ကားကိုဒေါင်ထဲ မောင်းသွင်းခဲ့ပြီး မေမေ့ထံ အပြေးကလေးလာခဲ့သည်။

'ကိုလတ်လည်း ခုဆို ဖွေပေါက်နေတာပဲ၊ ချစ်သဲကြီးရဲ့ ကျန်းမာရေးကိုလည်း ဘာမှ ဂရုမစိုက်ဘူး'

'ဘာဖြစ်လို့လဲ မေမေ၊ သား ကျောင်းကပြန်လာတော့ ကောင်ကြီး သူ့အိမ်ထဲမှာ အိပ်နေတာပဲဟာ'

'အဲဒါ နေမကောင်းလို့ခွေနေတာ၊ ထမင်းလည်း မစားဘူး၊ ဟင်းလည်း မစားဘူး'

မေမေ တိုက်ထဲပြန်ဝင်သည်။ ဖုန်းတင်ထားသည့်စားပွဲသို့ သွားပြီး ဖုန်းခွက်ကို ကောက်ကိုင်သည်။ နံပါတ်အကွက်ကလေးများကို လှည့်လိုက်သည်။ ချစ်သဲကြီးကို ဆေးကုဖူးသည့်

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ဆရာဝန်ထံ ဖုန်းဆက်ခေါ်သည်ကို ချက်ချင်းသိလိုက်၏။

'ဂျမ်း... နင်... ငါ့ကို ကြိုပြောဖို့ကောင်းတယ်'

ဂျမ်းကိုတီးတိုးဆူမိသည်။

'မနက်မနက်ဆို ချစ်သဲကြီးက ကိုကိုလတ်နဲ့ပဲ ကစား နေတဲ့ဟာ၊ ဂျမ်းက ထမင်းသွားကျွေးမှသိတာ၊ မေမေလတ်ကို ပြောတော့ မေမေလတ်က ဆူလိုက်တာလေ၊ ကိုကိုလတ်ကိုလည်း ပြောတယ်'

'ဘာပြောတာလဲ'

'ကိုလတ်လည်း ချစ်သဲကြီးကို ခါတိုင်းလို ဂရုမစိုက်ဘူး တဲ့၊ မေမေကြီးကိုလည်း လှမ်းပြောတယ်၊ မေမေ့မြေးရည်းစား သနံစိတ်တွေ မွေးနေလားမသိဘူးတဲ့'

ရင်မှာ ထိတ်ခနဲ ဖြစ်သွားရသည်။

'နင်... နင်... မေမေ့ကို ဘာတွေ အာချောင်ဖူးလဲ ဂျမ်း၊ ငါ့ကိုမှန်မှန်ပြောစမ်း'

'ဘာမှ အာမချောင်ပါဘူးနော်၊ စပယ်ပန်းလာခူးတဲ့ မနဲ့ စကားပြောတယ်ဆိုတဲ့ စကားကို ပိုပြီးတောင် နှုတ်ပိတ်ထားသေး တယ်'

'နင်သိတယ်'

'ဟင်း... ဟင်း... ကိုလတ်ရယ်၊ ဂျမ်းအရှိန်းထုံတယ် များထင်နေသလား၊ ကမ်းကုန်အောင်သိတယ်မှတ်ပါ'

ခွေးမဟု အရယ်နှင့်ဆဲရင်း မေမေ့ကို လှမ်းကြည့်သည်။



ခုန်းခွက်ကို ပုခက်ပေါ်ပြန်တင်ပြီး ချစ်သဲကြီးအိမ်ဘက် မေမေ သွားသည်။ မေမေ့နောက်မှလိုက်ခဲ့၏။

'မနက်ကပဲ ခုန်ပေါက်ပြေးနေတာပဲ မေမေ'

မေမေက စကားမဆို။

ချစ်သဲကြီးကို ခေါင်းကို အသာပွတ်သပ်ပြီး ချစ်သဲဟု ခေါ်သည်။ ချစ်သဲကြီးက မေမေ့ကို မျက်လုံးတစ်ချက် လှန်ကြည့် ပြီး အမြီးကလေးတစ်ချက်ယမ်းပြသည်။ ပြီးတော့ ပြန်ခွေအိပ် နေသည်။

တိရစ္ဆာန်ဆရာဝန် ဒေါက်တာသက်ဇင် ရောက်လာသော အခါ ချစ်သဲကြီးက ခေါင်းထောင်ကြည့်သည်။

'မောင်သက်ဇင်ရယ်... မင်းကောင်ကြီး ထမင်းမစား ဟင်းမစား ဖြစ်ပြန်ပြီ'

'အစားပျက် အသောက်ပျက်များလား အန်တီ'

'မနက်ဆိုလည်း ပေါင်မုန့်ထောပတ်သုတ်ကွယ်၊ ထမင်း ချိန်ပြီးလို့ နေ့လည်ဆိုရင်လည်း နို့နဲ့ကြက်ဥ တိုက်သေးတာ ဘယ် လိုများဖြစ်သလဲ မသိဘူး'

'စမ်းကြည့်ရအောင် အန်တီ'

မေမေက ကျော်ကိုလတ်ကို လှမ်းကြည့်သည်။ ကျော်ကို သတ်က ခြင်းပိုက်ကလေးကို လှမ်းယူပြီး ချစ်သဲကြီးနှင့်များ မှာ စွပ်သည်။ ပြီး ချစ်သဲကြီးကို ပွေ့ဖက်ထားရ၏။

ဒေါက်တာ သက်ဇင်က စိတ်ရှည်လက်ရှည် စမ်းသပ်

www.burmeseclassic.com



သည်။ ရောဂါထူးထူးခြားခြား တွေ့ပုံမရ။ အဖျားသွေးရှိမည် အထင်နှင့် ချစ်သဲကြီး၏ စအိုထဲသို့ သမော်မီတာချောင်းကလေးကို ထိုးထည့်သည်။ ခေတ္တခဏ ငြိမ်သက်စေပြီး ပြန်ဆွဲယူထုတ်ကြည့်သည်။

'ချစ်သဲကြီး အဖျားဝင်နေတာပဲ အန်တီ'

မေမေက မျက်လုံးကလေး ဝိုင်းသွားသည်။ ချစ်သဲကြီး အပေါ်ထားသည့် မေမေ့သံယောဇဉ်ကို ခန့်မှန်းမိ၍။ အဖျားဝင်နေသည်ဆိုကတည်းက အချစ်ဖျားများလားဟု ကျော်ကိုလတ်တွေးမိသည်။ သည်ကောင်ကြီး သဲမာ၏ခွေးမလေး မေရီကိုလည်း ဖီလင်ပြသည်။ ကျော်စွာ့ခွေးမကြီး မေဖလားဝါးကိုလည်း ဖီလင်စွတ်တက်သည်။ မစားနိုင်မသောက်နိုင်ခြင်းသည် သည်စိတ်ကော့အနည်းငယ်ပါလိမ့်မည်။

ချစ်သဲကြီးကို ဆေးထိုးပေးသည် စားဆေးပေးသည်။

'ထမင်းတော့မကျွေးပါနဲ့ အန်တီ၊ ကြက်ဥနဲ့နွားနို့ပဲ ဖြစ်ဖြစ် ဆိတ်သားစွပ်ဖြစ်ဖြစ်လောက်ပဲ တိုက်ပါ၊ နက်ဖြန်ကျွန်တော် တစ်ခါလာကြည့်ဦးမယ်'

'သင့်ခ်ယူ မောင်သက်ဇင်၊ မင်းကောင်ကြီး ကျန်းမာမှဘီလ်ရှင်းတာပေါ့'

'ရပါတယ် အန်တီ'

ဆေးအိတ်ဆွဲ၍ ကားထိလိုက်ပို့သည်။ ကားပေါ်အတက်တွင်...



'ကိုလတ်'

'ဗျာ'

'ကိုလတ်ကောင်ကြီး ထမင်းမစား ဟင်းမစားဖြစ်ပြီး အဖျားဝင်လာတာ သိလား'

'မတည့်စာ စားမိလို့နေမှာပေါ့၊ သည်ကောင်က ခြံထဲမှာ ပုတ်သင်ညိုတွေ့ရင် သဲသဲမဲမဲ လိုက်ဖမ်းလိုက်ကိုက်တာ'

အဲဒါကြောင့် မဟုတ်ဘူးဗျ၊ အချစ်ဖီလင်တွေ စွတ်တက်နေတာ၊ ကိုလတ်ကောင်ကြီးကို အချစ်ရှာပေးဦးနော်'

ဘာစကားဆက်ဆိုရမှန်းမသိ။ ဒေါက်တာ သက်ဇင်က ရယ်မောရင်း ကားကို မောင်းထွက်သွားသည်။ မီးဖိုဘက်လှည့်ဝင်ဖြစ်သောအခါ ဂျမ်းကို အလုပ်ရှုပ်လျက်တွေ့ရ၏။

'ဘာတွေတည်နေတာလဲ ဂျမ်း'

'နို့... ကိုကိုလတ်'

'ဟာ... သည်အချိန်ထိ ဘယ်သူသောက်မှာလဲ၊ ထမင်းစားပြီးကာစ ရှိသေးတာ'

'ချစ်သဲကြီးအတွက်ပါ မေမေလတ်က ကျိုခိုင်းတာ'

'သြော်...'

ချစ်သဲကြီးအတွက် သီးသန့်ဆောက်ပေးထားသည့် ခွေးအိမ်ဘက်သို့ လှမ်းကြည့်မိသည်။ ချစ်သဲကြီးက ခွေနေဆဲ။ ပြုံးတော့ပြုံးမိသည်။ ပြီးတော့ လှုပ်ခတ်လာသောအတွေးဖြင့် ချို့ငဲ့သူများ၏ဘဝနှင့် ချစ်သဲဆိုသည့်ခွေးကြီးဘဝကို နှိုင်းယှဉ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုန်းကန်ရသောဘဝအတွက် နေထဲလေထဲမှ ချွေးတွဲသူတို့ ပန်းဖျား ပန်းနာကြောင့် ဆေးဖိုးဝါးခအတွက်မျက် ဖြူဆိုက်နေချိန်ဝယ် အဖျားသွေးလေး အနည်းငယ်လောက်ဖြင့် ဆရာဝန်ရှေ့မှောက် ရောက်လာရသော ချစ်သဲကြီးဘဝကို တွေးမိသည်။

လောကကြီး တရားမှ တရားပါ၏လားဟု ကြံကြံဖန် ဖန် သုံးသပ်ရမိသေး၏။

□ □ □



(၁၂)

ချစ်သဲကြီးအကြောင်းကို ဖော်တွေးကို ပြောပြပြီးရယ်ရ သေးသည်။

'ချစ်သဲကြီး စားရတဲ့အာဟာရမျိုး အလုပ်သမားတစ် ယောက်စားရရင် တိုင်းပြည်အတွက် လုပ်အားတိုးတက်မှာပဲ ဆိုလတ်'

'မေမေက သိပ်သည်းတယ်၊ အမဲသားဆိုလည်း ပိဿာ ထိုက်ပြုတ်ထားတာ၊ ချစ်သဲကြီးနဲ့ပတ်သက်ပြီး မေမေ့မှာ အစွဲတစ် ခုရှိနေတယ် ဖော်တွေးရ'

ရာမညဆောင်ရှေ့မှ ဖြတ်လျှောက်ခဲ့သည်။

'ချစ်သဲကြီး တိုက်ကိုစရောက်တဲ့နေ့မှာ နီလာအေးပွင့် ထိုသိန်းဂဏန်းနဲ့ချိပြီး အရောင်းအဝယ် ဖြစ်လိုက်တယ်၊ အဲဒီတုန်း





www.burmeseclassic.com

www.burmeseclassic.com



က ချစ်သဲကြီးက ဘာရှိဦးမလဲ၊ လသားအရွယ်ပဲရှိသေးတာ၊ မေမေက ပွေ့ချီပြီး တရှုပ်ရှုပ်နမ်းတော့ ကောင်ကြီးမျက်လုံးကြောင် တောင်ကလေးနဲ့လေ၊ ပြီးတော့ တောက်လျှောက်ပဲ အရောင်းအဝယ်တွေ ဖြစ်လိုက်တာ၊ ဒါကြောင့် ချစ်သဲကြီး ထမင်းစားဟင်းစားပျက်ရင် အားလုံး ပျာယာခတ်ကြရတာ'

'ခွေးထဲမှာတော့ ချစ်သဲကြီး ကသိုလ်အတွေးဆုံးနေမှာပဲ'

'သူ့ကံကိုယ့်ကံပေါ့ ဓော်ထွေးရာ၊ ချစ်သဲကြီးကို ငါ အရမ်းချစ်ပေမယ့် မေမေ့လောက်မသည်းဘူး၊ ခွေးပဲ တော်ရုံသင့်ရုံပေါ့၊ ချစ်သဲကြီးနေထိုင်မကောင်းရင် ကုန်ကျတဲ့ငွေ မရှိဆင်းရဲသူတွေရဲ့ ဘဝကို ထူထောင်လို့ရတယ်'

ဓော်ထွေးက ရယ်နေသည်။ ထိုင်နေကျအတိုင်း ဦးချစ်လက်ဖက်ရည်ဆိုင်၏ ထောင့်စွန်းစားပွဲမှာ ဝင်ထိုင်သည်။ ကျော်စွာရောက်လာလိမ့်မည်လားဟု မျှော်မိသေးသည်။ လက်ဖက်ရည်နှစ်ခွက်လှမ်းမှာရင်း မနေ့ကအကြောင်းကို ပြန်လည်သတိရသည်။ စပယ်သည် ဦးနှောက်ထဲသို့ ရုတ်ခနဲ ဝင်ရောက်လာ၏။

'စပယ့်အကြောင်း ပြောလေ'

မေ့နေမည်စိုးသဖြင့် စကားကို စပေးရသည်။

'ကိုလတ်က မမေ့ဘဲကိုး'

'စပယ်နဲ့ပတ်သက်တဲ့ အကြောင်းတရားတွေကို နှလုံးသွေးရပ်တောင်မှ တမလွန်က သတိရနေမှာ'

အမှန်စကားဖြစ်သည်ကိုတော့ ကိုယ့်ကိုကိုယ်သိ၏။ ဒူးယားဘူးကို အိတ်အနက်ထဲမှ ဆွဲထုတ်ပြီး စားပွဲပေါ် တင်လိုက်သည်။

'စပယ်တို့ဘဝက ပြည့်ပြည့်စုံစုံ မဟုတ်ဘူး ကိုလတ်'

မျက်လုံးကို လှန်ကြည့်မိသည်။ မပြည့်စုံခြင်းက မချစ်နိုင်ခြင်း၏ အကြောင်းတရားလား၊ စိတ်မှာ နားလည်ရခက်နေ၏။

'အေးမာဆိုတာ စပယ်နဲ့မေကျာတူ ကိုလတ်၊ အေးမာနဲ့ စပယ်အရင်းအနှီးကြီး မဟုတ်ပေမယ့် စိမ်းတော့ မစိမ်းဘူး၊ စပယ့်အဖေက ရုံးအုပ်စာရေးကြီးအဆင့်ပဲ ရှိတယ်၊ စပယ့်အမေက အိမ်ဆိုင်ကလေး ဖွင့်ထားတယ်၊ ညီအစ်မ သုံးယောက်မှာ စပယ်က အကြီးဆုံး၊ အဲဒါတွေ အေးမာပြောလို့သိတာ'

သတင်းက အပြည့်အစုံ။

ဗဟန်းအုတ်လမ်းမှာ နေသည်ဆိုသည်ကိုတော့ ဓော်ထွေး ပြောနိုင်၏။

'အိမ်ကို ရောက်ဖူးပေမယ့် အေးမာ အိမ်နံပါတ်ကိုသင်္ဂြိုဟ်ထားမိဘူးတဲ့၊ ဒါက ကိစ္စမရှိပါဘူးလေ၊ ဒီတစ်ခါ စပယ့်ကိုတွေ့ရင် မေးကြည့်ရင် စပယ်က အိမ်လိပ်စာကိုတော့ ပေးမှာပေါ့'

'စပယ့်ကိုသွားတွေ့ရင် ကောင်းမလား မသိဘူး'

'ကိုလတ်သဘောပဲလေ၊ စပယ့်ကိုချစ်ဖို့ကိုတော့ ကိုလတ်လေးလေးနက်နက် စဉ်းစားနော်၊ အန်တီ့ကိုဖျောက်ထားသို့တော့ ရဘူး၊ ကိုလတ် နှလုံးသားကိစ္စကို ကိုလတ် ဖြေရှင်းချင်သလို ဖြေရှင်းရခွင့်ကို အန်တီက ပေးမှာမဟုတ်ဘူး'

အရမ်းတွေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲတွင် သဲမာကို မြင်ယောင်လာသည်။ သဲမာကို မေမေသည် အရမ်း အရေးပေးလွန်းသည်။ စပယ့်ကိုသာ မေမေ ကျွမ်းသိပြီး သဲမာကိုအရေးပေးသလို ပေးခဲ့လျှင်ဆိုသည့် ခပ်ယောင်ယောင်အတွေးကို ကြံဖန်တွေးမိသည်။ မိမိ၏နှလုံးသားကိစ္စနှင့်ပတ်သက်၍ မေမေ လုံးဝစွက်ဖက်ပါမည်ကိုလည်း သိထားသည်။

'အချစ်ဒဏ်ကို ရင်မှာ မခံစားနိုင်တော့ဘူး၊ ငါ ဆုံးဖြတ်ချက်တစ်ခုကို ချထားတယ်'

'ဘာလဲ ကိုလတ်'

'ညနေကျ စပယ့်ကို ချစ်တဲ့အကြောင်းပြောမယ်၊ စပယ့်ရဲ့အချစ်ကိုရရင် မေမေ့ကို ဘယ်လိုပုံသဏ္ဍာန်နဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ ငါရင်ဆိုင်မယ်'

ရှော်တွေးနှုတ်ဆိတ်သွားသည်။

ကျော်စွာရောက်လာသောအခါ စပယ့်အကြောင်းကိုအသာ သိုသိပ်ထားဖြစ်သည်။

'ဗျူး… ပူပါ့ကွာ'

နဖူးမှချွေးစကို လက်ကိုင်ပဝါနှင့်သုတ်ပြီး ကျော်စွာက ပြောသည်။ လက်ဖက်ရည်တစ်ခွက် လှမ်းမှာပြီး စားပွဲမှာ ဝင်ထိုင်သည်။

'သဲမာနဲ့တွေ့ခဲ့တယ်'

မျက်နှာကိုလှမ်းကြည့်သည်။



'ကိုလတ်က ပြေလည်နေတာကို ချီးထားတယ်၊ သဲမာက အကျိုးအကြောင်း ပြောပြလို့ သိရတာ'

မွေးနေ့ပွဲက ရင်းနှီးမှုကို ဆိုလိုခြင်းဖြစ်လိမ့်မည်။ မေမေနဲ့ သဲမာမာမိက သူငယ်ချင်းတွေဆိုသည့် စကားမျှလောက်သာ ပြောဖြစ်သည်။ ရင်မှာ သဲမာနှင့်ပတ်သက်၍ ခံစားမှုမရှိ။ ကျော်စွာ သဲမာအကြောင်း ပြောနေချိန်များတွင် စပယ့်အကြောင်းကိုသာ စဉ်းစားနေမိ၏။ စပယ့်ကို မည်သို့တွေ့ဆုံ၍ မည်သို့စကားလမ်းခင်းရမည်ကိုသာ ကြိုတွေးဖြစ်သည်။

'ကိုလတ်…'

'အမ်…'

ရုတ်တရက် ခေါ်လိုက်သံကြောင့် အမ်ခနဲ ဖြစ်သွားရသည်။

'မင်း ငါပြောနေတာတွေကို ကြားကော ကြားရဲ့လားကွ'

ကျော်စွာက မကျေမနပ်ဆိုသည်။

'ဘာတွေပြောနေတာလဲ'

'သေရောကွာ၊ ခုတစ်လော မင်း ဘယ်လိုဖြစ်နေတာလဲ မသိဘူး၊ အူတူတူနဲ့'

'အူတာ မဟုတ်ဘူး၊ ပူနေတာ'

'ဟင်…'

ကျော်စွာ မျက်လုံးပြူခနဲ ပြုံးသွားသည်။ မပြောဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



သို့သိပ်ရန် ကြံစည်ထားပြီးကာမှ စပယ်အကြောင်းကို ပြောချင်နေသည်။ အချစ်ဆုံးသူငယ်ချင်းတွင် ကျော်စွာလည်း ပါဝင်သည်မို့ ပြောသင့်သည်ကိုတော့ ယူဆထားသည်။

'ငါ စပယ့်ကို အရမ်းချစ်နေပြီ ကျော်စွာ'

'ဟိုတုန်းကလည်း ပြောတာပဲဟာ'

'ခု ဟိုတုန်းကထက် ပိုချစ်နေတာ'

'ချစ်လေ'

'အဲဒါ ဘယ်လို စရမှန်းမသိလို့ ဇော်ထွေးနဲ့တိုင်ပြီး ငေါင်နေတာ ခု မင်းရဲ့အကြံဉာဏ်လေးလည်း လိုအပ်လာတယ်ပေါ့'

စိတ်ပျက်သွားသည့် မျက်နှာအသွင်သဏ္ဌာန်ကို မြင်ရပြီး ခက်တော့တာပဲဟု ကျော်စွာက ညည်းသည်။

ပြီးတော့...

'ဇော်ထွေးက ဘာအကြံပေးလဲ'

'မင်းလိုပဲ ချစ်လေလို့ ပြောတာပဲ'

'အင်းလေ... ကိုလတ်က ချစ်ချင်နေတဲ့ဟာကို ချစ်လေလို့မပြောလို့ ဘာပြောရမလဲ'

'ဘယ်လိုစချစ်ရမှာလဲ'

'ချစ်တာပဲ ကိုလတ်ရာ... ချစ်ချင်သလို ချစ်ပေါ့၊ ချစ်ရပြီးတာပဲဟာ'

ပြောပြီး ရယ်ကြသည်။





ကျော်ကိုလတ်ကမူ မရယ်နိုင်။

စပယ့်ကို ဘယ်လိုစချစ်ရမလဲဆိုသည့် အတွေးများ စီခနဲဝင်လာပြန်၏။

ဘာပဲဖြစ်ဖြစ် ညနေကျောင်းဆင်းရင် စပယ့်ကို ချစ်ဖို့အကြံစည်ကို ပိုမို၍ အခိုင်အမာပြုလိုက်သည်။

□ □ □

မန္တလေးဆောင်ရှေ့မှ အပြေးလေးဖြတ်လျှောက်ခဲ့သည်။ ဇော်ထွေး၏ ဖြည်းဖြည်းပေါ့ ကိုလတ်ရာဆိုသည့်စကားကို လုံးဝပင် ဥပေက္ခာပြုလိုက်သည်။ နောက်ကနေ လိုက်ခဲ့သည့်သဘောဖြင့် လက်ကိုသာ ကာပြလိုက်၏။

စပယ့်အသွေးအရောင်ကို အဝေးကတည်းက မြင်ရသည်။ ကံအားလျော်စွာ စပယ့်ဘေးမှာ အဖော်မပါ။ ကျော်ကိုလတ်က တအားပိုတက်သွားသည်။

'စပယ်... စပယ်'

လှမ်းခေါ်ရသည့်အသံတွင် တုန်ခါမှုပါနေသည်။ ခေါ်ရင်း စပယ့်နားရောက်အောင် သွားဖြစ်၏။ နံဘေးသို့ရောက်သောအခါ စပယ်က ဆတ်ခနဲလှည့်ကြည့်၏။ အံ့ဩရိပ်နှင့်အတူ။

'ဟင်... ကိုလတ်'

လှမ်းသည့်ခြေလှမ်းကို တန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလို ပေါ်ထင်လာသော အပြုံးကြောင့် ရင်မှာ အေးမြသွားရသည့်အဖြစ်ကို ကိုယ်သာသိသည်။

'ကိုယ်စပယ့်ကို အာစီရှေ့ကနေ စောင့်နေတာ၊ မတွေ့တော့ ကလပ်စ်မရှိလို့ ပြန်များသွားပြီလားလို့'

စပယ်က စကားမဆို။

မျက်ဝန်းကို စူးစူးနစ်နစ် ကြည့်ခြင်းကို ခံရသည်။ ရိုးသော မျက်ဝန်းကြောင့် ခါးသီးမှုမဲ့သည်ကို တွေးဆလို့ရသည်။ စပယ့်အကြည့်ကို ရင်ဆိုင်ရင်း ပြောရန်စကားလုံးများကို စီနေသည်။ အေးစက်ချင်သလို ဖြစ်နေသော ခြေဖျားလက်ဖျားကြောင့် အိတ်ကို တအားတင်းဖက်သည်။ ပြောမည့်စကားသည် ရန်စကားမဟုတ်၊ စပယ့်ကို မုန်းတီးသည့်စကားမဟုတ်။ စပယ့်ကို ချစ်သည့်စကား ဖြစ်သည်။ စပယ် လက်မခံသည့်တောင်မှ ခွင့်လွှတ်နိုင်မည့်စကား ဖြစ်သည်။

'စပယ့်ကို ကိုလတ် စကားပြောချင်လို့ပါ'

'ဘာစကားလည်း ကိုလတ်'

မျက်နှာ ဖျဉ်းခနဲ ပွသွားသည်။

လမ်းစဖွင့်ပေးလျက်နှင့် လမ်းစပျောက်နေသလို ဖြစ်သွားသည်။ စပယ်နှင့်အတူ နံဘေးမှ ယှဉ်လျှောက်ခဲ့ရင်း စကားလုံးများကို ရွေးချယ်နေမိ၏။ သူငယ်ချင်းများရှေ့တွင် ပြောထွက်လွယ်လွန်းသော အချစ်စကားသည် စပယ့်ရှေ့တွင် အဘယ်ကြောင့် ဖွင့်ရခက်ပါသနည်း။





ကိုယ့်ကိုကိုယ်မကျေနပ်။

စကားသံတိတ်သွားသည့်အဖြစ်ကို စပယ်က ဆတ်ခနဲလှည့်ကြည့်ပြီး တုံ့ပြန်လိုက်သည်။ စိတ်ကို ပြန်တင်းပစ်လိုက်၏။

'ပြောချင်တဲ့စကားက လမ်းလျှောက်ရင်း ပြောလို့ကောင်းတဲ့စကား မဟုတ်ပါဘူး စပယ်၊ ကိုလတ်ကို မိနစ်နှစ်ဆယ်လောက် အချိန်ပေးပါလားဟင်'

တောင်းဆိုသံတွင် တောင်းပန်သံပါ ရောစွက်နေသည်ကို ကျော်ကိုလတ် ကိုယ့်ကိုကိုယ် သိသည်။

'မိနစ်နှစ်ဆယ်နဲ့ ကိုလတ်ပြောချင်တဲ့ စကားတွေက ပြည့်စုံမယ်ပေါ့…'

'အာ… ဒီလိုလည်း မဟုတ်ပါဘူး စပယ်၊ ကိုလတ် စပယ့်ကိုလည်း အားနာပါတယ်'

'ဒါဖြင့် လမ်းလျှောက်ရင်းပဲ ပြောပါ၊ စပယ့်မှာ အချိန်ပိုရယ်လို့ မရှိပါဘူး ကိုလတ်၊ စပယ်တို့ဘဝက ရတဲ့အချိန်လေးကို ရုန်းနေရတာပါ'

'ကိုလတ် စပယ့်ဘဝကို မသိရဘူးလားဟင်'

'သြော်… ကိုလတ်ရယ်၊ စပယ့်ဘဝကို သိတော့ကော ကိုလတ်အတွက် ဘာထူးမှာလဲ၊ ဖေဖေက ရုံးအုပ်စာရေးကြီး၊ မေမေက အိမ်ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်းတယ်၊ ညီမသုံးယောက်ထဲကလည်း ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း ချို့ချို့တဲ့တဲ့နဲ့ ဘဝကို ရုန်းနေရတဲ့ မိသားစုပါ'



www.burmeseclassic.com

ပင့်သက်ကို ချလိုက်သည်။

သိပြီးသား အကြောင်းအရာနှင့် ထပ်တူထပ်မျှသော စကားကို ကြားရသည်။ ဟန်ဆောင်မှုကင်းမဲ့သော စပယ့်ကို စိတ်မှာ ပိုမို၍ လေးစားနေမိ၏။

'ကိုလတ်ရင်ထဲမှာ စကားတွေ အများကြီးရှိတယ် စပယ်'

'ပြောလေ ကိုလတ်'

'ကိုလတ် စပယ့်ကို အားနာပါတယ်'

မျက်လုံးကြီးများကို လှန်ကြည့်သည်။ စပယ်သည် လှမ်းနေသည့် ခြေလှမ်းကို လျှောက်နေကျအနေအထားထက်ပို၍ နှေးကွေးထားသည်။ ကားမှတ်တိုင်ကို ရောက်ခါနီးထိ စပယ့်ကို စကားပြောချိန်ရနိုင်သည်ကို ပြန်စဉ်းစားမိသည်။

'ကိုလတ်ရယ်၊ အားနာစရာကောင်းမယ့် စကားဆိုရင်လည်း မပြောဘဲ နေလိုက်တာ မကောင်းဘူးလား'

အရယ်နှင့်ဆိုသည်။

'စပယ်'

'ဟင်...'

'ကိုလတ်ကို စိတ်ဆိုးမှာလားဟင်'

'ဘာကိုလဲ'

'ကိုလတ်ပြောမယ့် စကားအတွက်လေ'

စပယ်က ခေါင်းကလေး ငုံ့သွား၏။ အရိပ်တွေပြနေမှ



တော့ အကောင်ကိုတော့ စပယ်သိလောက်မည်။ လှမ်းနေသည့် စပယ်၏ခြေလှမ်းသည် အနည်းငယ် မှားယွင်းသွားသည်ကိုတော့ သတိပြုမိသည်။

'ကိုလတ် စပယ့်ကို မြတ်မြတ်နိုးနိုး ချစ်နေမိတာ အမှန်ပါ စပယ်'

အသံလှိုင်းတွင် တုန်ခါမှုလေးများ ပါဝင်နေသည်။ ပြောပြီး စပယ့်မျက်နှာကိုကြည့်မိသည်။ စပယ့်မျက်နှာကလေး တွေနေသည်။

'စပယ့်ကို စတွေ့ကတည်းက ကိုလတ်ရင်မှာ လှိုင်းထနေရတာပါ စပယ်၊ တက္ကသိုလ်မှာ လက်လှမ်းမီသလောက် စပယ် စုံစမ်းကြည့်ပါ၊ ကျော်ကိုလတ်ဆိုတဲ့ ကိုလတ် နှလုံးသားနဲ့ရေးရာမှာ ရှုပ်ထွေးပွေလီတတ်တဲ့လူစားမျိုး မဟုတ်ပါဘူး'

'စပယ် ယုံကြည်ပါတယ်'

တီးတိုးညွတ်ပျောင်းစွာ ပြောသည်။

ပြောဖော်ရသဖြင့် စိတ်မှာ အားတက်လာရသည်။ ချစ်သည်ဆိုသည့် စကားကြောင့် ဒေါသအရောင်အသွေးများကို မျက်နှာပေါ်တွင် မမြင်ရချေ။ သို့သော်လည်း စပယ့်မျက်နှာထားတ တည်ငြိမ်လွန်းသည်။

'ကိုလတ် ဝမ်းသာပါရစေ စပယ်၊ စပယ့်အချစ်ကို ကိုလတ် တရားဝင် တောင်းခံပါတယ်'

တိတ်ဆိတ်သော ခြေလှမ်းများဖြင့် ကားမှတ်တိုင်နား

www.burmeseclassic.com

ရောက်လာသည်။ စပယ်သည် အကြောင်းအရာတစ်ရပ်ကို စဉ်းစားနေပုံရ၏။ တည်ငြိမ်လွန်းသော မျက်နှာထားဝယ် တွေးတောချင့်ချိန်မှုများ ပါဝင်နေသည်။

'ကိုလတ်'

'ဆိုပါစပယ်'

'ဘယ်လိုမှ မဖြစ်ပါဘူး ကိုလတ်ရယ်'

'အို… စပယ်ရယ်'

ရင်မှာ အမောတွေ စုပြုံရောက်လာသည်။ ကားတစ်စီး ထိုးရပ်လာသောအခါ စပယ်သွားမယ်နော် ကိုလတ်ဟု ဆိုပြီး ကားပေါ်တွေ့ခနဲ တက်သွားသည်။

မောကျန်ရစ်ခဲ့ရသည့်အဖြစ်။

စပယ်ကတော့ သိချင်မှ သိမည်။ အနားသို့ဇော်ထွေး ရောက်လာမှ သက်ဝင်လှုပ်ရှားမိ၏။

'ပြေလည်တယ်မို့လား ကိုလတ်'

'မပြေလည်ဘူး'

'ဘာပြောသွားလို့လဲ'

'ဘယ်လိုမှမဖြစ်ပါဘူး ကိုလတ်ရယ်တဲ့ကွာ၊ မဖြစ်နိုင်တဲ့ အကြောင်းတရားကို စပယ် ရှင်းလင်းမသွားဘူး'

'ဩော်…ကိုလတ်ရယ်၊ စပယ် ရှင်းပြဖို့လိုသေးလို့လား၊ မဖြစ်နိုင်တဲ့အကြောင်းတရားဆိုတာက ကိုလတ်ရဲ့ ချမ်းသာမှုပဲ'

မျက်မှောင်ကို တအားကြုတ်လိုက်သည်။ ဇော်ထွေးက





နဲ့ကို ညင်သာစွာ ဆုပ်ကိုင်သည်။

'ကိုလတ်က အချစ်နဲ့ပတ်သက်ပြီး အကျိုးအကြောင်း ပြောပြတာ ယုံပါစပယ်လို့ ပြောတယ်မဟုတ်လား'

အံ့သြစွာဖြင့် ဇော်ထွေးမျက်နှာကို ဆတ်ခနဲ ကြည့်သည်။

'စပယ်က ကိုလတ်ကို ဘာပြောလဲ'

'ယုံပါတယ်တဲ့'

ဇော်ထွေးက ပြုံးသည်။

အေးချမ်းစွာ ပြုံးတတ်သော အပြုံး၏နောက်တွင် အဘိ[illegible]ချား ကပ်ပါလာတတ်၏။

'သိပ်မှန်တဲ့ စကားပေါ့ကိုလတ်ရယ်၊ စပယ် ကိုလတ်ကို [illegible]ကြည်မယ်ဆိုတာကို ကိုယ်တွေးပြီးသားပဲ၊ ဒါပေမဲ့ စပယ်မယုံ [illegible]ရှိတယ်'

'ဘာကိုလတ်'

'ကိုလတ် ပတ်ဝန်းကျင်နဲ့ ချမ်းသာမှုကိုလေ'

'လာပြန်လာပြီလား ဒီစကား'

'စိတ်မှာ ပို၍ နောက်ကျိသွားသည်။

ပလက်ဖောင်းတစ်ဖက်မှ ကားဖွန်းကို သုံးလေးချက် [illegible]င့်တီးသံကြောင့် လှမ်းကြည့်လိုက်သည်။

အိမ်ကကား…

ဦးသော်က လက်ရိပ်လှမ်းပြသည်။ ဇော်ထွေးကိုနှုတ်ဆက်ပြီး [illegible]ားဆီသို့လျှောက်ခဲ့သည်။



www.burmeseclassic.com

'ကျောင်းမှာ စောင့်နေသေးတယ်၊ ကိုလတ်ကို မတွေ့တာနဲ့ ဒီဘက် လှည့်မောင်းလာတာ'

'ဟုတ်တယ် ဦးသော်၊ ဒီမှာ ကျောက်ကျောလာသောက်တာ၊ ကျွန်တော်က ဒီနေ့ညနေ ဦးသော် လာမကြိုတော့ဘူးလို့ ယူဆထားတာ'

'မမလတ်က သွားကြိုဆိုလို့ ကိုလတ်ရ'

ဦးသော်က မေမေ့ကို မမလတ်ဟုခေါ်သည်။

'မေမေ ဘာကိစ္စများ ရှိလို့ပါလိမ့်'

ကားတံခါးကိုဖွင့်ပြီး ဇော်ထွေးကို အရင်ဝင်စေသည်။ ကျော်ကိုလတ်က ရှေ့ခန်းမှာ ထိုင်လိုက်၏။

'ဒီနေ့ ဧည့်သည်နှစ်ယောက်ကို မမလတ် ထမင်းစားဖိတ်ထားရတယ် ကိုလတ်ရ'

ကားဘီးကို စလှိမ့်သည်။

'ဟင် . . . ကျွန်တော်လည်း မသိပါလား'

'ဦးသော်တောင် စောစောကမှ သိတာ၊ ခုကိုလတ်ကို ပြန်ပို့ပြီးရင် ဧည့်သည်သွားခေါ်ရမှာ'

'ဘယ်သူတွေလဲ'

'မမလတ် သူငယ်ချင်း ခိုင်သဇင်လေ၊ တလောက သူ့သမီး မွေးနေ့တောင် ကိုလတ်နဲ့မမလတ် သွားသေးတာပဲဟာ'

ရင်မှာပို၍ နောက်ကျိသွားတော့သည်။

□ □ □



အန့်တီခိုင်သဇင်က သားကိုကိုလတ်ဆိုသည့်စကားကို နှုတ်ကမချ။ အန့်တီခိုင်သဇင်နှင့် မေမေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဓိပ္ပါယ်ပါပါ ရယ်မောကြလျှင် လူမှာ အနေရအထိုင်ရ ခက်လာသည်။ ဘွားဘွားကမူ မေမေနှင့်အန့်တီ ခိုင်သဇင်စကားဝိုင်းမှာ ဝင်မပါ။ အိမ်ဦးခန်းဆိုဖာပေါ်မှာ ထိုင်ပြီး ပုတီးစိပ်နေသည်။

သဲမာက မဂ္ဂဇင်းများကို လှန်လှောဖတ်ရင်း ရံဖန်ရံခါတွင် မျက်လုံးများကို လှန်ကြည့်သည်။ အိမ်ရှင်အနေနှင့် ဧည့်သည်ကို ဘာပြောရမှန်းမသိ။ သဲမာနှင့် စကားပြောရန် အကြောင်းမရှိဟုလည်း စိတ်မှာ နားလည်ထားသည်။

'ကိုကိုလတ်'

ခေါ်သံကြောင့် တွန့်ခနဲ ဖြစ်သွား၏။

'ကိုကိုလတ် ဘာတွေတွေးနေတာလဲ'

'ဘာမှ မတွေးပါဘူး'

'ဧည့်သည်တွေကို စကားမဆိုနိုင်လောက်အောင် ကိုကိုလတ် တွေးနေပါတယ်'

အားနာသလိုတော့ ဖြစ်သွားရသည်။ သဲမာကိုအလိုက်သင့် ပြန်ပြုံးပြမိ၏။

'ကိုကိုလတ်ကို သဲမာ ကျောင်းမှာရှာပါတယ်၊ ဆောင်ဂူ ဆောင်ပေါ် တက်လာတော့ ဝိဇ္ဇာကင်နာတွေက သဲမာတို့ကို ဝိုင်းဟားတယ်'

www.burmeseclassic.com

'ကိုယ်ရှိသားပဲ'

'မရှိပါဘူး... ကိုကိုလတ် ကလပ်စ်လစ်နေတာ နေမှာပေါ့၊ အင်းလျားဘက်သာလျှောက်ဖြစ်ရင် ကိုကိုလတ်ကို ဘွားခနဲ တွေ့မှာ ဒီထိတော့ သဲမာတို့ မနှောင့်ယှက်တတ်ပါဘူး'

အဓိပ္ပါယ်နှင့်ယှဉ်သော စကားမှန်းသိသည်။ သဲမာ၏ ကျယ်လောင်သော အသံကြောင့် မေမေ့မျက်နှာကို ဖြတ်ခနဲလှမ်းကြည့်မိသည်။ သဲမာစကားသည် မေမေ့အတွက် သံသယများ ဖြစ်သွားနိုင်သည်။

'တွေ့ရင်လည်း ဖော်တွေးတို့ ကျော်စွာတို့နဲ့ပဲ တွေ့မှာပါ သဲမာ'

'ယုံရမယ်'

'ယုံအောင် ပြောနေတာ မဟုတ်ပါဘူး'

သဲမာမျက်နှာ ကွက်ခနဲ ဖျက်သွား၏။ တစ်ဆက်တည်းပင် သဲမာကအပြုံးကို ပြန်ဆင်သည်။ ပြီး ကိုကိုလတ်တို့ခြံက အကျယ်ကြီးနော်ဟု မေမေတို့ ကြားလောက်အောင် စကားဆိုသည်။ မေမေက...

'ခြံထဲလျှောက်ပြပါလား သားရဲ့၊ သားရဲ့ ဥယျာဉ်ထဲက ပန်းပွင့်လှလှလေးတွေ ခူးပြီး လက်ဆောင်ပေးပေါ့'

မေမေက ရယ်ရင်းပြောသည်။

'ပန်းလှလှလေးတွေ ရှိတယ်လားအန်တီ'

'ကိုလတ်ကို လိုက်ပြခိုင်းကြည့်လေ'





မတတ်သာတော့။

ထိုင်ရာမှ ထလိုက်သည်။ တိုက်ထဲမှ ထွက်သောအခါ သဲမာနောက်က ပါလာသည်။ ပေါ်တီကိုအောက် အရောက်တွင် ချစ်သဲကြီး အပြေးကလေးလာသည်။

'အမလေး လုပ်ကြပါဦး ကိုကိုလတ်'

ကြောက်လန့်တကြား လက်မောင်းကို ဖမ်းဆုပ်ကိုင်သည်။ နူးညံ့သောအထိအတွေ့က ရင်ကို တုန်လှုပ်သွားသည်။ ချစ်သဲကြီးက ကိုယ်နဲ့မိတ်ဆွေဖြစ်သွားပြီဆိုရင် ရန်မပြုတတ်ပါဘူး သဲမာရဲ့ဟု ဆိုသော စကားသံတွင် တုန်ခါမှုများ ပါဝင်နေ၏။

လက်ကို လွှတ်လိုက်သော်လည်း သဲမာဟန်က စိုးရွံ့နေသေးသည့်ဟန်။ ချစ်သဲကြီးကလည်း အစားကောင်း အသောက်ကောင်းကြောင့် ထောင်ထောင်မောင်းမောင်းနှင့်ကြောက်စရာ မာန်အပြည့်အဝ ရှိနေသည်။

ကျယ်ဝန်းသော ခြံမြေကို လိုက်ပြသည်။

'ဟင်... ဥယျာဉ်သာဆိုတယ် ဘာပန်းတစ်ပွင့်မှလည်း မတွေ့ဘူး'

စိတ်ထဲက ရယ်မိ၏။

'ကိုယ်တို့ ရတနာဥယျာဉ်က ပန်းဥယျာဉ်မဟုတ်ဘူး၊ ပန်းအလှစိုက်တာကို ကိုယ်ဝါသနာ မပါဘူး၊ ခြံမှာရှိတဲ့ အင်ကြီးမှန်သမျှ သီးပင်စားပင်ကြီးပဲ သဲမာရဲ့၊ မာလကာ၊ သြဇာ၊ သရက်၊ ဒူးရင်းအထိရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ အသီးတွေတော့ ရောင်းစားမှာလား၊ ပန်းပင် ပန်းပွင့်လေးတွေကမှ ကျက်သရေရှိပြီးလှတာ'

'အလှအပကို မခံစားချင်ဘူး၊ သဘာဝကို ခံစားချင်တာ၊ သစ်ပင် အုပ်အုပ်ဆိုင်းဆိုင်းနဲ့ နေရတာ ဘယ်လောက်အေးချမ်းလဲ၊ ချစ်သဲကြီး ပုတ်သင်ညိုကိုလိုက်ဖမ်းတဲ့အခါတွေနဲ့ဆုံရင် သိပ်ရယ်ရတာပဲ'

စကားကို စိတ်ဝင်စားမှုမပြ။

လူတစ်မျိုးဟု တွေးထင်နေမည်လားမသိချေ။

'အဲဒီအပင်တွေကို အန်တီက သဘောကျရဲ့လား'

'သိပ်ကျတာပေါ့ သဲမာ၊ မေမေက မိန်းမဖြစ်ပေမယ့် အလှပန်ဆင်ရတဲ့ပန်းကို မကြိုက်ဘူး၊ သီးပင်စားပင်တွေကရတဲ့ ငွေကြေးကိုလည်း ကိုယ်တို့ဘဝအတွက် အသုံးမချဘူး၊ လှူရင်လှူ၊ မလှူရင် လာခူးတဲ့လူကို အလကားပေးပစ်တာ၊ အခက်အလက် ဝေဝေဆာဆာနဲ့ အေးရိပ်ကို ကိုယ်တို့က လိုလားတာ'

သဲမာ စကားကိုမဆက်။ မျက်လုံးများက ဥယျာဉ်နောက်ဘက် လှမ်းကြည့်သည်။

'ကိုကိုလတ် ဟိုမှာ ဘာတွေမွေးထားတာလဲ'

'ကြက်...'

'ဟင်...'

'ဥစားကြက်တွေလေ၊ ကိုယ်က ကြက်မွေးဝါသနာပါတယ်'



သဲမာ တွန့်ခနဲ ဖြစ်သွား၏။

'ကြက်ချေးနံ့က နံပါဘိသနဲ့ ကိုလတ်ရယ်၊ သူဌေးသား တစ်ယောက်က ဒီအလုပ်ကို ဝါသနာပါတာ အံ့သြတယ်'

မျက်နှာကို ခပ်ရှုံ့ရှုံ့ကြည့်ဖြစ်သည်။

ဝါသနာလုပ်ငန်းရပ်ကို ထိပါးလာသဖြင့် စိတ်မှာမခံချင်။ သူဌေးသားဆိုသည်ကလည်း ဘာအသားနှင့်ထုထားသည် လိုက်လို့။ လူသည် လူသာဖြစ်၏။ ဝါသနာအကျင့် တစ်ခုခုတော့ လူမှာကိုယ်စီပါသည်။

'တစ်ခါတလေ ကိုယ်သိပ်ရယ်ချင်တယ် သဲမာ'

'ဘာဖြစ်လို့လဲ ကိုကိုလတ်'

'လူတွေက ကိုယ့်ကို သူဌေးသားတဲ့လေ'

'မဟုတ်ဘူးလား'

မဟုတ်ဘူးလားဆိုသည်ကို မျက်စကလေးချီပြောသည်။ ချစ်သဲကြီးက နံဘေးမှ အမြီးတယမ်းယမ်း။ သဲမာကို မေရီဆိုသည့် ခွေးမကလေးမျက်နှာနှင့် အရမ်းသိတတ်နေပုံရသည်။

'ကိုယ့်ကိုကိုယ်တော့ လူလို့ပဲမြင်တယ် သဲမာ၊ လူတွေက ဘွားဘွားကို သူဌေးမကြီးလို့ခေါ်တယ်၊ မေမေ့ကိုတော့ သူဌေးသမီးတဲ့၊ ကိုယ့်ကိုလည်း မေမေမွေးကော သူဌေးမဘွဲ့ကို မေမေလုံးဝ ရလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို သူဌေးသားလို့ခေါ်ကြတာကို သိပ်ရယ်ရတယ်'

'သူဌေးသားဆိုတာ ရယ်စရာလား ကိုလတ်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ရယ်စရာပေါ့၊ လူတွေက ငွေပေါ်တယ်၊ ထော့တယ်လို့ မြင်ရင် သူဌေးဘွဲ့ကို ပေးလိုက်တာပဲ၊ စီးပွားရှာကြံ ရုန်းကန်ရတဲ့ အခြေအနေကို မသိဘူး၊ သဲမာလည်း ကိုယ့်ကို အထင်မကြီးနဲ့'

သဲမာ မျက်လုံးကလေး ဝိုင်းသွားသည်။

'ကိုယ့်မှာ ဘာမှမရှိဘူး၊ အမွေဆိုသည်က စားထိုက်မှ စားရတာ၊ ခုနေ မေမေ သဘောမကျတဲ့အလုပ်ကိုလုပ်ကြည့်၊ သူဌေးသားဆိုတဲ့ဘွဲ့ ချောင်ကြိုချောင်ကြားရောက်သွားမှာ'

'အန်တီက ကိုကိုလတ်ကို မရက်စက်ပါဘူး'

'ကိုယ်က မရက်စက် ရက်စက်အောင်လုပ်မှာ'

'ဘာစကားလဲ ကိုကိုလတ်ရဲ့'

ပြုံးနေလိုက်မိသည်။ အဖြေကို မပေးဖြစ်။ ဂျမ်းရောက်လာပြီး ထမင်းစားကြမယ် ကိုကိုလတ်တို့ဟု လာခေါ်သဖြင့် စကားလမ်းကြောင်း တိခနဲ ပြတ်သွားသည်။

တိုက်ထဲ ဝင်ခဲ့သည်။

ထမင်းစားပွဲတွင် ဝင်ထိုင်ဖြစ်သည်နှင့် မေမေနှင့်အန်တီ နိုင်သာဇင်က လှမ်းကြည့်သည်။ ပြီးတော့ ပြုံးသည်။ သည်အပြုံး၏အနက်အဓိပ္ပါယ် မည်မျှကျယ်ဝန်းသွားမည်ကို စိတ်ကတွက်ချက်ပစ်လိုက်၏။

ရင်မှာ ပန်းဟိုက်သွားသည်။

သဲမာ မျက်နှာကိုကြည့်ရန်ပင် မဝံ့စားရဲတော့။

□ □ □



## (၁၃)

ချစ်သဲကြီးက ပြေးလိုက်လွှားလိုက်။

ခွေးဝင်စားမလေးက သစ်ပင်များကို ကွေ့ပတ်ပြေးလိုက်နှင့် ပျော်ကြောကြီးဆိုက်နေသည်။ ချစ်သဲကြီးက ခွေးဝင်စားမလေးကိုလိုက်မီလျှင် သူ့လက်ကြီးနှင့် မနာမကျင်ပုတ်သည်။ ဝုတ်ခနဲဟောင်ပြီး ခွေးဝင်စားမလေးကို ရှေ့က ခဲလိုက်၊ နောက်က ခဲလိုက်နှင့် ကျီစယ်သည်။

အချစ်ဆိုသည် ဒါပဲလား။

နံနက်ခင်းလေပြည်ကို ရှူရှိုက်ရင်း ကျော်ကိုလတ်သည် ချစ်သဲကြီးနှင့်ခွေးဝင်စားမလေး၏ အချစ်ကိုကြည့်ပြီး ရင်မှာ ပျော်သလို ဖြစ်လာရသည်။

သည်ခွေးဝင်စားမလေးကို တွေ့နေသည်မှာ သုံးလေး

www.burmeseclassic.com

www.burmeseclassic.com



ရက်မကတော့။ နံနက်တိုင်း ခြံတံခါးနားလာသည်။ ချစ်သဲကြီးက လည်း အမြီးတယမ်းယမ်းနှင့် တံခါးနားကပ်ပြီး တအီအီလုပ်သည်။ သို့သော်လည်း ပိတ်ထားသော ခြံတံခါးကြီးက ချစ်သဲကြီးနှင့်ခွေးဝင်စားမလေး၏ ဘဝကို တံတိုင်းခြားထားသည်သို့ ရှိသည်။ သည်နေ့တော့ ကျော်ကိုလတ် ချစ်သဲကြီးတို့အတွက် ကာဆီးနေသော အချစ်တံခါးကြီးကို ဖွင့်ပေးခြင်းဖြစ်သည်။ ချစ်သဲကြီးက အပြင်တော့ ထွက်မလိုက်။ ခွေးဝင်စားမလေးက ဇွေ့ခနဲ ခြံထဲဝင်လာသည်။ ခွေးဝင်စားမလေးဆိုသော်လည်း အရုပ်အမောင်းက ခွေးစဉ်မီသည်။ ပြေးလွှားနေသည်ကိုကြည့်ပြီး ချစ်သဲကြီးနှင့်လိုက်ဖက်သည်ဟု တွေးနေမိ၏။

အချစ်၏လွတ်လပ်ခြင်းကို တိရစ္ဆာန်ပင် တောင့်တမက်မောသည့်အဖြစ်ကို တွေးတောမိသည်။ အချစ်အနားမှာရှိနေသဖြင့် ချစ်သဲကြီးတို့ ပုတ်သင်ညို မြင်သည်ကိုပင် ဂရုမစိုက်နိုင်အားတော့။ ကျော်ကိုလတ်သည် ထိုင်ခုံတန်းတွင်ထိုင်ပြီး ချစ်သဲကြီးအဖြစ်ကို ကြည့်ကာ ပြုံးနေမိသည်။

'ချစ်ပစ်လိုက်စမ်း ချစ်သဲကြီး၊ အချစ်ဆိုတာ မျိုးတူရိုးတူမှ ပေါက်ဖွားရတာ မဟုတ်ဘူးကွ၊ ချစ်နိုင်ဖို့သာ အရေးကြီးဆုံးပဲ၊ ချစ်ပစ်၊ အားရပါးရသာ ချစ်ပစ်'

စကားကို ချစ်သဲကြီးကတော့ နားလည်နိုင်လိမ့်မည်မထင်။ ခွေးဝင်စားမလေးနှင့် မိုးမမြင်လေမမြင် ဖြစ်နေသည်။

'သား... ဒါ ဘာလုပ်နေတာလဲ'



'ချစ်နေတာကို ကြည့်နေတာ မေမေ'

'ဘာ...'

ဘာဆိုသည့်အသံကြီးက ဦးနှောက်များပွင့်သွားလေပြီဟု ထင်ရသည်။ ကျော်ကိုလတ် အထိတ်တလန့်နှင့် နောက်လှည့်ကြည့်သည်။

'အာ... မေမေ'

ခြေဖျားလက်ဖျားလေးများပင် အေးစက်ချင်သလိုဖြစ်သည်။ ရင်ဆိုင်ကြည့်မိသော အကြည့်ဝယ် မေမေ့မျက်ဝန်းကဒေါသဖြင့် အရောင်တောက်လာနေ၏။ ချစ်သဲကြီးကတော့ ခွေးဝင်စားမလေးနှင့် စိန်ပြေးတမ်း ကစားကောင်းတုန်း၊ အချစ်သာတွေ တိုင်နေတုန်း။

'ဟိုခွေးစုတ်မက ဘယ်က ခွေးမလဲ'

'ချစ်သဲကြီးရဲ့ ချစ်သူပါ မေမေ'

'ဘယ်လိုကွ'

'ချစ်သဲကြီးရဲ့ချစ်သူပါ၊ သူတို့ ချစ်နေကြတာ ကြာပြီမေမေ၊ သားက ဒီနေ့တံခါးဖွင့်ပေးပြီး အချစ်ကို လွတ်လပ်ပေးလိုက်တာ'

'တိတ်စမ်း၊ ချစ်သဲကြီးနဲ့ အဲဒီခွေးလေ ခွေးလွင့်မနဲ့ တူသလား၊ တန်သလားဆိုတာ မင်း စဉ်းစားမိရဲ့လား'

မေမေ၏ တင်းမာခက်ထန်သောစကားကို ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်သည်။ မေမေ့မျက်နှာကို ခပ်တွေတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။

'ချစ်သဲ...၊ လာစမ်း'

မေမေ့ အသံက ဟိန်းနေသည်။ မေမေ့ခေါ်သံကြောင့် ချစ်သဲကြီး အပြေးတန့်သွားသည်။ မေမေ့မျက်နှာကို လှမ်းကြည့်ပြီး အမြီးကလေး တနန့်နန့်နှင့် မျက်နှာချိုသွေးကာ မေမေ့နား ကပ်လာသည်။ ခွေးဝင်စားမလေးကမူ သစ်တိုင် အောက်တွင် ယောင်ချာချာကလေး ဖြစ်နေ၏။

'ဦးသော်... ဦးသော်'

မေမေ့အော်ခေါ်သံကြောင့် ကွာတာမှ ဦးသော်နှင့် သူ့မိန်းမ အပြေးကလေး ရောက်လာသည်။

'ဟိုခွေးစုတ်မကို ရိုက်မောင်းပစ်လိုက်စမ်းပါ၊ ဘယ်က ခွေးလေခွေးလွင့်မှန်း မသိဘူး၊ ခြံထဲဝင်ပြီးတော့များ ရာရာစစ'

ရင်မှာ ကျဉ်ခနဲ ဖြစ်သွားသည်။

ဦးသော်က ကျော်ကိုလတ်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ တားဆီးနိုင်သည့် အင်အားမရှိ။ ရတနာဥယျာဉ်တွင် မေမေ၏ တစ်သွေး တစ်သံ တစ်မိန့်ကို မည်သူမျှမလွန်ဆန်ရဲ။

သစ်ကိုင်းခြောက်ကလေးတစ်ခု ကောက်ယူပြီး ဦးသော်က ခွေးမလေးကို လိုက်ရိုက်သည်။ တဂိန်ဂိန်အော်မြည်ပြီး ခြံထဲ ကွေ့ပတ်ပြေးသည်။ ဦးသော်မိန်းမ မငွေထုံ၏ တုတ်ချက်အောက်တွင်မူ အညိုနှင့်အဖြူကွက် ရောယှက်ထားသော ခွေးမလေးသည် နာကျင်စွာ အော်ဟစ်ပြီး ခြံထဲမှ ပြေးထွက်သွားသည်။



ကျော်ကိုလတ် ချစ်သဲကြီးကို လှမ်းကြည့်မိသည်။

မေမေ့ဘေးတွင် ကြောက်ရွံ့စွာ ထိုင်နေသော ချစ်သဲကြီး။

ချစ်သဲကြီး ရင်ထဲတွင် အချစ်အတွက် နာကျင်နေရှာလိမ့်မည်ကိုတော့ စိတ်မှာ သိထားသည်။

အဖြစ်ကိုကြည့်ပြီး ရင်မှာ အလိုလိုမောသွားသည်။ စိတ်တစ်ခုလုံး မှိုင်းဝေသွားသည်။

မေမေသည် ရင်က မွေးမထုတ်သည့် သံယောဇဉ်ဖြင့် ကြင်နာသော ချစ်သဲကြီး၏ အချစ်တွင်ပင် ဝင်ရောက်စွက်ဖက်သည့် အဖြစ်ကို ပထမဦးဆုံး ကြုံတွေ့လိုက်ရ၏။

□ □ □

'ကိုကိုလတ်'

ကြက်အစာကျွေးနေရာမှ လှည့်ကြည့်လိုက်သည်။

ဂျမ်းကို ကြက်သောက်သည့်ရေခွက် ကိုင်ထားလျက် တွေ့ရသည်။

'ဘာလဲ'

'အဲဒီကြက်မအဖြူတွေက ဘာမျိုးလဲ'

'ငွေနားကြက်မျိုးဟ'

ရေခွက်ကိုလှမ်းယူပြီး ခြံအလယ်မှာ ချပေးသည်။ အစာကျွေးမည်အထင်နှင့် ကြက်မများ ဝိုင်းအုံလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုလတ်…'

လှမ်းခေါ်သည်။

'ဘာလဲဟ'

'ကိုကိုလတ်ကလည်း စိတ်ကိုမရှည်ဘူး၊ ဂျမ်းက မသိတာမေးချင်လို့ပါ'

'ဘာမေးမှာလဲ'

'ဂျမ်းအံ့ဩလို့ပါ'

'ဘာကို အံ့ဩတာလဲဟ'

အော်ပစ်လိုက်သည်။ စိတ်က သိပ်မရှည်ချင်တော့။

'ကိုကိုလတ် ကြက်မတွေက ဥတယ်နော်'

'ကြက်မဥတာ ဆန်းသလားဟ'

'ဟင်… ကိုကိုလတ်ကလဲ ကြက်ဖလည်းမရှိဘဲနဲ့'

တွန့်ခနဲ ဖြစ်သွားရသည်။ မျက်လုံးပြူးပြီး ဂျမ်းကို လှမ်းကြည့်မိ၏။ ဂျမ်း အူတူတူနှင့် ရပ်နေဆဲ။

'သွားစမ်းဟာ… နင်ဟာလေ ဘွားဘွားနဲ့မေမေနားမှာ ကပ်နေပြီး လောကကြီး ဘာတွေဖြစ်နေလဲဆိုတာကို မသိဘူး။ သွား… သွား နင်တောင်မေးမြောက်မေး မေးနေတာ ငါ့ဘာမှ အလုပ်မဖြစ်ဘူး'

နှင်ပစ်ရသည်။ ဂျမ်းက နှုတ်ခမ်းစူပြီး ခပ်ဆောင့်ဆောင့် ထွက်သွားသည်။

'အောင်မာ… ငါ့ကို ခြေဆောင့်သွားတယ် ဟုတ်လား၊



လိုက်ပြီး နားရင်းရိုက်လိုက်လို့'

'ဘယ်မှာသွားလို့လဲ'

'နင်… ခုသွားတာလေ'

'ရိုးရိုးသွားတာပဲဟာ'

ဂျမ်းက ကလေးစိတ်မကုန်။ မေမေ၏ အကြင်နာအောက်ဝယ် ဂျမ်းသည် ရုံဖန်ရံခါ နွဲ့တတ်၏။ မေမေ၏ ဂျမ်းအပေါ် ဆက်ဆံရေးသည် ဦးသော်၊ မငွေထုံတို့နှင့်မတူ။ ဂျမ်းကို မေမေယုံကြည်သည်။ အလိုလိုက်သည်။ သမီးဆိုသည့်အသုံးအနှုန်းမျိုးကိုပင် မေမေသုံးတတ်သည်။ မေမေ ဘွားဘွားကို တိုးတိုးတိတ်တိတ် ပြောဖူးသည့်စကားတစ်ခွန်းကို ကျော်ကိုလတ် အမှတ်ရသည်။

'အမွေကို ငါးပုံပုံရင် တစ်ပုံကိုတော့ မိဂျမ်းခံစားခွင့်ရှိရမယ် မေမေ'

ဘွားဘွားကို မေမေက သည်သို့ပြောဖူးသည်။ ဂျမ်းအတွက် တစ်ပုံဆိုသည်မှာ သိန်းဂဏန်းအထက်မှာရှိ၏။ ဂျမ်းတို့ဇာသည်လို ကုသိုလ်ကံကောင်းသည်။

ကြွက်ဖောက်ထားသည့် မြေကျင်းများကို ပြန်ဖို့သည်။ ဥကျင်းသို့ လှမ်းကြည့်သောအခါ ကြက်ဥလေးငါးခြောက်လုံးခန့်သာ ရှိသေး၏။ ငွေနားက ရွှေဒင်္ဂါးလောက် ဥချက်မကောင်း။ နောက်တစ်သုတ် ရွှေဒင်္ဂါးမျိုးများ ဝယ်မည်ဟု ကြံစည်မိသည်။

'ကိုကိုလတ်…'



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သံကြောင့် မျက်လုံးကိုလှန်ကြည့်သည်။ ဂျမ်း…။

'လာပြန်ပြီ'

'အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်'

'ဘယ်သူလဲ'

'ကိုဇော်ထွေး'

'ခွေးမဇော်… လူကြီးတွေကို နောက်တီးနောက်တောက်နဲ့၊ မေမေက ပါစားပေးထားရင် နင် သိပ်ပြီးလူလည် ကျချင်တယ်၊ ငါ့လက်သီးစာတော့ တစ်နေ့မိမယ်'

'ဧည့်သည်ရောက်နေတယ်'

စိတ်မရှည်သလို အော်သည်။

'ဇော်ထွေးမဟုတ်လား … လွှတ်လိုက်လေ'

ပြန်လှည့်ထွက်သွားသည်။

ခြံဘက်သို့ ဇော်ထွေးတော်တော်နှင့် ရောက်မလာ။ အတန်ကြာမှ ရောက်လာသည်။

'ကိုလတ်… သိပ်အားကြိုးမာန်တက် လုပ်မနေနဲ့၊ စီးပွားတွေ့ အရမ်းဖြစ်ပြီး ငွေတွေထားစရာနေရာ မရှိဖြစ်နေဦးမယ်'

ရယ်ရင်းပြောသည်။

'ဝါသနာပါလို့ပါကွာ၊ ကြက်ကလေးတွေ အစာကျွေးရတာရယ်၊ သူတို့ကလေးတွေ အစာကို လုယက်ပြီးစားကြတာရယ်ကို ကြည့်ပြီး အပျော်ကိုခံစားရတယ်၊ စိတ်ချမ်းသာမှု တစ်ခုပေါ့'





အလုပ်ကို လက်စသတ်သည်။ ခြံထောင့်တွင် ကြက်မတစ်ကောင် ငိုင်နေသဖြင့် ဖမ်းကြည့်ရသေးသည်။ ခပ်ကုပ်ကုပ်ပုံစံရှိသဖြင့် ဂျမ်းကို လှမ်းအော်ခေါ်ပြီး ခြံတောင်ဘက်ထောင့်ဒေါင်မှာသွားထားခိုင်းသည်။

'နာနေလို့လား ကိုလတ်'

ဇော်ထွေးက မေးသည်။

'နည်းနည်း မှိုင်သလားလို့ပါ၊ ခွဲထားလိုက်တာက ကျန်တဲ့ကောင်တွေအတွက် စိတ်အချရဆုံးလေ၊ ကြက်နာက သိပ်အံ့ဩစရာကောင်းတာ၊ တစ်နာရီ နှစ်နာရီအတွင်း တစ်ခြံလုံးပြုတ်နိုင်တာ'

ဇော်ထွေးနှင့် သစ်ပင်အောက်ရှိ ခုံတန်းသို့လျှောက်ခဲ့သည်။ ခုံတန်းမှာထိုင်ရင်း စပယ့်အကြောင်းများ ကြားရလေမည်လားဟု စိတ်က တွေးမိ၏။

'မနက်က ရွှေဂုံတိုင်မှာ စပယ်နဲ့တွေ့တယ်'

ရင်မှာ လှပ်ခနဲ ဖြစ်သွားသည်။

သတင်းဆိုးမဟုတ်သည့်သတင်း ကြားရပါစေဟု စိတ်အချက်ချင်း ဆုတောင်းဖြစ်သည်။

'စပယ်တို့ ဘယ်ကပြန်လာတာလဲ မသိဘူး၊ ငါ့ကိုမြင်တော့ စပယ်ကပဲ ပြုံးပြီးနှုတ်ဆက်ပါတယ်'

'စပယ်တစ်ယောက်တည်းလား'

'သူ့ညီမလေးပါတယ်၊ ညီမလေးဆိုပေမယ့် စပယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

မတိမ်းမယိမ်းပဲ၊ ရုပ်မျက်နှာအကျကတော့ စပယ့်အတိုင်းပဲ'

စကားကို ဖာနဲ့သည်။ ရှေ့ဆက်ရန် စကားရှိသေးသည်ကို အလိုလိုသိသည်။

'အုတ်လမ်းအထိပဲ စပယ်တို့နဲ့အတူတူ လျှောက်ခဲ့တာ၊ စပယ်က ကိုလတ်ကိုမေးတယ်'

တိန်းညက်ပင်ကြီးကို မော့ကြည့်နေမိသည်။

'ကိုလတ်နဲ့ပတ်သက်တာတွေ စပယ် သိပ်မေးချင်နေခဲ့ရတယ်၊ သူ့ညီမက နံဘေးမှာ ပါလာတော့ သူစကားကို ချိုးပြီးမေးတယ်၊ ကိုလတ်ကို စပယ်က စိတ်ဝင်စားနေတာတော့ အမှန်ပဲ'

အမေနှင့်ပျော့်ရသော စကားဖြစ်သည်။ ကျောင်းဆင်တုန်းက ပြောဖြစ်သည့်စကားကို အမှတ်ရသည်။ ခါးသီးသောငြင်းဆန်မှုမဟုတ်သည့် မဖြစ်နိုင်ပါဘူး ကိုလတ်ရယ်ဆိုသည့်စကားကို စပယ်သည် အားပျော့စွာသုံးသည်။

'စပယ် ငါ့ကို လက်ခံနိုင်ပါ့မလား ဇော်ထွေး'

'အင်း··· ဖြေရတာ အရမ်းကျပ်တာပဲ၊ ကိုလတ်ကိုစပယ်ချစ်ချင်ချစ်မယ်၊ ကိုလတ်ဘဝထဲကို ဝင်ဖို့တော့ စပယ်လေးလေးနက်နက် တွေးတောမှာပဲ'

'ငါက သူ့ဘဝထဲ ဝင်မယ်လေ'

စကားကြောင့် ဇော်ထွေးက ပြုံးသည်။

'အန်တီ့ကို ထည့်တွက်ဦး'

'အိုး··· ငါ့နလုံးသားကိစ္စကို မေမေက ဘာလို့ဝင်ရှုပ်ရမှာလဲ'

'အန်တီ့ရှေ့မှာ ကိုလတ် ဒီစကားမျိုး ပြောရဲပါ့မလား'

နှုတ်က မသိမသာဆိတ်သွားသည်။

မေမေ့ ရုပ်ပုံလွှာကို မျက်စိမှာ မြင်ယောင်လာမိ၏။

သြော်··· စပယ့်အချစ်ကို မရခင်က ရင်မှာ ညစ်နေရပါလား။

❒ ❒ ❒







www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

ဒုတိယအကြိမ်မြောက် အချစ်ကြိုးပမ်းမှုကို စပယ်နားလည်လိမ့်မည်။ မန္တလေးဆောင်ရှေ့တွင် စပယ့်ကို မီသောအခါ စပယ်က အရည်လဲ့နေသော မျက်ဝန်းကြီးဖြင့် ကြည့်သည်။

'ကလပ်စ်ပြီးကတည်းက ကိုလတ် စပယ့်ကို စောင့်နေတာပါ စပယ်'

'ဪ... ကိုလတ်ရယ်'

နှမ်းမောသံကလေးနှင့်ဆိုသည်။ အတူယှဉ်လျှောက်ဖြစ်သည့်အချိန်ထိ စပယ့်ကို စကားဆိုရန် နှုတ်က ဆွံ့အနေသည်။ အမရဆောင်ရှေ့ရောက်မှ...

'ကိုလတ်ကို စကားပြောချိန်ပေးပါ စပယ်ရယ်'

အသံတွင် အားပျော့မှုလေးများ ပါဝင်နေသည်ကို စပယ် သိလိမ့်မည်။ နှုတ်ကို ဆိတ်ထားပြီး စပယ် တွေဝေနေသည်



ကိုတော့ နားလည်သည်။ မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာသည့် အဖြစ်မျိုး။

'ကိုလတ် ညညတွေဆိုလည်း အိပ်မပျော်ပါဘူး စပယ်၊ ကျောင်းစာမှာလည်း ကြိုးစားချင်စိတ် မရှိတော့ဘူး'

'အို...'

အို ဆိုသည့်အသံကလေးနှင့်အတူ မျက်လုံးကိုလှန်ကြည့်သည်။ ရည်လဲ့သော မျက်ဝန်းတွင် ပူပန်ကြောင့်ကြမှုကို မြင်တွေ့လိုက်ရ၏။ ကမ္ဘာတစ်ဝက်တော့ နင်းမိပြီကို နားလည်လိုက်သည်။

'အချိန်တွေ သိပ်မကြာစေရပါဘူး စပယ်။ သည်နေ့ ကလပ်စ်တွေ စောပြီးတာပဲဟာ'

ပင့်သက်ကလေးချသံကို ကြားရသည်။

'ဘယ်ကိုသွားမှာလဲ'

'အင်းလျားဘက်လျှောက်ကြရင် ကောင်းမလား စပယ်'

'ဟင့်အင်း စပယ် ကိုလတ်နဲ့တွဲပြီး အဲဒီသွားဖို့လောက် သတ္တိမရှိဘူး'

'ဒါဖြင့်ရင် ရှေ့ကခုံတန်းလေးမှာပဲ ထိုင်ကြရအောင် စပယ်'

'လူတွေ ကြည့်သွားကြမှာပေါ့'

'စပယ်ရယ် ဟိုတစ်လောက ကိုလတ်တို့ ထိုင်ခဲ့ကြတာပဲဟာ'

'အဲဒီတုန်းက ကိုဇော်တွေးပါတယ်လေ ကိုလတ်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ခုဟာက နှစ်ယောက်တည်း ထိုင်ကြရမှာ မကောင်းဘူးပေါ့'

'ဒါဖြင့် ပန်းကမ္ဘာသွားမယ်လေ၊ အအေးသောက်ရင်း ပေါ့'

သည်အခါမှ စပယ်က ခေါင်းကိုညင်သာစွာ ညိတ်သည်။ တက္ကသိုလ်ပရိဝုဏ်မှထွက်ပြီး လမ်းမကိုဖြတ်ကူးသည်။ ပန်းကမ္ဘာ၏ ထောင့်ကျသော စားပွဲမှာဝင်ထိုင်ဖြစ်၏။

'ကိုဇော်ထွေး မပါဘူးလား'

သတိတရနှင့်မေးသည်။

'ကလပ်စ်တစ်ချိန်ဖျက်ပြီး ပြန်သွားတယ်၊ ကီလီမှာ ကုန်စိမ်းသွားဝယ်မလို့ ဆိုလားပဲ'

'ကိုဇော်ထွေးဘဝက စပယ်တို့ဘဝလိုပဲနော်'

ချို့ငဲ့ပါသည်ဆိုသည်ကို စပယ်က လိမ္မာပါးနပ်စွာ ပြောသည်။ စပယ်ဘာသောက်မလဲဟု လှမ်းမေးသောအခါ ကိုလတ်သောက်ချင်တာပဲမှာပါဟု ဆိုသည်။ စပယ်က စကားကိုရိုးရိုးသားသားဆိုသည်ဖြစ်သော်လည်း ရင်မှာစိမ့်ခနဲ အေးသွားရသည်။ ပူလောင်သော ကန္တာရရင်ပြင်ဝယ် အိုအေစစ်ကလေး ဖြစ်တည်ရသည့် အဖြစ်မျိုး။

စပါကလင် နှစ်ပုလင်းလှမ်းမှာပြီး စပယ့်မျက်နှာကို ခပ်ရဲရဲကြည့်သည်။ မျက်နှာအလှကို ခံစားရင်း အချစ်နှင့်ပတ်သက်သော စကားရပ်များကို တစ်တန်းကြီးဖြစ်အောင် စိတ်မှာ သီတန်းနေမိ၏။ စပယ်ကလည်း မျက်နှာကိုလှမ်းကြည့်၏။ ပြော



မည့်စကားကို စောင့်စားနေသည့် အသွင်သဏ္ဌာန်မှာရှိ၏။

'ကိုလတ်ကိုယုံပါ စပယ်'

ပြောပြီးမှ တုံးတိတိစကားကြီး ဖြစ်သွားလေပြီလားဟု ပြန်စဉ်းစားရသည်။ စကား အစီပွါယ်ကိုတော့ နားလည်လိမ့်မည်။ အချစ်ကို ထပ်လောင်းသည့် စကားဖြစ်သင့်မဖြစ်သင့်ဘဲ ထပ်ဆောင်းသည့်စကားသာ ဖြစ်သင့်တော့သည်ဟု ကျော်ကိုလတ်စိတ်မှာ ယူဆထား၏။

'ဘဝမှာ ပထမဦးဆုံး ပေါက်ဖွားမိတဲ့အချစ်ပါ စပယ်၊ မယုံရင် ဇော်ထွေးကို မေးကြည့်ပါ'

'ငါ့မယုံရင် ငါ့မယားမေးကြည့်ဆိုတာမျိုးလား ကိုလတ်ရယ်'

အရယ်နှင့်ပြောသည်။

စပယ်အရယ်တစ်ပွင့်သည် ရင်မှာ အားတစ်သန်းဖြစ်ပေါ်ရသည်သို့ ရှိသည်။ စပယ့်ကိုတွေ့ကတည်းက စပယ်ရယ်မှ ရယ်ပါ့မလား၊ ပြုံးမှပြုံးပါ့မလားဟု တွေးပူခဲ့ရ၏။ ယခုမူ စပယ်မျက်နှာတွင် ပန်းပွင့်ပြုံးကလေးများ နေရာမလပ်အောင် ရှိသည်။

စပါကလင်နှစ်လုံးလာချပေးသည်။ ဖယောင်းပိုင်တံက လေးနှစ်ခုသည် ပုလင်းနှစ်ပုလင်း ထိပ်ဝယ် ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ စပယ်က ညာလက် လက်ညှိုးလေးနှင့်ပုလင်းမှ တံဆိပ်စက္ကူလေးကို ပွတ်သပ်နေသည်။ စပယ်၏ပွပ်ရှားမှုကို ကြည့်ပြီး စပယ့်ရင်မှာ ပြောချင်သည့်စကားတွေ ရှိနိုင်လိမ့်မည်

www.burmeseclassic.com



ဟုတွေးမိ၏။

'စပယ့်ကို မြတ်နိုးတယ်ဆိုတဲ့နေရာမှာ အပေါ်ယံကြော တွေးပြီး လွယ်လွယ်နဲ့အချစ်ကို မွေးဖွားတာ မဟုတ်ပါဘူး စပယ်၊ စပယ့်ရဲ့အချစ်ကို ကိုလတ် ရိုးရိုးသားသား တောင်းခံပါတယ်၊ စပယ့်ကြောင့် ကိုလတ်ဘဝ အေးချမ်းပါရစေ'

မျက်လုံးကိုလှန်ကြည့်သည်။

ဝိုင်းစက်သော မျက်ဝန်းအောက်မှ ဖြောင့်စင်းသော နှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်း၊ အရယ်နှင့်အပြုံးကြားတွင် ပေါ်ထင်လာသော ပါးချိုင့်ကလေးသည် စပယ်ပိုင်ဆိုင်သည့် စပယ်၏ အလှပစ္စည်းများ ဖြစ်ကြသည်။

'စပယ့်ဘဝကို လှေ့လာပါဦး ကိုလတ်'

ပြောပြီး ဖယောင်းပိုက်ကလေးကို စုပ်ယူသည်။ စပယ် နည်းတူ ကျော်ကိုလတ်တလည်း အသာစုပ်ယူလိုက်သည်။ ရင်မှာ အေးချမ်းသွားသည့် ရသကို ခံစားရ၏။ သို့သော်လည်း စပယ့် စကားလောက် ရင်ကို အေးမြချမ်းမြခြင်း မရှိချေ။

'စပယ့်အချစ်ကိုပဲ ကိုလတ် လေ့လာရမှာပါ။ စပယ့် ဘဝကို ကိုလတ် ဘာမှလေ့လာနေစရာ မလိုပါဘူး၊ စပယ့်ကို ချစ်မှတော့ စပယ့်ရဲ့ဘဝကိုလည်း ကိုလတ် နားလည်ရမှာပေါ့ စပယ်က ကိုလတ်တို့က ချမ်းသာတယ်ဆိုတဲ့ စကားလုံးနဲ့ပဲ ကိုင် ကိုင်ပေါက်တော့ ကိုလတ် ဘာပြောရမှန်း မသိလောက်အောင် ဖြစ်ဖြစ်သွားတယ်၊ အချစ်နဲ့ ချမ်းသာခြင်းဟာ မဆိုင်ပါဘူး



စပယ်'

'လွယ်လွယ်မတွေးပါနဲ့ ကိုလတ်ရယ်၊ မဆီမဆိုင်ပါဘူး လို့ တွက်ချက်ထားတဲ့ အဖြစ်ကလေးတွေဟာ ဘဝတစ်ခုလုံးကို ကိုင်လှုပ်သွားနိုင်လောက်အောင် အကြောင်းတရား ထင်လာတတ် ပါတယ်'

'ကိုလတ်က မိုးပြိုမှာကိုတွေးကြောက်ပြီး ညအိပ်ရင် ခြေနှစ်ချောင်းမိုးပေါ်ထောင်အိပ်တဲ့ တစ်တီတူးငှက်လို မဟုတ်ဘူး စပယ်၊ ပြီးတော့ ညညမှာထပြီး ကမ္ဘာကြီး ပျက်ပြီလားဆိုတဲ့ အတွေးနဲ့ သစ်ပင်ပေါ်ကဆင်းပြီး မြေကြီးမှာ နားကပ်ထောင်တဲ့ မျောက်သတ္တဝါလို လူစားမျိုးလည်း မဟုတ်ဘူး'

သတ္တိရှိသည့်စကားကို သွယ်ဝိုက်ပြီး ပြောမိ၏။

'ကြားရတာ စပယ့်မှာ တအားတွေပါပဲ ကိုလတ်'

ရင်မှာ အေးခနဲ ဖြစ်သွားရသည်။ စပယ့်အချစ်ကို ပိုင် ဆိုင်ရလေပြီလားဟု အမှောတကော တွေးမိ၏။ စပယ့်စကား သည် နှလုံးသားအတွက် မည်မျှတာသွားသည်ကို စပယ်လည်း စဉ်းစားမိလိမ့်မည်။

'ကိုလတ် ဝမ်းသာရတော့မှာလားဟင်'

'ဟင်...'

'ဟင်ဆိုသောအသံနှင့်အတူ စပယ် မျက်လုံးဝိုင်းသွား သည်။

'ကိုလတ်ကို စပယ်သံယောဇဉ်ရှိတယ်ဆိုတာ ကိုလတ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါတယ်'

'သြော်··· ကိုလတ်ရယ်'

ပင့်သက်ကလေးချသည်။

'ကိုလတ် ဝမ်းသာပါရစေ စပယ်၊ အိပ်မပျော်တဲ့ညတွေကို စပယ့်ရဲ့အချစ်နဲ့ တိုက်ဖျက်ပါရစေ၊ ကိုလတ်ဘဝမှာ လိုလားအတောင့်တဆုံးက စပယ်ရဲ့ အချစ်ပါ'

သောက်နေသည့် သံပရာနံ့လေးလို ချိုပြင်းလိမ့်မည်။ စပယ်က ဖယောင်းပိုက်ကလေးနှင့် ပုလင်းထဲမှ အရည်ကိုမွှေနေ၏။ ပြီးမှ···

'စပယ် စဉ်းစားပါရစေဦး ကိုလတ်၊ တစ်ဘဝအတွက် ပေးရမယ့်အဖြေကို တစ်ခဏာနဲ့ မဆုံးဖြတ်ချင်ဘူး၊ စဉ်းစားပါရစေဦးဆိုတာ မိန်းကလေးတွေရဲ့ လုပ်ရိုးလုပ်စဉ်တစ်ရပ်အနေနဲ့ စပယ်တောင်းဆိုတာ မဟုတ်ပါဘူး၊ စပယ့်ဦးနှောက်နဲ့ နှလုံးသားကို သမပြီး စဉ်းစားဆုံးဖြတ်ရမှာပါ'

'အချိန်ကာလ တော်တော်များများထိ ကိုလတ်မောနေရမှာလား စပယ်'

အသံတွင် အားပျော့မှုလေးများ ပါဝင်နေသည်။ စပယ့်ကို မချစ်ရမှာ သေမလောက်ကြောက်သည့် ကိုယ့်အဖြစ်ကိုလည်း အံ့ဩနေမိ၏။ စပယ်နှင့်ဆိုလျှင် ရေခဲသော အရပ်ဖြစ်ဖြစ်၊ ပူလောင်ပြင်းပြသော ကန္တာရကိုပဲဖြစ်ဖြစ် သွားဝံ့သည့်သတ္တိများ ရှိသည်။



'စပယ် အချိန်ကို တစ်ပတ်ပဲယူမှာပါ၊ စပယ်စဉ်းစားမှာက ကိုလတ်ကို ချစ်နိုင်ဖို့ထက် ဖြစ်နိုင်ဖို့မဖြစ်နိုင်ဖို့ကို စဉ်းစားမှာပါ၊ ရှေ့အပတ်စနေ အာစီရှေ့က ၁၂-နာရီတီတီမှာ ကိုလတ်စောင့်ပါ၊ အဲဒီအခါမှာ ကိုလတ် စိတ်ဓာတ်တွေ ကြံ့ခိုင်အောင်လည်း လေ့ကျင့်ထားပါ'

ဝမ်းအသာရခက်သော အပျော်ရခက်သော စကား။ တစ်ပတ်လုံး စိတ်မောနေရမည့်အဖြစ်ကို ကြိုတွေးမိသည်။ ခုပဲအဖြေပေးပါ စပယ်ဟု ဆိုရန်ကလည်း မသင့်လျော်။ လက်ဖက်ကောင်းစားချင်လျှင် ပလောင်တောင်တက်နေရသည့် အဖြစ်ကိုလည်း နားလည်၏။ သို့သော်လည်း ခုအဖြစ်က ပလောင်တောင်တက်ပြီး လက်ဖက်ရှုံးရသည့်အဖြစ်မျိုး မဟုတ်ချေ။

'စပယ့်စကားကို ရင်တထိတ်ထိတ်နှင့် ခေါင်းညိတ်လိုက်ရသည်။ စပယ်တို့သွားကြစို့ ကိုလတ်ဟုဆိုသောအခါ သင့်ငွေကို အလျှင်ဦးအောင် ရှင်းပေးလိုက်သည်။

ဆိုင်မှ ထွက်သောအခါ စားပွဲတွင်ထိုင်ကြသော မျက်လုံးအစုံကို ရင်ဆိုင်ရ၏။ စပယ်ကမူ တည်တည်ငြိမ်ငြိမ်။ စပယ့်မျက်နှာတွင် ပြောင်းလဲမှု အရောင်အသွေးများမရှိ။ ခြေလှမ်းမှားခြင်းနှင့်ရှုံ့ခြင်းအခက်ခဲကို စပယ်သည် တည်ငြိမ်စွာပင် ကျော်သွားနိုင်၏။

စပယ့်ကို ကားမှတ်တိုင်ထိ လိုက်ပို့သည်။ ကိုလတ် လိုက်ပို့မယ်လေ ဆိုသည့်စကားကို နှုတ်ကမထွက်။ ပြောထွက်

www.burmeseclassic.com



ခဲ့လျှင်လည်း စပယ်သည် ခေါင်းကို ညင်သာစွာခါလိမ့်မည်။

နံပါတ် ၈-ကား အပြေးကလေး ရပ်လာသည်။

'စပယ်သွားမယ်ကိုလတ်'

'ကိုလတ် ဝမ်းသာပါရစေနော်'

ပြောဖြစ်အောင်တော့ ပြောရသေးသည်။ စပယ်က ဘာ စကားမှမဆို။ ကားပေါ်တက်သွားသည့် စပယ့်ကိုကြည့်ပြီး ‌ဆေ ကျန်ရစ်ခဲ့၏။ ကားဘီးလိမ့်သွားသည်ထိ ကားမှတ်တိုင်တွင် ခ ငူငူ ရပ်နေမိသည်။

'ဟော့… ကိုကိုလတ်'

ခေါ်သံနှင့်အတူ လက်မောင်းကို ကိုင်လှုပ်ခြင်းခံရ နာဖျားသို့ရောက်လာသည့်ရနံ့ကြောင့် မျက်မှောင်အသာကြုတ် လိုက်သည်။ လှမ်းကြည့်လိုက်၏။

'ဩော်… သဲမာ'

သဲမာက အပြုံးကို နင့်နင့်ပိုးပိုး ပြုံးထားသည်။ သဲ ဘေးတွင် အမျိုးသမီးတစ်ယောက်။ သဲမာကို အပြင်အဆင်ချ နှင့် သဲမာလို ပူလောင်သောအလှကို ပိုင်ဆိုင်ထားသည်။

'ကိုကိုလတ်ကို မြင်ပါတယ်'

'ဘာကိုမြင်တာလဲ သဲမာ'

'အမျိုးသမီးတစ်ယောက်နဲ့'

'အင်း…'

'ပန်းကမ္ဘာထဲမှာ ထိုင်နေကတည်းကတွေ့တာ'



'ဩော်…'

'ကိုကိုလတ်နဲ့လိုက်ဖက်ပါတယ်'

မျက်လုံးကို ဖြတ်ခနဲ လှန်ကြည့်သည်။ ရယ်ပြုံးတဲ့မျက် နှာ၊ ချိုသော အနံ့အရသာမရှိ။ အရယ်တွင် လှောင်ပြောင်လေးများ ပါသည်။ စကားကိုရှင်းချက် မထုတ်ဖြစ်ချိန်တွင် သူမနံဘေးမှ အမျိုးသမီးက ခစ်ခနဲ ရယ်၏။

'ကိုကိုလတ်တို့ဗွဲ့တာ ခုမှပဲ သိရတယ် ဟင်း… ဟင်း'

သဲမာကို နားမလည်နိုင်တော့…

'ဘာကျွေးမှာလဲ ကိုကိုလတ်'

ခပ်ယောင်ယောင်ဖြစ်နေသည့် ပုံစံကိုကြည့်ပြီး ရယ်ကြ သည်။

'ကိုယ်တို့ ရိုးရိုးသားသားပါ သဲမာ'

'ကျွေးရမှာစိုးလို့ မငြီးစမ်းပါနဲ့ ကိုကိုလတ်ရာ၊ အဲဒီ အမျိုးသမီးကို သဲမာတို့သိပါတယ်၊ အုတ်လမ်းမှာနေတာလေ… အိမ်ရှေ့မှာ ဈေးဆိုင်ကလေးဖွင့်ထားတယ်၊ အရောင်းအဝယ်တတ် တဲ့ အမျိုးသမီးကိုစွဲတာ ထမင်းမငတ်ဘူး ကိုကိုလတ်ရဲ့ အဆုံး ခြင်းတောင်းဈေးဖန်းခေါင်းရွက်ပြီး ရှာကျွေးမှာ'

ဒေါသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားရသည်။ ရင်းနှီးမှု ကို အခွင့်အရေးယူပြီး ကပ်နှိပ်သည့်အဖြစ်ကို စိတ်က လုံးဝချည် နေမိ၏။ စပယ့်ကိုသဲမာက သိမည်။ စပယ့်ဘဝကိုလည်း သဲမာ သိသင့်သလောက် သိထားမည်။ ပြောသည့်စကားတွင် စပယ့်

www.burmeseclassic.com



ကို 'နှိမ်'သည့်စကားလုံးများ အပြည့်အဝသုံးထား၏။

'အချစ်မှာ ရဲဘော်စိတ် ပါဝင်တဲ့ အပိုင်းမျိုးပေါ့ သဲမာ၊ ရှေးလည်ရောင်းရာက ပြန်လာတဲ့အချစ်ကို အချစ်မောနေပြီလား ဟင်ဆိုပြီး တယုတယ ကြင်နာတတ်တဲ့ အချစ်ရသမျိုးကို ကိုယ်က လိုချင်လို့ပါ၊ ကဲ… ကိုယ်သွားမယ် သဲမာ'

စကားကိုရွဲ့ပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။ ကျောင်းဘက်ပြန်အလျှောက်တွင် နံဘေးသို့ ကားတစ်စီး ကျွီခနဲထိုးရပ်လာ၏။ ကားသံနှင့်အတူ စကားသံပါ ပေါ်ထွက်လာသည်။

'ကိုလတ်ရယ်… ကျောင်းဆင်းရင် ဦးသော် လာကြိုပါ့မယ်ကွာ၊ ကိုလတ် မပါဘဲ ပြန်ပြန်လာရင် မမလတ်က ဟောက်လွန်းလို့'

'မနက်က မေမေ့ကိုပြောခဲ့သားပဲ၊ ကားမလွှတ်နဲ့လို့…'

'ဦးသော်ကိုတော့ ဘာမှမပြောပါဘူးကွာ၊ ခု ဦးသော် ကိုလတ်ကို ကျောင်းတစ်ဝင်းလုံး လှည့်ပတ်ရှာနေတာ'

ကားပေါ်တက်လိုက်သည်။

'မဖြစ်ပါဘူး၊ မေမေ ကားတစ်စီးထပ်ဝယ်ပြီးရင်တော့ ဒီကားကို အပိုင်ဆွဲထားမှပါပဲ၊ နို့မို့ ဦးသော်တောင်ပြေးရ မြောက်ပြေးရနဲ့'

'နေရာမှာ အတိအကျရှိရင်တော့ မြောက်ဝင်ရိုးစွန်းထိပဲ လာကြိုရ ကြိုရပါကွာ၊ ခုဟာက ကိုလတ်က တောင်ပံလေးတပ်ပြီး ပျံပျံသွားလို့'





ရယ်လိုက်သည်။

ရယ်ရင်း အိတ်ထဲမှ ငါးသုံးလုံးစီးကရက်တစ်လိပ်ကို ဆွဲထုတ်ပြီး ဦးသော်ပါးစပ်မှာ တပ်ပေးလိုက်၏။ ဦးသော် သဘောအကျကြီး ကျသွားသည်။

'အဟဲ… ကိုလတ်က ချစ်စရာကောင်းတယ်'

'တော်ပါဗျာ၊ ခဲစရာလေးရရင် ခင်ဗျားလေသံပြောင်းသွားပြီ'

'အဟဲ…'

အဟဲဆိုပြီး ဦးသော်က ရယ်သည်။ ကားကို မှန်မှန်မောင်းရင်း ဟံသာဝတီအဝိုင်းကြီးကို ကွေ့ပတ်ပြီး အကွေ့တွင်…

'နေ့လည်က ရွှေဆိုင်ကို ဒေါ်ခိုင်သဇင်လာတယ် ကိုလတ်'

'ဟုတ်လား'

'အေး… မမလတ်နဲ့ စကားတွေပြောနေတာ အကြာကြီးပဲ'

'ဘာစကားတွေများလဲ ဦးသော်'

'အဲဒါတော့ ဦးသော် မသိဘူးကွ၊ ကိုကိုလတ်ဆိုတဲ့ အသံကိုတော့ ဦးသော် ကြားရတယ်'

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။

စီးကရက်ငွေ့ကို အားရပါးရ ရှူရှိုက်ပြီး ဖူးခနဲမှုတ်ထုတ်လိုက်၏။ ကားမောင်းနေရင်း ဦးသော်က မျက်နှာကို ဖျတ်



www.burmeseclassic.com

ခနဲ ကြည့်သည်။

'ကိုလတ်'

'ဗျာ...'

'မမလတ်က ကိုလတ်ကို မိန်းမပေးစားဖို့ စိတ်ကူးနေသလား မသိဘူး'

ဦးသော်စကားကြောင့် မောနေသော ရင်သည် ပို၍ပန်းဟိုက်သွားရတော့၏။

❐ ❐ ❐





(၁၅)

အစ်ကို...

အစ်ကို့အချစ်ကို နားလည်း လည်ပါတယ်။ ယုံလည်း ယုံပါတယ်၊ ဒါပေမဲ့ အစ်ကိုရယ် ဂျူမ်းကြောက်တယ်။ သည်အကြောင်းတွေသိရင် မေမေလတ်က ဂျူမ်းကို အသေရိုက်မှာ။ ကိုကိုလတ်က မျက်နှာတစ်ခုလုံး ဖူးရောင်ကားအောင် လက်သီးနဲ့ ထိုးမလားပဲ။ တွေ့ဆုံစကားပြောဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ အစ်ကိုရယ်။ ဂျူမ်း ဘယ်လိုထွက်လို့ ရမှာလဲ။ အစ်ကို့အချစ်ကို ဂျူမ်းယုံကြည်လက်ခံပေမယ့် ရတနာဥယျာဉ်ခြံရဲ့ မိသားစုဂုဏ်သိက္ခာတွေ ကျဆင်းအောင်တော့ ဂျူမ်းမလုပ်ရက်ဘူး။ ရည်ရွယ်ချက်တွေ အောင်မြင်အောင်ကြိုးစားပါ အစ်ကို။ ခေတ္တခဏတွေ ရတဲ့အချိန်လေးတွေမှာ ကြင်ကြင်နာနာပြုံးပြတဲ့ အပြုံးလေးတွေနဲ့ပဲ ကျေနပ်ပါဦးနော်။ ရည်ရွယ်ချက်တွေ ပြည့်ဝရင် ဂျူမ်းက



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်ပြီး မေမေလတ်ကို ပြောပါမယ်။ အဲဒီအခါကျရင် အားလုံးခွင့်လွှတ်နိုင်မှာပါ။ ဂျမ်းထင်သလို ဖြစ်မလာခဲ့ဘူးဆိုရင်လည်း အထုပ်ပိုက်စောင်ပိုက်တာပေါ့ အစ်ကိုရယ်။ အဲဒီအခါကျ အစ်ကို့သတ္တိတွေ မြောက်ဝင်ရိုးစွန်းကို ရောက်မနေပါနဲ့ . . .

ထပ်တူထပ်မျှသော အချစ်ဖြင့် . . .

ဂျမ်း . . .

စာကိုပြီးဆုံးအောင် ဖတ်လိုက်သည်။ အမျိုးအမည်မသိသော ဝေဒနာကို ရင်မှာခံစားရင်း ဂျမ်းကို လှမ်းခေါ်လိုက်သည်။

'မိဂျမ်း . . . မိဂျမ်း'

ဟင်းမွှေယောက်မကိုင်ပြီး ဂျမ်းအပြေးကလေးရောက်လာ၏။ လက်တွင်ကိုင်ထားသည့် စာရွက်ပြာကလေးကို ကြည့်ပြီး မျက်လုံးဝိုင်းခနဲ ဖြစ်သွားသည်။ နီးထုပ်နီးထည်နှင့် မိထားသော အဖြစ်ကို ဂျမ်းသိလိမ့်မည်။

'ဒါ ဘာလဲ'

'ဘယ်ဟာလဲ ကိုကိုလတ်'

စာရွက်ကို ထောင်ပြလျက်သားနှင့် ခပ်ကြောင်ကြောင်လုပ်နေသည်။ ကျော်ကိုလတ်စိတ်မှာ တိုချင်သလိုလို ဖြစ်သွား၏။

'ဒီစာကိုပြောနေတာ၊ ဒါနင်ရေးထားတဲ့ စာမဟုတ်ဘူးလို့ နင်ငြင်းလို့မရဘူး . . .'

ကိုင်ထားသည်မှာ အပိုင်မို့ ခပ်မာမာ ပြောချလိုက်သည်။





ဂျမ်းကတော့ မျက်လုံးကလေးဝိုင်းကောင်းတုန်း။ စာရွက်ပြာကလေးကို လှမ်းကြည့်ပြီး ဉာဏ်နီဉာဏ်နက် ထုတ်ကောင်းတုန်း။

'အဲဒီစာက အစ်ကိုဆိုတာ ဘယ်သူလဲ ပြောစမ်း၊ ပြောစမ်း . . . ငါ့ကိုပြောစမ်း'

'မ . . . မ . . . မဟုတ်ပါဘူး ကိုကိုလတ်'

'နင် ငါ့ကိုမလိမ်နဲ့၊ နင့်လက်ရေးတွေကို ခွေးချီသွားတောင်မှတ်မိတယ်'

'ဂျမ်း . . . ဂျမ်းရေးတာပါ'

'အေး . . . အဲသလို ဝန်ခံမှငါက ကြိုက်တာ၊ ကဲ . . . ပြောစမ်း အစ်ကိုဆိုတာ ဘယ်သူလဲ'

ဂျမ်းတွေဝေသွားသည်။ ပြီးမှ . . .

'အစ်ကိုဆိုတာ ဘယ်သူမှ မဟုတ်ပါဘူး ကိုကိုလတ်၊ ဒီစာကလည်း ဂျမ်းလက်အားလို့ ရေးတာပါ'

'ဟ . . . လက်အားရင် တစ်ခုခု လုပ်နေပါလားဟ၊ ရည်းစားစာ ထိုင်ရေးရလား'

'ရည်းစားစာဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာ သိချင်လို့ ရေးကြည့်တာပါ၊ ဂျမ်းမှာ ဘယ်အစ်ကိုမှ မရှိပါဘူး၊ ကိုကိုလတ်လိုလည်း ရည်းစားမထားဖူးပါဘူး'

'ဘာ . . .'

အော်ပစ်လိုက်သည်။ ဂျမ်းတွန့်ခနဲ ဖြစ်သွား၏။


www.burmeseclassic.com

www.burmeseclassic.com



'နင် ငါ့ကို ရီးတီးယားတား မလုပ်နဲ့နော်၊ ခု ဒီစာကို မေမေ့ကို ငါပြလိုက်ရမလား'

'အယ်… အဲသလိုတော့ မလုပ်ပါနဲ့ ကိုကိုလတ်ရယ်၊ ဒီစာက တကယ်လည်း မဟုတ်ပါဘူး၊ နောက်ဆို ဂျမ်းလက်အား ရင် တခြားဟာလုပ်နေပါ့မယ်၊ ရည်းစားစာမရေးတော့ပါဘူး၊ ဂျမ်းစာကိုပြန်ပေးပါနော်'

'မပေးဘူး'

'မလုပ်ပါနဲ့ ကိုကိုလတ်ရယ်… ဂျမ်းတောင်းပန် ပါတယ်'

'မလိုချင်ဘူး၊ ဒီစာကို ဆုတ်ပစ်မယ်'

'ဒါဖြင့် ဂျမ်းရှေ့မှာဆုတ်'

'အောင်မာ…'

ဒေါသက ထောင်းခနဲဖြစ်လာ၏။ နားရင်းကျင်းပစ်ချင် စိတ်က ချက်ချင်းဖြစ်ပေါ်လာသည်။

'ကိုကိုလတ်က ဆုတ်မယ်ဆိုပြီး မေမေလတ်ကို သွားပြ ရင် မိဂျမ်း မောကြောဆိုက်မယ်'

'သြော်… ဒီလိုတော့လည်း ကြောက်တတ်သား'

'တကယ်မှ မဟုတ်ဘဲ ကိုကိုလတ်ရဲ့'

မေမေ ဝင်လာသည်။

စကားစကို ရပ်ပစ်လိုက်၏။

လက်ထဲမှ စာရွက်ကို မသိမသာလုံးဆုပ်ထားလိုက်



သည်။

'မောင်နှမ ဘာဖြစ်နေတာလဲ'

မောင်နှမဆိုသည့်စကားကို မေမေသည် ရံဖန်ရံခါတွင် သုံးတတ်၏။

'ကိုကိုလတ်က သူကဗျာရေးထားတာကို ဂျမ်းကိုဖတ် ပြတာ မေမေလတ်၊ ဂျမ်းက ကောင်းလည်း မကောင်းဘူးလို့ ပြောတာနဲ့ စိတ်ဆိုးပြီး လုံးချေပစ်တာ'

'ဘာ… ခွေးမ'

နားရင်းရိုက်ရန် လက်ကို ရွယ်စဉ်ရှိသေး၏။ ဂျမ်းက လျှာထုတ်ပြပြီး မီးဖိုဘက် ပြေးဝင်သွားသည်။

မေမေကတော့ ခပ်ပြုံးပြုံး။ ဂျမ်းနှင့်ပတ်သက်လာလျှင် မေမေသည် မျက်နှာကို ထာဝစဉ်ချိုထားတတ်၏။

ဂျမ်းနှင့်ပတ်သက်၍ ကျော်ကိုလတ်သည် တစ်ခါက မေမေ့ကို မေးဖူး၏။

'ဂျမ်းဆိုရင် မေမေသိပ်အလိုလိုက်တာပဲ၊ သားနဲ့ယှဉ် ရင်တောင် စည်းကမ်းကို မေမေ ဂျမ်းအပေါ်မှာ မတင်းကျပ်ဘူး'

မေမေ အသံထွက်အောင် ရယ်ခဲ့သည်။

ရယ်ပြီးတော့လည်း…

'အလိုလိုက်တယ်ဆိုတာ အမိုက်လည်းမစော်ကားဘူး လေ သားရဲ့၊ စည်းကမ်းမတင်းကျပ်တာကလည်း ဂျမ်းမှာ စည်း ကမ်းမဲ့ဘူး၊ ဂျမ်းဘဝ ဥမမည်စာမမြောက်ခင်ကတည်းက မေမေ

www.burmeseclassic.com

www.burmeseclassic.com



တို့လက်ထဲ ရောက်လာတာမဟုတ်လား သားရယ်၊ ဂျမ်းဘ၀မှာ မေမေတို့ပဲ ရှိတာပဲဟာ၊ ဂျမ်းကို သားကြင်နာပါ၊ သနားပါ၊ ညီမလေးအသွင်သဏ္ဌာန်နဲ့မြင်ပါ'

မေမေ သည်သို့ဆိုခဲ့သည်။

ဂျမ်းဘက်မှ ရပ်တည်ခဲ့သည်။

ခုလည်း ဂျမ်းသည် သူ့မြားဦးကို ကျော်ကိုလတ်ဘက်သို့ လှည့်ခဲ့သည်။

'သား ... ဘယ်သွားစရာရှိသေးလဲ'

မျက်နှာကိုကြည့်ရင်းမေးသည်။

'ဒီညနေ အပြင်မထွက်ပါဘူး မေမေ၊ ပထမတော့ ဇော်ထွေးနဲ့ ကျော်စွာကိုခေါ်ပြီး မဟာဗန္ဓုလပန်းခြံလမ်းမှာ လက်ဖက်ရည် သွားသောက်မလားလို့ စဉ်းစားတယ်'

မဟာဗန္ဓုလပန်းခြံလမ်းမှာ လက်ဖက်ရည်ကောင်းလို့လား'

ပြောရခက်သွားသည်။

မဟာဗန္ဓုလပန်းခြံလမ်းကဆိုင်ကို ကျော်စွာက အကျင့်လုပ်ထားခြင်းဖြစ်၏။ အကျင့်လုပ်ထားသည်ဆိုသော်လည်း ကျော်စွာပါမှ သွားဖြစ်သည်က များသည်။ ဇော်ထွေးနှင့်ဆိုလျှင် ဗားကရာလမ်းမှ စိန်လှကြည်ဆိုင်မှာဖြစ်ဖြစ်၊ ဝိဇယရုပ်ရှင်ရုံဘေး အိန္ဒြေစင်မှာဖြစ်ဖြစ်ထိုင်လိုက်ကြသည်သာ ဖြစ်၏။

'ဘာရယ်လို့ မဟုတ်ပါဘူး မေမေ၊ ထိုင်နေကျဆိုင်





အစွဲအလမ်းလေးပါပဲ'

'သွားစရာမရှိဘူး ဆိုပါတော့'

ခေါင်းကို ဆတ်ခနဲညိတ်ပြ၏။ မေမေက ဆိုဖာပေါ်တွင် ဝင်ထိုင်ပြီး မျက်နှာကို ခပ်စူးစူးကြည့်သည်။ မေမေအကြည့်ကြောင့် စိတ်မှာ ထင့်ခနဲ ဖြစ်သွားရ၏။ သည်အကြည့်၏ နောက်ဆက်တွဲအဖြစ်ကို မေမေသည် ထူးခြားသောစကားကို ပြောမည်ဆို စိတ်မှာ အလိုလို သိနေသည်။

'ထိုင်ပါဦးသား'

မေမေ့ရှေ့ဆိုဖာပေါ်တွင် ဝင်ထိုင်သည်။

ခါတိုင်းလည်း မေမေနှင့်မျက်နှာချင်းဆိုင်နေကျ။ ယနေ့မှ စိတ်မှာ သိမ်ငယ်သလိုလို၊ သိုးငယ်ပုံသဏ္ဌာန်လို ခံစားရသည်။ မေမေ့မျက်လုံးအကြည့်ကိုပင် အချိန်မိနစ် စက္ကန့်ကြာမျှ ဆိုင်ကြည့်နိုင်သည့်နေအထားမှာ မရှိ။

'သားကို မေမေ မေးမလို့'

ရင်မှာ ပိုမိုထိတ်သွားသည်။ မေးမလို့ဆိုသည့်စကားသည် သံသယနှင့်ယှဉ်သောစကား ဖြစ်သည်။

'တစ်နေ့က လှည်းတန်းက အအေးဆိုင်မှာ သားကောင်မလေးတစ်ယောက်နဲ့ ထိုင်တယ်ဆို'

ရင်မှာ အေးခနဲစိမ့်သွားသည်။ မေမေပြောသည့်ကောင်မလေးဆိုသည်မှာ စပယ်ဖြစ်သည်။ ပန်းကမ္ဘာမှာ စပယ်နှင့်အတူ ထိုင်ခဲ့သည်။ စပယ်အချစ်ကိုတောင်းခံခဲ့သည်။ စပယ်၏ အဖြေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ရက်ချိန်းကို ရရှိခဲ့သည်။ သည်မြင်ကွင်းအားလုံးကို သဲမှာ မြင်သည်။ သဲမှာနှင့်ပင် စကားအထစ်အငေါ့လေးများ ဖြစ်ခဲ့ရသေး၏။

'သူငယ်ချင်းပါ မေမေ'

'မောင့်ဖော်ထွေးကောပါလား'

'ဖော်ထွေးက ကလပ်စ်အစောကြီး ပြန်သွားတာ၊ ဖော်ထွေးမပါပါဘူး'

'နှစ်ယောက်ထဲပေါ့'

မေမေ့ဟန်က တရားခံစစ် စစ်နေသည့်ဟန်။ မျက်မှောင်ကြုတ်ကြုတ်ပြီး မေးလာသည့်အခါများတွင် စပယ့်အတွက် ဝမ်းပန်းတနည်း ခံစားရသည်။

'သူငယ်ချင်းပါမေမေ'

နှစ်ယောက်တည်းလားဆိုသည့် အမေးကို သွယ်ဝိုက်၍ ဟုတ်ကဲ့ဟု အဖြေပေးခြင်းမျိုးလည်း ဖြစ်သည်။

'ကိုလတ်…'

'မေမေ'

'တက္ကသိုလ်စတက်တဲ့နှစ်မှာ သား မေမေ့ကို ကဗျာလေး ရွတ်ပြဖူးပါတယ်၊ ဘာတဲ့… ကျောင်းကြီးပေါ်မှာ မောင်မဆော့ပါ ဘုန်းတော်ကြီးလိုနေပါ့မယ် ဆိုတဲ့ကဗျာကို သား ရယ် ရယ်မောမောနဲ့ မေမေနဲ့ဘွားဘွားကို ရွတ်ပြဖူးပါတယ်'

'သား အမှတ်ရပါတယ် မေမေ'





'ခုတော့ သားက ကျောင်းကြီးပေါ်မှာ မောင်ဆော့နေပြီပေါ့'

အထိတ်တလန့် ဖြစ်သွားရသည်။

မေမေ့မျက်နှာကို ဖျာဖျာသလဲ ကြည့်မိ၏။ နှုတ်မှလည်း မဟုတ်ဘူးမေမေ၊ မဟုတ်ဘူး မေမေဟု အမြွက်ကြီး ငြင်းဆန်မိသည်။

'ကိုလတ်…'

'မေမေ'

'ကျောင်းကြီးပေါ်မှာ ပညာတွေရှာပါ၊ သားဘဝအတွက် ကြင်ယာဆိုတာ မေမေ စီစဉ်ပြီးသား၊ ငါတက္ကသိုလ်ကျောင်းသား၊ မကြာခင် ဘွဲ့ရတော့မှာ ငါ့အချစ်နှလုံးသားကို ငါ့ဘာသာ ငါ ဖန်တီးမယ်ဆိုတဲ့ အူကြောင်ကြောင်အတွေးတော့ မဝင်နဲ့၊ မေမေ့စိတ်ဓာတ်ကို မင်းသိတယ် မဟုတ်လား၊ ကျောင်းပြီးတဲ့နှစ်မှာ သားဘဝအတွက် အားလုံးပြီးပြည့်စုံရစေမယ်၊ ဒီအထဲက ဖောက်လာရင်တော့ မေမေက ထဘီခါးတောင်းကျိုက်ပြလိုက်မယ့် မိန်းမမျိုးဆိုတာ မင်းမှတ်ထား'

ဖျောင်းဖျသောစကားတွင် ခြောက်လှန့်သောစကား ပါဝင်သည်။ ခေါင်းကိုငိုက်စိုက်ချ နာခံနေရသော်လည်း ရင်မှာ မုန်တိုင်းတစ်ခု တိုက်ခတ်လျက်ရှိ၏။ မေမေ၏စကားလုံးများဝယ် သဲမှာကို မြင်ယောင်သည်။

အံကို တင်းတင်းကြိတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမ…။

သင်းပြော၍ မေမေ သိရသည်။

သင်းသည် စပယ့်ဘဝကိုများ ပိုပိုသာသာထိုး၍ မေမေ့ကို စကားတင်းဆိုခဲ့ပြီလား။

ကောက်ကျစ်ပါ့ မိသဲမာ…။

❐ ❐ ❐





(၁၆)

'တကယ်ယုတ်မာတယ်ကွာ၊ ကားမှတ်တိုင်မှာ ငါ့ကိုလည်းခတ်သွားသေးတယ်၊ ပြီးတော့ မေမေ့ကိုလည်း သွားပြောတယ်၊ အဘွားကြီးက ငါ့ကို ဆူတာပေါ့'

ထုံးစံအတိုင်း ဇုက်ပျောတောကလေး၏ ထောင်ကျသောလက်ဖက်ရည်စားပွဲမှာထိုင်ရင်း စကားကို ဆိုဖြစ်သည်။

'ဘဝမှာ ဒီတစ်ခါပဲ မေမေရဲ့ ထန့်ထန့်မာမာ စကားကိုကြားဖူးတာ၊ အအေးဆိုင်မှာ ကောင်မလေးတစ်ယောက်နဲ့ထိုင်စာယ် မဟုတ်လား ဆိုကတည်းက သဲမာ လက်ချက်မှန်း ငါကတန်းသိတာပေါ့'

'အေးလေ… အထင်အရှားကြီးပဲဟာ'

'ငါတော်တော် မကျေမနပ် ဖြစ်နေတယ် ဖော်ထွေးရာ၊

www.burmeseclassic.com



စီးပွားဘက်သွားပြီး သဲမာကို ရှာရ ကောင်းမလားလို့ စဉ်းစားနေတာ'

ဒူးယားကို သားရေအိတ်အညိုကလေးထဲမှ ထုတ်ယူသည်။ တစ်လိပ်ကို ပါးစပ်မှာတပ်ပြီး တစ်လိပ်ကို ဇော်ထွေးကို ကမ်းပေးသောအခါတွင် ဇော်ထွေးက လက်ကြားတွင် ညှပ်ထားသည့် ဆေးပေါ့လိပ်ကို ထောင်ပြ၏။

'လုပ်မနေပါနဲ့တော့ ကိုလတ်ရာ၊ ဒီလို ချွန်တတ်ထောင်တတ်ရင် နောက်ဆို ဝေးဝေးက ရှောင်လိုက်ပေါ့'

'ခုလည်းရှောင်တာပဲ၊ ဘယ်ချောင်က ဘယ်လိုကြည့်နေမှန်းမသိတာ၊ တကယ်ကွာ၊ ပတ်ပတ်သက်သက် မနေတာ ပတ်မတ်သက်သက် လာဖြစ်ရတယ်'

'သူက ပတ်သက်ချင်လို့နေမှာပေါ့ ကိုလတ်ရ'

ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

သူ့အမေနှင့်အိမ်ကိုလိုက်လာပြီး မေမေ့ကို ပလူးပလဲလုပ်သည့်အဖြစ်များကိုလည်း သိသည်။

ဂျမ်းကဆိုလျှင် သဲမာကို လုံးဝကြည့်မရ။

တစ်ခါက သဲမာနှင့်ဂျမ်း ထိပ်တိုက်ဆုံသည့် အဖြစ်ကလေးတစ်ခုကို တွေးမိသည်။

သဲမာက ဂျမ်းကို အထင်တစ်မျိုးနှင့်မြင်သည်။

ညဘက်ကြီး အန်တီခိုင်သဇင်နှင့်အိမ်သို့ ပေါက်ချလာသည်။





ရောက်ရောက်ချင်း ဂျမ်းကို ပခုံးပုတ်ပြီး ပူလိုက်တာဟာ ရေခဲရေအေးတစ်ခွက် ထုတ်ခဲ့စမ်းပါဟု တင်စီးစကားကြီးနှင့်ဆိုသည်။

ဂျမ်းကလည်းအကြောမခံ။

အမြင်ကတ်သည့် အစွဲက ရှိထားသည်။

'လူကို ဆားဗင့်များမှတ်နေသလား၊ သောက်ချင်ရင် ရေက်ဂျီဘာထဲက ကိုယ့်လက်နဲ့ကိုယ်ယူသောက်'

ဂျမ်းက သည်သို့ပေါ်တင်ကြီး နက်ခဲ့သည်။

သည်တုန်းက ရဲခနဲ ဖြစ်သွားသော သဲမာမျက်နှာကို ကျော်ကိုလတ် မြန်မြင်ယောင်၏။

အန်တီခိုင်သဇင်ကလည်း မျက်နှာအပျက်ပျက်၊ မေမေကတော့ မသိကျိုးကျွန်ပြုနေလိုက်သည်။

သည့်နောက်ပိုင်းမှစ၍ သဲမာသည် ဂျမ်းကို အတတ်နိုင်ဆုံးရှောင်၏။

ဆုံဖြစ်လျှင်လည်း စကားမပြောဘဲနေ၏။

'သူတို့သားအမိ ဘယ်လိုသဘောနဲ့ ဝင်ထွက်နေတာလဲတော့ မသိဘူး၊ တစ်ခါတလေ အန်တီခိုင်သဇင်က ငါ့ကို သားသားဆိုပြီး ပခုံးဖက်ရင် ရင်ကို တုန်သွားတာပဲ'

ဇော်ထွေးက ရယ်သည်။

ရယ်ပြီးမှ…

'တစ်ခုတော့စဉ်းစားလို့ရတယ်'

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ခေါ်ခိုင်သဇင်နဲ့အန်တီလတ်က ကျောင်းပြီးရင် ကိုလတ်နဲ့သဲမာကို ဂဟေများ ဆက်မလားဆိုတာ'

'အိုကွာ… ငါ သဲမာကို မကြိုက်ပါဘူး'

'အန်တီလတ် စကားကို ကိုလတ်ဖယ်ရှားဝံ့သလား'

ဓာချွေးပင် ပြန်ချင်လာ၏။

သဲမာနှင့်ပတ်သက်သော စကားရပ်များသည် အိမ်မက်ဆိုးများ ကြမ်းတမ်းရက်စက်လွန်းနေသည်။

ပင့်သက်ကိုချသည်။

သည်အကြောင်းတွေ မပြောစမ်းပါနဲ့ကွာဟူသော စကားအဓိပ္ပါယ်ဖြင့် လက်ဖက်ရည်ကို တစ်ငုံသောက်သည်။

'စပယ်က ဒီနေ့အဖြေပေးမှာ'

'ကိုလတ် ပြောပြလို့သိတယ်လေ၊ ဒီနေ့တော့ ကိုလတ်အတွက် စပယ်ရနံ့တွေ သင်းနေမယ့်နေ့ပါ'

'မဖြစ်နိုင်ပါဘူး ကိုလတ်ရယ်ဆိုရင်တော့ မောကြောတဲ'

'စပယ် ကိုလတ်ကို ချစ်ပါတယ်'

ဓာ်ထွေးက အခိုင်အမာကြီး ဆိုသည်။

ရင်မှာတော့ တစ်မျိုးအေးမြသွားရသည်။ အချစ်နှင့်ပတ်သက်သော အင်အားရပ်များကို ပြန်လည်စုစည်းကြည့်မိ၏။

မေမေနှင့်ပတ်သက်သော အတွေးများလည်း တောက်လျှောက်ဝင်လာသည်။





စပယ့်အချစ်ကို ရပါပြီတဲ့ စပယ်နှင့်စိတ်တူကိုယ်တူ ချစ်ရပါပြီ။

ဘဝကိုချစ်ရုံနှင့် တန့်ထား၍ ရပါမည်လား။

ပေါင်းစည်းနိုင်မှုအတွက် ကြိုးစားရာတွင် မေမေသည် အငြိမ်းဆုံး၊ အအေးဆုံးအနေထားနှင့် ရင်ဆိုင်မည်လား။

ခေါင်းမှာနောက်ကျိလာသည်။

စီးကရက်ကို လက်ကြားမှာညှပ်ရင်း မှင်တက်သလို ဖြစ်သွားရ၏။

'ကိုလတ် စိတ်မောစရာတွေ တွေးမနေနဲ့လေ'

ကိုယ် တွန့်ခနဲ ဖြစ်သွားသည်။

ရင်မှ အတွေးစများကို ဓာ်ထွေးနားလည်သိဟန်တူ၏။

'စပယ့်ကိုမချစ်ပါနဲ့လို့ပြောရမှာလည်း ရမှာမှ မဟုတ်ဘဲ၊ အဲဒီတော့ သတ္တိကို ကိုလတ်မွေးရတော့မှာပေါ့၊ မြှောက်ပေးတာတော့ မဟုတ်ဘူး၊ နောက်ကြောင်းပြန်မဆုတ်တော့ဘူး ဆိုရင်တော့ ဘုရင့်နောင်လို ဖောင်ဖျက်ပြီး တိုက်ပွဲဝင်တော့ ကိုလတ်'

'မေမေ အငြိမ်းစိတ်ဆိုးမှာပဲ၊ မတတ်နိုင်ဘူးလေ၊ ငါက တော့ ဒီနေ့စပယ့်အချစ်ကို ရှောရှောရှူရှူ မရရင် ကျားနာတွယ်တောင်း တောင်းမှာပဲ၊ ချစ်မိကတည်းက နောက်ဆုတ်ဖို့ စိတ်မကူးခဲ့ဘူး'

အချစ်ကို အခိုင်အမာဆိုဖြစ်သည်။

စပယ့်အတွက် အင်အားရပ်များသည် ကိုယ်အနံ့ပျံ့ဝင်



www.burmeseclassic.com

စီးဆင်းလာသည်သို့လည်း ခံစားရ၏။

နေ့လည် ၁၂-နာရီတိတိမှာ အဖြေပေးမှာ မဟုတ်လား'

ခေါင်းညိတ်ပြလိုက်သည်။

'နေ့မွန်းတည့်ချိန် ပူလောင်ပြင်းပြဆုံးသောအချိန်မှာ အဖြေပေးမှာဆိုတော့ ဆန့်ကျင်ဘက်နဲ့ ပြန်တွက်ရင် ကိုလတ်က အေးချမ်းမှုတွေချည်းပဲ'

ပိုမိုအားတက်သွားရသည်။

လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်မှထွက်သောအခါ နံနက် ၁၀-နာရီထိုးပြီ။

'လိုက်ခဲ့ရဦးမှာလား'

တောင်ငူဆိုင်နားအရောက်တွင် ဇော်ထွေးက မေးသည်။

'လိုက်ခဲ့လေ၊ မင်းပါလာတော့ ပိုအားရှိတာပေါ့၊ ဒါပေမဲ့ မလှမ်းမကမ်းမှာနေနော်၊ မင်းကိုတွေ့ပြီး စပယ်က အရှက်နဲ့ဘာမှ မပြောရင် မောဦးမယ်'

'စပယ်က ချစ်တယ်ဆိုတဲ့ အဖြေရရင်...'

'အိုး... ညနေစာ ကရဝိတ်မှာကျွေးမယ်၊ ပြီးတော့ သမ္မတမှာ ရုပ်ရှင်ပြမယ်'

'အို... ချစ်လာရစေမယ် ကိုလတ်'

မျက်နှာကို လှမ်းကြည့်သည်။

ဇော်ထွေးမျက်နှာက ရယ်ပြုံးပြုံး။

ပြောထားတဲ့အတိုင်း ချစ်မလာရင်တော့ ဇော်ထွေးကို





အနောင့်နှင့်သုံးလေးချက်ဆင့်ပေါက်ရန် တပြိုင်တည်း ဆုံးဖြတ်ချက်ချမိ၏။

□ □ □

ခံစားကြဖူးကြပါလိမ့်မည်။

အချစ်ကို စောင့်စားရခြင်းသည် ပျော်မောကလေးရှသကို ခံစားရခြင်းဖြစ်သည်။

သစ်ပုပ်ပင်ကြီး၏ မလှမ်းမကမ်းရှိ ခုံတန်းတွင် ဇော်ထွေးကို ထိုင်နိုင်းထားပြီး အာစီရှေ့ခုံတန်းတွင် ခပ်ငူငူထိုင်နေဖြစ်သည်။

သိပ္ပံဘက် လှမ်းလှမ်းကြည့်ပြီး ရင်က မောရသေးသည်။

စပယ်သည်လာလျှင် အဖော်များပါလာလေမည်လား။

သည်ထိတော့ စပယ်သွေးမကြောင်ဟု ပြန်၍ နားလည်သွားရ၏။

စပယ်သည် နှလုံးသားကိစ္စကို တစ်စုံတစ်ယောက်၏ အကူအညီကို ရမယူဘဲ ဆုံးဖြတ်မည်သာ ဖြစ်သည်။

ကျော်ကိုလတ် လက်မှ နာရီကိုကြည့်လိုက်၏။

၁၂-နာရီထိုးရန် ငါးမိနစ်လိုသေးသည်။

စပယ်ရောက်ရှိလာရန် အချိန်သည် သိပ်မကွာဝေးလှတော့။

www.burmeseclassic.com



စပယ်သည်လာလျှင် အင်္ကျီအဆင်ကို မည်သည့်အရောင်သွေး ရွေးချယ်ဝတ်ဆင်လာလေမည်လဲ။

ထုံးစံအတိုင်း စပယ်၏မြဲဆံညှာတွင် စပယ်ပွင့်ကလေးများက နေရာယူထားကြမည်။

စပယ်လာလျှင်တော့ အဝေးမှ လှမ်းမြင်နိုင်သည်။

စပယ့်ရုပ်သွင်ကို မြင်သည်နှင့် စပယ့်မျက်နှာကို ကြည့်ရမည်။

စပယ်ရယ်နေမည်လား၊ ရွှင်နေမည်လား၊ သို့မဟုတ် စပယ့်မျက်နှာ မှုန်တည်နေမည်လား။

စပယ်က မဖြစ်နိုင်ပါဘူး ကိုလတ်ရယ် စပယ့်ကိုခွင့်လွှတ်ပါဆိုသည့် စကားဆိုလာလျှင် ရင်သည် ခံနိုင်စွမ်းရည်ရှိပါမည်လားဟုလည်း ပြန်လည်တွေးဆမိ၏။

၁၂နာရီတိတိ။

ရင်မှာလှုပ်ခတ်လာရသည်။

စပယ်၏အရောင်သွေးကို မမြင်ရ။

ဓော်ထွေးက ထိုင်ခုံတန်းမှ လှမ်းကြည့်သည်။

စိတ်မှာ လှုပ်ရှားယောက်ယက်ခတ်နေရသည့်အဖြစ်ကို ဓော်ထွေးတွေးဆမိလိမ့်မည်။

သူလာမလားရယ်လို့ ပူဗျာပွားမိတယ်ဆိုသည့် ကဗျာအပိုဒ်စလေးကို ရွတ်မိသည်။ သူမလာရင် ပူဗျာဝင်ရမည့်အဖြစ်ကိုတော့ ကိုယ့်ဘာသာကိုယ်သိသည်။





'ကိုလတ်'

ခေါ်သံကြောင့်ရင်ထဲမှာ အေးခနဲ စိမ့်သွားသည်။

ကြားဖူးသည့်အသံ။

သစ်ရွက်ကြွေသံ၊ ပန်းပွင့်ကြွေသံ၊ စမ်းရေစီးသံ၊ ရေလှိုင်းခတ်သံငှဲ့ထက် ကဗျာဆန်သောအသံ။

ပြီးတော့ ပန်းဝတ်ဆံ၊ ဒန်းပွင့်ဖတ်လေးများထက် နူးညံ့သောအသံ၊ ပန်းပွင့်ရည်လေးများထက် ချိုကြည်သောအသံ။

သည်အသံကို စပယ့်အသံမှန်း ကောင်းကောင်း သိလိုက်၏။

'စောင့်နေရတာ မောနေပြီလားဟင်'

တည်တည်ငြိမ်ငြိမ် မေးသည်။

'စပယ့်အတွက်ဆိုရင် ဝီရိယကောင်းနေရမယ်လို့ ကိုလတ် နားလည်ထားတယ်လေ၊ ဒီနေရာကို ကိုလတ်အစောကြီးကတည်းက ရောက်နေတာ'

'ဩော်… ကိုလတ်ရယ်၊ စပယ်က ၁၂နာရီတိတိ ချိန်းထားတာပဲဟာ'

'စပယ် ဘယ်က လာတာလဲဟင်၊ ကိုလတ် ဒီကနေထိုင်ပြီး သိပ္ပံဘက်က ကြည့်နေတာ၊ စပယ့်အရိပ်အရောင်ကို မမြင်ရတော့ ရင်ကိုလေထိတ်လို့…

စပယ်က သိမ်သိမ်မွေ့မွေ့ ပြုံးသည်။

စပယ်အပြုံးဝယ် အဖြေများကပ်ငြိနေလေမည်လား



www.burmeseclassic.com

www.burmeseclassic.com



အတွေးဖြင့် စူးစမ်းကြည့်မိသည်။

ရုတ်ခြည်းတည်သွားသော မျက်နှာကြောင့် စိတ်မှာ ထင့်ခနဲ ဖြစ်သွားရပြန်သည်။

'စပယ်က အာစီနောက်ကနေလာတာ၊ ကိုလတ်ကြီး ရောက်နေမယ်ဆိုတာကိုတော့ စပယ်တွေးပြီးသားပါ'

'ကိုလတ်က စောင့်စားရသူပဲ စပယ်ရယ်၊ စောစောက လည်း ပြောခဲ့သားပဲ၊ စပယ့်အတွက်ဆိုရင် ကိုလတ် အစဉ်ထာဝရ ဝီရိယကောင်းနေမှာပါ'

စပယ်က နံဘေးမှာဝင်မထိုင်။

ထိုင်ရာမှ ကပျာကရာ ထရပ်ဖြစ်သည်။

နံဘေးမှ ဖြတ်သွားသော ကျောင်းသူတစ်သိုက်က လှမ်းကြည့်သွား၏။

'အင်းလျားဘက်သွားရအောင် ကိုလတ်'

မျက်နှာကို အံ့ဩစွာကြည့်မိ၏။

တစ်လောက အင်းလျားဘက်လမ်းလျှောက်ရင်း စကားပြောရအောင်လားစပယ်ဟု ဆိုစဉ်က စပယ်သည် မသင့်လျော်ပါဘူးဆိုသည့် သဘောဖြင့် ညင်းခဲ့သည်။

ယခု စပယ် သတ္တိတွေရှိနေပြီလား။ သင့်လျော်သည့်အချိန်ကာလရောက်ပြီဟု စပယ်ဆုံးဖြတ်ထားလေရော့လား။

ကျော်ကိုလတ်သည် ကိုယ့်ကိုကိုယ်တော့ အမှတ်ပြည့်ပေးဖြစ်၏။



ဘွဲ့နှင်းသဘင်ခန်းမနောက်မှ ကွေ့ပတ်ပြီး အင်းလျားဘက် လျှောက်ခဲ့သည်။

ပူလောင်သောနေရောင်အောက်ဝယ် ရင်မှာအေးမြလျက်ရှိ၏။

စပယ်၏အလှမျက်နှာသည် ဝိုင်ဖန်ခွက်ထဲမှ ရေခဲတုံးလေးများထက် ပိုမိုအေးမြနေသည်။

'ဟိုကန်စပ်က သစ်ပင်ရိပ်အောက်မှာ ထိုင်ရအောင်လား စပယ်'

'ထိုင်လေ…'

ကိုယ်သင်းနံ့သည် စပယ်နံ့နှင့်ရောထွေးနေ၏။

နေဒဏ်ကြောင့် စပယ်မြဲဆံညှာမှ စပယ်ပွင့်ကလေးများ ညှိုးသယောင် ဖြစ်နေသော်လည်း ရနံ့ကမူ သင်းပျံ့ဆဲရှိသည်။

အင်းလျားလေပြည်က ရုတ်ခနဲ တိုက်ခတ်သွား၏။

စပယ်မြဲညှာဆံမှ စပယ်ပွင့်လေးတစ်ပွင့် ပြုတ်ကျလာသည်။

'ထိုင်… စပယ်'

စပယ်ပွင့်ကလေးကို ကောက်ယူရင်း စပယ်ထိုင်ဖို့အတွက် လက်ကိုင်ပဝါအဖြူလေးကို ဖြန့်ခင်းပေးသည်။

စပယ်က အို ကိုလတ်ဟုဆိုပြီး မျက်လုံးဝိုင်းကြီးနှင့်ကြည့်၏။

'ကိုလတ် မျက်နှာသုတ်တာ၊ စပယ် ညစ်ကြီးပေါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ကိုင်ပဝါဖြူဖြူလေး နှမြောစရာ ကိုလတ်ရယ်'

'ကိုလတ်ဘဝမှာ စပယ်ကလွဲလို့ ဘာမှတန်ဖိုးမရှိပါဘူး၊ ထိုင်ပါစပယ်၊ ကိုလတ်ရဲ့အကြင်နာလေးတွေပါ'

လှိုင်းကြက်ခွပ်သံလေးများကို ဖြတ်ခနဲကြားရသည်။

မျက်လုံးရွှဲကြီးနှင့်ကြည့်ရင်း စပယ်က ညင်သာစွာ ထိုင်သည်။

စပယ့်နံဘေးတွင်ါ ဝင်ထိုင်ရသော်လည်း စိတ်မှာမငြိမ်ရ။

ဆရာမရှေ့သို့ရောက်နေသည့် တပည့်ငယ်အဖြစ်သို့ ခံစားရသည်။

စကားတစ်ခွန်းမဆိုဘဲ ငြိမ်သက်နေခြင်းက ရင်ကို ပိုမို၍ ပန်းဟိုက်သည်။

စပယ့်နှုတ်မှ ထွက်ဆိုလာမည့် စကားကို စောင့်စားနေရသည့်အချိန်ပိုင်းသည် ရှည်လျားလွန်းသည်ဟု ထင်၏။

စပယ့်နှုတ်ဖျားမှ စကားကျမလာတော့သည့်အဆုံး…

'စပယ်'

တိုးတိတ်ညင်သာစွာ ခေါ်မိသည်။

ဆတ်ခနဲ လှည့်ကြည့်လိုက်သည့် အချိန်ပိုင်းလေးသည် ရင်တစ်ခုလုံးကို တုန်လှုပ်သွားစေသည့် စွမ်းအားရှိ၏။

အင်းလျားလေပြည်သည် ရုတ်ခြည်း ပူလောင်သွားသလို ရှိသည်။

'ဘာလဲ ကိုလတ်'





'ကိုလတ်ဘဝအတွက် အဆုံးအဖြတ်တစ်ခုကို စပယ်ပေးရမယ်လေ'

လေသံက မတုံမရဲလွန်းနိုင်သည့်အဖြစ်ကို ကိုယ့်ကိုကိုယ် သိ၏။

စပယ်က စကားမဆိုဘဲ မြဲသည့်သွာမှ စပယ်ပွင့်ကလေးကို ဖြုတ်သည်။

ရေထဲပစ်ချပြီး ခပ်တွေတွေလေး စိုက်ကြည့်သည်။

စပယ့်ကိုကြည့်ပြီး အားမရ။

စပယ်၏ လှုပ်ရှားမှုများတွင် အဖြေနှင့်တူသော အကြောင်းရာကို စိုးစဉ်းမျှမတွေ့။

စိတ်မှာ ပိုမို၍ လှုပ်ရှားလာသည်။

စကားထပ်စရန်အတွက် နှုတ်ခမ်းသားကလေး တဆတ်ဆတ်တုန်သွားသည့် ကိုယ့်အဖြစ်ကို သိသည်။

'ကိုလတ်ကို အဖြေပေးပါတော့ စပယ်'

'ပေးပြီးပြီလေ'

'ဟင်…'

ရင်မှာ လှိုက်ခနဲ ဖြစ်သွားသည်။

ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားဆိုသည်က မကွဲပြား။

ရီလဲ့ရွှန်းလက်သော မျက်ဝန်းကြောင့် တစ်ခါးတော့တက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နားမလည်နိုင်သေး။

'ကိုလတ် ဘာကိုနားလည်ရမှာလဲ စပယ်၊ ကိုလတ် စပယ်နဲ့ သက်ဆိုင်မှုရှိသေးရဲ့လား စပယ်ရယ်'

'သြော်... ကိုလတ်ရယ်၊ အဖြေဆိုတာ ပါးစပ်က ချစ်ပါတယ်ဆိုမှ အဖြေက ပြီးပြည့်စုံသလားကွယ်၊ ကိုလတ်နဲ့အတူ အင်းလျားလိုက်ခဲ့ကတည်းက စပယ် ကိုလတ်ကို အဖြေပေးလိုက်ပြီပဲ'

'အို... စပယ်ရယ်'

အပျော်သည် ရင်အနှံ့စီးဆင်းသွား၏။

စပယ့်လက်ချောင်းလေးကို ကြင်နာစွာ ဆုပ်ကိုင်မိသည်။

စပယ်က မရုန်း။

နှလုံးသားမှ အချစ်ကို စပယ့်မျက်ဝန်းမှာ ပြန်လည်ရှာဖွေကြည့်မိ၏။

အချစ်ငွေ့လေးများ ဖုံးလွှမ်းနေသည်။

အချစ်ရိပ်ကလေးများ အုံ့ဆိုင်းနေသည်။

'စပယ့်ကို ကိုလတ် အရမ်းချစ်တာပါ စပယ်'

'စပယ်ယုံပါတယ်'

'အရမ်းလည်း မြတ်နိုးပါတယ်'

'စပယ် ဝမ်းသာပါတယ်'

'စပယ့်အတွက် ကိုလတ်ကြိုးစားပါ့မယ်စပယ်၊ ကျောင်းကြီးပြီးရင် စပယ်နဲ့ကိုလတ် ကျောချင်းကပ်ပြီး ဘဝကို ရင်ဆိုင်





ကြရအောင်နော်'

'စပယ်ဘက်က အဆင်သင့်ဖြစ်နေပါတယ်'

စပယ်သည် နောက်သည်လည်း မဟုတ်။ ရွှတ်သည်လည်းမဟုတ်။

ယင်းစကားကို စပယ်သည် တည်ငြိမ်စွာဆို၏။

'ကိုလတ်ကို ချစ်မြတ်နိုးမှုဟာ ဘဝမှာ ပထမဆုံး အကြိမ်ဖြစ်ပေါ်လာတဲ့ အချစ်ပါ ကိုလတ်၊ ကိုလတ်ဟာ စပယ်ရဲ့ အချစ်ဦးလည်း ဖြစ်ပါတယ်၊ အချစ်ဆုံးလည်း ဖြစ်ပါတယ်၊ စပယ် ကိုလတ်အပေါ်သစ္စာရှိပါ့မယ်၊ ကိုလတ်ကလည်း စပယ်အပေါ်သစ္စာရှိပါ၊ စပယ့်ဘဝမှာ အချစ်ကို အပြောင်းအရွှေ့မလုပ်ချင်ဘူး၊ ကိုလတ်ကို ချစ်တဲ့နေရာမှာ ကိုလတ်ရဲ့အဆောင်အယောင်တွေ ဘာတစ်ခုမှ မပါဘူးဆိုတာ ကိုလတ်မယုံကြည်ပါ'

'ယုံပါတယ် စပယ်၊ ကိုလတ်အချစ်ကလည်း စပယ်နဲ့ ထပ်တူထပ်မျှပါ၊ သစ္စာတရားဆိုတာ ကိုလတ်အမြတ်နိုးဆုံးအရာပါ'

'စပယ် ဝမ်းသာပါတယ်... ကိုလတ်ဟာ စပယ့်အတွက် သူရဲကောင်းဖြစ်ပါစေ၊ ယောကျ်ားကောင်းဖြစ်ပါစေနော်...'

'ကိုလတ် ကတိပေးပါတယ်'

စပယ် လှည့်ကြည့်သည်။

အချစ်ရည်လဲ့သောမျက်ဝန်းကို ထပ်မံရင်ဆိုင်ရ၏။

www.burmeseclassic.com



စပယ့်ပခုံးသားအိအိကို ခပ်ဖွဖွ ဆုပ်ကိုင်ပြီး ရင်ခွင်မှာ သွင်းဖြစ်သည်။

'ကိုလတ်တို့ ယောကျ်ားတွေက တစ်မျိုးပဲ'

စပယ်က ပြုံးအရှက်နှင့်ဆိုသည်။

'ဘာကိုလဲ စပယ်ရဲ့'

'မိန်းကလေးက ချစ်တယ်ဆိုတာနဲ့ ဖက်လိုက်ကိုင်လိုက်တာပဲ'

ရင်မှာ ရှိန်းခနဲ ဖြစ်သွားသည်။

ယုယုယယ ဖက်တွယ်ထားဖြစ်သည့် လက်ကို ရုတ်ရမည်သို့ ဖြစ်သွား၏။

'ချစ်တာကိုး'

အဖြေက မခိုင်လုံသည့်စကားမှန်းတော့ ကိုယ့်ကိုကိုယ်သိ၏။

'မကိုင်ဘဲနဲ့ ချစ်လည်း ရပါတယ် ကိုလတ်ရယ်'

အရယ်စကားနှင့်ဆိုသော်လည်း ရှက်သလိုတော့ ခံစားရသည်။

သို့သော်လည်း အချစ်ကဲလေးများကို မလျှော့နိုင်။

အဖြစ်သည်းသည်ဟုဆိုလျှင်လည်း ရင်ကော့ခံမည်ဟု ဆုံးဖြတ်ထား၏။

'ကိုလတ်...'

'ဟင်...'





'ကိုလတ်ကိုချစ်ဖို့အတွက် စပယ်အင်အားတွေအများကြီးမွေးခဲ့ရပါတယ်'

နှုတ်ကို ဆိတ်ထားဖြစ်၏။

ရင်ခွင်မှာ မှီထားလျက်ပြောသည်။

'အလွှာပြဿနာဆိုတာ ရုပ်ရှင်ထဲမှာ ဝတ္ထုထဲမှာသာ ရှိတာ မဟုတ်ပါဘူး ကိုလတ်'

ရင်မှာ နည်းနည်းမောသလို ဖြစ်သွားသည်။

ချစ်ရသည့် အချိန်ကာလကလေးတွင် လေပြည်အေးအကြောင်း ပြောချင်သည်။

အင်းလျား၏ ရွက်ကြွေသံများကို လက်ာအဖြစ် ဝင်စားပြီး အချစ်ရသကို ခံစားချင်သည်။

ဇေဒါစိမ်းကလေးများကိုကြည့်ပြီး အချစ်လင်္ကာကို ညင်သာဖွဖွ နမ်းရှိုက်ချင်သည်။

'အချစ်နွေမှာ စိတ်ညစ်စရာ၊ စိတ်မောစရာတွေ မပြောပါနဲ့လား စပယ်ရယ်'

စပယ်က မျက်နှာကို ခပ်တွေတွေကလေး ကြည့်သည်။

နွမ်းမောနေရသည့်အဖြစ်ကို စပယ်သိလိမ့်မည်။

ပြီးမှ စပယ်က ခပ်လွဲလွဲကလေး ရယ်၏။

'ဩော်... ကိုလတ်ရယ်၊ ကိုလတ် စိတ်မချမ်းသာဖြစ်မယ့် စကားတွေကို စပယ်ပြောတာ မဟုတ်ပါဘူး၊ အစဉ်အလာမှာ လောကရဲ့ဒဏ်၊ အချစ်ရဲ့ဒဏ်ကို ဆင်းရဲသားတွေ ခံရတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောတာပါ'

'စပယ်အတွက် ကိုလတ်မှာ သတ္တိတွေရှိပါတယ်'

'စပယ် ဝမ်းသာပါတယ် ကိုလတ်ရယ်၊ စပယ်တို့မိန်းမတွေမှာ ချစ်သူကို စချစ်ပြီဆိုကတည်းက ဘဝကိုတစ်ဝက်ပေးလိုက်ရတာပါ၊ တစ်ယောက်တည်းကာလမှာ စိတ်ဓာတ်တွေသံမဏိလို မာတာတ်ပေမယ့် ချစ်သူနဲ့ကျရင်တော့ အားငယ်တတ်မှုတွေ ဝမ်းနည်းတတ်မှုတွေ ဖြစ်ပေါ်လာတာ မိန်းမသဘာဝပါ'

နှဖူးကို ခပ်ဖွဖွကလေး နမ်းသည်။

ပြီး စကားဆက်မဆိုနိုင်ရှာ်အတွက် ပန်းနုရောင်နှုတ်ခမ်းကို ခပ်ဖိဖိကလေး ဖိနမ်းသည်။

စပယ့်အမောကို ကြားရသည်။

ညင်သာစွာ ရုန်းဖယ်ပြီး…

'ကမ္ဘာကြီး နှစ်ယောက်ထဲရှိတာမဟုတ်ဘူး ကိုလတ်ရယ်' အမောနှင့်ပြောသည်။

တိုက်ခတ်လာသည့် လေပြည်ကို အားရပါးရ ရှူရှိုက်လိုက်၏။

စပယ်မျက်နှာကို ရီလဲ့သော အပြုံးဖြင့် စူးစူးနင့်နင့်ကြည့်လိုက်သည်။

ကမ္ဘာ့အလှပေါင်းစုံသည် စပယ်မျက်နှာတွင် စုစည်းလျက် ရှိတော့၏။

❐ ❐ ❐





'လွန်တယ် ကိုလတ်ရာ… တကယ်လွန်တယ်'

လှမ်းနေသည့်ခြေလှမ်းပင် ခပ်တုံ့တုံ့ ဖြစ်သွားရ၏။

အရင်းမရှိ အဖျားမရှိသော စကားကြီးက ရင်ကို ဒိုင်းခနဲလာဆောင့်သည်။

လှည့်ကြည့်တော့လည်း ဇော်ထွေးမျက်နှာက ထုံးစံအတိုင်း အေးတိအေးစက်။

တက်နေသော အချစ်ဖီလင်ကလေး ကိုးလိုးကန့်လန့်ဖြစ်သွားရ၏။

'ဘာကို လွန်တာလဲကွ'

'အချစ်သည်းနေကြတာကို ပြောတာ'

'ဟင်… မင်းမြင်တယ်'

'သေတော့မှာပါပဲ၊ ကိုလတ်ပဲ ဘောဒီဂတ်အနေနဲ့ လိုက်ဆို'

'ဟာ… ငါက စပယ့်ကိုစောင့်နေတဲ့ အချိန်ကလေးပြောတာ'

'သိဘူးလေ၊ သူငယ်ချင်းပါတော့ အားရှိတယ်ဆိုလို့ ဒီကောင်က အင်းလျားဘက်ထိလိုက်ပြီး စောင့်နေရတာ'

'ဟာ…'

မျက်နှာ ရှိန်းခနဲ ပူသွား၏။

'ဘယ်နားမှာ ထိုင်နေတာလဲ'

'ကိုလတ်တို့နဲ့ မလှမ်းမကမ်း ချုံဘေးနားမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

မျက်နှာတစ်ခုလုံး ပို၍ ထူပူသွားရသည်။

'ရှက်မနေပါနဲ့တော့ ကိုလတ်ရာ'

ပြောပြီး ဖော်ထွေးမျက်နှာက ပြုံးစိစိ။

သို့ဆိုလျှင် အနမ်းအားလုံးကို ဖော်ထွေးမြင်မည်။

'မင်း ချုံကြားထဲက ချောင်းကြည့်နေတာလား'

'နည်းနည်းပါးပါးပါ'

'ဟာ... ခွေးကောင်'

ဖော်ထွေးလက်မောင်းကို လက်သီးဆုပ်နှင့် မနာမကျင် ထိုးလိုက်သည်။

ရှက်သလို ခံစားနေရသော်လည်း ရင်မှာပျော်သည်။

'ကိုလတ်နဲ့ မလှမ်းမကမ်းမှာ ထိုင်နေတဲ့ အတွဲနှစ်တွဲက လှမ်းလှမ်းကြည့်ပြီး ရယ်ကြတယ်'

'အိုကွာ... သူတို့လည်း ချစ်နေကြတာပဲဟာ'

'ဒါပေမဲ့ ကိုလတ်အချစ်က လွန်တယ်'

အချစ်လွန်ကလေး ဖြစ်သွားသည့်အဖြစ်ကို ပြန်စဉ်းစားမိသည်။

စပယ်က လိုက်လျောခဲ့မှုကို အခွင့်အရေးပို၍ ဖြစ်ခဲ့၏။

စပယ် ရှန်းဖယ်မှုပြုသည့်အခါတွင် ချစ်လို့ပါစပယ်ရဲ့ ဆိုသည့် စကားလုံးကြီးနှင့် ကိုင်ပေါက်ပြီး အားမနာတမ်း နမ်းခဲ့၏။





'မရှက်နိုင်တော့ဘူးကွာ၊ ချစ်သူကိုနမ်းတာ ကမ္ဘာကြီးကို ဖျက်ဆီးတဲ့ အလုပ်လုပ်နေတာမှ မဟုတ်ဘဲ၊ အနမ်းကလေးတွေ ပေးတာဟာ အနုမြူလက်နက်ဆန်းတွေ ထုတ်လုပ်စမ်းသပ်နေတာ မဟုတ်ပါဘူး'

ဖော်ထွေးက သဘောကျစွာ ရယ်သည်။

ညနေ ကလပ်စ်ကို ဆက်မတက်ဘဲနှင့် ငှက်ပျောတောလေးမှ လက်ဖက်ရည်ဆိုင် သွားထိုင်သည်။

ဖော်ထွေးကို မုန့်နှင့်လက်ဖက်ရည် မှာတိုက်ပြီး စပယ့်ကို သိပ်ချစ်သည့်အကြောင်း၊ သိပ်မြတ်နိုးသည့်အကြောင်းများ ပြောသည်။

ဖော်ထွေးက နားထောင်သမားသက်သက်။

စပယ့်အကြောင်းအား ကောင်းစွာ ပြောနေဆဲတွင် ဖော်ထွေးမျက်လုံးက ငှက်ပျောတောအပြင်ဘက် ဖြတ်ခနဲရောက်သွားသည်။

တစ်ဆက်တည်းပင် ဖော်ထွေးက မေးငေါ့ပြ၏။

လှမ်းကြည့်လိုက်သည်။

သဲမာကို တစ်ယောက်ထီးတည်း တွေ့ရသည်မဟုတ်။

သဲမာနံဘေးတွင် တစ်ခါက သဲမာမွေးနေ့တွင် ဆုံတွေ့ဖူးသည့် ဘဘော်သားဆိုသည့်ကောင်။

ဝင်ဝင်လာချင်း သဲမာက ကျော်ကိုလတ်ကို မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲမာ မျက်နှာကွက်ခနဲ ပျက်သွား၏။

'သူ့ဘေးကကောင်က ကျောင်းက မဟုတ်ပါဘူး'

ဇော်ထွေးက တီးတိုးမေးသည်။

'သင်္ဘောသားဆိုတဲ့ နေ့ကွ၊ လေကတော့ အတော်ကျယ်တယ်၊ အလုပ်ကြမ်းနဲ့ သင်္ဘောပေါ်တက်ရတာကို ကမ္ဘာ့မီးလှုံ့မှာ မျက်နှာထားမျိုး ဖြစ်နေတာ'

'သဲမာကောင်လား မသိဘူး'

'ငါ အဲဒါတွေ စိတ်မဝင်စားဘူး ဇော်ထွေး၊ ငါ့ရင်ထဲမှာ ဝင်စားတာ တစ်ခုပဲရှိတယ်။ အဲဒါကလည်း စပယ်ပဲ'

သဲမာတို့ကို လှမ်းမကြည့်ဖြစ်။

ကြည့်ရန်မလိုဟုလည်း ယူဆထားသည်။

အကြမ်းအိုးကို စောင်းငုံ့ထည့်နေချိန်ဝယ် ခပ်စူးစူးရေမွှေးနံ့ကို ရှူရှိုက်ခံစားရသည်။

မျက်နှာကို ဆတ်ခနဲ မော့လိုက်၏။

'သြော်… သဲမာ'

မထူးခြားသလို ဆိုသည်။

'ကိုလတ်ကိုတွေ့လို့ ဝိုင်းကိုထလာတာ'

'သြော်…'

အေးစက်သော အမူအရာကို သိသာအောင် ပြလိုက်သည်။

'ဟိုမှာ… ဗီတာ ထိုင်နေတယ် ကိုလတ်၊ ဗီတာက ကိုလတ်ကိုတောင် မေးနေသေးတယ်'

'ဗီတာဆိုတာ ဘယ်သူလဲ သဲမာ'





သိလျက်နှင့် အကြောင်းရိုက်ပစ်လိုက်၏။

ဗီတာဆိုသည့်ကောင်၏ မျက်နှာကို ဝင်လာကတည်းက မှတ်မိသည်။

ခွေးချေးနဲ့ မျက်နှာကိုလူးပြီး ရှမ်ဖျက်ထားတောင်မှ သည်ကောင့်မျက်နှာကို ကောင်းကောင်းမှတ်မိ၏။

'သဲမာ မွေးနေ့ပွဲတုန်းက ကိုလတ်နဲ့ မိတ်ဆက်ပေးတာလေ'

'သြော်… ဆောရီး သဲမာ၊ ခုတလော ကိုယ်က သိပ်မေ့တတ်နေတယ်၊ သဲမာတို့ လက်ဖက်ရည် လာသောက်ကြတာလား'

သဲမာက ခေါင်းကို အသာညိတ်သည်။

သို့သော်လည်း သဲမာမျက်နှာတွင် မလုံသော အသွင်ရိပ်ကလေးများ ထင်ဟပ်နေ၏။

'ကဲ… ကဲ… သွား သဲမာ၊ ဟိုမှာ ဗီတာတစ်ယောက်တည်း ကြောင်စီစီဖြစ်နေဦးမယ်၊ အေးအေးချမ်းချမ်း စကားပြောပါ၊ ကိုယ်က သတိရပါတယ်ဆိုတာလည်း ပြောပြလိုက်ပါ'

စကားကို စီးပိုးပြီး ပြောပစ်လိုက်၏။

သဲမာက မျက်နှာကို ခပ်တွေတွေကြည့်ပြီး ပြန်လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲတွင် သဲမာနှင့်ပီတာ ကြာမြင့်စွာမထိုင်။

လက်ဖက်ရည်သောက်လာသည် ဆိုရုံမျှ ထိုင်ပြီး ထိုင်ရာမှ ထသည်။

ဆိုင်မှ ပြန်ထွက်မည်အပြုတွင် သဲမာက ကျော်ကိုလတ်ကို လှမ်းကြည့်၏။

ကျော်ကိုလတ် မျက်နှာကို ချက်ချင်း လွှဲပစ်လိုက်သည်။

သဲမာရင်မှာ နည်းနည်းတော့ အောင့်သွားလိမ့်မည်။

အပြုမူကိုကြည့်ပြီး ဖော်ထွေးက မေးသည်။

'သဲမာကို တော်တော်ချဉ်နေသလား ကိုလတ်'

'အို… တစ်စစီဖဲ့ပြီး အမှုန့်ကြိတ်စက်ထဲ ထည့်ပစ်ချင်တာ'

'ငါနဲ့စပယ့်ကြားမှာ သူက ခလုတ်ပဲ'

ဖော်ထွေးက သဘောကျစွာ ရယ်လေသည်။

□ □ □





(၁၇)

မေမေ့ဒေါသကို အကြီးမားဆုံး ထပ်မံမြင်တွေ့ရသည်။

လက်ထဲမှ ကြိမ်နှစ်လုံးပူးနှင့် တရွှမ်းရွှမ်း ရိုက်နှက်နေသည့်ဒဏ်ကို ချစ်သဲကြီး အလူးအလဲ ခံနေရသည်။

ချောင်မှာပိတ်မိပြီး တအိုင်အိုင် အော်နေသည်မှလွဲ၍ ချစ်သဲကြီး ဘာမှမတတ်နိုင်။

မေမေ့ထံသို့ ပြေးသွားပြီး လက်မှကြိမ်လုံးကို ဆွဲလုယူရသည်။

'မေမေရာ တော်ပါတော့၊ ချစ်သဲကြီးမှာ ဘာအပြစ်ရှိလို့လဲ မေမေရာ'

'ရှိတာပေါ့၊ ရှိတာမှ သိပ်ကိုရှိတာ'

'ချစ်သဲကြီးက ဘာအပြစ်များ ကျူးလွန်ထားလို့လဲ မေမေ'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်တဲ့အပြစ်ကို ကျူးလွန်ထားတာ'

'ဗျာ…'

မေမေ့ကို အံ့သြစွာ ကြည့်မိ၏။

ချစ်သဲကြီးက ကျော်ကိုလတ် ခြေထောက်ကြားမှာ ကြောက်ရွံ့စွာ လာဝပ်သည်။

'ချစ်တာ အပြစ်လား မေမေရာ၊ ချစ်သဲကြီး မငယ်တော့ပါဘူး'

'သဘာဝကို မေမေ နားလည်တယ်၊ ခုဟာကတော့ ချစ်သဲကြီး သိပ်အောက်တန်းကျတယ်၊ အောက်တန်းကျအောင်လည်း သားက လမ်းညွှန်ပြခဲ့တယ်'

'ဟာ… မေမေကလည်း မဟုတ်တာ'

'ခုကြည့်လေ… ဘယ်ချောင် ဘယ်ကြားက ရောက်လာမှန်း မသိတဲ့ ခွေးမနဲ့ ပရောပရည် လုပ်နေတာ၊ ဟင်း… သေမယ်၊ လူပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ် အထက်တန်းကျကျထားရင် အထက်တန်းကျကျ နေတတ်ထိုင်တတ်မှ ကောင်းတယ်'

စကားလုံးက ရင်ကို ရှူးခနဲ ဝင်လာသည်။

အတန်းစားပြဿနာကို အဘယ်ကြောင့် ရှေ့တန်းထားလာရသည်ကိုလည်း စဉ်းစားမတတ် ဖြစ်မိ၏။

ခုတစ်လော မိမိကိုကြည့်သည့် မေမေ့အကြည့် မျက်လုံးများကိုလည်း ကျော်ကိုလတ် သတိထားမိသည်။

ထူးခြားသလို ဖြစ်နေသည်ကိုတော့ သိ၏။





'ခုတစ်လော ချစ်သဲကြီး စိတ်ဓာတ်တွေ တော်တော်အောက်တန်းကျနေတယ်၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူး၊ လမ်းဘေးခွေးတွေ တွေ့ရင် စားမတတ် ဝါးမတတ် မာန်ဖီလိုက်တာ၊ ခုတော့ ခွေးလေခွေးလွင့်တွေ ခြံနားကပ်လာတာနဲ့ သူ ပြေးသွားပြီး အမြီးနှံ့တော့တာပဲ၊ တစ်လောက ဒေါက်တာ တင်မမအိမ်က ဒိုဘာမင်ခွေးမကြီးနဲ့ သားလာစပ်တုန်းက လှည့်တောင် မကြည့်ပါဘူး၊ သူ့အိမ်ထဲမှာ တုံးလုံးပက်လက်နဲ့ ဘယ်လောက်များ ဒေါသဖြစ်ဖို့ကောင်းလဲ'

စိတ်ထဲက ကျိတ်၍ ရယ်မိသည်။

မေမေပြောသလို ချစ်သဲကြီးကလည်း အူတူတူနိုင်၏။

မေမေ့သူငယ်ချင်းမ ဒေါက်တာတင်မမ ချစ်သဲကြီးနဲ့ မျိုးစပ်ချင်သည်ဆို၍ သူ့ခွေးမကြီး ခေါ်လာသည်။

ချစ်သဲကြီးနှင့် လွှတ်ပေးသည်။

သည်နေရာတွင် အချစ်ကို လှည့်စား၍မရသည်ကို ကျော်ကိုလတ် နားလည်လိုက်၏။

ချစ်သဲကြီးက ဒိုဘာမင်ခွေးမကြီးကို ချစ်ဖို့ဝေးစွ။

လှည့်တောင်မကြည့်ချေ။ သူ့အတွက် သီးသန့် လုပ်ပေးထားတဲ့ အိမ်ထဲမှာ တုံးလုံးပက်လက်ကြီးနှင့် အိပ်နေလိုက်သေး၏။

သည်ကတည်းက မေမေ ချစ်သဲကြီးကို စိတ်ဆိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ချစ်သဲကြီး အချစ်လွန်မှုအတွက် မေမေ့အခွင့် ကြုံသွားသည်။

ကြိမ်စာကို ချစ်သဲကြီး ကောင်းကောင်းစားလိုက်ရ၏။

'ဒေါက်တာဒေါ်တင်မမ ချွေးမကြီးကို ချစ်သဲက ကြိုက် မှမကြိုက်ဘဲ မေမေရဲ့ ဘာတတ်နိုင်မှာလဲ'

'မလိုချင်ဘူး၊ မေမေက ကြိုက်ဆို ကြိုက်ရမယ်'

မေမေ လှည့်ထွက်သွားသည်။

မေမေသွားပြီး မကြာမီ ဂျမ်း ရောက်လာ၏။

'မေမေလတ် ဘာတွေကောသွားတာလဲ ကိုကိုလတ်'

'ချစ်သဲကြီးကိစ္စဟာ'

'ဂျမ်း သိသားပဲ၊ ချစ်သဲကြီးကလည်း မဟားတရား သွားချစ်တာကိုး'

'ချစ်တာပဲဟာ… သူ့စိတ် သူ့ဆန္ဒနဲ့ ချစ်မှာပေါ့၊ အင်း… မေမေကတော့ မလွယ်ကြေဘာဲ'

'သူ့စိတ် သူ့ဆန္ဒနဲ့ချစ်တာကို မေမေလတ်က လက်မခံ ဘူး ကိုကိုလတ်ရဲ့ ကိုကိုလတ်လည်း ချစ်သဲကြီး နမူနာယူရမယ်'

'ဘာ… ချွေးမ'

လျှာကို တစ်လစ်ထုတ်ပြပြီး ဂျမ်း ထွက်ပြေးသည်။

ဂျမ်းက ရယ်ရွှန်းပတ်ရွှန်း နောက်သွားသော်လည်း ရင် မှာ တင်းကျပ်နေရ၏။

သြော်… ရတနာဥယျာဉ်ခြံမှာ ကိုယ့်ဘာသာ ကိုယ်



ချစ်ပိုင်ခွင့် မရှိကြပါကလား။

မေမေသည် အချစ်ကို အဘယ့်အတွက်ကြောင့် ချုပ် နှောင် ချုပ်ကိုင်ချင်ပါသနည်း။

ချစ်တာအပြစ်လားဟု မေမေ့ကိုတော့ ထပ်ခါထပ်ခါ မေးလိုက်ချင်ပါသည်။

❒ ❒ ❒

ကိုယ် နွေးသလို ခံစားရသည်။

ဂျမ်းကို ပြောပြသောအခါ မျက်လုံးကလေး ဝိုင်းသွား သည်။

ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဂျမ်းက နဖူးကို လက်နှင့် ဖွဖွ စမ်းသည်။

'ဟင်… ကိုကိုလတ်၊ ကိုယ်တွေပူနေတယ်'

'ကိုယ်လက် မအီမသာကြီးလည်း ဖြစ်တယ် ဂျမ်း၊ ပြီးတော့ ချမ်းစိမ့်စိမ့်နိုင်သလိုပဲ'

'ညနေက ရေစိမ်ချိုးတာလေ၊ ကိုကိုလတ် နေထိုင် မကောင်း ဖြစ်မယ်၊ ရေမြန်မြန်ချိုးဆိုတော့ သေသေလို့ ပြောတာ လေ'

ကိုယ့်စကားနှင့်ကိုယ် ပြန်ငြိမ်ရသည်။

တစ်ဆက်တည်းပင် ဂျမ်းက ဖေးတွဲပြီး အိပ်ခန်းထဲ

www.burmeseclassic.com



ပို့သည်။

အခြေအနေက ဆိုးဆိုးရွားရွားကြီး မဖြစ်သော်လည်း ကိုယ်အပူက တရိုန်ရိုန် တက်လာ၏။

အိပ်ရာပေါ်လှဲမိသည်နှင့် ဂျမ်းက အီတာလျံမွေးပွ စောင်ကြီးကို ကိုယ်ပေါ်လွှမ်းခြုံသည်။

'ဖြစ်လိုက်ရင် အသည်းအသန်ပဲ၊ ဂျမ်းပြောတဲ့စကားဆို ကိုကိုလတ် ဘယ်တော့မှ နားမထောင်ဘူး၊ ဖြစ်လာရင် ဒီက ကောင်မကပဲ ပြုစုရတာ'

စကားကို ပွစိပွစိ လုပ်သည်။

ဂျမ်းနှင့် စကားကို ဖက်ပြိုင်မပြောဖြစ်။

မျက်စိကို အသာမှေးပြီး မှိန်းနေမိ၏။

'ဂျမ်း… အန့်တီတင်မမကို ဖုန်းဆက်လိုက်မယ်၊ အိမ်မှာ မေမေလတ်နဲ့ မေမေကြီးလည်း မရှိဘူး'

'ဖုန်းဆက်မနေနဲ့ ဂျမ်းရာ၊ တော်ကြာ ဆေးထိုးနေမယ်'

'အို… ရောဂါက ဆေးမထိုးဘဲနေလို့ ပျောက်မှာလား ကိုကိုလတ်ရဲ့၊ ဆေးထိုးဆေးစားဆို ကျားနဲ့တွေ့မှာထက် ကြောက်တယ်'

ဂျမ်းက ထိုင်ရာမှထသည်။

ဂျမ်း၏လက်ကို ဖမ်းဆွဲထား၏။

ငယ်ငယ်ကတည်းက ဆေးထိုးဆေးစားရမည်ကို ကြောက်လွန်းခဲ့သော ကိုယ့်အဖြစ်ကိုသိသည်။





တစ်လတစ်ခါစားသည့် ဝမ်းနုတ်ဆေးကိုပင် မြန်မာဆေးဆိုလျှင် လုံးဝရှောင်၏။

သည့်အတွက် မေမေ၏အဆူအပူကို ခံခဲ့ရပေါင်း များပြီ။

'ဂျမ်းရာ… ကိုကိုလတ်ကို ဘာစိပ်ပရိုပဲ တိုက်ပါကွာနော်၊ အန့်တီတင်မမကို ခေါ်မနေပါနဲ့၊ ဆေးသောက်လိုက်ရင် ခု အဖျားကျသွားမှာပါ'

ဂျမ်းက မျက်နှာကို တွေတွေကလေးကြည့်သည်။

သံယောဇဉ်ဆိုသည့် ကြင်နာမှုများသည် ဂျမ်း၏ မျက်ဝန်းမျက်နှာတွင် သိပ်သိပ်သည်းသည်း ရှိ၏။

'ဒါဖြင့် ဂျမ်း ကော်ဖီဖျော်လိုက်မယ်၊ ကော်ဖီသောက်နော်၊ ကိုကိုလတ် ညနေစာလည်း မစားရသေးဘူး'

ခေါင်းကို ညိတ်ပြသည်။

'အင်း… ပေါင်မုန့်မီးကင်ပြီး ထောပတ်တင်လိုက်ရင် ကောင်းမလားပဲ၊ အာ… ကိုကိုလတ်ရာ အဖျားသွေးရှိနေတာ အဖတ်မစားပါနဲ့ ဟုတ်လား၊ ကော်ဖီပဲ သောက်'

ပုတ်သင်ညို လုပ်နေရ၏။

ဂျမ်း မီးဖိုဘက် ထသွားသည်။

ကော်ဖီဖျော်သံ ကြားရပြီး ဘေးဗီရိုဖွင့်သံပါ ကြားရ၏။

ဂျမ်း ပြန်ရောက်လာသောအခါ ကော်ဖီပန်းကန်ကို လက်မှာကိုင်လျက် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှာ ဝင်ထိုင်သည်။

ဆေးကို မတိုက်သေးဘဲ အငွေ့တထောင်းထောင်း ထနေသော ကော်ဖီကို အပူဓာတ်လျော့ပါးအောင် အသာမှုတ်သည်။

ပြီးမှ ကိုကိုလတ် သောက်ဟု ဆိုကာ ဘာစ်ပရီပြားကို ပါးစပ်ထဲ ခွံ့သည်။

'ဖြည်းဖြည်းသောက်နော်၊ ကော်ဖီက ပူသေးတယ်၊ ကိတ်ခြောက်ကလေးတစ်ခုကို ကော်ဖီမှာနှစ်ပြီး ကျွေးဦးမလို့ ပါပဲ ကိုကိုလတ်ရာ၊ အဖျား ပိုလာမှာစိုးလို့ မလုပ်ခဲ့တာ'

မကျွေးဘဲနှင့် လူနာ သွားရည်ကျအောင် စကားကို ချီနေရသေး၏။

ဆေးတိုက် ကော်ဖီတိုက်ပြီး နဖူးကိုထပ်စမ်းသည်။ စောင်ကို နွေးထွေးအောင် လုံလုံခြုံပေးသည်။

'မေမေနဲ့ဘွားဘွားက ဘယ်သွားတာလဲ'

'ဘုရားသွားတာ၊ ဂျမ်းကိုတော့ မှာသွားတယ်၊ သမီး ကိုကိုလတ် ပြန်လာရင် ထမင်းနူးခပ်ကျွေးလိုက်တဲ့၊ ခုတော့ ကိုကိုလတ် စားလို့မဖြစ်ပါဘူးလေ'

ညနေကတည်းက မေမေနှင့်ဘွားဘွား အရိပ်ရောင် ပျောက်နေသည်ကို ပြန်စဉ်းစားမိ၏။

သည်နေ့သည် ဘွားဘွားမွေးနေ့လည်း မဟုတ်၊ မေမေ့ မွေးနေ့လည်း မဟုတ်။

ဂျမ်းကို ပြောပြသောအခါ-





'မွေးနေ့မှ ဘုရားသွားရတာကျနေတာပဲ ကိုကိုလတ်ရာ၊ ခါတိုင်းလည်း အခွင့်သင့်ရင် မေမေလတ်နဲ့ မေမေကြီး ဘုရား သွားနေကျပဲဟာ'

နှုတ်ကို အသာပိတ်ထားလိုက်သည်။

ထိုစဉ် ဧည့်ခန်းမှ ဖုန်းမြည်သံ ပေါ်ထွက်လာ၏။

အိပ်ခန်းမှ ဂျမ်း အပြေးကလေး ထွက်သွား၏။

ဂျမ်း ဖုန်းပြောနေသည့်အသံကို ခပ်ဝါးဝါး ကြားရသည်။ ပြီး ဖုန်းကို ဝှပ်ခနဲ ချလိုက်သည့်အသံကိုပါ ကြားရ၏။

ဂျမ်း ပြန်ဝင်လာသည်။

'ဘယ်ကလဲ ဂျမ်း'

'သဲမာဆိုတဲ့ ကောင်မပါ ကိုကိုလတ်'

သဲမာကို ဂျမ်း မကြည်။

ထိပ်တိုက် ဆုံတွေ့လျှင် ဂျမ်းက သဲမာကို အမြဲ ဂျစ် တိုက်တတ်၏။

သဲမာကလည်း ဂျမ်းကို ကြည့်လို့မရ။

'ဘာတဲ့လဲ'

'ကိုလတ် ရှိလားတဲ့၊ ဂျမ်းက ဘာလုပ်မလို့လဲ မေး တော့ အိမ်ကကား ပျက်လို့ ကိုလတ်ကို အကူအညီတောင်းမလို့ တဲ့၊ မိတ်ဆွေတစ်ယောက်ရဲ့ ဘုရားကိုးဆူ သွားချင်လို့တဲ့'

ရင်မှာ တင်းခနဲ ဖြစ်သွား၏။

သည်ထိ ပြောရဆိုရ အကူညီတောင်းရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သဲမာနှင့် တရင်းတနှီး မနေဖူးချေ။

အန်တီခိုင်သဇင်က လှမ်း အကူအညီတောင်းလျှင် မေမေ့မျက်နှာနှင့် စဉ်းစားချင့်ချိန်နိုင်သေးသည်။

'ဂျမ်းက ဘာပြောလိုက်လဲ'

'ကိုကိုလတ် နေမကောင်းဘူးလို့၊ ပြီးတော့ ကိုကိုလတ်က ဒရိုင်ဘာမဟုတ်ဘူးလို့ပြောပြီး ဖုန်းချလိုက်တာ၊ ကောင်မတော့ တော်တော်ကို အောင့်သွားမှာပဲ ကိုကိုလတ်'

ဖုန်းသွားကိုင်ကတည်းက သဲမာဆိုလျှင် ဂျမ်း ဂျစ်တော့မည်ကို သိထားပြီးလည်း ဖြစ်သည်။

ဂျမ်းစကားများကို နားထောင်နေရသော်လည်း ကိုယ့်ရှိန်က တရိပ်ရိပ်တက်လာ၏။

ကိုယ်လက်များ တောင့်တင်းလာသောအခါ ဂျမ်းကို ဖွင့်ဟပြောရသည်။

'ဂျမ်း နှိပ်ပေးမယ် ကိုကိုလတ်'

ဂျမ်းကို ခပ်တွေတွေကလေး ကြည့်မိသည်။

ဂျမ်း၏ လက်ချောင်းကလေးများက ခြေသလုံးကြွက်သားပေါ်သို့ ထိတွေ့လာသည်။

'ကိုကိုလတ်...'

ဂျမ်းက တီးတိုးခေါ်သည်။

'ဟင်...'

'ဂျမ်း ကိုကိုလတ်ကို စကားပြောချင်တာ ရှိတယ်'





'ဘာစကားလဲ'

'ခု ကိုကိုလတ်က ဖျားနေတော့ ဂျမ်း ပြောရမှာ အားနာတယ်'

ဆက်လာမည့် စကားကိုသာ နားစွင့်နေမိ၏။

ဘာစကားများပါလိမ့်ဟုလည်း စိတ်ကတွေးနေမိသည်။ ကိုယ်လက် မအီသာမှုကြောင့် စကားကို ရှည်ရှည်လျားလျား ပြောချင်သည့်ဆန္ဒ မရှိ။

'ပြောရင်လည်း ကိုကိုလတ်က ထကန်မှာ ကြောက်ရသေးတယ်'

မျက်မှောင်ကို အသာကြုတ်ထားမိ၏။

'ပြောသေးပါဘူးလေ၊ ကိုကိုလတ်စိတ်က အစိုးရတာမဟုတ်ဘူး၊ တော်ကြာ မကြည်ဖြစ်မှ မောကြောဆိုက်မယ်'

'နင့်ဟာကလည်း ဘာမှန်းမသိဘူး'

'ဘာမှန်းမသိသေးတာပဲ ကောင်းပါတယ် ကိုကိုလတ်ရာ၊ အချိန်ကျရင်တော့ ဂျမ်း ကိုကိုလတ်ကို ပြောရမှာပါ'

ပဟေဠိ လုပ်ထားသည်။

နေမကောင်းသည့်ကြားက စိတ်က တိုချင်လာ၏။

'ဖြည်းဖြည်းလုပ်ဟဲ့'

'ဂျမ်းကတော့ ခပ်ကြမ်းကြမ်းပဲ၊ ခပ်နာနာနှိပ်မှ ထိတာပေါ့ ကိုကိုလတ်ရဲ့'

'ကဲပါ... စောစောက စကား ပြောစမ်းပါ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမှာလဲ'

နှိပ်ရင်းမှ မျက်လုံးဝိုင်းကြီးနှင့် လှမ်းကြည့်၏။

'နောက်တော့မှ ပြောပါတော့မယ်လေ'

စိတ်က လုံးဝမရှည်ချင်တော့။

'မပြောနဲ့ဟာ… နောက်လည်း ဘာမှလာမပြောနဲ့'

'ဟင်… ကိုကိုလတ်ကလည်း စိတ်ကြီးပဲ'

ဂျမ်းက ရယ်သည်။

ထိုစဉ် တိုက်ရှေ့မှာ ကားရပ်သံကို ကြားရ၏။

ဂျမ်း အပြေးကလေး ထွက်သွားသည်။ မေမေတို့ ပြန်ရောက်လာမှန်းလည်း စိတ်က သိလိုက်၏။

'ကိုကိုလတ်လေ… ကိုယ်လက်တွေ တောင့်တင်းပြီးဖျားလို့ မေမေလတ်ရဲ့၊ အဲဒါ ဂျမ်းက နှိပ်ပေးနေရတာ'

'ငါ့သမီးကို ကိုလတ်က ညာခိုင်းနေတာ ထင်တယ်'

မေမေသည် ငါ့သမီးဆိုသည့် အသုံးနှုန်းကို ရယ်ရင်းပြောသည်။

ခြေသံများနှင့်အတူ ဂျမ်းနှင့်မေမေ အိပ်ခန်းထဲ ဝင်လာ၏။ ဂျမ်းတို့နောက်မှ ဘွားဘွားက ကပ်ပါလာသည်။

'ဂျမ်း ဆရာဝန်ဆီ ဖုန်းမဆက်ဘူးလား'

'ကိုကိုလတ်က မဆက်နဲ့လို့ ပြောတယ် မေမေလတ်ရဲ့ ဆေးထိုးရမှာ ကြောက်တယ်တဲ့'

'သူ့ရဲ့ကောင်းပဲ'





ပြောပြီး မေမေက နဖူးကို လက်နှင့်စမ်းသည်။ အပူရှိန်ကိုတော့ မေမေ တွေ့ထိခံစားရလိမ့်မည်။

'သမီး… ဘာဆေးတိုက်ထားလဲ'

'ဘာစ်ပရိုတစ်ပြား တိုက်ထားတယ် မေမေလတ်'

'အင်းလေ… စောင်ခေါင်းမြီးခြုံအိပ်လိုက်၊ ချွေးထွက်လာရင် ပျောက်သွားမှာပေါ့၊ ကဲ… ဂျမ်းက ကိုလတ်ကို လူနာစောင့် ဆက်လုပ်လိုက် ဟုတ်လား၊ မေမေလတ် ဂျမ်းမေမေကြီးနဲ့ စကားဆွေးနွေးလာတာ မပြတ်သေးဘူး၊ ညှိနှိုင်းဆွေးနွေးရဦးမယ်'

အရယ်နှင့်ဆိုပြီး မေမေနှင့်ဘွားဘွား ထွက်သွားသည်။ ဂျမ်းကတော့ ခုတင်ပေါ်မှာ ငုတ်တုတ်။

မျက်စိကို စုံမှိတ်ထားချိန်ဝယ် စပယ့်ရှမ်ပုံကားချပ်က အတွေးမှာ ထင်ဟပ်လာသည်။

ဩော်… ဂျမ်းနေရာမှာ စပယ်ဆိုလျှင် ဘယ်လောက်များ ကောင်းလိုက်ပါလိမ့်မည်လဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



## (၁၈)

စပယ်မျက်နှာတွင် အရယ်ပွင့်လေးများ ဝေစီနေ၏။

လက်ဖဝါးလေးကို ညင်သာစွာ ဆုပ်ကိုင်ဖြစ်သောအခါ

ကိုကိုလတ် ဘုရားပေါ်မှာနေ့ဟု စပယ်က တီးတိုးပြော၏။

'ချစ်သူကို မြတ်နိုးစိတ်နဲ့ လက်အတူတွဲပြီး ဘုရားကျောင်းကန် တက်တာပဲ စပယ်ရယ်၊ မဟုတ်တဲ့အလုပ် ယုတ်ညံ့တဲ့အလုပ် လုပ်တာမှမဟုတ်ဘဲ'

'ပြောကောင်း'

စိန်ဖူးတော်ကြီးကို လှမ်းပြီး ကြည်ညိုသည်။

ညနေ၏လေပြည်ဝယ် ဆည်းလည်းကလေးများ လှုပ်ခတ်နေ၏။

ငြိမ်းချမ်းခြင်းရသနှင့် အေးချမ်းခြင်းသုခကို ခံစားသည်။



ဖြစ်ပေါ်ခဲ့ရဖူးသော အပူငွေ့လေးများပင် ဘုရားကြီးရိပ်မှာ ပျောက်ကွယ်သွားရ၏။

အတူယှဉ်ပြီး နိဗ္ဗာန်ဆုရည်သည့် အဖြစ်မျိုး မဟုတ်သော်လည်း စပယ့်ကို အစဉ်ထာဝရချစ်နိုင်စွမ်းသူ၊ စပယ်ကလည်း ချစ်နိုင်စွမ်းသူ ဖြစ်ရပါစေဟု ဆုတောင်းဖြစ်သည်။

စေတီတော်ကြီးကို တစ်ပတ်ပတ်သည်။

ပျော်ရသည့် အဖြစ်ကလေးများ၊ နေ့ကလေးများဟု စိတ်မှာ သတ်မှတ်မိသည်။

သည်နေ့ ဘုရားလာဖို့ အစီအစဉ်သည် ကျော်ကိုလတ် အစီအစဉ် မဟုတ်။

စပယ့်အစီအစဉ် ဖြစ်သည်။

'ဘုရားလာတာ ဗုဒ္ဓကို သက်သေထားပြီး ပန်သစ္စာ လာတိုင်တာ မဟုတ်ဘူး ကိုလတ်၊ လူမှုရေးကိစ္စမှာ မိမိကို ဆွဲထည့်တာ စပယ် လုံးဝလက်မခံဘူး၊ ဘုရားရိပ် တရားရိပ်မှာ စပယ်တို့ တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ ညှာတာတတ်နိုင်ဖို့ လာတာ၊ ကိုလတ် ခံစားကြည့်လေ၊ အင်းလျားနံဘေးမှာ ခံစားရတဲ့ ရသနဲ့ ဘုရားပေါ်မှာ ခံစားရတဲ့ ရသ၊ ဘုရားရိပ်မှာ ကိုလတ်စိတ်တွေ အေးချမ်း ငြိမ်းချမ်းမနေဘူးလား'

ခေါင်းကို ခပ်ခန့် ညိတ်ပြသည်။

အင်းလျားမှာဆိုရင် ရေမြေပတ်ဝန်းကျင်ကြောင့် အချစ်ကလေးများနှင့် အဖြစ်သည်းမိချင် သည်းမိမည်။

ယခုမူ စပယ့်နံဘေးမှာ အေးချမ်းတည်ငြိမ်စွာ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လာရသည်ကိုပင် စိတ်မှာ ကြည်နူးနေရသည်။

သုံးပတ်မြောက် ပတ်ပြီး တောင်ဘက်စောင်းတန်းမှ ပြန်ဆင်းသည်။

စပယ့်အိမ်သို့ လိုက်ပါရန် အခွင့်အရေးကို စပယ်က ပထမဦးဆုံးအကြိမ် ပေးခြင်းလည်း ဖြစ်၏။

'စပယ့်မေမေနဲ့ဖေဖေကိုတွေ့ရင် ကိုလတ် ဘာစကားတွေ ပြောရမှာလဲဟင်'

ကြောင့်ကြောင့်ကြကြ ပူပူပန်ပန်နှင့် မေးမိသည်။

မခေါ်ဖြစ်ခင်က စပယ်တို့အိမ် လိုက်လည်ချင်တယ်ဒါမှ နားဖောက်ပြီးသားဖြစ်မှာဟု တဖွဖွပြောခဲ့သည်။

ယခု နဖူးတွေ့ဒူးတွေ့ဖြစ်သောအခါ ရင်က နည်းနည်းခုန်ချင်လာ၏။

'ကိုလတ်က ဘာတွေပြောချင်လို့လဲ'

'အင်... ဘာ ပြောရမှန်းတောင် မသိဘူး စပယ်ရာ စပယ့်ဖေဖေက မင်း ဘယ်ကလဲ၊ ဘာလာလုပ်တာလဲလို့ ဟောက်ရင်တော့ မောကြောပဲ'

'စပယ်တို့မိသားစုက မရိုင်းစိုင်းတတ်ကြပါဘူး ကိုလတ် ဘဝကို ရိုးရိုးသားသား အေးအေးချမ်းချမ်း နေကြတာပါ'

'စပယ်နဲ့ကိုလတ်ကို သဘောတူပါ့မလားဟင်'

'အဲဒီစကားက စပယ်က ကိုလတ်ကို မေးရမှာပါ ကိုလတ်မေမေက စပယ်နဲ့ သဘောတူပါ့မလား'

နှုတ်အနည်းငယ် ဆိတ်သွားသည့် ကိုယ့်အဖြစ်ကို





ဒေါသ ဖြစ်ရသည်။

မေမေ့ရုပ်ပုံကားချပ်က အတွေးမှာ ဝင်လာ၏။

မာနမျက်နှာနှင့် ထီမထင်သောမျက်နှာ။

ပင့်သက်ကို စပယ်မသိအောင် ချရသည်။

နှုတ်ကမူ သဘောသိပ်တူပေါ့ စပယ်ရာဟု လှိုက်လှိုက်လှဲလှဲ ပြောပစ်ရ၏။

ရင်မှာမောနစ်နေသည့် အဖြစ်ကိုမူ ကိုယ့်ဘာသာကိုယ် သိသည်။

'ဖေဖေနဲ့မေမေကို စပယ် ဖွင့်ပြောထားတယ် ကိုလတ်'

'ဟင်...'

တအံ့တဩ ဖြစ်သွားသည်။

စပယ့်ကို အစက သည်မျှထိ ပြတ်သားလိမ့်မည် မထင်ခဲ့။

'စပယ်တို့မိသားစုက ပွင့်ပွင့်လင်းလင်း ပြောဆိုနေထိုင်တတ်ကြတယ် ကိုလတ်၊ မိသားစု ဆွေးနွေးညှိနှိုင်းတဲ့သဘောလည်းပါတယ်'

ကျောက်ပြား လှေကားထစ်လေးများကို တစ်ထစ်ချင်းနင်းဆင်းခဲ့သည်။

နားထောင်သမားသက်သက်အဖြစ် ဘေးမှာ ရပ်တည်ပါလာရသည်ကို ကိုယ့်ကိုကိုယ် အားမလိုအားမရ ဖြစ်ရ၏။

'စပယ့်မေမေနဲ့ဖေဖေက ဘာပြောလဲဟင်'

'ဖေဖေနဲ့မေမေက စပယ့်ကို ယုံကြည်တယ် ကိုလတ်၊



www.burmeseclassic.com

www.burmeseclassic.com



စပယ် ပညာမပြည့်မစုံနဲ့ မိုက်မသွားဘူးဆိုတာရယ်၊ အစ်မဖြစ်ပြီး အငယ်တွေကို ရက်စက်မသွားဘူး ဆိုတာရယ်ကို မေမေနဲ့ဖေဖေ က ယုံကြည်တယ်'

ကြေးစည်ဆိုင်မှ ကြေးစည်သံတာလွင်လွင်ကို ကြားရသည်။ ဓါးကွက်ရပ်၊ ဖိုးဝရုပ်များ ဆိုင်ရှေ့သို့ ရောက်သောအခါ စပယ့်မျက်လုံးအစုံက မျက်လုံးကြီးပြူးထားသော ရွှေရောင်ဓါး ကွက်ကြီးဆီသို့ ရောက်သွား၏။

'ရှေ့နှစ်ဆို စပယ် ကျောင်းပြီးမယ်၊ လုပ်ငန်းခွင်မှာ သုံးနှစ်ဝင်ပြီးရင် ညီမလေးတွေလည်း ကျောင်းပြီးကြမှာပဲ၊ အဲဒီ ကျမှ ကိုလတ်ဘဝထဲဝင်မယ်လို့ မေမေနဲ့ ဖေဖေကို ကတိပေး ထားတယ် ကိုလတ်'

ကျောက်ပြား လှေကားထစ်လေးများ နင်းမိရင်း စပယ့် မျက်နှာကို ကွက်ခနဲ ကြည့်ဖြစ်သည်။

'အချိန်ကာလ တော်တော်များများကို စောင့်စားရဦးမှာ လား စပယ်'

'အို... သည်ကိစ္စကို ကိုလတ်နဲ့ အချေအတင် ဆွေးနွေး ပြီးတာပဲဟာ၊ ဒီကာလအတွင်းမှာ စပယ်နဲ့ကိုလတ် လွတ်လွတ် လပ်လပ် နေနိုင်သားပဲ။ ဒါပေမယ့် အလေးအနက်ချထားတဲ့ စည်းလေးတစ်ခုကိုတော့ ကိုလတ်ကော စပယ်ပါ ထိန်းသိမ်းရမှာ ပေါ့'

စကားကတိ ရှိခဲ့သည်။

သည်တုန်းက ခေါင်းညိတ် ကတိပေးခဲ့သည့်အဖြစ်ကို





ပြန်သတိရ၏။

ပထမ ကျောင်းပြီးလျှင် ဘဝကိုလက်တွဲမည်ဟု ဆုံးဖြတ် ခဲ့သည်။

သို့သော်လည်း စပယ့်မှာ တာဝန်တွေ ရှိသည်။

ကျောင်းပြီးတာနဲ့ လင်ကောက်ယူလိုက်တာပဲဆိုသည့် အဖြစ်ကို စပယ်က အဖြစ်မခံနိုင်။

ပြီးတော့ ရှေ့ဆောင်လမ်းပြဖြစ်သော စပယ်က အသိမဲ့ လုပ်လိုက်လျှင် ညီမငယ်များ၏ အရေးအခင်းက ပေါ်ပေါက်လာ နိုင်သေးသည်။

စပယ့်ဆုံးဖြတ်ချက် မှန်သည်ဟု ဆိုရမည်။

ကျော်ကိုလတ်ကလည်း စပယ့်ဆန္ဒအားလုံးကို ခေါင်း ညိတ်ဖြစ်ခဲ့၏။

စောင်းတန်းအောက်သို့ ရောက်သောအခါ စပယ်က ကိုင်ထားသည့် ဖိနပ်ကို ကျော်ကိုလတ်ရှေ့မှာ ညင်သာစွာ ချပေး သည်။ စပယ်တို့အိမ်က ဘုရားနှင့်သိပ်ကွာလှမ်းသည်မဟုတ်။

စကားတပြောပြောနှင့် လျှောက်ခဲ့ကြသည်။

လမ်းထိပ်အရောက်တွင် ရင်ကခုန်ချင်ပြန်သေး၏။

စပယ့်ကို ပြောပြသောအခါ စပယ်က ရယ်ရင်း-

'ယောက္ခမကြီး ကျန်းခံ့သာလို့ မာပါစခင်ဗျာလို့ နှုတ် ဆက်လိုက်ပေါ့'

အရွှန်းအပြက် စကားဖြစ်ဖြစ် ရင်မှာ မှုန်းလျက်နေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… အချစ်ကို မိတွေဘတွေ သိတော့မည်။

□ □ □

စပယ်တို့ ချို့ငဲ့သည်ဆိုသော်လည်း အကျပ်အတည်းကြီးတော့ မဟုတ်။

အိပ်ကလည်း ထရံကာ ဝါးကြမ်းခင်း၊ ဓနိမိုးမဟုတ်။

သွပ်မိုးပျဉ်ကာ ဖြစ်သည်။

အိမ်ရှေ့တွင် အိမ်ဆိုင်ကလေး တည်ထားသည်။ သို့သော်လည်း ခနော်ခနဲ့ဆိုင်မျိုး မဟုတ်။

သပ်သပ်ခန့်ခန့် တည်ထားသည်။

အိမ်လှေကားကို တက်ပြီးသည်ထိ ခုန်နေသောရင်က မငြိမ်သက်သေး။

စပယ်နှင့် ရုပ်ဆင်းသဏ္ဍာန်တူသော အမျိုးသမီးနှစ်ယောက်ကိုမူ စျေးခုံနံဘေးမှာ မြင်တွေ့ရသည်။'

စပယ့်ညီမတွေမှန်း စိတ်ကသိလိုက်၏။

'ထိုင်… ကိုလတ်'

ဆက်တီခုံပေါ် ဝင်ထိုင်သည်။

မျက်လုံးနှစ်စုံက ဒိုင်းခနဲရောက်လာသည်။

ညီမတွေဆိုပေမယ့် မတိမ်းမယိမ်း။

လှမ်းကြည့်သည့်အကြည့်တွင် ရူးစမ်းလေ့လာမှုများ ပါသည်။



ပြီးတော့ ရယ်ကျဲကျဲမျက်နှာနှင့် ခေါင်းကို ငုံ့သွားကြ၏။

တစ်မျိုးကြီးပါပဲ။

စပယ်နှင့်စပ်ဟပ်၍ တွက်မည်ဆိုလျှင်တော့ ခယ်မတော်မည်။

သို့သော်လည်း ခယ်မတွေက ပိစိကွေးလေးတွေမဟုတ်။

အယ်စတုံကြီးတွေ။

စပယ်ထက်ပင် ထွားချင်သေး၏။

'ဖေဖေနဲ့မေမေ နောက်ဖေးမှာကိုလတ်၊ စပယ်သွားခေါ်လိုက်ဦးမယ်'

စပယ့်ကိုပြုံးပြီး ခေါင်းညိတ်ပြသည်။

စပယ် အခန်းထဲဝင်သွားသောအခါ မျက်လုံးကို အိမ်၏ ညှို့ခန်းဝန်းကျင်သို့ ရွေ့လျားမိ၏။

အဖိုးထိုက် အဖိုးတန်ပစ္စည်းနှင့် မွမ်းမံမှု မရှိသော်လည်း သပ်သင့်ရပ်ရပ် ရှိလှသည်။

လူနေမှုအဆင့်မနိမ့်သော်လည်း အမြင့်တန်းစားထဲက မဟုတ်သည်ကိုလည်း တွက်မိ၏။

အခန်းထဲမှ လှုပ်ရှားသံ ကြားရသည်။

ခန်းဆီးကလေး လွင့်ခနဲ လှုပ်ရှားမှုနှင့်အတူ အသက်ငါးဆယ်ဝန်းကျင်ရှိ မွန်မွန်ရည်ရည် အမျိုးသားကြီးနှင့် အမျိုးသမီးကြီး ထွက်လာသည်။

နောက်မှာ စပယ် ကပ်ပါလာ၏။

www.burmeseclassic.com



မိတ်ဆက်မပေးမီကပင် စပယ်၏ အဖေနှင့်အမေမှန်း သိလိုက်၏။

ဆတ်ခနဲ မတ်တပ်ရပ်ပြီး ဂါရဝပြုမိ၏။

'ထိုင်ပါ … မောင်ကျော်ကိုလတ် ထိုင်ပါ'

စပယ့်ဖေဖေနှင့်မေမေ ကုလားထိုင်မှာ ဝင်ထိုင်သော အခါ အနေကျပ်သလို ခံစားရသည်။

မနေတတ် မထိုင်တတ်သည့်အဖြစ်ကို စပယ် သုံးသပ်မိဟန် တူ၏။

မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး ကိုလတ် ဒါ စပယ့်ဖေဖေနဲ့မေမေပါဟု မိတ်ဆက်ပေးသည်။

'ဒီနေ့ မောင်ကျော်ကိုလတ် အိမ်ကို ပါလာမယ်ဆိုတာ ဦးက သိပြီးသားကွယ့်'

ရင်မှာ ဖိန်းခနဲ ဖြစ်သွားသည်။

စပယ်က အားလုံးဖွင့်ပြောထားသည်ဆိုသဖြင့် စိတ်မှာ ပို၍ လွတ်လပ်မှု မဲ့နေသည်။

ဘာစကားကို ဘယ်ကစရမှန်းမသိ။

ပြုံးလို့သာနေရသည့် ကိုယ့်အဖြစ်ကိုလည်း စိတ်မှာမနှစ်မြို့ ဖြစ်လာသည်။

စပယ့်မေမေကမူ အပြုံးကလေး လဲ့လဲ့နှင့်ကြည့်သည်။

စကားများကို ထွေထွေထူးထူး မပြောဖြစ်။

ရည်မှန်းချက်ကို မပျောက်ဖို့နှင့် ပန်းဝင်ကာနီး တက်မကျိုးစေရန် လုံ့လဝီရိယစိုက်ဖို့များကို ပြောသည်။





နောက်ဆုံးနှစ်ဖြစ်၍လည်း ပေါ့ပေါ့လျော့လျော့ မနေမိကြဖို့ကို သတိပေးဆုံးမသည်။

ဆယ့်ငါးမိနစ်ခန့်မျှ စကားပြောပြီး စပယ့်ဖေဖေနှင့် မေမေ ထိုင်ရာမှထသည်။

'မောင်ကျော်ကိုလတ်ကိုလည်း အေးအေးဆေးဆေးမှ ပြန်ပေါ့၊ ဒီနေ့က ဥပုသ်နေ့ဆိုတော့ ဦးနဲ့မင်းအဒေါ်က ဘုရားတက်နေကျကွ၊ အနီးကပ်ဆုံးဆွေဘုရားမျိုးဘုရားဆိုတော့ ဥပုသ်နေ့မဟုတ်လည်း သွားဖြစ်တာပါပဲကွာ'

စပယ့်ဖေဖေနှင့်မေမေ အိမ်မှထွက်ခွာသွားသည်ထိ ခပ်ငူငူထိုင်နေဖြစ်သည်။

သို့သော်လည်း စိတ်မှာ လွတ်လပ်သလိုတော့ ဖြစ်သွား၏။

'ကိုလတ်ကတော့ တကယ်ပဲကွာ'

ခုမှ စပယ့်ကို စေ့စေ့ကြည့်ရဲသည်။

'ဘာဖြစ်လို့လဲ စပယ်ရဲ့'

ဟုတ်ကဲ့ဆိုတဲ့ စကားတစ်လုံးပဲ ပြောတတ်သလား ဟင်၊ ဖေဖေကဘာပြောပြော ဟုတ်ကဲ့ချည်းပဲ လိုက်နေတာပဲ၊ မင်းငါ့သမီးကို မချစ်ပါနဲ့ကွာလို့ ပြောရင်လည်း ဟုတ်ကဲ့ပဲ ပြောမယ် မဟုတ်လား'

'ဟင့်အင်း … အဲဒီစကားကျရင်တော့ ဟုတ်ကဲ့ကြီးကို ဖျက်ဆီးပစ်လိုက်မှာ'

စပယ်က မျက်စောင်းလဲ့လဲ့ကြီးထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com

စပယ့်ညီမနှစ်ယောက်က ခစ်ခနဲ ရယ်၏။

ရယ်သံကို စပယ်ကော ကျော်ကိုလတ်ပါ ကြားသည်။

'အင်ကြင်းနဲ့ ခတ္တာ ဒီကိုလာဦး'

ညီအစ်မနှစ်ယောက်စလုံး ခပ်ယို့ယို့ ထလာသည်။ ပြီး… စပယ့်ဘေးမှာ ဝင်ထိုင်သည်။

'ကိုလတ် စပယ့်ညီမတွေလေ'

'အိမ်ပေါ် စတက်ကတည်းက ကိုလတ်လေ့လာပြီးသားပါ၊ စပယ်နဲ့ ရုပ်ချင်းဆင်တယ်လေ'

'ဒါပေမဲ့ စိတ်ဓာတ်ချင်းတော့ မတူဘူး ကိုလတ်၊ သူတို့က စပယ့်လောက် စိတ်မထက်ဘူး၊ မိသားစုပြဿနာတစ်ခုခုကြုံတွေ့ရင် သူတို့က မျက်ရည်ကျဖို့ပဲ စဉ်းစားတယ်၊ စပယ်က အဲဒီလောက် မပျော့ဘူး'

စိတ်ဓာတ်ကို ဖွင့်ဟပြသည်။

စပယ်ဆိုသော်လည်း စပယ်သည် စပယ်ပွင့်ကလေးများလို မနုဖတ်တတ်ပေ။

ပြတ်သားသော စပယ်အဖြစ် ဘဝကို ရပ်တည်သူဖြစ်သည်။ ယင်းပြတ်သားမှုကိုလည်း စပယ်သည် ဂုဏ်ယူသည်။

'အငယ်မက ခတ္တာတဲ့ကိုလတ်၊ အလတ်မက အင်ကြင်း နှစ်ယောက်စလုံး ဒေသတက်နေကြပြီလေ'

အရယ်လေးများကို ဖွင့်ပြသည်။

သူစိမ်းဆန်စွာ နေရမည့်သူ မဟုတ်သည့်အဖြစ်ကိုလည်း အင်ကြင်းနှင့်ခတ္တာ သဘောပေါက်နားလည်လိမ့်မည်။





မမစပယ်က ကိုလတ်အကြောင်းကို ခဏခဏပြောပါတယ်ဟု စကားချီပြီး ရင်းနှီးမှုက ပိုမိုမြန်ဆန်လာသည်။

စကားအရာတွင် ခတ္တာက သွက်သလောက် အင်ကြင်းက ငြိမ်သည်။

ရေပက်မဝင်အောင် ပြောလာသည့်အဖြစ်ကြောင့် နှင်တစ်ယောက်တည်းပဲပြော ခတ္တာဟု အင်ကြင်းက ဝင်ဟန့်ရသည်။

ရယ်ကြရ၏။

အင်ကြင်း၏လက်ရာ လက်ဖက်သုပ် ချဉ်စပ် စားပြီး ချိန်သည် ည(၈)နာရီတိတိ။

ပြန်ရန် နှုတ်ဆက်ရသည်။

စပယ်က လှေကားရင်းထိ ဆင်းလိုက်၏။

'ကိုလတ်'

'ဘာလဲ စပယ်…'

'အချစ်ဆိုတာ ဘဝတစ်ခုနော် ကိုလတ်၊ ဘဝဆိုတာကို အိမ်မက်လေးလို ခံစားလို့မရဘူး'

ကြောင့်ကြမှုနှင့်မေးသည်ကို စိတ်က သိသည်။

'ကိုလတ်ကို မယုံကြည်ဘူးလား စပယ်'

လှဲ့လှဲ့ကလေး ပြုံးသည်။ စကားကိုမူမဆို။

'ကိုလတ် အားလုံးကို နားလည်ပါတယ် စပယ်၊ စပယ်က ကိုလတ်ကို ယုံကြည်မှုနဲ့ မိပြဘပြထိ အချစ်မှတ်တိုင်လေးတွေ စိုက်တယ်၊ ကိုလတ်ဗွေဖောက်ရင် စပယ်မိသားစုအလယ်မှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာငယ်ရမယ်ဆိုတဲ့ ပူပန်မှုလေးတွေ စပယ့်ရင်မှာ ရှိနေတယ် မဟုတ်လား'

'ကိုလတ် ခုလိုသိတာ စပယ် သိပ်ဝမ်းသာတာပဲ ကိုလတ်ရယ်၊ ဘဝနဲ့ယှဉ်ပြီး ချစ်တာဆိုတော့လည်း စပယ်ဖွင့်မ ရပါတယ်'

'သြော်… စပယ်ရယ်၊ ကိုလတ်က စပယ့်ကို အရမ်းချစ် ရတဲ့သူပါ၊ သိပ်ချစ်တဲ့ ကိုလတ်ကစပြီး စည်းဖောက်ပါ့မလား'

'စကားလုံးလေးတွေကို စပယ် ရွေးချယ်ထားမယ်နော်'

အပြုံးလက်လက်ကလေးကို မြင်တွေ့ရသည်။

'ကိုလတ် သွားမယ်နော်'

ခေါင်းကလေးကို ညင်သာစွာ ညိတ်ပြသည်။

မိုးကောင်းကင်မှ ကြယ်ပွင့်လေးများကို ကြည့်ရင်း လျှောက်ခဲ့သည်။

အတွေးအိမ်တွင် စပယ်သာလျှင် စိုးမိုးနေ၏။

စပယ်၏ အပြုံးလက်လက်ကလေးများ စပယ်၏အရယ် ကလေးများ။

ဘုရားပေါ်မှအဆင်းတွင် လက်မောင်းကိုဖက်တွယ်ထား သည့်အဖြစ်ကိုမူ တစ်သက်တာ မေ့ပျောက်၍ ရနိုင်စွမ်းပင် မဟုတ်ချေ။

အုတ်လမ်းထိပ်သို့ရောက်သောအခါ အငှားလေးဘီး သည်။

လမ်းလျှောက်သွားလျှင် အနီးကလေး ဖြစ်သော်လည်း





အိမ်ပြန်သည့်ထက် နောက်ကျမည်ကို စိုးရိမ်သည်။

ခြံရှေ့သို့ ကားရပ်သောအခါ ချစ်သဲကြီးအပြေးကလေး ထွက်လာ၏။

ကားခကို ရှင်းပေးပြီး ခြံတံခါးကိုအသာတွန်းကြည့် သည်။

ဖွင့်မရ။

သော့ခတ်ထားသည်ကို တွေ့ရ၏။

'ဂျမ်းရေ… ဂျမ်း'

ဂျမ်းကိုလှမ်းခေါ်သည်။

ခေါ်သံသုံးခွန်းမြောက်တွင် ပေါ်တီကိုအောက်မှ မီးပွင့် ကလေး ဝင်းခနဲလက်လာ၏။

ဘာဂျာတံခါးဆွဲဖွင့်သံနှင့်အတူ ဂျမ်း၏ ကိုယ်လုံးက လေး ထွက်ပြူလာသည်။

ခြံသော့ကိုကိုင်ပြီး ဂျမ်းလျှောက်လာသည်။

ချစ်သဲကြီးက ဘာမှန်းမသိ တအီအီလုပ်ပြီး မြူးနေ၏။

ခြံထဲကွေ့ပတ်ပြေးလိုက် ပတာတ်ရပ်တက်လိုက်နှင့် ဖြစ်နေသည်။

'ကိုကိုလတ်ကို မေမေလတ်ဆူနေတယ်'

ခြံတံခါးသော့ကိုဖွင့်ရင်း ဂျမ်းကပြောသည်။

'ဘာဖြစ်လို့လဲ'

ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားကြည့်ပေါ့၊ ဒီအချိန်က ကျောင်းဆင်းတဲ့အချိန်လား ကိုကိုလတ်ရ'



www.burmeseclassic.com

www.burmeseclassic.com

'နှင်မရှည်ပါနဲ့'

'မရှည်ပါဘူး၊ တိုက်ထဲရောက်မှ မေမေလတ်က ကိုကိုလတ်ကိုတီးမှာ'

ထိတ်ခနဲတော့ ဖြစ်ရသည်။

ခါတိုင်းကျောင်းပြန်လျှင် သည်သို့ နောက်မကျစဖူး။

အိမ်ကိုတော့ အရောက်ပြန်သည်။

အိမ်ရောက်မှ ရေမိုးချိုးအဝတ်စားလဲပြီး ထပ်ထွက်ချင်ထွက်သည်။

'ပြောစမ်းပါ မေမေ ဘာတွေဒေါပွနေတာလဲ'

ဂျမ်းကို ပြန်အချူသတ်ရသည်။

'ဦးသော် ကျောင်းကိုသွားကြိုတယ်၊ ပြန်လာတယ် ကိုကိုလတ်ပါမလာဘူး၊ ကိုကျော်စွာဆီကိုလည်း ဂျမ်း လှမ်းပြီးဖုန်းဆက်တယ်။ ကိုကိုလတ်နဲ့ ဒီနေ့မဆုံဘူးပြောတယ်၊ ကဲ··· ကိုကိုလတ်ဘယ်သွားလဲ'

'ကိစ္စရှိလို့ပေါ့ဟ'

'အဲဒီကိစ္စရှိဆိုတာကြီးကို မေမေလတ်က လက်ခံမှာမဟုတ်ဘူး'

'ငါကလေးမှ မဟုတ်တဲ့ ဂျမ်းရ၊ အပေါင်းအသင်းတွေနဲ့ အဖော်ကောင်းရင် ရုပ်ရှင်တို့ဘာတို့ လိုက်သွားဖြစ်မှာပေါ့'

'တိုက်မှာ ဖုန်းရှိတယ်လေ ကိုကိုလတ်ရ'

'ဘာဆိုင်လို့လဲ'

ဂျမ်းက မျက်လုံးလဲ့ကြီးနှင့်ကြည့်ပြီး ပြုံးသည်။





ဂျမ်းအပြုံးက လှောင်ပြုံး။

ရိသည့်အပြုံး···

စိတ်ချဉ်ပေါက်ဖို့တော့ ကောင်း၏။

'သိပ်ဆိုင်တာပေါ့ ကိုကိုလတ်ရ၊ ရုပ်ရှင်သွားကြည့်မယ်ဆိုရင်လည်း ဖုန်းဆက်ပြီး ဂျမ်းကိုပဲပြောပြော၊ မေမေလတ်ကိုပဲပြောပြော၊ လှမ်းမှာလို့ရတယ်၊ ခု ကိုကိုလတ်ပေးမယ့် ဆင်ခြေတွေကို မေမေလတ်က လက်ခံမှာမဟုတ်ဘူး'

မေ့လျော့သွားသည့်အချက်ကို ပြန်စဉ်းစားရသည်။

ကျောင်းကနေ သို့မဟုတ် လှည်းတန်းကနေ လှမ်းဖုန်းဆက်လျှင် ဖြစ်သည့်ကိစ္စကို လုံးဝကြီးမေ့နေ၏။

ပင့်သက်ကို အသာချလိုက်၏။

မေးလျှင်တော့ ကြည့်ဖြေမည်ဟူသာ စိတ်ကိုပိုင်းဖြတ်ရတော့သည်။

□ □ □

မျက်နှာကို မြင်ကတည်းက မကြည်မှန်းသိသည်။

ခုတစ်လော မေမေသည် မိမိ၏အသွားအလာ အနေအထိုင်ကို တစ်စေ့တစ်စောင်း လှေ့လာနေသည့်အဖြစ်ကိုလည်း သတိထားမိ၏။

'ကျောင်းက ပြန်လာတာလား ကိုကိုလတ်'

လှမ်းနေသည့်ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့မေမေဟုဆိုရန် စကားသည် အခြေမြစ်လုံးဝမရှိဟုလည်း ကိုယ့်ကိုကိုယ်တွေးမိ၏။

'သားဇော်ထွေးတို့အိမ်ကို လိုက်သွားတာ မေမေ၊ ဇော်ထွေးတို့သားအမိနဲ့ စကားပြောရင်း ကြာသွားတာပါ'

အချစ်နှင့်ပတ်သက်၍ မေမေ့ကို ပထမဆုံးလိမ်ခြင်းဖြစ်သည်။

မေမေ့ကို မရိုမသေ မလေးစား၍တော့မဟုတ်။

မှသားမပါ လက်မချောသည့်အဖြစ်မျိုးသာဖြစ်သည်။

မေမေက မျက်နှာကို စူးစူးခနဲကြည့်၏။

ကြည့်သည့် မျက်ဝန်းအစုံတွင် အရောင်တွေ ထွက်နေသည်ဟု ကျော်ကိုလတ် ထင်သည်။

'မေမေ့နံဘေးမှာ ထိုင်ပါဦးသား'

ခပ်ယို့ယို့ ဝင်ထိုင်သည်။

ဧည့်ခန်းမှာ ဘွားဘွားမရှိ။

ဘွားဘွားအိပ်ခန်းကိုမူ လှမ်းကြည့်ဖြစ်သည်။

ဖော့မီကာချပ် ကပ်ထားသော တံခါးသည် ပိတ်လျက်ရှိသည်။

သည်အချိန်ဆိုလျှင် ဘွားဘွားသည်သူ့အိပ်ခန်းထဲတွင် ပုတီးစိပ်နေမည်ဟု တွေးမိ၏။

'ကိုကိုလတ်… မေမေ့ကို လိမ်တတ်နေပြီလား'

မျက်လုံး ဝိုင်းခနဲ ဖြစ်သွားရသည်။

မလုံစိတ်ဖြင့် တုန်လှုပ်သလိုလည်း ခံစားရသည်။



'ညနေက မောင်ဇော်ထွေးလာတယ်၊ ဝင်လာတော့ သားနာမည်ကိုအော်ပြီး ဝင်လာတာ သားမရောက်သေးမှန်းသိတာနဲ့ ပါးစပ်ကို အသာဘရိတ်အုပ်ပြီး အန်တီ ကိုလတ် သူ့သူငယ်ချင်းတွေ ဆွဲခေါ်သွားလို့ ပွဲရုံကို ပါသွားတယ်လို့ သူငယ်ချင်းဘက်က ကာဘာလုပ်တယ်၊ ခုသားက ဇော်ထွေးတို့သားအမိနဲ့ စကားကောင်းနေတယ်ဆိုတော့…'

စကားစကိုဖြတ်ပြီး မေမေက မျက်နှာကိုကြည့်ကာ အကဲခတ်သည်။

သားအမိချင်းဖြစ်သော်လည်း တစ်ခါမျှ သည်သို့မျက်နှာပူရသည့် အဖြစ်မျိုးကို ကျော်ကိုလတ် မခံစားခဲ့ဘူး။

သားအမိချင်းဖြစ်ပေမယ့် တစ်အား ရှက်သွားရသည်။ ငယ်နှင့်မသွားခင်က ဇော်ထွေးကို အကျိုးအကြောင်း မပြောပြဖြစ်ခဲ့သည့် ကိုယ့်အဖြစ်ကိုလည်း ဒေါသတကြီး ဖြစ်မိသည်။ ခုလည်း စည်းဝါးတွေ အကုန်လွတ်နေ၏။

ခေါင်းကို ငိုက်စိုက်ချထားလိုက်သည်။

တစ်ဆက်တည်းမှင် မေမေ၏ သက်မချသံကို ကြားရ၏။

သက်မကိုချရင်း မေမေသည် တွေတွေကလေး ကြည့်နေသည်။

သားနဲ့ပတ်သက်သော အတွေးစများကို ဆွဲဆန့်နေသည်။ ငြိမ်သက်တိတ်ဆိတ်နေခြင်းက ပို၍ အနေကျပ်သော၏။

မေမေက သားဘယ်သွားနေသလဲဟု ဆတ်မေးလျှင်

www.burmeseclassic.com



ဖြေရန် စကားမရှိတော့သည့် ကိုယ့်အဖြစ်ကိုလည်း သိသည်။

'ဂျမ်း…'

စကားကို ရှေ့မဆက်ဘဲ မေမေက ဂျမ်းကို လှမ်းခေါ်သည်။

ရင်မှာတော့ အနည်းငယ်ပေါ့သွား၏။

ဂျမ်းရောက်လာသည်။

'ဂျမ်း ကိုကိုလတ်ကို ထမင်းခူးကျွေးလိုက်၊ အလည်လွန်နေတော့ စားချိန်သောက်ချိန်မှန်းတောင် မသိဖြစ်နေတယ်'

မေမေ ထိုင်ရာမှ ထသည်။

မေမေ့ကိုမော့ကြည့်သောအခါ အကြည့်ချင်းဆုံသည်။ မေမေ့မျက်နှာထားက တည်တည်ငြိမ်ငြိမ်။

အိပ်ခန်းထဲဝင်သွားတော့မှ ဂျမ်းကို စကားပြောရသည်။

'ခြံဝမှာကတည်းက ဖော်ထွေးလာတာကို ပြောပါလေလား ဂျမ်းရာ'

'ဂျမ်းလည်း မသိဘူး ကိုကိုလတ်ရဲ၊ ဂျမ်းက မီးဖိုမှာ အလုပ်ရှုပ်နေတာ၊ နေပါဦး ကိုကိုလတ်က ဘယ်သွားနေတာလဲ'

'အချစ်တိုင်းပြည်မှာ နှလုံးသားပညာသွားသင်နေတာ ဟ…'

'မေမေလတ်ကို အဲဒီအတိုင်း မပြောပြလိုက်ဘူးလား'

'ခေါက်စမ်းပါ'

ဂျမ်းကိုခေါင်းပုတ်ပြီး အခန်းထဲ ဝင်ခဲ့သည်။

ရေကို ကမန်းကတန်းချိုးသည်။





ညဝတ်အင်္ကျီကိုလဲသည်။

ကိုကိုလတ် ထမင်းစားမယ်ဟု ဂျမ်းခေါ်သံကြောင့် ထမင်းစားခန်းသို့ အပြေးကလေး ကူးခဲ့ရ၏။

'မေမေတို့ စားပြီးပြီလား'

ပြီးပြီပေါ့၊ ဘယ်အချိန်ရှိပြီလဲ'

'ဂျမ်းကော…'

'မစားရသေးဘူး၊ ကိုကိုလတ်ကို စောင့်နေတာ'

ထမင်းပွဲမှာ ပန်းကန်နှစ်ချပ်တွေ့ရသည်။ ဂျမ်းက ပန်းကန်ပြားထဲ ထမင်းခပ်ထည့်ပေးသည်။

ဟင်းလျာများကလည်း အစုံအလင်။

သည်နေ့ ဂျမ်းဈေးသွားသည့်ကိုလည်း ချက်ချင်းသိလိုက်၏။

'ဒီမှာ ပုစွန်ဆီ ကိုကိုလတ်'

ပြောပြီး ခပ်ထည့်ပေးသည်။

'မနက်က သံဈေးကို ဂျမ်းသွားတာ၊ စိတ်တပ်က ဒန်အိုးကြီးနှစ်လုံးနဲ့ ပုစွန်ဆီတွေ ရောင်းနေလို့ ကိုကိုလတ်ကြိုက်တတ်တယ်ဆိုပြီး ဝယ်လာတာ၊ ကြံမဆိုင်ကြော်လည်း လုပ်ထားတယ်'

ဂျမ်းမျက်နှာတွင် အကြင်နာငွေ့များ ဝေနေသည်။ ကြိုက်တတ်သည့် ဟင်းလျာလေးများကို ဂျမ်းသိသည်။

မေမေ၏မွေးစားသမီး ဖြစ်သော်လည်း ကျော်ကိုလတ်ရင်တွင် ညီမငယ် အရင်းချာအဖြစ် သံယောဇဉ်ကြီးသည်။

ခင်တွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မေမေလတ်က ကိုကိုလတ်ကို ဆော်မထည့်ဘူးလား'

ကြက်အသည်းတစ်ခြမ်းကို ဖွဲ့ထည့်ရင်း မေးသည်။

'ငါ့အရွယ်ကြီးက တုတ်နဲ့ရွယ်လို့ ကောင်းတဲ့အရွယ်မှ မဟုတ်တော့ဘဲ ဂျမ်းရ'

'မေမေလတ်က ကြိမ်းနေတာ၊ ဒီကောင်တော့ တုတ်ကောင်းကောင်းနဲ့ဆော်ထားဦးမှလို့ ပြောနေတာ'

'အာလူးပါ ဂျမ်းရာ၊ မေမေ ငါ့ကိုရိုက်တာ နင်ဘယ်နှစ်ခါတွေ့ဖူးလဲ၊ ဂျမ်းကိုကော မေမေရိုက်ဖူးလို့လား'

'ဂျမ်းမှာ အပြစ်မရှိတော့ မေမေလတ်က ဘယ်ရိုက်မလဲ'

'ငါ့မှာတော့ အပြစ်ရှိတယ်'

'သိပ်ရှိတာပေါ့'

'ဘာအပြစ်လဲ'

'ချစ်တဲ့အပြစ်လေ'

ဒွင်းအုံ့ဆဲ ထမင်းလုတ် ပါးစပ်ဝတွင် တန့်သွား၏။

'ငါက ဘယ်သူ့ ချစ်လို့လဲ'

'ဒါကတော့ ကိုကိုလတ်ဘာသာ ကိုကိုလတ် သိမှာပေါ့'

'ဂျမ်းနော်… နင် မေမေ့ကို ပြန်ပြောမနေနဲ့'

'မပြောပါဘူးနော်၊ ကိုကိုလတ်ဘာသာ ကိုကိုလတ် ခံရကျုံနေတာပါ'

နှုတ်ကိုဆိတ်ထားလိုက်သည်။

စားသောက်ပြီး ညှော့ခန်းမှာ ထိုင်ဖြစ်သေး၏။





အစာပိတ်အဖြစ် ဂျမ်းက နာနတ်သီးစိတ်များ လာချပေးသည်။

'မေမေ ထွက်မလာဘူး ဂျမ်း'

'မေမေလတ် ကိုကိုလတ်ကို နာကစ်သွားတာ'

မတတ်နိုင်ပေ။

ဂျမ်းပြင်ဆင်ပေးသည့် နာနတ်သီးစိတ်ခြမ်းကလေးကို ပြီး ပါးစပ်ထဲ ထည့်လိုက်၏။

မေမေ့ကိုတော့ မေးချင်သည်။

ချစ်တာ အပြစ်ဖြစ်ပါသလားဟု။

□ □ □

ရွှေထီးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

ဘွားဘွား၊ မေမေနှင့် အန်တီခိုင်သဇင်တို့ တီးတိုးတီးတိုး
နှင့် သဖန်းပိုးလုပ်သည်။

အခန်းထဲမှ စာရေးစားပွဲတွင် ထိုင်နေရသော်လည်း
ကျော်ကိုလတ် စိတ်မဖြောင့်။

ရံဖန်ရံခါတွင် မေမေ့ရယ်သံနှင့် အန်တီခိုင်သဇင်ရယ်သံ
ကိုကြားရသည်။

တစ်ဆက်တည်းပင် အိပ်ခန်းတံခါးကို ညင်သာစွာ
ဖွင့်သည့်အသံကို ကြားရ၏။

ဆတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ဂျမ်းကို တွေ့ရ၏။

ဂျမ်းက ရှူးကိုကိုလတ်ဟုဆိုပြီး ခြေဖျားလေးထောက်
လာသည်။





အနားမှာလာထိုင်ပြီး မျက်နှာကိုစေ့စေ့ကြည့်၏။

'ကိုကိုလတ်…'

တီးတိုးသံနှင့်ခေါ်သည်။

'ဘာလဲ'

'မေမေကြီးတို့၊ မေမေလတ်တို့ ဘာတွေတွတ်ထိုးနေကြ
တယ်ဆိုကာ ကိုကိုလတ် သိလား'

'ငါလည်း အဲဒါ နားစွင့်နေတာ'

'စွင့်မနေနဲ့၊ ကိုကိုလတ်ကို ကျောင်းပြီးရင် မိန်းမပေး
စားဖို့ စီစဉ်နေတာ'

'ဟင်…'

ရင်မှာထိတ်သွားသည်။

ဂျမ်းကပြောပြီး သူ့နားကလေးကို နံရံမှာကပ်သည်။

တီးတိုးသံများက နားပါးသော ဂျမ်းအတွက ပီပြင်စွာ
ကြားရသည်ထင်၏။

'သေချာရဲ့လား ဂျမ်းရာ'

'သိပ်သေချာတာပေါ့'

'ဘယ်သူနဲ့လဲ'

'ဒေါ်ခိုင်သဇင်ရဲ့သမီးလေ သဲမာဆိုတဲ့ကောင်မနဲ့ ကိုကို
လတ်ကို ပေးစားမှာ'

'ငါ သူ့ကို မကြိုက်ဘူး ဂျမ်းရာ'

'မကြိုက်လည်းယူရမှာပဲ၊ ဒေါ်ခိုင်သဇင်က သူ့သမီးကို
အတင်းထိုးထည့်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာ အရမ်းနောက်ကျိသွားသည်။

ဖတ်လက်စ ဝတ္ထုလေးထဲမှ မင်းသား မင်းသမီး ချစ်ခန်း
သည် အော်တိုမစ်တစ် ပျောက်ကွယ်သွားရတော့၏။

ယင်းအစီအစဉ်များနှင့် ပတ်သက်၍ မေမေသည်မိမိ
စကားတစ်ခွန်းမျှ မဟဘူးခဲ့။

ဂျမ်းကိုလှမ်းကြည့်တော့ နံရံမှာ နားကပ်ပြီးနားထောင်
ကောင်းဆဲ။

အိတ်အညိုလေးထဲမှ ဒူးယားတစ်လိပ်ကို ဆွဲထုတ်ရ
လိုက်သည်။

ဂက်စ်မီးခြစ်ကို ဖြတ်ခနဲခြစ်လိုက်သံကြောင့် ဂျမ်း
လှည့်ကြည့်သည်။

စီးကရက်တစ်လိပ်စာ ကုန်ခါနီးတွင် ဧည့်ခန်းမှလှုပ်ရှား
သံများကြားရသည်။

တစ်ဆက်တည်းပင် နှုတ်ဆက်သံ၊ ရယ်မောသံများ
ပျံ့လွင့်လာ၏။

ဂျမ်းက အိပ်ခန်းထဲမှ မထွက်သေး။

စာအုပ်စင်မှ မဂ္ဂဇင်းတစ်အုပ်လှမ်းယူပြီး ပက်လက်
ကုလားထိုင်မှာ ထိုင်လိုက်သေးသည်။

သည်အိပ်ခန်းကတော့ ဂျမ်းအတွက်မဆန်း။

ခါတိုင်းညများတွင်လည်း ကိုလတ်အတွက် ကော်ဖီ
ရင်းကျော်ကိုလတ်အခန်းတွင် မဂ္ဂဇင်းစာအုပ်များ ဖတ်နေကျ
ယင်းအတွက်ကြောင့်လည်း ကျော်ကိုလတ်က ဟန့်တားခြင်းမပြု



မေမေလတ်ကလည်း ဟန့်တားခြင်းမပြု။

မောင်နှမ အရင်းဆိုသည့်ပုံစံသည် ဂျမ်း ဦးနှောက်တွင်
အစဉ်ထာဝရရှိသည်။

ရတနာဥယျာဉ်ခြံတွင် ဂျမ်းသည် လှပသောအရုပ်
ကလေးတစ်ရုပ်လည်းဖြစ်သည်။

ဂျမ်းကို အားလုံးက ခင်တွယ်သည်။

သံယောဇဉ်ကြီးသည်။

မေမေ့သော့ကိုပင် ဂျမ်းသည် ကိုင်ရသည့်အခွင့်ရှိ၏။

စက်နှိုးသံ၊ မောင်းထွက်သံကြောင့် အန်တီနိုင်သဇင်
ပြန်သွားပြီကို စိတ်က အလိုလိုသိသည်။

သို့ဆိုလျှင် ဧည့်ခန်းတွင် မေမေနှင့်ဘွားဘွား နှစ်ယောက်
တည်းသာ ရှိလိမ့်မည်။

'ကျွန်မ အရမ်းစဉ်းစားနေရတယ် မေမေ'

မေမေ့အသံကို ကျော်ကိုလတ်ကော ဂျမ်းပါ တိတိပပ
ကြားရသည်။

'ဘာကို စဉ်းစားနေတာလဲ'

ဘွားဘွားအသံက ဆက်တိုက်ထွက်လာ၏။

'သားကိုစွကို ကျွန်မစဉ်းစားနေတာပါ၊ နိုင်သဇင်နဲ့ ရယ်
ကာမောကာ ပြောနေရပေမယ့် ကျွန်မသားကို သမီးနဲ့နေရာချ
မထားပေးချင်ဘူး မေမေ'

ထခုန့်မိမတတ် ဝမ်းသာသွားသည်။

ဂျမ်းက အပြုံးကို မျက်နှာမှာတပ်ဆင်ပြီး မျက်လုံးဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်လှမ်းကြည့်၏။ ကိုကိုလတ်ဆန္ဒပြည့်တော့မည် ဆိုသည့်သဘော။

'ညည်းကဘယ်သူနဲ့ နေရာချထားပေးချင်လို့လဲ'

'ကျွန်မသားကို ဂျမ်းနဲ့နေရာချထားပေးချင်တယ် မေမေ'

'အို...'

အိုဆိုသည့်အသံသည် ဂျမ်း၏ နှုတ်ဖျားမှ ရုတ်ခြည်းပေါ်ထွက်လာသည်။

ဂျမ်းမျက်နှာကို အထိတ်တလန့် လှမ်းကြည့်မိ၏။

ဂျမ်းမျက်လွှာကို ချထားသည်။

ရင်မှာမောသွားရသည့် အဖြစ်ကို ဂျမ်းနားလည်နိုင်မည်လားမသိ။

ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့သော စကားလုံးများက နားထဲသို့ အဆီးအတားမဲ့ ဝင်ရောက်လာကြသည်။

'မဖြစ်နိုင်တာအေ ဂျမ်းနဲ့ကိုကိုလတ် မောင်နှမပဲဟာ၊ ညည်းဟာ မဟုတ်သေးပါဘူး'

ဘွားဘွား၏ စကားများက ကျော်ကိုလတ်အတွက် ကောက်ရိုးတစ်ပင် မြက်တစ်ပင်။

ဂျမ်းက ကုလားထိုင်တွင် ထိုင်နေသည့် ကျောက်ဆစ်ရုပ်လို ငုတ်တုတ်။

ဂျမ်းမျက်ဝန်းမှ မျက်ရည်ကြည်လေး ဝဲရစ်လာသည့် အဖြစ်ကို သတိထားမိ၏။

မေမေ့အသံကို ဆက်လက်ကြားရသည်။





'မောင်နှမဆိုပေမယ့် အရင်းအချာ မဟုတ်ဘူးဆိုတာ ဂျမ်းကော ကိုကိုလတ်ပါ နားလည်ထားကြတာပဲမေမေ၊ ဂျမ်းကို ကိုကိုလတ်နဲ့ နေရာချထားချင်တာက ကျွန်မတို့ စည်းစိမ်တွေ လေလွင့်စေချင်တာလည်းပါတယ်၊ ဂျမ်းကို မျိုးရိုးအနေနဲ့လည်း ဆန်းစစ်စရာမလိုဘူး၊ ကျွန်မလက်ပေါ်မှာကြီးပြင်းပြီး ကျွန်မ အုပ်ထိန်းမှုအောက်မှာ ပိပိပြားပြားနေခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ ဆွေစာရင်းမျိုးစာရင်းရှုပ်စရာလည်း မရှိဘူး မေမေ'

'စဉ်းစဉ်းစားစားလည်း လုပ်ပါအေ၊ ကလေးတွေရဲ့ဆန္ဒသဘောထားလည်း မေးကြည့်ပါဦး၊ ခိုင်သဇင်က သူ့သမီးနဲ့ကိစ္စပြောတော့လည်း ညည်းဘာမှ ပြတ်ပြတ်သားသား မပြောဘူး'

'ကျွန်မဦးနှောက်ထဲမှာ အလုပ်တွေ အများကြီးလုပ်နေတာပါ မေမေ၊ သဲမာနဲ့လည်း ကျွန်မ ဘာမှ သဘောမတူနိုင်စရာ မရှိပါဘူး၊ ဒါပေမဲ့ သားကို ဂျမ်းနဲ့ပဲပြန်လက်ဆက်စေချင်တဲ့ ဆန္ဒ ကျွန်မမှာရှိတယ်'

များစွာသော လောင်စာကို ရင်မှာထိုးသွင်းလိုက်သလို ခံစားရသည်။

ဂျမ်းမျက်နှာကိုလှမ်းကြည့်ရန်ပင် စိတ်မှာ ပန်းခက်နေရ၏။

နှလုံးအိမ်ကို အတည်ငြိမ်ဆုံးထားပြီး စိတ်မှာပန်းခက်နေရ၏။

ဂျမ်းသည် မျက်နှာကို ငိုက်စိုက်ချထား၏။

'ဂျမ်း...'



www.burmeseclassic.com

www.burmeseclassic.com



အသံတွင်တုန်ခါမှုလှိုင်းမပါအောင် ထိန်းသိမ်းရသည်။ ဂျမ်းက မျက်နှာကို ငုံ့ထားရာမှ ညင်သာစွာမော့ကြည့်၏။

ဂျမ်းမျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲနေသည်။

'ဂျမ်း... ငိုနေတယ်လားဟင်'

ရင်မှာ နင့်နင့်နဲနဲ ခံစားရသည့် ကိုယ့်အဖြစ်ကိုတော့ သိသည်။

ဂျမ်းအနားသို့ တိုးကပ်သွားပြီး ဂျမ်း၏ပခုံးသားနုနုလေးကို ဆုပ်ကိုင်မိ၏။

'ကို... ကိုကိုလတ်...'

'ဂျမ်းရယ်... ညီမလေးရယ်'

'ကိုကိုလတ်ရယ်... ဂျမ်းကို ခွင့်လွှတ်ပါ'

'ဘာဖြစ်လို့လဲ ကလေးရယ်'

'ဂျမ်း... ဂျမ်း... ဂျမ်းမှာလေ ချစ်... ချစ်သူရှိပါတယ်'

'ဘယ်သူများလဲ ဂျမ်းရယ်'

'ကို... ကိုဇော်ထွေးပါ ကိုကိုလတ်ရယ်၊ အစကတည်းက ကိုကိုလတ်ကို ပြောဖို့ပါ၊ ကိုကိုလတ်က ထကန်မှာစိုးလို့ ဂျမ်း မပြောရဲခဲ့တာပါ'

'သြော်... ညီမလေးရယ်၊ ကိုကိုလတ်နဲ့ဂျမ်းဟာ မောင်နှမပါကွယ်၊ တို့မောင်နှမရဲ့ ရင်ထဲမှာရှိတဲ့ အချစ်တွေ မေတ္တာတွေက အဖြူရောင်တွေပါ ကလေးရယ်'

ဂျမ်းထံမှ ရှိုက်သံကလေး လိမ့်ထွက်လာသည်။



ပြီး ရင်ခွင်မှာ ခေါင်းထိုးဝင်ပြီး တရှိုက်မက်မက်ငိုသည်။

ဂျမ်း၏နဖူးပြင်တွင် ဝဲကျလာသောဆံစကလေးများကို လက်နှင့်အသာ သပ်တင်ဖြစ်၏။

ပြီး ဂျမ်း၏နဖူးကို ခပ်ဖွဖွနမ်းရှိုက်လိုက်သည်။

ဂျမ်းကမော့ကြည့်သည်။

အရည်လဲ့သော မျက်ဝန်းကြီးက စိုင်းစက်နေ၏။

နားလည်နိုင်ပါ့မလားဆိုသည့်အတွေးဖြင့် ဂျမ်း၏မျက်နှာကို ပြုံးပြီးကြည့်နေမိသည်။

အရည်လဲ့သော မျက်ဝန်းကြီးမှာ အပြုံးရိပ်တွေ ထင်လာ၏။

ဂျမ်းသည် မောနေသော ပင့်သက်ကလေးကို ဖြည်းညင်းစွာမှုတ်ထုတ်လိုက်သည်။

သြော်... ဂျမ်းရယ်... ကလေးရယ်...

ကိုကို့ရင်ထဲက ညီမလေးရယ်...။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

'ဂျမ်း'

'ရှင်... ကိုကိုလတ်'

'မေမေ့ရှေ့မှာ ဂျမ်း ဘာမှမျက်နှာမပျက်နဲ့၊ ဂျမ်းနဲ့ ကိုကိုလတ်ကိစ္စကို မေမေ ကိုကိုလတ်ကို လာဆွေးနွေးမှာပဲ၊ အဲဒီကျ ကိုကိုလတ် ကြည့်ပြောမယ်'

'ကိုကိုလတ်က ဘာပြောမှာလဲ ဟင်'

'ဂျမ်းနဲ့ ကိုဇော်ထွေး မေတ္တာရှိနေကြတယ်ဆိုတဲ့ အကြောင်း ပြောမှာပေါ့'

ဂျမ်း... မျက်လုံးကလေး ပြူးသွားသည်။

'ကိုကိုလတ်ရယ်၊ ဂျမ်းမေမေလတ်ကို ကြောက်တယ်၊ မေမေလတ်သိရင် ဂျမ်းကိုအသေရိုက်မှာ'



'မေမေနားလည်နိုင်မှာပါ၊ အချစ်ကို မေမေဖြစ်ချသလို ပုံသေဇယားတွေချလို့တော့ ဘယ်ဖြစ်မလဲဂျမ်းရဲ့၊ မေမေက ကောင်းမယ်ထင်လို့ စီစဉ်တဲ့အစီအစဉ်က ကိုကိုလတ်တို့အတွက် ကောင်းချင်မှကောင်းမှာပေါ့'

မေမေကွယ်ရာမှာတော့ ယင်းစကားကို ပြောဝံ့သည်။

မေမေသည်သူကိုင်တွယ်သည့် ဖယောင်းလေးများကို သူ့စိတ်ကြိုက် ပုံထုလုပ်ချင်သည့် ဆန္ဒအပြည့်အဝရှိ၏။

သို့သော်လည်း ဖယောင်းလေးတွေ မာနေသည့်အဖြစ်ကို မေမေ မသိချေ။

ပျော့အောင်ထုလုပ်၍ရအောင် မီးပြင်းတိုက်ခဲ့လျှင်ဆိုသည့် အတွေးဝင်လာသောအခါ ရင်မှာ အမောကြီးမောသွားရပြန်၏။

'ကိုကိုလတ်'

'ဘာလဲ ဂျမ်း'

'မေမေလတ်က ကိုဇော်ထွေးနဲ့ လုံးဝသဘောတူမှာ မဟုတ်ဘူး ကိုကိုလတ်ရယ်၊ တစ်ခါက မေမေလတ် ဂျမ်းကို ပြောဖူးတယ်'

'ဘာပြောလို့လဲ'

'အလိုလိုက်လို့ အမိုက်စော်ကားရင်တော့ ပေါင်နှမ် ချောင်းဖြဲသတ်ပစ်မယ်တဲ့'

ပြောတိုင်းလုပ်မည်ကို သိသည်။

စိတ်ကြီးသော မေမေ့ကို ဘွားဘွားပင်တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



ဆလံသရသည်။

ဂျမ်းကို ကြည့်ပြီးတော့လည်း သနားဖြစ်ရသည်။

အဖြူရောင်မေတ္တာကို မေမေသည် ဘယ်အတွက်ကြောင့် အရောင်ဆိုးချင်ရပါသနည်း။

မနွေညက မေမေနှင့်ဘွားဘွားပြောသည့် စကားများကို မှ အမှတ်ရသည်။

ကိုယ့်အိတ်ထဲသာ ပြန်ဖိတ်စေချင်သည့် မေမေ့ဆန္ဒ။

ဖြစ်ပေါ်နေသော အဖြူရောင်မေတ္တာကို မေမေလုံးဝ ထည့်မတွက်ဟုလည်း ပြန်တွေးမိ၏။

'ဂျမ်း စိတ်အေးအေးထားပါ၊ ဒီတိုက်ပွဲမှာတော့ ကိုကို လတ် မေမေ့ကို အပြင်းအထန်တိုက်မယ်'

ကိုယ့်ကိုကိုယ် လူစွမ်းကောင်းကြီးအလား ထင်လိုက်မိ ၏။ ပြောပြီး ဧည့်ခန်းသို့ လှမ်းကြည့်ရ၏။

မေမေကြားလျှင်တော့ မပြင်ဆင်ရသေးခင် တိုက်ပွဲကို ဝင်လာနိုင်သည်။

'ကိုကိုလတ်'

'ဘာလဲ ဂျမ်းရဲ့'

'မေမေလတ်က ဂျမ်းကို စပြီးမေးရင် ဂျမ်း ဘယ်လို ဖြေရမလဲဟင်'

'အဲဒါတော့မပူနဲ့၊ ကိုကိုလတ်ကို မေမေက အရင်မေး မှာ၊ ဂျမ်းသာ မျက်စိမျက်နှာ ပျက်မနေနဲ့၊ မေမေက တို့လျှင် တာထက် ဆယ်ဆသာတယ်'





ဧည့်ခန်းဘက် ထွက်ခဲ့သည်။

နံရံမှ ကားသော့ကို လှမ်းယူလိုက်၏။

မေမေက မျက်လုံးလှန်ကြည့်သည်။

'ဘယ်သွားမလို့လဲ သား'

'ဇော်ထွေးဆီပါ မေမေ'

'သေချာတယ်နော်၊ တော်ကြာ ဘုရားပေါ် ရောက်နေမှာ သား'

မေမေ့စကားကြောင့် ရင်မှာ လမ်းကြိတ်စက်ကြီး ဖြတ် သန်းမောင်းနှင်သွားတော့သည်။

မေမေ့ကို ဘယ်သူများ ထောင်လိုက်ပါလိမ့်။

□ □ □

ဇော်ထွေးမျက်နှာကို ခပ်စေ့စေ့ကြည့်ပစ်လိုက်သည်။

ဇော်ထွေးက နားမလည်နိုင်စွာဖြင့် မျက်လုံးကလေး ပြူးနေသည်။

'အချစ်သူရဲကောင်းကြီး ကိုဇော်ထွေးလား ခင်ဗျာ'

ဇော်ထွေးက ခပ်ယောင်ယောင် ဖြစ်နေသည်။

စိတ်ထဲက ခပ်တည်တည်နှင့် နောက်ပစ်လိုက်မည်၊ ဆောက်ပစ်လိုက်မည်ဟု ကြံစည်စိတ်ကူးထား၏။

'သိပ်တော်တဲ့ကောင်ကွာ'

မျက်နှာကလေး ရုတ်ခြည်း ညှိုးသွားသည့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com

မြင်ရသည်။

ရင်ထဲကမူ ဖော်ထွေးကိုကြည့်ပြီး ရယ်ချင်နေမိ၏။

သည်လောက်စကားဆိုရုံမျှနှင့် အခြေအနေကို ဖော်ထွေး နားလည်လိမ့်မည်။

'အမေသုန် ဘယ်သွားလဲ'

'အမေ ဈေးရောင်းက ပြန်မလာသေးဘူး ကိုလတ်'

'အမေသုန်နဲ့လည်း တွေ့ချင်တယ်'

'ကိစ္စရှိလို့လားဟင်'

'မင်းကို တိုင်မလို့၊ မင်းရဲ့ကြောင်သူတော်လုပ်ရပ်တွေ ကိုအမေသုန်ကို တိုင်မလို့'

ဖော်ထွေး ပိုမို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

ငယ်နေသောမျက်နှာကို ဆီးစေ့နှင့်တိုင်းတာကြည့်လျှင် ဆီးစေ့ကကြီးလိမ့်မည်။

'ကဲ… အိမ်တံခါးပိတ်ခဲ့၊ မင်းနဲ့ငါ အပြင်ထွက်ပြီး စာရင်းရှင်းရအောင် အိမ်မှာဆို ဘေးပတ်ဝန်းကျင်နဲ့ လူကြား တယ်'

ဖော်ထွေးကိုကြည့်လိုက်သည်။

ထိတ်ထိတ်ပျာပျာ ဖြစ်နေမှန်း သိသည်။

သည်လောက် သိသိပ်သည့်အကောင်က တစ်ခေါ စိတ်ဒုက္ခရောက်အောင် ညှဉ်းပန်းလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

'ညာပါ ကိုလတ်ရယ်…'

ကားပေါ်တက်ရင်း ပြောသည်။





စကားကို ပြန်မဆိုဘဲ ဂီယာကို ခပ်ကြမ်းကြမ်းတင်လိုက်၏။ ဗဟန်းလစ်ဘက်သို့ ဦးတည်မောင်းခဲ့သည်။

ချောင်ကျသလို ထင်ရသော်လည်း သဘာဝသစ်ရိပ် ဝါးရိပ်အောက်တွင် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်ရှေ့တွင် ကားကိုထိုးရပ်လိုက်၏။

ခြံဝိုင်းထဲ ဝင်ခဲ့သည်အထိ ဖော်ထွေးကို စကားမပြောဖြစ်။ နောက်မှနေ၍ ခပ်ကုပ်ကုပ်တော့ ပါလာသည်။

ရယ်တော့ ရယ်ဖြစ်သည်။

တစ်ခါမျှ ဖော်ထွေးကို ခုလို ကုပ်ချောင်းချောင်းပုံစံနှင့်မတွေ့ဘူးချေ။

□ □ □

မျက်နှာကို မော့မကြည့်။

ခေါင်းကို ငုံ့ထားသည်။

စလာမည့် စကားကို နားစွင့်နေမှန်းလည်း သိ၏။

'ဂျမ်း ငါ့ကိုအကုန်ပြောပြတယ်'

သည်တစ်ခါမှ မော့ကြည့်သည်။

'ငါက မင်းကိုတိတိကျကျ တစ်ခုမေးချင်တာပါ'

'မေးပါ ကိုလတ်ရယ်… မေးပါ'

ဖန်ခွက်ကလေးထဲမှ စီးကရက်တစ်လိပ်ကို နှိုက်ယူလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှာတပ်ပြီး မီးညှိလိုက်သည်။ သုံးချက်ဆင့် ဖွာရှိုက်လိုက်၏။

'ဂျမ်းကို မင်း တကယ်ချစ်တာလား'

'အာ… တကယ်ချစ်တာပါ ကိုလတ်ရာ၊ ကိုလတ်နဲ့ ခင်မင်တာကို အခွင့်အရေးယူပြီး ဂျမ်းကိုချစ်ခဲ့တာ မဟုတ်ပါဘူး။ ကိုလတ်ကို ကျေးဇူးကန်းတာလည်း မဟုတ်ပါဘူး၊ ဖွင့်မပြော ခဲ့တာက ကိုလတ်ကို ကိုယ်ရှိန်လို့ပါ၊ ကိုယ့်ကို ပစ်ပစ်ခါခါကြီး ပြောပစ်လိုက်မှာ စိုးရိမ်လို့ပါ'

ဇော်ထွေးမျက်နှာကို ခပ်စူးစူးကြီးကြည့်နေမိ၏။ ရိုးသား မှုနှင့် ကြိုးစားမှုကို နားလည်သည်။

ပြီးတော့ အချစ်ဆုံးသူငယ်ချင်း၊ ဂျမ်းနှင့်သဘောမတူ နိုင်စရာအကြောင်း ဘာမှမရှိ။

သို့သော်လည်း ပြဿနာက မေမေ့ပြဿနာ။

'ကျောင်းပြီးတဲ့နေ့မှာ ကိုလတ်ကို ဖွင့်ပြောဖို့ အစီအစဉ် ရှိပါတယ်'

'ငါ့ဆန္ဒနဲ့ပြီးတာမှ မဟုတ်ဘဲ၊ မေမေ့ကို ပြောလို့ရ လည်း မေမေက သဘောတူမှာ မဟုတ်ဘူး'

မျက်နှာညှိုးရော်သွားသည်။

လက်ဖက်ရည် ပန်းကန်ကို စိုက်ကြည့်နေသည့်မျက်ဝန်း တွင် ဆွေးရိပ်လွမ်းရိပ်လေးများ သန်းနေသည်ကို သတိပြုမိ၏။

'ကိုယ်ဘာဆက်လုပ်ရမလဲဟင်'

မဝံ့မရဲနှင့်မေးသည်။



'ဘာဆက်လုပ်ရမလဲ ဆိုတာထက် တို့မိသားစုအတွင်း မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေကို မင်းသိထားဖို့လိုတယ် ဇော်ထွေး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကလည်း ဂျမ်းနဲ့ပတ်သက်ပြီး အထင် အရ ပါနေတာကိုး'

လက်ဖက်ရည်ကို တစ်ငုံငုံသည်။

ဇော်ထွေးကတော့ ခပ်ငူငူ။

ဆက်လာမည့်စကားကိုလည်း ကြောင့်ကြကြီးစွာ နားစွင့် နေပုံရ၏။

သည်လို ဇော်ထွေးရာဟု အစချီပြီး မေမေ၏ဆန္ဒ သဘောထားများကို ပြောပြသည်။

စကားလုံးတစ်လုံးချင်းဝယ် ဇော်ထွေး၏မျက်ဝန်းသည် ဝေသီ၍လာ၏။

'ဂျမ်းဟာ ငါ့မွေးစားညီမဆိုပေမယ့် ညီမလေးအရင်းလို ငါချစ်တယ်၊ ဒီတော့ မေမေ့အတွေးအခေါ်ကို ငါလုံးဝလက်မခံ နိုင်ဘူး'

'ကို… ကိုလတ်က အန်တီ့ကို အဲသလိုပဲ ပြောလိုက် လားဟင်၊ အန်တီက ဘာမှ မပြောဘူးလား'

အားတက်သရောမေးသည်။

တစ်ချိန်လုံးတွင်ဆွေးရိပ် လွမ်းရိပ်များနှင့် ဝေသီနေသော မျက်နှာသည် ယခုမှ ကြည်လင်လာ၏။

'အဲဒီအကြောင်းနဲ့ပတ်သက်ပြီး မေမေငါ့ကို ဘာမှမဆွေး နွေးသေးဘူး၊ ဒါပေမဲ့ မင်းဘာမှမစိုးရိမ်ပါနဲ့၊ ဂျမ်းကို ငါ့ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



အရင်းလိုပဲ သဘောထားတယ်၊ တခြားသူနဲ့ဆိုရင်တော့ ငါသ ဖျက်မှာပဲ'

'ကို… ကိုလတ်ရယ်၊ ကိုယ်ဝမ်းသာလိုက်တာ၊ ဂျမ်း ကို့ ကိုယ်မြတ်မြတ်နိုးနိုး ချစ်တာပါ ကိုလတ်ရာ'

'အေးလေ… ဂျမ်းကို မင်းသစ္စာရှိပါ၊ ဂျမ်းက ရည်းစား သန်ထားတာ၊ စိတ်က ကလေးစိတ်နဲ့ကလေးအတွေးပဲ ရှိသေး တယ်၊ မမေနဲ့ပတ်သက်လို့ ငါနားချယူမယ်၊ မင်းနဲ့ဆိုရင်တော့ မမေ ခါးခါးသီးသီး ဖြစ်လိမ့်မယ် မဟုတ်ဘူးလို့တော့ထင်တာပဲ'

'အားကိုးပါရစေ ကိုလတ်ရယ်၊ ကိုယ့်ဘဝမှာ ကိုလတ် ပဲရှိတယ်'

'အဲဒီအပြောလေးတွေနဲ့ပဲ ဒီကကောင် ကနေရတာပဲ'

ရယ်သည်။

ရယ်ပြီး ဂျမ်းကို စမေတ္တာရှိလာသည့်အကြောင်းများကို ပြောပြသည်။

'ဂျမ်းကိုရရင် တစ်သက် ထမင်းမငတ်တော့ဘူးဆိုတဲ့ အတွေးနဲ့မင်းချစ်တာ မဟုတ်လား'

စကားနှင့်ရိလိုက်သည်။

'မဟုတ်ပါဘူး ကိုလတ်ရာ၊ ဂျမ်း ကိုယ့်ကိုချစ်လို့ စွန့်စားရင် အန်တီက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့မြိုင်ရပ်နှင် လိုက်မယ်ဆိုတာ ကိုယ်တွေးပြီးသားပါ၊ ကိုလတ်ပြောသလို မျှော် လင့်ချက်တွေ တစ်စက်မှ မရှိပါဘူး၊ ဂျမ်းကို ချစ်တဲ့အချစ်တစ်ခု တည်းရယ်ပါ'





စီးကရက်ကို ဖွာပြီး မီးခိုးငွေ့လေးများကိုအကွင်းလိုက် ဖြစ်အောင်လုပ်သည်။

ပြီးမှ…

'ဘွဲ့ရရင် အမေကြီးကိုလုပ်ကျွေးမယ်ဆိုတဲ့ အစီအစဉ် တော့မရှိဘူး၊ မိန်းမယူဖို့ စဉ်းစားနေတဲ့ကောင်၊ အမေသုန်သာ သိရင် ငါ့သားလေးလိမ္မာလှချည်ရဲ့ဆိုပြီး ထွေးပွေ့ပြီး ပါးကိုလှိမ့် နိုက်မှာသေချာတယ်'

'ကိုလတ်ကကော'

'ငါက ဘာဖြစ်လို့လဲ'

'စပယ့်ကိုချစ်တာလေ'

'ဘာဆိုင်လဲ'

'ဆိုင်တာပေါ့၊ ဘွဲ့ရရင် မအေကြီးကို လုပ်ကျွေးမယ် မစဉ်းစားဘူး၊ မိန်းမယူဖို့ စဉ်းစားနေတာ'

စကားနှင့်ပြန်တွယ်သည်။

အေပေးဟု ဆဲပစ်လိုက်ပြီး စားပွဲထိုးကလေးကို လက်ရိပ်ပြလိုက်၏။

စားပွဲထိုးကလေး ပြေးလာသည်။ ကျသင့်ငွေကိုရှင်းပြီး ထိုင်ရာမှ ထလိုက်၏။

ကားကို ဇဟာန်းဘက်မောင်းသည်။

ဘယ်လဲကိုလတ်ဟု ဇော်ထွေးက မေးသောအခါ စကား ကို မဖြေဖြစ်။

အုတ်လမ်းကို ချိုးကွေ့သောအခါ ဇော်ထွေးက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဆတ်ခနဲ လှည့်ကြည့်သည်။

'ရွှေလမ်းငွေလမ်းတွေ ပေါက်နေပြီပဲ'

'မင်းလိုပေါ့'

'ဒါမေမဲ့ ကိုလတ်က တရားဝင်သွားခွင့် လာခွင့်ရှား ပါ'

'မင်းက အဲသလို အခွင့်အရေးမျိုး လိုချင်လို့လား ပြောလေ၊ ဂျမ်းနဲ့ကျွန်တော် မေတ္တာရှိနေပါတယ်လို့ မေမေ့ကိုသွား ပြောပါလား'

'အာ... ကြောက်တယ်'

'ဂန်ဒူး...'

ကားကို အိမ်ရှေ့မှာ ထိုးရပ်သည်။

ကားရပ်သည်နှင့် အင်ကြင်းအိမ်ပေါ်မှ အပြေးကလေး ဆင်းလာ၏။

'မရှိဘူးကိုလတ်'

'ဟော... စပယ် ဘယ်သွားလဲ'

'ဟင်... ကိုလတ် မမစပယ်အကြောင်း မကြားလိုက် ဘူးလား'

ရင်မှာထိတ်သွား၏။

ကားပေါ်မှ မဆင်းဖြစ်ဘဲ အင်ကြင်းမျက်နှာကို အံ့ဩစွာ ကြည့်မိသည်။

'ညက မမစပယ် အိပ်ရင်း အိပ်မောကျသွားတာလေ'

'ဟာ... ဒီကောင်မလေး'





အင်ကြင်းက အတည်ပေါက်နှင့်နောက်တတ်သည်။

ဖြစ်ပေါ်သွားသည့်စိုးစိတ်ကြောင့် ရှက်သလို ဖြစ်သွား ရ၏။

အင်ကြင်းက အားပါးတရ ရယ်သည်။

– ကားတံခါးဖွင့်ပြီး ဆင်းလာသောအခါ စပယ်ဧည့်ခန်းသို့ ထွက်လာ၏။

'အယ်... ကိုဇော်တွေးပါ ပါတယ်'

စပယ့်မျက်နှာလေး ပြုံးနေသည်။

အိမ်ပေါ်တက်ခဲ့သည်။

စပယ့်မေမေက 'ဘယ်ကလှည့်လာတာလဲ မောင်ကျော် ကိုလတ်'ဟု မေးသည်။

'ဗွတ္တလစ်ဘက်မှာ လက်ဖက်ရည် သွားသောက်ကြတာ အန်တီ'

'ကောင်းလို့လား'

စပယ့်မေမေ လက်ဖက်ရည်ကြိုက်ကြောင်း စပယ်ပြော ၍ သိထားဖူးသည်။"

'မဆိုးပါဘူး ဒေါ်ဒေါ်၊ နေရာကလေးကတော့ လူရှင်းပြီး အေးအေးချမ်းချမ်းပဲ'

'အင်း... လက်ဖက်ရည်ကြိုက်တဲ့ သူတွေကတော့ ဘယ်ဆိုင်ကောင်းလဲဆိုတာ ရှုးစမ်းနေကြတာပဲကွယ့်၊ အဲဒါကြောင့် မင်းဦးလေးနဲ့ဒေါ်ဒေါ် ခဏခဏ စကားများပဲ၊ အပြင်ထွက်ရင် မင်းဦးလေးက ကြုံရာဆိုင် ဝင်သောက်တတ်တယ်၊ ဒေါ်ဒေါ်က



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ဆိုင်အစွဲလေးက သိပ်ရှိတာ'

ပြုံးနေမိသည်။

သည်ကကောင်တွေ ဆိုင်ထိုင်သည်က ဘာရယ်မဟုတ်။

လက်ဖက်ရည်ကို အစွဲအလမ်းကြီးကြသူများလည်း မဟုတ်ချေ။

အပေါင်းအသင်းများနှင့် အချိန်ကြာမြင့်စွာထိုင်ပြီး တောင်စကား၊ မြောက်စကားပြောချင်သည့် ဆန္ဒများကသာ အဓိကခန်းမှာပါနေ၏။

'ကိစ္စရှိနေလို့လား ကိုလတ်'

စပယ့်မေမေ အိပ်ခန်းထဲဝင်သွားသောအခါ စပယ်က မေးသည်။

'ကိစ္စရှိမှ လာရမှာလား စပယ်'

စပယ်က ပြုံးပြီး ဇော်ထွေးကိုလှမ်းကြည့်၏။

'ခုတလော ကိုလတ် အပြတ်ကြီးပဲချဲနေတယ် စပယ်'

'ဘာဖြစ်လို့လဲ ဇော်ထွေး'

'အဲဒါတော့ မသိဘူး၊ ခုလည်း တစ်လမ်းလုံး ကျွန်တော့်ကို ဟိန်းဟောက်လာတာ'

'ဟုတ်လား ကိုလတ်'

စပယ့်အပြုံးတွင် အရယ်လေးများ ပါနေ၏။

စကားသံလွင်ညွင်သည့် အစဉ်ရိုးအီး၍ မသွားနိုင်သော တေးသံကလေးများနှယ်ဖြစ်၏။

'ဒီကောင့်မှာ အပြစ်ရှိလို့ စပယ်'



'ဘာအပြစ်များလဲ ကိုလတ်ရဲ့'

'ချစ်တဲ့အပြစ်လေ'

'ဩော်… ကိုလတ်ရယ်၊ ချစ်တာ အပြစ်တဲ့လား'

'မဟုတ်ဘူး စပယ်ရဲ့၊ ဒီကောင်ချစ်တာ သို့ဝှက်လွန်းလို့'

'ဒါဖြင့်ရင် လူတကာကြားအောင်၊ သိအောင်အချစ်ကို သီချင်းလုပ်ဆိုပြီး အော်ဟစ်နေရမှာလားဟင်'

စပယ်က ပြောပြီး အသံကလေးထွက်အောင် ရယ်၏။

သည်တစ်ခါမှု စပယ်နှင့်အတူ လိုက်ရယ်ဖြစ်သည်။

စကားဝိုင်းတွင် အင်ကြင်းမပါ။

ခရမ်းချဉ်သီး နှစ်လုံးသုံးလုံး ဗန်းထဲမှရွေးနေကတည်းက လက်ဖက်သုပ်မည်မှန်းကို သိသည်။

'အင်ကြင်း ဘာမှ မလုပ်ရဲ့နော်၊ ခုပြန်မှာ'

'ကိုလတ်ကလည်း ဖြည်းဖြည်းပေါ့'

လှမ်းအော်ပြောသည်။

'ကိစ္စရှိသေးလို့ပါ၊ ဒီနေ့ခြံထဲမှာ ကိုလတ် အလုပ်သမားကြီးဖြစ်မှာ ခြံသန့်ရှင်းရေး လုပ်ရမယ်လေ'

'သူဌေးတွေက လူငှားလုပ်နိုင်းရင် ဖြစ်ရက်သားနဲ့'

'လှုပ်လှုပ်ရှားရှား နေရတာကို ဝါသနာပါတာ ကိုလတ်ဗီဇအင်ကြင်းရဲ့၊ ခြံထဲမှာ ကိုလတ် မွေးမြူရေးလုပ်ထားသေးတာ၊ တစ်နေ့ခြံကိုဖိတ်ပြီး ကြွားရဦးမယ်'

စပယ်က ပြုံးသည်ဆိုရုံမျှ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထသောအခါ တကယ်ပြန်တော့မှာလား အင်ကြင်းက မေးသည်။

အင်ကြင်းကိုပြုံး၍ ခေါင်းညိတ်ပြပြီး စပယ့်ကို တီးတိုးပြောသည်။

'ညနေ ဘုရားသွားရအောင် စပယ်'

'ပုတီးစိပ်မလို့လား'

စပယ်က တည်တည်ကလေးနှင့် နောက်၏။

'အဲဒီထိ စိတ်မပြတ်သေးဘူး'

'ဘာဖြစ်လို့'

'မျက်စိမှိတ်ပြီး အာရုံဝင်နေရင် စပယ့်ကို မမြင်ရဘဲနေမှာပေါ့'

'သွား.... ကိုပို'

ရယ်သည်။

လာခေါ်မယ်နော် စပယ်ဟု ထပ်ပြောပြီး စပယ့်မေမေကို လှမ်းအော်နှုတ်ဆက်ဖြစ်သည်။

'ဒေါ်ဒေါ် ပြန်ဦးမယ်'

'ဟဲ့... မြန်လှချည်လား'

အသံက အရင်ရောက်လာသည်။

သည့်နောက်မှ စပယ့်မေမေ လက်နှီးဝတ်ကိုင်လျက် ထွက်လာ၏။

'ဟင်းချက်နေလို့ မောင်ကျော်ကိုလတ်ရဲ့'

'စပယ့်ကို ချက်ခိုင်းပါလား ဒေါ်ဒေါ်ရဲ့'





'စပယ်လား၊ ဘဲဥတောင် ပြုတ်တတ်ရဲ့လားလို့ မေးကြည့်စမ်း'

စပယ်ကဝင်၍...

'ကိုလတ်၊ ရန်ကုန်မြို့မှာ ထမင်းဆိုင်တွေအများကြီးနော်'

ရယ်ရင်းပြောသော်လည်း ရင်မှာ အေးခနဲ ဖြစ်သွားသည်။

အားလုံးမျက်နှာတွေ ပြုံးနေသည်။

သြော်... စပယ် အရမ်းရဲတင်းနေပြီ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



# (၂၁)

ခြံတံခါးထောင့်တွင် လျှို့ဝှက်ဘဲလ်ကလေးရှိသည်။

အိမ်အရိပ်အခြေည်ကိုကြည့်ပြီး ဘဲလ်ကို ခပ်နာနာကလေး ဖိလိုက်၏။

ဘာဂျာတံခါးဖွင့်သံနှင့်အတူ ဂျမ်းအပြေးလေးထွက်လာသည်။

'ကိုကိုလတ်… ကိုကိုလတ်'

အမောကလေးနှင့်ခေါ်သည်။

'ဘာလဲဂျမ်း'

'ပြဿနာတွေတော့ တစ်ထွေးကြီးတက်တော့မယ်'

မျက်မှောင်ကြုတ်ပြီး ဂျမ်းကို ကြည့်လိုက်မိ၏။

တံခါးသော့ဖွင့်နေသည်ကို ဂျမ်းလက်ကလေးများ တုန်





ယင်နေသည်။

အဖြစ်ကို သတိပြုမိသည်။

ဂျမ်းအမူအရာ လှုပ်ရှားမှုကြောင့် ရင်မှာထိတ်ခနဲဖြစ်သွားရ၏။

'ဘာဖြစ်လို့လဲ ဂျမ်း'

'ညနေက ကိုကိုလတ်နဲ့အမျိုးသမီး တစ်ယောက်ကို မေမေလတ် ဘုရားပေါ်မှာ တွေ့သွားပြီ'

'ဟင်…'

ပူပန်မှုများက ရင်ထဲသို့အုတ်အော်သောင်းနင်း ရောက်လာသည်။

ခြေလှမ်းကို ဆက်မလှမ်းဖြစ်ဘဲ အဝင်လမ်းတွင် ခပ်တွေတွေရပ်နေ၏။

ဂျမ်းက သော့ခလောက်ကို ခပ်ကြမ်းကြမ်းဆွဲဆောင့် ပိတ်လိုက်ပြီး…

'မေမေလတ် ဘာစိတ်ကူးပေါက်လည်း မသိဘူး၊ ညနေက ဂျမ်းရေ ဘုရားသွားရအောင်ဆိုပြီးသွားတာ ဂျမ်းတို့က ဒဂုံခင်ခင်လေး တန်ဆောင်းမှာအထိုင်မှာ ကိုကိုလတ်တို့ ဖြတ်လျှောက်သွားတာ တွေ့လိုက်တာ'

'မေမေ ဘာပြောလဲ ဂျမ်း'

'ဂျမ်း ဟိုမှာ သမီးကိုကိုလတ် တွေ့လားဆိုပြီး မေမေ ပြောပြတယ်၊ ဒီပြင် စကားတွေတော့ ဘာမှမပြောဘူး၊ ဒါပေမဲ့ မေမေလတ် စိတ်တွေ အရမ်းလှုပ်ရှားနေတယ်ဆိုတာတော့



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းသိတယ်'

ပင့်သက်ကိုချသည်။

လေးလံသော ခြေလှမ်းများက တိုက်ထဲအဝင်တွင် ပိုမို၍ နှေးကွေးသွားသည်။

ဧည့်ခန်းထဲကို ဝင်လိုက်သည်နှင့် မေမေ့မျက်နှာကို ထင်းခနဲ တွေ့ရ၏။

မေမေက တစ်ချက်မော့ကြည့်ပြီး မထူးခြားသလို နေသည်။

မေမေ့ကို နှုတ်ဆက်ရန် ခက်နေ၏။

မနက်က သားသူငယ်ချင်းဆီ လိုက်သွားချင်လို့ အပြန် နောက်ကျမယ် မေမေဟု မေမေ့ကို ခပ်တည်တည်နှင့်ဖိန့်ခဲ့သည်။

'ယခုမူ...

မေမေ့မျက်နှာကိုပင် ဝံ့ဝံ့စားစားမကြည့်ရဲ။

မေမေထိုင်နေသည့် ဆက်တီ၏တစ်ခုံကျော်မှ ဘွားဘွား ကို ဘွားဘွားတို့ထမင်းစားပြီးပြီလားဟု စကားစကို ဆွဲထုတ်ရ သည်။

'ဘွားဘွားတို့ စားပြီးပြီ၊ မြေးပဲ ကျန်တော့တယ်'

ဘွားဘွားကို အသက်မဲ့သောအပြုံးကလေး ပြုံးပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။

ခုတင်ပေါ်မှာ မည်မျှကြာကြာထိ ခပ်ငူငူထိုင်နေသည် မသိ။

ဂျမ်းဝင်လာပြီး ကိုကိုလတ် ထမင်းစားမယ်ဟုဆို





ယောင်ယမ်းထလိုက်ဖြစ်သည်။

'ကိုကိုလတ် ရေချိုးဦးမယ် ဂျမ်းရ'

'ချိုးလေ၊ မေမေလတ်က ဘယ်မှမထွက်ပါနဲ့တဲ့၊ မေမေ လတ်က စကားပြောချင်လို့တဲ့'

ညစာ ထမင်းစားမဝင်တော့သည့် အဖြစ်ကို ကိုယ့်ဘာ သာ ကိုယ်သိလိုက်တော့၏။

❒ ❒ ❒

အိပ်ခန်းတံခါးကို ခပ်ဖွဖွခေါက်ကတည်းက မေမေမှန်း သိသည်။

'မေမေပါသား'

မေမေ့အသံက ညွတ်ပျောင်းနေသည်။

ရင်မှာတော့ အနည်းငယ်သက်သာသည်။ စာရေးစားပွဲ မှ ထပြီး အိပ်ခန်းတံခါးဘုကို အသာလှည့်လိုက်၏။

မေမေ အခန်းထဲဝင်လာသည်။

အိမ်ခန်းဝန်းကျင်ကို အကဲခတ်သော အကြည့်ဖြင့် မေမေ က ကြည့်သည်။

နံရံမှ ဂျပန်မလေးလှလှလေးများ၏ပုံကို မျက်လုံးရောက်သွား သောအခါ မေမေက မျက်လွှာကို အသာချသည်။

ကျော်ကိုလတ် အခန်းထဲကို မေမေဝင်ခဲ့သည်။

အကြောင်းတစ်စုံတစ်ရာ၊ စကားတစ်စုံတစ်ရာ မရှိပါဘဲ နှင့်မေမေသည် အခန်းထဲကို ဘယ်သောအခါမှ မဝင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါမေမေ'

မေမေ့ကို စာရေးစားပွဲကြီးနားမှ ကြိမ်ကုလားထိုင် ထိုးပေးသည်။

မေမေသည် ညင်ညင်သာသာ ဝင်ထိုင်ရင်း မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။

'မေမေ သားနဲ့ဆွေးနွေးမလို့ပါ'

'ဆိုပါမေမေ'

ဆိုပါ မေမေဟု ဆိုရသော်လည်း ရင်မှာမောနေသည်။

ဂျမ်းနှင့်နေရာချထားပေးမည့်အကြောင်း စကားများ ဖြစ်မည် သည်ကို စိတ်မှာ အလိုလိုနားလည်ထား၏။

'သားကျောင်းပြီးတော့မယ်နော်'

ဖိုင်နယ်ဖြေရန် အနီးကပ်ကလေးလိုသည်။

ကျောင်းစာများနှင့် နပန်းလုံးနေရသဖြင့် ကျောင်းကြီး ပေါ်မှာ စပယ်နှင့် မသွားလာဖြစ်။

ရံဖန်ရံခါ ဆုံသည်။

ဆုံဖြစ်ဖြစ်သည့် အခါများတွင်လည်း ကျောင်းဆောင် ဘုရားလောက်သာ သွားသည်။

'တက္ကသိုလ် စတက်တဲ့နှစ်ကစပြီး ကျောင်းပြီးတော့ မယ့် အချိန်ကာလထိ သားကို မေမေစောင့်ကြည့်ခဲ့ပါတယ်'

'ကျောင်းကြီးပေါ်မှာ သားမဆော့ခဲ့ပါဘူး မေမေ၊ စာပဲ ကြိုးစားခဲ့ပါတယ်'

မေမေက ပြုံးသည်။





'သိပ်မှန်တဲ့ စကားပေါ့သားရယ်၊ ဒီအတွက်လည်း မေမေနဲ့သားဘွားဘွား ဘယ်လောက် ဂုဏ်ယူခဲ့ရသလဲ'

စကားလုံးလေးများက ချိုလွန်းလှသည်။

ဘယ်ကွေ့တွင် ဆေးခါးကြီးတိုက်ဖို့အတွက် မေမေသည် 'သားရေ၊ ဒီမှာကြည့်စမ်း၊ သကြားခဲလေးတွေ'ဟု ဆိုသည်နှင့် မခြား မျက်နှာအနေအထားက ဖြစ်နေ၏။

'သား ငယ်ငယ်တုန်းက ကျောင်းမှာ ကဗျာကလေးတွေ သင်ခဲ့ဖူးမှာပါ'

'ဘာကဗျာလဲ မေမေ'

'ဆရာ့ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ် ကဗျာလေးတွေလေ'

ခေါင်းကိုခပ်လေးလေး ညိတ်မိ၏။

စကားအနက်အဓိပ္ပာယ် မရှိဘဲနှင့် မေမေသည် စကား တစ်လုံးကို ဆိုခဲ့သည်ကို နားလည်ထားသည်။

'သားသမီးကလည်း သားသမီးကျင့်ဝတ် ကဗျာကလေး ကို အလွတ်ရထားသလို၊ မိဘကလည်း မိဘကျင့်ဝတ် ကဗျာလေး ကို အလွတ်ရထားတယ် သားရဲ့၊ မေမေဆို သားကိုမွေးပြီးမှ အဲဒီကဗျာလေးကို နေ့တိုင်းရွတ်တယ်၊ ဘာတဲ့... မကောင်းမြစ် တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ... တဲ့သားရဲ့'

စကားလမ်းကြောင်းကို မေမေသည် ရှင်းရှင်းကြီး ဖွင့်လာပြီဖြစ်၏။

www.burmeseclassic.com



မေမေ့ကို စကားပြန်ဖို့ထက် မေမေ့ စကားလုံးများကို ရှောင်တိမ်းဖို့ပင် အကာအကွယ် မဲ့နေရသည်။

'သားဖေဖေ မရှိတော့တဲ့ နောက်ပိုင်း သားရဲ့တာဝန်ဟာ မေမေ့မှာ လုံးဝပုံခဲ့တယ်၊ ဘဝအကြောင်း မလှလို့ သားဖေဖေ ဘဝပြောင်းခဲ့ပေမယ့် သားအတွက်မေမေ မနွဲ့ခဲ့ပါဘူး အတာတ်သင်စေဆိုတဲ့ တာဝန်ကို မေမေကျေပွန်ခဲ့ပြီးပြီ'

မေမေက စကားစကို ခဏဖြတ်သည်။

စကားဖြတ်ပြီး ကြည့်သည့်အကြည့်တွင် ယုံကြည်မှု မျှော်လင့်မှုများ အပြည့်အဝပါနေသည်။

'မေမေဆိုလိုတဲ့အကြောင်းချက်ကို သား သိပါရဲ့ မေမေ'

'ဪ... သားရယ်၊ သိရမှာပေါ့၊ အတာတ်သင်စေဆိုတဲ့ အပိုင်းပြီးရင်တော့ ပေးဝေနီးရင်း လာရမယ်လေ၊ ဒါကလည်း မေမေတို့အတွက် ထွေထွေထူးထူး ပြဿနာမရှိဘူး၊ မေမေတို့မှာ ရှိတဲ့ စည်းစိမ်ဥစ္စာ မှန်သမျှက သားပိုင်ဆိုင်ရမှာပဲ၊ အဲ... အရေး ကြီးတဲ့အပိုင်းကတော့ ထိမ်းမြားခြင်းလျှင် ဆိုတဲ့အပိုင်းပဲ၊ သားနဲ့...'

သိလျက်သားနှင့် ရင်မှာ ထိတ်ခနဲဖြစ်သွားရသည်။

အခိုင်အမာ စကားများနှင့် မေမေသည် သူ့တာဝန်ကို ကျေပွန်အောင် လုပ်သွားလေမည်လားဆိုသည့် အတွေးက ပူပန်မှုကြီးစွာဖြင့် စိတ်ကို နှိပ်စက်လာသည်။

ခပ်တွေတွေ၊ ခပ်ဝေဝေ ဖြစ်နေသော ကျော်ကိုလတ်ကို



ကြည့်ပြီး မေမေက စကားကို တစ်လုံးချင်း ဆိုပြန်၏။

'သား မငယ်တော့ဘူးလေ၊ ကျောင်းပြီးတာနဲ့ သားကို နေရာချထားပေးဖို့ အစီအစဉ် ရှိတယ်'

'ဘယ်သူနဲ့လဲ မေမေ'

သိလျက်သားနှင့်မေးဖြစ်သည်။

'ဂျမ်းနဲ့သား'

'မေမေရယ်၊ ဂျမ်းကို သား ညီမလေးလို ချစ်တာပဲ မေမေရာ'

'ညီမလေးလိုတောင် ချစ်နိုင်သေးတာပဲ သားရယ်၊ ချစ်သူဇနီးလို ဘာလို့ မချစ်နိုင်ရမှာလဲ၊ ဂျမ်းကို ငယ်ငယ်ကတည်းက မွေးစားခဲ့ကတည်းက မေမေ့မှာ အစီအစဉ်တွေ ရှိပြီးသား၊ မေမေတို့မှာရှိတဲ့ စည်းစိမ်တွေကို တခြားမှာ အပြန့်မခံနိုင်ဘူး၊ ဂျမ်းမှာ ဆွေစာရင်း မျိုးစာရင်းရှုပ်စရာ ဘာမှမရှိဘူး၊ ဖိတ်ရင်း ဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တဲ့ဆန္ဒမေမေ့မှာ ရှိတယ်'

'ဖြစ်နိုင်မယ် မထင်ပါဘူး မေမေ'

'ဘာပြောတယ် သား'

မေမေ့အသံ အနည်းငယ် ထန်သွားသည်ကို သတိပြုမိ၏။

'သားဂျမ်းကို ညီမလေး ပုံစံတလွဲပြီး ဘယ်လိုပုံစံမျိုးနဲ့မှ မချစ်နိုင်ဘူး မေမေရယ်၊ မေမေ့စကားကို သားဆန့်ကျင်တော်လှန်တာ မဟုတ်ပါဘူး၊ ဖယ်ရှားတာလည်း မဟုတ်ပါဘူး၊ ရင်ထဲက ဆန္ဒမပါဘဲနဲ့တော့ အတင်းအကျပ် မစီစဉ်ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



မေမေရယ်'

မေမေအနည်းငယ်တော့ တွေဝေသွားသည်။

'ရင်ထဲက ဆန္ဒမပါတာ သားပဲ'

'ဂျမ်းလည်း သားလိုခံစားရမှာပါ မေမေ၊ မေမေ့ကို ကြောက်ရွံ့လို့ ငြိမ်သက်နေရပေမယ့် ဂျမ်းရဲ့ရင်ထဲမှာ အရမ်းခံစားနေရမှာပါ'

'ဂျမ်းနဲ့ပတ်သက်ပြီး သား ဘာမှတွေးမောနေစရာမလို ဘူး၊ ဂျမ်းက မေမေ့ စကားတစ်ခွန်းပဲ'

ရင်မှာ နှမ်းဖတ်နေရသည်။

အသနားခံသော မျက်လုံးများဖြင့် မေမေ့ကို ကြည့်နေ မိသည်။

မေမေ့မျက်နှာ မာနနှင့် တင်းမာသယောင်ရှိသည်။

ပိရိသေသပ်သောနှုတ်ခမ်းစုံက ပြတ်ပြတ်ပြော၍ ပြတ် ပြတ်လုပ်တတ်သည့် စိတ်ဓာတ်ကို ဖော်ပြနေ၏။

'သားကို မေမေမွေးထားတာ၊ မေမေကောင်းမယ်ထင် လို့ စီစဉ်တာကို သားဘာမှ တွေဝေနေစရာ မလိုပါဘူး၊ ဒီမယ် သား…'

'ဗျာ… မေမေ'

'ကျော်ကိုလတ်ဆိုတဲ့ ခင်မေလတ်သားကို ခင်မေလတ် ဆိုတဲ့ မေမေပဲပိုင်တယ်၊ မေမေ့ဆန္ဒ အားလုံးမှန်သမျှဟာ သား ဆန္ဒပဲဖြစ်ရမယ်'

စကားကို အနိုင်ပိုင်းဖြတ်ပြီး မေမေအိပ်ခန်းထဲမှ ထွက်





သွားသည်။

မေမေထွက်ခွာသွားပြီး စက္ကန့်တော်တော်ကြာသည်ထိ ကျော်ကိုလတ် ခုတင်ပေါ်မှာ ခပ်ငူငူထိုင်နေမိသည်။

ဪ… တစ်ဖက်သတ် မေမေရယ်။

သားအပေါ် သိပ်ချစ်တဲ့ မေမေ့အချစ်တွေက သား အတွက် အန္တရာယ် ဖြစ်နေပြီ။

❒ ❒ ❒

မေမေ အိပ်မောကျလိမ့်ဦးမည်ဟုတော့ မထင်။

ကျော်ကိုလတ်သည် မေမေ့အခန်းတံခါးကို အသာတွန်း ကြည့်သည်။

အတွင်းမှ ချက်ချထားသည်ကို သိလိုက်၏။

'မေမေ…'

အသံကို မေမေကြားသည် ထင်၏။

လှုပ်လှုပ်ရှားသံ ကြားရသည်။

ပြီး မေမေ့ အခန်းထဲမှ မီးဖွင့်ကလေး ဝင်းခနဲလက်လာ ၏။ ချက်လည်သံနှင့်အတူ တံခါး ဖွင့်ဟလာသည်။

'ဘာလဲ သား'

'သား… မေမေ့ကို စကားပြောချင်လို့ပါ'

မေမေက စူးစမ်းသော မျက်လုံးနှင့်ကြည့်သည်။

'သား… ဝင်မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခေါင်းကို ညင်သာစွာ ဆတ်သည်။

မေမေ့ အိပ်ခန်းက ကျော်ကိုလတ်တို့ ဂျမ်းတို့အိပ်ခန်း ထက် ကျယ်သည်။

ဆိုဖာနှစ်လုံးကို ခုတင်ခြေရင်းတွင် ချထားလေသည်။

ရှီးကော့စ် ဗီရိုထဲတွင်မူ ရုပ်အမျိုးအစား ကက်ဆက်တစ် လုံး ရှိသည်။

ညဘက်တွင် မေမေသည် မြန်မာရှေးသီချင်းကြီးများနှင့် အင်္ဂလိပ် ရှေးသီချင်းများကို သီးခြားနားထောင်တတ်၏။

ဧည့်ခန်းမှ နေရှင်နယ် ပင်နယ်စောနစ်ကက်ဆက်ကမူ ဂျမ်းနှင့်ကျော်ကိုလတ်အတွက် ဝယ်ပေးထားခြင်း ဖြစ်သည်။

မေမေက ခုတင်ဘက် ပြန်လျှောက်ပြီး အိပ်ရာပေါ် ပြန်လှဲသည်။

ကျော်ကိုလတ်က မေမေ့ နံဘေးတွင် ဝင်ထိုင်သည်။

'မေမေ...'

'ဘာလဲသား'

'သား... မေမေ့ကို စကားပြောချင်လို့ပါ'

'ညကြီးမင်းကြီး ဘာစကားများ ပြောစရာပေါ်လာလို့ လဲသားရဲ့'

မေမေ့ကို စူးစမ်းသလိုကြည့်သည်။

မေမေ့ခေါင်းအုံးနံဘေးတွင် နံ့သာရောင် စိပ်ပုတီးကို တွေ့ရ၏။

ရင်မှာတော့ တအားတက်ရသည်။



သို့ဆိုလျှင် မေမေသည် ဘုရားအာရုံပြုပြီး ပုတီးစိပ် သည်မှာ ဘာမျှ ကြာညောင်းဦးမည် မဟုတ်။

မေမေ စိတ်ပိုင်းဆိုင်ရာများ စိတ်ရှည်လက်ရှည်ထားပြီး တော့ နားထောင်ပါ မေမေရယ်၊ သားပြောပြီးမှ မေမေမကျေနပ် ရင် သားကို ထရိုက်ပါ'

'ဘာစကားတွေ ပြောမှာမို့ စကားကို ဒီလောက်တောင် ချီနေရတာလဲ သားရဲ့'

စကားကိုဆိုရင်း မေမေ့လက်က ပုတီးကို လှမ်းယူ သည်။

မီးပွင့်၏ အလင်းရောင်အောက်ဝယ် မေမေ့မျက်နှာသည် အေးချမ်းငြိမ်သက်လျက် ရှိ၏။

'ပြောမယ့် စကားက ဂျမ်းနဲ့ပတ်သက်တဲ့ စကားပါ မေမေ'

မေမေ့မျက်လုံး အနည်းငယ် ပြူးကျယ်သယောင် ဖြစ် သွားသည်။

တစ်ဆက်တည်းပင် စူးစူးနစ်နစ်ကြည့်သည်။

အကြည့်ကို ရင်ဆိုင်ခံစားရ၏။

'မေမေ...'

အသံဖြင့်မထူး။

ပြောမည့်စကားကို နားစွင့်နေမှန်တော့ သိသည်။

'မေမေ ဖော်ထွေးကို သိတယ်နော်'

'သိတယ်လေ... သားရဲ့သူငယ်ချင်းပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်မေမေ၊ သားရဲ့အချစ်ဆုံး သူငယ်ချင်း သားအပေါ် အနွံတာခံတဲ့ သူငယ်ချင်း ဖြစ်သလို ဂျမ်းရဲ့ချစ်သူလည်း ဖြစ်ပါတယ် မေမေ'

'ဘယ်... ဘယ်လို'

လဲလျောင်းနေရာမှ မေမေ ဆတ်ခနဲထသည်။

မျက်နှာတွင် အံ့ဩရိပ်များ ရုတ်ခြည်း ယှက်သန်းသွား၏။

'သားပြောတာကို စိတ်အေးအေး နားထောင်ပါ မေမေရယ်၊ ဂျမ်းနဲ့ ဇော်ထွေး လူငယ်ချင်းချစ်နေကြတာ ကြာပါပြီ'

'အိုး... မေမေ သဘောမတူနိုင်ပါဘူး'

ခါးသီးသော အသံကို ရင်ဆိုင်ကြုံတွေ့ရ၏။

ကျော်ကိုလတ် မေမေ့လက်မောင်းအိုးကို အသာဆုပ်ကိုင်သည်။

'မေမေရယ်... ဂျမ်းနဲ့ဇော်ထွေး ချစ်ကြတယ်ဆိုတာ သဘာဝကျတဲ့ အချစ်ပါ၊ သားနဲ့ဂျမ်းကို စီစဉ်ပေးမယ်ဆိုတာက သဘာဝမကျတဲ့အချစ်ကို ဇွတ်ဖန်တီးခိုင်းသလို ဖြစ်နေပါတယ်မေမေရယ်၊ ဂျမ်းကို ညီမလေးအရင်းလို စွဲလမ်းစိတ်တွေကြီးနေသမျှတော့ ဘဝနှစ်ခုကို မေမေက ပေါင်းစပ်လိုက်ရင် စိတ်ဆင်းရဲစရာ ဖြစ်ပေါ်သွားရမှာပါ မေမေ'

မေမေတွေသွားသည်။

မေမေ့ တွေဝေမှုကို ကြည့်ပြီး တအားတော့ တက်ရသည်။ မေမေ နားလည်တန်လိမ့်မည်ဟုလည်းတွေးမိ၏။





'သူတို့ချင်း ချစ်နေကြတယ်ဆိုတာ ဘယ်သူပြောလဲ'

'နှစ်ယောက်စလုံးက ပြောတာပါမေမေ၊ ဂျမ်းက မေမေသိမှာစိုးလွန်းလို့ပါ၊ ခုမှတော့ ဂျမ်းကို အပြစ်တင်မနေပါနဲ့ မေမေရယ်၊ သူတို့အချစ်ကိုလည်း မေမေ မခွဲပါနဲ့'

'မောင်ဇော်ထွေးတို့က သိပ်ဆင်းရဲတယ်'

မေမေ့စကားသည် အခြေမဲ့နေသည်ဟု နားလည်မိသည်။

ယင်းစကားကို မေမေပြောလိမ့်မည်ဟုလည်း စိတ်မှာ တွေးထင်ထားပြီး ဖြစ်၏။

'ဆင်းရဲပေမယ့် ဇော်ထွေးဟာ ပညာတတ်တစ်ယောက်ပါမေမေ၊ သူ့ဘဝတိုးတက်အောင် ကြံဆောင်နေတဲ့ လူစွမ်းလူစရှိတဲ့ကောင်ပါ၊ ပြီးတော့ ဇော်ထွေးက သားအမိနှစ်ယောက်တည်း မေမေ၊ မေမေ ခါးသီးတဲ့ ဆွေစာရင်း မျိုးစာရင်းရှုပ်စရာလည်း ဘာမှ မရှိဘူး'

မေမေ ငြိမ်သက်သွားသည်။

တွေဝေသွားခြင်းနှင့် ငြိမ်သက်သွားခြင်းသည် ကမ္ဘာတစ်ဝက်နင်းထားသည့်သို့လည်း ရှိသည်။

ပြောအားကို ဆက်ဖိရမည်ဟုလည်း ကျော်ကိုလတ် နားလည်လိုက်၏။

သည်အကွက်မှာ အပိုင်မထည့်နိုင်လျှင် အားလုံး ကမောက်ကမ ဖြစ်သွားရမည့်အရေးကို တွေးမိသည်။

'ဇော်ထွေးက သားနဲ့အတူ ဘွဲ့ယူမှာပါ မေမေ၊ သား သူငယ်ချင်းမို့လို့ ပြောတာ မဟုတ်ပါဘူး၊ ဂျမ်းအတွက် ဇော်ထွေး

www.burmeseclassic.com

www.burmeseclassic.com

ဟာအကောင်းဆုံး လူတစ်ယောက်ပါ မေမေ'

မေမေ ပင့်သက်ကိုချသည်။

ကျော်ကိုလတ် စိတ်ထဲကမှ ပိုင်ပြီဟု အပြတ်တွက်ချလိုက်လေသည်။

'ပန္နည်းမက်လို့များ ဂျမ်းကို ကြိုးစည်တာများလားသားရယ်'

'အာ… အဲသလို မဟုတ်ပါဘူး မေမေ၊ ခေါ်ထွေးစိတ်ဓာတ်ကို သားနားအလည်ဆုံးပါ၊ သားက ဂျမ်းကို ညီမလေးအရင်းလို သံယောဇဉ်ကြီးသူပါ မေမေ၊ ဂျမ်းဘဝ ထိခိုက်နာကျင်အောင် သားမလုပ်ပါဘူး၊ ခေါ်ထွေးမှာ စိတ်ဓာတ်သိမ်ဖျင်းမှုတွေရှိရင် ဂျမ်းနဲ့သူ့အကြောင်းကို သားလာပြီး ဆွေးနွေးမှာ မဟုတ်ပါဘူး'

'အင်း… မေမေ့ အစီအစဉ်တွေတော့ ပျက်ပြီထင်ပါရဲ့'

'မေမေရယ်… သား ဂျမ်းကို ညီမလေးလိုပဲ ချစ်ပါရစေ၊ စောင့်ရှောက်ပါရစေ မေမေရယ်'

'ကောင်းပြီလေ… သားဆန္ဒတွေကို မေမေလိုက်လျောလိုက်တယ်၊ နောက်တစ်ခါ မေမေ့ အလှည့်ကျရင်တော့ သားမငြင်းရဘူး'

'ဝမ်းသာလိုက်တာ မေမေရယ်၊ သားအရမ်းဝမ်းသာပါတယ်၊ နောက်နောင် သားနဲ့ပတ်သက်ရင် မေမေ စိတ်ချမ်းသာရပါစေ့မယ်'

မေမေ့နဖူးကို ခပ်ဖွဖွ နမ်းသည်။





မေမေက အပြုံးတစ်ဝက်နှင့် သားသွားအိပ်တော့ဟုဆိုသည်။

အပျော်များကို ရင်မှာတစ်ထွေးကြီး ပိုက်ပြီး မေမေ့အခန်းမှထွက်သည်။

ဪ… နက်ဖြန် ဂျမ်းနှင့်ခေါ်ထွေးသာသိလျှင် ဘယ်လောက် ဝမ်းသာကြလေမည်လဲ…။

□ □ □

www.burmeseclassic.com



# (၂၂)

မိုးပြာရောင် ဒတ်ဆန်းကားအသစ်တစ်စီး ခြံသို့ရောက်လာသည်။

ကားတွင် အန်တီခိုင်သဇင် ပါလာသည်။

'မေမေလတ်… ခိုင့်တာဝန် ကျေပြီနော်၊ ကားကို အိမ်တိုင်ရာရောက်ယူလာတာ'

မေမေက ပြုံးပြီး ခေါင်းညိတ်ပြသည်။

ကားမောင်းသူက မေမေ့လက်သို့ ကားသော့ကို အပ်သည်။ ပြန်ပါဦးမည်ဟု နှုတ်ဆက်သောအခါ အန်တီခိုင်သဇင်က…

'ကော်ဖီလေး ဘာလေး သုံးဆောင်သွားပါဦးလား၊ ဦးငွေအောင် အလောသုံးဆယ်ပါပဲလား'





'ခွင့်ပြုပါဦး ဒေါ်ခိုင်သဇင်၊ ဆရာ့ကို ပဲခူးလိုက်ပို့ရဦးမှာ၊ ဒါကြောင့်ပါ'

ဦးငွေအောင်ဆိုသူ ထွက်ခွာသွားသည်။

မေမေက ကားကို ရှေ့နောက် လှည့်ပတ်ကြည့်သည်။

ကားက အသစ်ကျပ်ချွတ်။

ကားနံပါတ်ပင် မပြောင်းလဲရသေး။ ယာယီနံပါတ်ကိုသာ တပ်ဆင်ထား၏။

'မေလတ်… ခိုင့်ကိုပွဲခပေးဦးမှာလား'

'လိုချင်သေးလို့လား ခိုင်၊ လိုချင်ရင် ရပါတယ်'

အန်တီခိုင်သဇင်က အားရပါးရ ပြုံးသည်။

ပြီးတော့ ရှေ့နောက်ဝဲယာကို ကြည့်ပြီး မေမေ့နားသို့ တိုးကပ်ပြီး တိုးတိုးစကားပြောသည်။

မေမေကပါ အသံကလေးထွက်အောင် ရယ်၏။

ကျော်ကိုလတ် မေမေ့အနားသို့ မယောင်မလည်နှင့် တိုးကပ်လာသည်။

'ငွေက အပြီးချေပြီးပြီလား မေမေ'

မေမေ့ကို မေးကြည့်သည်။

'မေမေ အလုပ်လုပ်တဲ့ နေရာမှာ အထောက်အထားတို့ ရှိလို့လား သားရဲ့၊ ကဲ… ကားကို သားကိုယ်တိုင်မောင်းကြည့်ပါဦး'

ကားသော့ကို လှမ်းပေးသည်။

တစ်ဆက်တည်းပင် မေမေက ဂျမ်းကိုပါ ခေါ်သွားဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောသည်။

ဂျမ်းကို လှမ်းခေါ်လိုက်၏။

'ဂျမ်းရေ… ဂျမ်း'

'လာပြီ ကိုကိုလတ်'

အသံနှင့်အတူ ဂျမ်း အပြေးကလေးရောက်လာသည်။

ကားပေါ်တက်ဟုဆိုပြီး ကားတံခါးကို ဖွင့်ပေးသည်။

ဂျမ်းက ရှေ့ခန်းမှာဝင်ထိုင်ရင်း ကိုကိုလတ် ဖြည်းဖြည်း မောင်းနော်ဟုဆိုသည်။

အသစ်ကျပ်ချွတ်ကားလေးကို ခြံထဲမှ လိမ့်ထွက်ခဲ့သည်။

ကားမောင်းရင်း ဂျမ်းကို ဆတ်ခနဲ လှည့်ကြည့်ဖြစ်၏။

'မျက်နှာမှာလည်း အိုးမဲတွေနဲ့ပါလား ဂျမ်းရဲ့'

'မီးဖိုဝင်နေတာ ကိုကိုလတ်ရဲ့၊ အော်ခေါ်လို့ပြေးလာ ရတာ၊ ဒီလို အပြင်ထွက်မယ်မှန်းသိရင် အဝတ်အစားလဲခဲ့ပါ တယ်၊ ဒါနဲ့ ခု ကိုကိုလတ် ဘယ်သွားမှာလဲ'

'ဓော်ထွေးဆီ'

'အမ်…'

ဂျမ်းမျက်လုံးကလေး ပြူးသွား၏။

'ကိုကိုလတ်ရာ ဒီပုံကြီးနဲ့ ရည်းစားဆီ သွားရမှာလား'

'အောင်မာ… အချစ်မှာ ရုပ်ဆိုးတာ အကျည်းတန်တာ မရှိပါဘူး ဂျမ်းရာ၊ ဓော်ထွေးဆိုတဲ့အကောင်က နင်အိုးမဲတွေ လူးလာလည်း ချစ်မှာပါ'

ဂျမ်းက ရှက်ရယ်ကလေး ရယ်၏။





လီဗာကို ခပ်ဖိဖိကလေး ဖိနင်းသည်။

ကားကအသစ်ဖြစ်သည့်အလျောက် လီဗာထိရုံနှင့် ကား ပြေးနှုန်းက မြန်သည်။

'ကားဝယ်တာ မေမေက ငါ့ကို အသံတောင် မပေးဘူး ဂျမ်းရ'

'ဂျမ်း သိသားပဲ၊ အန်တီခိုင်သဇင် ပွဲစားလုပ်မှန်းလည်း သိတယ်'

'နှစ်စီးရှိတော့ ပိုကောင်းတာပေါ့ ဂျမ်းရာ၊ နို့မို့ဆိုရင် မေမေကလည်း အပြင်ထွက်၊ ငါကလည်း အပြင်ထွက်နဲ့ ကား တစ်စီးတည်းနဲ့ အလုပ်မဖြစ်ဘူး'

'ဒီကားဝယ်ပေးတာ သိလား ကိုကိုလတ်'

'ဟေအေး…'

'ကိုကိုလတ်အတွက် မင်္ဂလာလက်ဖွဲ့လို့ ရည်ရွယ်ပြီး ဝယ်ပေးတာ'

'ငါက ဘယ်သူနဲ့ယူရမှာလဲ'

'မေမေလတ် အစီအစဉ်ကိုတော့ ဂျမ်းလည်းမသိဘူး၊ မနေ့ကလည်း ဂျမ်းကို စိန်လည်ဆွဲတန်လေး ထုတ်ပြပြီး သမီးဝတ် ကြည့်စမ်းတဲ့၊ ဂျမ်းဝတ်ကြည့်တော့ သမီးမင်္ဂလာပြုရင် မေမေ လတ်က ဆင်မှာလို့ပြောတယ်'

'ပိုင်တာပေါ့'

'ပြီးတော့ မေမေလတ်က ပြောတယ်'

'ဘာပြောသေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခြံရဲ့ တောင်ဘက်ထောင့်မှာ မြေကွက်လပ်ရှိတယ် မဟုတ်လား၊ အဲဒီမှာ ဂျမ်းတို့အတွက် အိမ်တစ်လုံးဆောက်ပေးမယ်တဲ့၊ ဂျမ်းဖြင့် ရှက်လွန်းလို့ မေမေလက်ကိုတောင် မော့မကြည့်ရဲဘူး'

'နှင့်ရင်ထဲမှာတော့ ကုလားဘုရားလှည့်နေတယ် မဟုတ်လား၊ မေမေ ဒီလို စိတ်ညွှတ်အောင် ငါဘယ်လောက် စည်းရုံးရတယ်ဆိုတာ နင်မသိဘူး'

'ကိုကိုလတ်ရယ် ဂျမ်းအိပ်ရာဝင်ရင် ညတိုင်း ကိုကိုလတ်ကို ကန်တော့တာပါ'

'ပြောကောင်း'

ဂျမ်းက ပခုံးစွန်းလေးနှင့် ပိတ်တိုက်သည်။

ဂျမ်းကိုယ်မှ ဟင်းနံ့က သင်းခနဲထွက်လာ၏။ ကျော်ကိုလတ် နှာခေါင်းကို ရှုံ့လိုက်သည်။

'နံလိုက်တာ'

'အိုး… ရေမချိုးဘဲ ထွက်လာတာပဲဟာ'

ရယ်နေမိသည်။

ကားစက်ရှိန်ကို ပြန်လျှော့ပြီး စောစောက ဂျမ်းပြောခဲ့သောအတွေးတစ်စကို ပြန်စဉ်းစားရသည်။

'ဂျမ်း…'

'ဘာလဲ ကိုကိုလတ်'

'မေမေ ဘာတွေလုပ်နေပြန်ပြီလဲ'

ဂျမ်းက ပင့်သက်ကို အသာချသည်။





'မေမေလက် ကိုကိုလတ်နဲ့ပတ်သက်ပြီးအစီအစဉ်တစ်ခုလုပ်နေတာတော့ အမှန်ပဲ ကိုကိုလတ်ရယ်၊ ဂျမ်းမေမေလက်ကိုလည်းမမေးရဲဘူး'

ရှင်မှာ မောနေသည်။

ဆက်မတွေးချင်သော အတွေးများက တန်းစီဝင်လာ၏။ အန်တီခိုင်သဇင်၏မျက်နှာ၊ မေမေ၏ရုပ်ပုံကားချပ်။ ပင့်သက်ရှည်ကြီးကို ချပစ်လိုက်ရသည်။

ဇော်ထွေးတို့အိမ်ရှေ့ ရောက်သောအခါ ဇော်ထွေး အိမ်ပေါ်မှ အပြေးကလေး ဆင်းလာသည်။

'အာ… ဂျမ်းလည်း ပါလာတယ်လား၊ ဟာ… မျက်နှာမှာလည်း အိုးမဲတွေ'

ဇော်ထွေး၏ အူကြောင်ကြောင် မျက်နှာလေးကို ကြည့်ပြီး ဂျမ်းက ရယ်သည်။

'ယောကောင် အူတူတူ လုပ်မနေနဲ့၊ ဂျမ်းကို မင်းဆီလာပို့တာ'

'ဟင်…'

ဇော်ထွေး မျက်လုံးပြူးပြူးကလေး ဖြစ်သွား၏။

'ဘာလဲ၊ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေတာလား၊ အေပေး… မိန်းမတော့ လိုချင်တယ်၊ ကိုယ့် အရည်အချင်းနဲ့တော့ ဆန်တစ်စေ့ကို ရအောင်မရှာနိုင်ဘူး'

'ဟာ… ကိုလတ်ကလည်း ဂျမ်းနဲ့ကိုယ်ဟာ စီးပိန်းအချစ်နဲ့ ချစ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'မလိုချင်ဘူး၊ ဂျမ်းကို ငါ ခုထားခဲ့မှာ'

'အာ... ယောက်ဖရယ်၊ မဟားတရားကြီးကို သဘောကောင်းနေပါလား'

'အို... ကိုကိုလတ်တို့ကလည်း'

ဂျမ်းမျက်နှာတွင် အရှက်ကလေးများ ဝေစည်နေ၏။ ဂျမ်းကိုကြည့်ပြီး ရယ်ဖြစ်ကြသည်။

လမ်းကြုံလို့လား ကိုလတ်ဟု ဖော်ထွေးက မေးသောအခါ-

'ဒီနေ့ မေမေက ငါ့အတွက် မင်္ဂလာလက်ဖွဲ့ဆိုပြီး ကားအသစ်ဝယ်ပေးတာလေ၊ အဲဒါ လျှောက်မောင်းနေတာ'

'ကိုလတ်နဲ့ ဘယ်သူနဲ့လဲ'

'စပယ်နဲ့ပေါ့ကွ၊ တစ်ရက်နှစ်ရက်အတွင်းမှာ စပယ်နဲ့ငါ ချစ်နေကြတဲ့အကြောင်းတွေ မေမေ့ကို ပြောမယ်၊ စပယ့်ကိုခေါ်လာပြီး မေမေ့ကို တွေ့တွေ့ဆိုင်ဆိုင် ပြမယ်၊ ချွေးမချောလေးကို မေမေ တစ်ခါတည်း ညွှတ်သွားမှာတော့ မြင်ယောင်သေးတယ်'

ဖော်ထွေးက ဂျမ်းမျက်နှာကို လှမ်းကြည့်သည်။ ဂျမ်း၏အပြုံးက လျှော့ရဲနေသည့်အဖြစ်။

ရင်မှာ တစ်မျိုးကြီး ခံစားလိုက်ရသည့် အဖြစ်ကိုတော့ ကိုယ့်ဘာသာကိုယ် သိသည်။

ဖော်ထွေးကို နှုတ်ဆက်ပြီး ပြန်လာသောအခါ ဂျမ်း နှုတ်ဆိတ်နေလွန်းသည်။





အကြောင်းတစ်စုံတစ်ရာကို တွေးတောနေသည့် အသွင်သဏ္ဌာန်များ ဂျမ်း၏မျက်နှာရိပ်တွင် ထင်လျက်နေသည်။

'ကိုကိုလတ်'

ဂျမ်းက တီးတိုးခေါ်သည်။

'ဘာလဲ ဂျမ်း'

'ကိုကိုလတ် မမစပယ်ကို အရမ်းချစ်တာပဲနော်'

'ဟာ... သိပ်ချစ်ပေါ့ ဂျမ်းရာ၊ ဂျမ်းကို စပယ်နဲ့ ကိုကိုလတ် တစ်ခါလောက် မိတ်ဆက်ပေးဦးမှာပါ။ ဂျမ်း စပယ့်ကို အရမ်းခင်သွားမှာ'

'ဩော်... ကိုကိုလတ်ရယ်၊ မဆုံဖြစ်ပေမယ့် ဂျမ်း မမစပယ်ကို ခင်ပါတယ်'

ဂျမ်းစကား မဆုံးသည်ကို သတိပြုမိ၏။

ဂျမ်း၏ ခပ်လေးလေးချလိုက်သော ပင့်သက်ဝယ် မေမေနှင့်ပတ်သက်သော အဖြေတစ်စုံတစ်ရာ ပါနေပြီလားဟု တွေးမိ၏။

ခြံပြန်ရောက်သည်ထိ ဂျမ်း စကားကို မဆိုတော့၊ ကားကိုဒေါင်ထဲ သွင်းမည်ပြုသောအခါ မေမေက တိုက်ထဲမှနေ၍ လှမ်းအော်သည်။

'သား ကားမသွင်းနဲ့ဦး၊ မင်းအန်တီကို ပြန်လိုက်ပို့လိုက်ဦး'

အန်တီခိုင်သဇင် မပြန်သေးသည်ကို သိလိုက်သည်။

ဟုတ်ကဲ့ မေမေဟု အသံပြုပြီး ကားပေါ်မှပင် ခပ်ငူငူ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေဖြစ်၏။

တိုက်ထဲမှထွက်လာသည့် ခြေသံ နှတ်ဆက်သံများကို တစ်ဆက်တည်း ကြားရသည်။

အန်တီခိုင်သဇင် ကားပေါ်ရောက်ပြီး ဘီးစလိမ့်သော အခါ အန်တီခိုင်သဇင်က မေမေ့ကို လှမ်းအော်ပြောသည်။

'မေလတ်… သားတော်မောင်ကို ပြန်မပို့တော့ဘူးနော်'

မေမေကလည်း အသံပြန်ပေးသည်။

'ခေါ်ထားလိုက်လေ၊ နောက်မှ နှစ်ယောက်စလုံး ပြန်မပို့နဲ့'

ရင်ထဲတွင် ကမ္ဘာကြီး ပေါက်ကွဲသွားသည်သို့ ခံစားလိုက်ရသည်။

□ □ □



# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

စကားကိုပြောပြီး ဒေါ်ခင်မေလတ်သည် မေမေ့မျက်နှာကို လှမ်းကြည့်သည်။

မေမေ့မျက်နှာတွင် ကြည်လင်မှုအရောင်သွေးများ မမြင်ရ။

ပြောဖြစ်သည့် စကားကြောင့် စိတ်မှာ ညစ်ညူးသွားမိရသည်။

'ညည်းကလည်း အမျိုးမျိုးပဲအေ၊ ငါ့မြေးလေး ကျောင်းပြီးလို့ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် နေပါစေဦး၊ မိန်းမပေးစားဖို့က ညည်းမှာ အရမ်း အရေးကြီးနေတယ်'

'ကြီးရတာပေါ့ မေမေ၊ ကျွန်မမှာ ဒီသားလေး တစ်ယောက်တည်းရှိတာ၊ မဟုတ်တရုတ်က မိန်းမတွေနဲ့ တွေ့သွားရင် မေမေကော ကျွန်မပါ ရင်ကျိုးရမှာ'



'ငါ့မြေးက အဲဒီလောက်မဆိုက်ပါဘူး မေလတ်ရယ်၊ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း နေခဲ့တာပဲဟာ'

မေမေ့စကားကြောင့် ဒေါ်ခင်မေလတ်က ရယ်သည်။ မေမေကမူ ပုတီးကိုသာ ဖိစိပ်နေ၏။

'မေမေက စိပ်ပုတီးနဲ့ ဘုရားခန်းထဲမှာသာနေတာ၊ မေမေ့မြေး ခြေ ဘယ်လောက်သွက်နေတယ်ဆိုတာကို မေမေ မသိဘူး၊ ကျွန်မက အားလုံး လေ့လာပြီးသား'

မေမေက ဒေါ်ခင်မေလတ်ကို မျက်လုံးပြူးကြည့်သည်။

'ငါ့မြေးက ဘာတွေလုပ်နေလို့လဲ မေလတ်ရယ်၊ ညည်း လုပ်ချင်တာတွေ ဖြစ်စေချင်တာနဲ့ ငါ့မြေးကိုတော့ ပေါက်ပေါက်ရှာရှာ မပြောပါနဲ့'

'ကျွန်မ အတိအကျသိထားပြီးလို့ ပြောတာ မေမေ၊ အုတ်လမ်းက ကောင်မလေးနဲ့ မေမေ့မြေး ဖြစ်နေတာ၊ ကျွန်မ စုံစမ်းကြည့်တော့ ကောင်မလေးမှာ ပညာပဲရှိတယ်၊ ညီအစ်မတွေကလည်း တစ်သိုက်ကြီး၊ ဆွေတွေမျိုးတွေ အစုတ်ပလုတ်တွေက ဘယ်လောက်ရှုပ်မယ်မှန်းလည်း မသိဘူး၊ မေမေ့မြေး အဲဒီကလေး မလေးသာ ယူ၊ ခေါင်းမွေးတောင် တစ်ပင်ကျန်မှာ မဟုတ်ဘူး'

'ဟုတ်ရဲ့လားအေ'

'ဩော်… မေမေရယ် ခက်လိုက်တာ၊ ဟိုက သူ့ကို သူဌေးသားဆိုပြီး အပိုင်တွယ်နေတာ၊ ကျွန်မကတော့ ဘယ်လိုမှ သဘောမတူနိုင်ဘူး၊ ဒင်း ကလန်ကဆန် လုပ်ရင်လည်း ဒင်းကို သတ်ပြီး ကျွန်မ စက်တိုင်တက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'အိုအေ… ကျက်သရေ ကျက်သရာမရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့၊ ငါ့မြေးကို မေးကြည့်ပါရစေဦး'

'အမလေး… မေမေ့ဆိုရင် မေမေ့မြေးက အမျိုးမျိုး လှည့်ပတ်ပြောနေမှာ၊ ခိုင်သဇင်သမီးနဲ့ဆို သား ဘာမှငြင်းစရာ မရှိပါဘူး၊ သဲမာကလည်း တစ်ဦးတည်းသမီး၊ ဆွေစာရင်းမျိုး စာရင်းလည်း မရှုပ်ဘူး၊ သူ့ဘက်ကိုယ့်ဘက် အတောင့်တင်းကြီး ပဲ'

'ဟင်း… မေလတ်ရယ်၊ ညည်းကတော့ ငယ်ငယ်ကလို တစ်ယူသန်ပဲ၊ ငါ့မြေးလေးစိတ်ကို တီးခေါက်မေးကြည့်ပါဦး သူ မနှစ်သက်ဘဲနဲ့တော့ ဘာမှမလုပ်ပါနဲ့အေ'

'ကျွန်မသားကို ငယ်စဉ်ကတည်းက ပုံသွန်းလောင်းခဲ့ တာ မေမေ၊ ခု စီစဉ်ထားတယ်ဆိုတာကို မေမေ့ကို အသိပေး တာ၊ ကျွန်မနဲ့ခိုင်သဇင် အားလုံး စီစဉ်ပြီးပြီ၊ ရှေ့အပတ် သတင်း စာထဲမှာ စေ့စပ်ကြောင်းလမ်းခြင်းသတင်း ထည့်မယ်'

ဒေါ်ခင်မေလတ် ထိုင်ရာမှထသည်။

တစ်ဆက်တည်းပင် ဂျမ်းကို လှမ်းအော်ခေါ်သည်။

ဂျမ်း အပြေးကလေး ထွက်လာ၏။

'သမီးကိုကိုလတ် ဘယ်သွားလဲ'

'ကားနဲ့ထွက်သွားတာပဲ မေမေလတ်၊ ဘယ်သွားမယ် ဆိုတာကိုတော့ ဂျမ်းကို ပြောမသွားဘူး'

'ဦးသော် ပါသွားလား'

'ပါမသွားဘူး'





'ဟင်း… ကျောင်းပြီးမှ ဒီကောင် ခြေ တော်တော်ရှုပ် နေတယ်၊ မနေ့ကလည်း မေမေလတ်အိတ်ထဲက ငွေတစ်ရာနှိုက် သွားတယ်လေ၊ ရုပ်ရှင်ကြည့်ဖို့တဲ့၊ ရုပ်ရှင်ကြည့်တာ ဒီငွေတစ်ရာ လုံး ကုန်မလား'

'ကိုကိုလတ်က အပေါင်းအသင်းများတယ် မေမေလတ် ရဲ့'

'အောင်မာ ညည်းက ငါ ဘာပြောပြော၊ ညည်းကိုကို လတ်ရှေ့က ကာဘာလုပ်လိုက်တာပဲ၊ ခြေမငြိမ်ချင်တဲ့ကောင် တော့လား၊ ခြေငြိမ်အောင် လုပ်လိုက်ဦးမယ်'

ပြောပြီး ဒေါ်ခင်မေလတ် အိပ်ခန်းထဲဝင်သွားသည်။

ဂျမ်းကို မေမေကြီးက လှမ်းခေါ်သည်။

'အင်း… ညည်းမေမေလတ်တော့ ဒုက္ခပဲ'

'ဘာဖြစ်လို့လဲ မေမေကြီး'

'တစ်မျိုးပြီးတစ်မျိုးလေ၊ ခုလည်း သမီးအစ်ကိုကို မိန်းမ ပေးစားမလို့တဲ့'

'ဘယ်သူနဲ့လဲ မေမေကြီး'

'ခိုင်သဇင်သမီးနဲ့လေ၊ ရှေ့အပတ်ထဲ သတင်းစာထဲ ထည့်တော့မှာ'

'ဟင်'

ဂျမ်းပါးစပ်ကလေး အဟောင်းသား ဖြစ်သွားသည်။

ဂျမ်းမျက်စိထဲတွင် ကိုကိုလတ်၏ချစ်သူ စံပယ်၏ မျက်နှာကို ကွက်ခနဲ ပြေးမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေလတ်သည် သည်တစ်ခါချမှတ်သည့် ဆုံးဖြတ်ချက်ကို လုံးဝပြင်ဆင်လိမ့်မည်မဟုတ်ဟု ဂျမ်း ပြည့်ပြည့်ဝဝ ယုံကြည်ထားမိ၏။

❒ ❒ ❒

မေမေ့မျက်နှာကို အထိတ်တလန့်ကြည့်သည်။

မေမေ့လက်ထဲတွင် သတင်းစာတိုက်မှ ငွေရှင်းပြီး ဘောက်ချာကလေးက ပန်ကာလေမှာ တဖျတ်ဖျတ်လွင့်နေ၏။

'မေမေရယ်… ကျွန်တော့်ကို တိုင်ပင်ပါဦးတော့လား၊ ဆွေးနွေးပါဦးတော့လား'

အသံတွင် မချိတင်ကဲမှုများ ပါနေသည်ကို ကိုယ့်ကိုကိုယ် သိ၏။

ကိုကိုလတ်ရင်မှာ လှုပ်ခတ်နေရသလောက် မေမေ့မျက်နှာက အေးငြိမ်နေသည်။

'သား မေမေ့ကို ပေးခဲ့တဲ့ကတိ မေ့သွားပြီ ထင်တယ်'

တွေဝေသွားရသည်။

မေမေ့ကို ဘာကတိပေးခဲ့ပါလိမ့်ဆိုသည့် အတွေးကို ပြန်ဆန့်ရသည်။

သည်တွင် ဂျမ်းနှင့် ပတ်သက်ခဲ့သည့်အတွေးကို ရုတ်ခြည်း ပြန်စဉ်းစားမိ၏။

နောက်နောင် သားနဲ့ပတ်သက်ရင် မေမေ စိတ်ချမ်းသာရ





ပါစေမယ်ဆိုသည့် နှုတ်ထွက်စကားအတွက် မေမေသည် ချောင်ပိတ်ပြီး အသည်းနှလုံးကို အလဲထိုးချေပြီ။

ပင့်သက်ကို လေးလေးကြီး ချပစ်သည်။

သဲမာကို စိတ်ကူးရုပ်ပုံကားချပ်တွင် အထင်းသား ပြန်မြင်လာသည်။

စိတ်ခတ်ချင်း မတူ၊ စရိုက်ချင်းမတူသည့် သဲမာနှင့် အချစ်မဲ့ခရီးကို လျှောက်လှမ်းရမည့်အရေးသည် ပူလောင်သော ခရီးကန္တာရသို့ သွားရသည်နှင့် ဘာများခြားနားပါမည်နည်း။

'ဂျမ်းနဲ့တုန်းက မေမေ သားဆန္ဒကို လိုက်လျှောခဲ့တယ်၊ အဲဒီတုန်းကလည်း သား မေမေ့ကို ကတိပေးခဲ့ပါတယ်၊ ခုကိစ္စက သားဘဝ ပိုမိုတင့်တယ်အောင် မေမေ စီစဉ်ရတာပါ'

'သား သဲမာကို မချစ်ဘူး မေမေ'

အရဲစွန့်ပြီးတော့ ပြောဖြစ်သည်။

မေမေက မျက်မှောင်ကို တအားကြုတ်လိုက်၏။

'သဲမာမှာ ဘာအပြစ်ပြောစရာရှိလဲ၊ သားလိုပဲ တစ်ဦးတည်း သမီး၊ ဆွေဂုဏ်မျိုးဂုဏ် သန့်တယ်၊ ချမ်းသာတယ်၊ ကြွယ်ဝတယ်၊ သား ဘာမှ ငြင်းစရာအကြောင်း မရှိဘူးလို့ မေမေ ထင်တယ်'

'သားမှမချစ်ဘဲ မေမေ'

မချစ်သည်ကို ပိုမိုသိသာစေရန် ထပ်ပြောဖြစ်သည်။

သည်တစ်ခါမှ မေမေ ပြုံးသည်။

သိမ်မွေ့သည် ထင်ရသော်လည်း မေမေ့အပြုံးတွင် စည်း

www.burmeseclassic.com



ရုံးသိမ်းသွင်းမှုများ ပါနေသည်ကို နားလည်ထား၏။

'သားဖေဖေကို မေမေ ယူခဲ့တုန်းကလည်း ချစ်လို့ယူခဲ့တာမှ မဟုတ်ဘဲသားရယ်၊ မိဘစကား နားထောင်တဲ့ သားသမီးပီပီ မိဘ သဘောတူတာကို ခေါင်းညိတ်လိုက်တာပဲ၊ ဟော… အိမ်ထောင်လည်းကျရော သူ့ဘာသာ ချစ်လာတာပဲ'

သည်တုန်းက မေမေ့တွင် ရည်းစားဦး အချစ်ဦး မရှိ၍ ဖြစ်လိမ့်မည်။

သည်ကကောင်၏ အသည်းနှလုံးသားမှာ အချစ်တံဆိပ် ခပ်နှိပ်ထားပြီးသည်ကို မေမေ မစဉ်းစားတန်ရှော့လား။

ရင်မှာ မောသည်ထက် ပိုမိုမောလာသည်။

သားမှာ ချစ်သူရှိတယ်မေမေဟု ပြောလိုက်လျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။

မေမေ့ကို သည်လို ပေါ်တင်ကြီးမပြောရဲသေး။

မေမေ့စိတ်ဓာတ်ကို သိသည်။

'တစ်ခါ လျှော့ပေးခဲ့ဖူးသော မေမေသည် နောက်တစ်ခါ အလျှော့ပေးဖို့ လုံးဝ စဉ်းစားလိမ့်မည် မဟုတ်ချေ။

'တနင်္ဂနွေမှာ သတင်းစာမှာပါမယ်၊ စနေနေ့မှာ စေ့စပ်မယ် သား၊ သား မေမေ့ကို ဘာမှ စောဒကမတက်နဲ့၊ မေမေ့ဆုံးဖြတ်ချက်ဟာ အတ်မြစ်ပဲ'

အခိုင်အမာ စကားဆိုသည်။

ရင်မှာ ကျဉ်ခနဲ ခံစားမှုနှင့်အတူ မေမေ့မျက်ဝန်းကို ရင်ဆိုင်လိုက်၏။





'မေမေ'

အသံတွင် ကြေကွဲဆို့နင့်မှုများ ပါဝင်နေသည်။

'ဘာလဲ သား'

'သား သဲမာကို လက်မထပ်နိုင်ဘူး မေမေ'

'ဘယ်လို သားရဲ့'

'သဲမာကို သားလက်မထပ်နိုင်ဘူး၊ ချစ်လည်းမချစ်နိုင်ဘူး၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို သားမထူထောင်ပါရစေနဲ့ မေမေ၊ အချစ်မပါဘဲနဲ့ ကာလရှည်ကြာကြီး တစ်အိမ်ထဲမှာ တစ်ယောက်မျက်နှာတစ်ယောက်ကို မကြည့်ပါရစေနဲ့၊ သားခံစားရသလို သဲမာလည်း ခံစားရမှာပါ မေမေ၊ သူ့မှာလည်း ချစ်သူ ရည်းစားရှိမှာပါ'

'သဲမာမှာ ချစ်သူရည်းစား မရှိဘူးသား၊ မေမေကိုယ်တိုင်သဲမာကို စကားပြောပြီးသား၊ သဲမာက သားကိုအရမ်းမြတ်နိုးတာပါ'

'သားကို မြတ်နိုးတာလား၊ သားတို့ရဲ့တစ်သက်တာစားမကုန်တဲ့ ရတနာတွေကို မက်မောနေတာလားဆိုတာကို မေမေ ဆန်းစစ်စမ်းပါဦး'

'တိတ်စမ်း ကျော်ကိုလတ်၊ ငါလက်နဲ့ရေးတာကို မင်းခြေနဲ့မဖျက်နဲ့၊ မင်းကို ငါမွေးထုတ်ထားတာ၊ ငါ့စကားကို မင်းနာခံရမယ်'

မေမေ့အသံ ဟိန်းတက်သွား၏။

ဘဝတွင် မေမေ၏ အမောက်အမာကို သည်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ပထမဦးစွာ ခံရခြင်းလည်းဖြစ်သည်။

မေမေ၏ သည်တစ်ချက်လွှတ် အမိန့်အောက်ဝယ် အချစ်နဲ့ပတ်သက်သော မာနက လွန့်ကြွလာ၏။

မေမေ့ကိုတစ်ခါမျှ ကလန်ကဆန် မလုပ်ခဲ့ဘူးသော်လည်း…

'သဲမာကို သားလက်မထပ်ဘူး၊ မေမေ့အစီအစဉ်ကို သားဖျက်တယ်'

အသံကျယ်သွားသည်။

ဆက်ရန်စကားကို ဆိုအံ့ဆဲတွင် မေမေ့လက်ဝါးထမါးပြင်ပေါ်သို့ ဖြန်းခနဲရောက်လာသည်။

'ခွေး… ခွေး… မင်း ငါ့ကို ပြန်ပြောတာလား တော်ကိုလတ်၊ မွေးတဲ့အမေကို မင်း ဒီလိုပဲ အော်သလား'

'ရိုက်ပါ မေမေ၊ သတ်ချင်လှည်း သတ်ပါ၊ ဘဝမှာလူသေရတာက တစ်ခါပါမေမေ၊ သေပြီးတဲ့ နောက်ပိုင်းလည်း ဘာမှသိမှာ မဟုတ်ပါဘူး၊ နှလုံးသားသေရတာ တမြည့်မြည့်ခံရတဲ့ နာတာရှည်ရောဂါကြီးပါ မေမေ'

'ဒါတွေ လာမပြောနဲ့၊ မင်း သဲမာကိုယူရမယ်'

'မယူဘူး… မယူဘူး… သားမှာချစ်သူရှိတယ်၊ သားချစ်သူကိုပဲ သားယူမယ်'

တအားကုန်အော်ပစ်သည်။

မေမေ၏လက်ဝါးရိုက်ချက်များက ကိုယ်ပေါ်သို့အန်ကျရောက်လာသည်။





ဘွားဘွားနှင့် ဂျမ်းရောက်လာချိန်တွင် ရိုက်ရလွန်း၍ မေမေ့လက်ဖဝါးနီနီပင် သွေးခြည်ဥနေပြီ။

ဩော်… မေမေရယ် သားအသည်းမှာ သွေးခြည်တွေ ဥနေတာ ကြာပါပြီ။

□ □ □

www.burmeseclassic.com



(၂၄)

ကားရပ်သံကို အိမ်ရှေ့မှာ ကြားရသည်။

ကိုကိုလတ်လားဟု လှုပ်ခတ်သွားသော စိတ်နှင့်အတူ စပယ် အိမ်ရှေ့သို့ အပြေးကလေး ထွက်ခဲ့သည်။

သည်နေ့အိမ်မှာ ဘယ်သူမှမရှိ။

လှည်းကူးရှိဖေဖေ့ အမျိုးများဆီသို့ အားလုံးသွားကြသည်။

အိမ်စောင့်အဖြစ် စပယ်သာ ကျန်ရှိခဲ့၏။

စောစောက ကိုလတ်လာလျှင် ကောင်းမည်ဟု အတွေးကလေး ရှိနေခဲ့သည်။

ယခု ကားရပ်သံကြားသည်။

သည်ကား၏ စက်သံကို စပယ်ကောင်းကောင်း နားယဉ်





နေပြီဖြစ်၏။

ကိုလတ်မောင်းနေကျ ဖြစ်သည်။ မိုးပြာရောင် ဒတ်ဆန်းကားကလေး ဖြစ်လိမ့်မည်။

အိမ်ရှေ့ရောက်ရောက်ချင်း စပယ်သည် ကားထဲသို့ လှမ်းကြည့်သည်။

ရပ်ထားသည့်ကားသည် ကိုလတ်ကားဖြစ်သော်လည်း ဆင်းလာသည်မှာ ကိုလတ်မဟုတ်ချေ။

စပယ့်ရင်ထဲ လှုပ်ခနဲ ဖြစ်သွားသည်။

အိမ်ပေါ်သို့တစ်လှမ်းချင်း လှမ်းတက်လာသည့် အမျိုးသမီးကြီး၏ မျက်နှာသို့ ခပ်စူးစူးကြည့်လိုက်သည်။

ဟုတ်ပါသည်။

ကိုလတ် မေမေပါ။

သည်မျက်နှာရုပ်၊ မျက်နှာကျ၊ မျက်ခုံး၊ မျက်လုံးပုံသဏ္ဌာန်အားလုံးသည် ကိုလတ်နှင့်ဆင်တူသည်။

ပိုမိုတိကျနိုင်သော တူညီမှုမှာ ကြည့်သည့်မျက်ဝန်းကြီးများပင် ဖြစ်သည်။

တစ်ဖက်လူရင်သို့ ထိုးဖောက်သွားမတတ် ကြည့်တတ်သော မျက်ဝန်းမျိုးကို ကိုလတ်သည်လည်း ပိုင်ဆိုင်ထားသူဖြစ်၏။

'စပယ်ဆိုတာလားကွယ့်'

'ဟုတ်ပါတယ် အန်တီ၊ စပယ်ဆိုတာ ကျွန်မပါ'

ဒေါ်ခင်မေလတ် မျက်လုံးဝင်းခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စပယ်က ထိုင်ပါအန်တီဟုဆိုပြီး ဒေါ်ခင်မေလတ်ကို နေရာထိုင်ခင်းပေးသည်။

တည်ငြိမ်သလိုနှင့် တင်းမာသယောင်ဖြစ်နေသော မျက်နှာထားကို စပယ် သတိပြုမိသည်။

ပြီး နံရံပေါ်မှ မိသားစုအားလုံး၏ ဓာတ်ပုံများ။

လက်လုပ်လက်စား ဘဝမျိုးဆိုသည်ကို ချက်ချင်း နားလည်လိုက်၏။

သည်အဝန်းဝိုင်းထဲသို့ သားလေးရောက်သွားလျှင်ဆို သည့်အသိ ဖျတ်ခနဲ ဝင်ရောက်လာသောအခါ ဒေါ်ခင်မေလတ် ရင်မှာ ပိုမိုပူလောင်သွားသည်။

အိမ်က ပျဉ်ထောင်အိမ်ကလေး။

ဂျမ်းနှင့် မောင်ဇော်ထွေးတို့အတွက် စိတ်ကူးနှင့်စီစဉ် ထားသည့်အိမ်၏ မီးဖိုခန်းလောက်ပင် သပ်ရပ်ခန့်ညားလိမ့်မည် မဟုတ်။

'အကြောင်းကိစ္စရှိလို့ပါလား အန်တီ'

ဒေါ်ခင်မေလတ် မျက်လုံးအကြည့်က စပယ့်မျက်နှာဆီ သို့ ပြန်ရောက်လာသည်။

'အန်တီ့ကိုသိလား'

'ကိုလတ်မေမေမှန်းကို စပယ်သိလိုက်ပါတယ်'

'မြင်ဖူးလို့လားကွယ့်'

စပယ်က ပြုံးသည်။

ပြုံးလျှင် ဒီသူငယ်မ ပို၍ လှပပါကလားဟု ဒေါ်ခင်မေ





လတ် တွေးသည်။

သို့သော်လည်း စပယ်၏အလှအပသည် ဒေါ်ခင်မေလတ် အတွက် စိတ်ဝင်စားဖွယ်ရာ အကြောင်းပြချက်မဟုတ်ပေ။

'အန်တီက ကိုလတ်နဲ့မျက်နှာရုပ်ကျဆင်လို့ပါ'

'အေး… ဟုတ်တယ်၊ အန်တီက မောင်ကျော်ကိုလတ်ရဲ့ မေမေပဲကွယ့်'

ပြောပြီး စကားအနည်းငယ် တိတ်သွားသည်ဟု စပယ် တွေးမိသည်။

ဒေါ်ခင်မေလတ်၏ နှုတ်မှဆက်ထွက်လာမည့် စကား များကိုလည်း နားစွင့်နေမိသည်။

ဒေါ်ခင်မေလတ်တွင် ကိုလတ်နှင့်ပတ်သက်သည့် အကြောင်းတရားများ ပါလာလိမ့်မည်ဟု စိတ်မှာယုံကြည်ထား သည်။

'မိဘတွေ မရှိဘူးလား'

'ဖေဖေ မေမေတို့လည်းကူးသွားကြတယ် အန်တီ၊ အကြောင်းကိစ္စများ ရှိလို့ပါလား'

'အင်း… အကြောင်းကိစ္စရှိတယ်လို့ ဆိုရမှာပဲလေ၊ အကြောင်းကိစ္စကတော့ စပယ့်ရဲ့မိဘတွေနဲ့လည်း မပတ်သက်ပါ ဘူး၊ စပယ်နဲ့ပတ်သက်တာပါ'

စပယ့်မျက်လုံးကလေး ဝိုင်းသွားသည်။

'ဆိုပါ… အန်တီ'

'ပြောတော့ ပြောရမှာပေါ့လေ၊ ဒါပေမဲ့ ပြောရမယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားအတွက် အန်တီ စပယ့်ကို အားနာနေလို့ပါ'

ပြောပြီး စပယ့်မျက်နှာကို စေ့စေ့ကြည့်သည်။

'စပယ်နဲ့အန်တီသားတို့ရဲ့အခြေအနေကို အန်တီအားလုံး သိ‌ပါတယ်'

စပယ့်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ခေါင်းကို မသိမသာ ငုံ့ထားလိုက်၏။

'လူငယ်သဘာဝဆိုတော့ ရည်းစားသနုံ ထားမိကြရင် ထားမိကြမှာပေါ့ကွယ်၊ တကယ်တမ်း ဘဝကိုတည်ဆောက်ဖို့ ကျတော့ မိဘတွေမှာ တာဝန်ရှိလာရတယ် မဟုတ်လား'

'ဟုတ်… ဟုတ်ပါတယ် အန်တီ'

'ဒီမှာ… စပယ်'

'ပြောပါအန်တီ'

'အန်တီ့ကိုလည်း ဘယ်လိုမှစိတ်မှာ မထင်ပါနဲ့ကွယ်။ စပယ်နဲ့ကိုလတ်ရဲ့အချစ်ကို အန်တီခွဲတာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သားကိုကိုလတ်မှာ အန်တီတို့မိဘချင်း သဘောတူထားတဲ့ မိန်းကလေးရှိတယ်၊ ခုလာမယ့်အပတ်ထဲမှာပဲ စေ့စပ်ခြင်းနဲ့ စေ့စပ်သတင်း သတင်းစာမှာပါမယ်'

'ရှင်…'

'အရမ်း ဝမ်းနည်းမသွားပါနဲ့သမီးရယ်၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေ ဘယ်ဖြစ်ပါ့မလဲ၊ ဒီတော့ သမီးက သမီးချစ်သူကို သိပ်ချစ်တယ်ဆိုရင် နောက်ဆုတ်ပေးပါလားကွယ်'

စပယ် အံကလေးကိုကြိတ်သည်။





ဒေါ်ခင်မေလတ်၏မျက်နှာကိုလည်း ရဲရဲတင်းတင်းရင်ဆိုင် ပစ်လိုက်၏။

'သိပ်ချစ်တာနဲ့ နောက်ဆုတ်ပေးတယ်ဆိုတာ တခြားစီပါအန်တီ၊ ချစ်သူကောင်းစားဖို့ နောက်ဆုတ်ပေးတယ်၊ ရှောင်ခွာတယ်ဆိုတာ ရုပ်ရှင်တို့ ဝတ္ထုတို့ထဲမှာ ရှိတာပါ။ ကျွန်မကိုလတ်ကို ချစ်တဲ့အချစ်မှာ ကိုလတ် အသားဖြူတယ်၊ အသားမည်းတယ်၊ ချောတယ်၊ လှတယ်၊ ချမ်းသာတယ်၊ ငွေရှိတယ်ဆိုတာတွေကို မသုံးသပ်ဘူး၊ ကျွန်မတို့နှစ်ယောက် ရင်ထဲက အချစ်တွေနဲ့ တိုင်းတာချစ်တာ၊ ကျွန်မဘယ်လိုမှ နောက်ဆုတ်မပေးနိုင်ဘူး'

စပယ့်စကားကြောင့် ဒေါ်ခင်မေလတ်မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

မာနသည့် စပယ့်နည်းတူ ဒေါ်ခင်မေလတ်၏အသံ၌ ကွန့်တက်လာ၏။

'အေး… မင်းနောက်မဆုတ်ပေးဘူး ဆိုပေမယ့် မအေဖြစ်တဲ့ငါက မင်းနဲ့ လုံးဝသဘောမတူဘူး'

'အန်တီပြောချင်တာ ဒါပဲလား'

'ဟုတ်တယ်၊ ကိုကိုလတ်က ဖွတ်လာလုပ်ရင်လည်း အမွေဖြတ်ပဲ'

'အဲဒါတွေ ကျွန်မ စိတ်မဝင်စားပါဘူး အန်တီ၊ ကျွန်မနဲ့ကိုလတ် အချစ်တစ်ခုကို လွယ်လွယ်နဲ့ထူထောင်လာတာ မဟုတ်ပါဘူး၊ ကိုလတ် ဆုံးဖြတ်ချက်မရှိဘဲနဲ့ ကျွန်မ ဘယ်သူ့စကားကိုမှ လက်မခံနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဩော် … မင်း ကိုလတ် ရရှိမယ့်အမွေပစ္စည်းတွေကို မျှော်လင့်နေသလား'

ထိမ်းထားသည့်ကြားမှ မျက်ရည်ပေါက်ကြီးများ လိမ့်ကျလာသည်။

'အန်တီရယ် … သွားပါတော့၊ ကျွန်မ တောင်းပန်ပါတယ်ရှင်၊ အန်တီသွားပါတော့'

ဒေါ်ခင်မေလတ် ထိုင်ရာမှ ဆတ်ခနဲထသည်။

ပင့်သက်ကိုမှုတ်ထုတ်ပြီး စိတ်ကိုတစ်ထစ်လျှော့ချလိုက်၏။

ပြီး လက်ပွေ့အိတ်အညိုကြီးကိုဖွင့်ပြီး ချက်လက်မှတ်တစ်စောင်ကို ဆွဲထုတ်သည်။

'အဲဒါ ဘာလုပ်တာလဲ အန်တီ'

'အန်တီက လက်ဆောင်ပေးတဲ့ သဘောပါ၊ ဘဏ်မှာ ငွေသားတစ်သောင်းတိတိကို ထုတ်ယူနိုင်ပါတယ်၊ စပယ်တို့ အရင်းအနှီးအတွက် အန်တီက ကူညီလိုက်တယ်လို့ သဘောထားပါ'

ချက်လက်မှတ်ကို လှမ်းပေးသည်။

စပယ်သည် ဒေါ်ခင်မေလတ်လက်ထဲမှ ချက်လက်မှတ်ကို ဆတ်ခနဲဆွဲယူလိုက်၏။

ပြီး အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆွဲဆုတ်လိုက်သည်။

'မစော်ကားပါနဲ့ အန်တီ၊ ကျွန်မက ခေတ်ပညာတတ်တစ်ယောက်ပါ အန်တီ၊ ငွေမက်တဲ့အတန်းအစားထဲက မဟုတ်ဘူး၊ ပြီးတော့ ကျွန်မတို့ဘဝက အဲဒီလောက်လည်း အောက်တန်းမကျပါဘူး အန်တီ၊ ပြန်ပါ အန်တီစိတ်ချလက်ချ ပြန်ပါ၊ အန်တီ့သားကို ကျွန်မ မုန်းပစ်လိုက်ပါ့မယ်၊ ကိုလတ်ကိုချစ်တဲ့ အချစ်တစ်ခုတည်းနဲ့တော့ ကျွန်မ မာနကို အချိုးမခံနိုင်ပါဘူး'



ပြောပြီး စပယ်သည် အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

ဒေါ်ခင်မေလတ်သည် စပယ်၏နောက်ကျောကို ခပ်တွေတွေ ကြည့်နေမိသေးသည်။

ပင့်သက်တစ်ချက်ကို မှုတ်ထုတ်ပြီး ဒေါ်ခင်မေလတ် အိမ်ပေါ်မှဖြည်းညင်းစွာ ဆင်းခဲ့တော့၏။

စပယ့်ရှိုက်သံကိုမူ ဒေါ်ခင်မေလတ် သဲ့သဲ့ကြားလိုက်ရချေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## (၂၅)

'ဂျမ်းရယ် ကိုကိုလတ် ဒုက္ခတွေကို မကယ်တင်နိုင်တော့ဘူးလား'

ရင်မှာမောရသည့်အဖြစ်။

ဂျမ်း၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ကလေးတစ်ယောက်လို ဝမ်းပန်းတနည်း မေးမိသည်။

ဂျမ်း၏မျက်ဝန်းသည် မျက်ရည်ကြည်လေးများနှင့် စိုစွတ်နေ၏။

'မေမေ မတရားဘူး'

'ဟုတ်တယ် ကိုကိုလတ်၊ မေမေလတ် မတရားဘူး'

'ငါ သဲမာကို ဘယ်လိုချစ်လို့ရမလဲ ဂျမ်းရယ်'

'ဟုတ်တာပေါ့ ကိုကိုလတ်၊ မချစ်ဘဲနဲ့ ဘယ်လိုယူရမှာလဲ၊ ဂျမ်းလေ အဲဒီသဲမာဆိုတဲ့မိန်းမကို တစ်စက်မှ ကြည့်လို့မရ





ဘူး'

ဂျမ်းရင်မှာ ခံပြင်းစိတ်လေးများရှိသည်။

သဲမာ ရတနာ့ဥယျာဉ်ခြံသို့လာပြီး ဘွားဘွားနှင့်မေမေ့ကို ပွတ်သီးပွတ်သပ်နှင့် ပတ်ချွဲနပ်ချွဲပြောသည်ကို ဂျမ်းလုံးဝကြည့်လို့မရ။

တလောက အဖြစ်ကလေးတစ်ခုကို ဂျမ်းအခံပြင်းဆုံးနှင့် အမြင်ကတ်ဆုံးဖြစ်လိမ့်မည်။

တစ်နေ့ ခြံထဲသို့ သဲမာရောက်လာသည်။

ဂျမ်းနဲ့မေမေ စကားပြောနေခိုက် ရောက်လာခြင်းဖြစ်သည်။

ခရီးရောက်မဆိုက်ပင် ကားအသစ်ကျပ်ချွတ်ကြီးကို ကြည့်ပြီး အန်တီ အဲဒါသဲမာတို့အတွက် မင်္ဂလာလက်ဆောင်နော် ဟု ရယ်သလိုနှင့်ဆိုသည်။

သည်လှုပ်ရှားမှု ပုံသဏ္ဍာန်အားလုံးကို ဂျမ်းသည် မကျော်ကိုလတ်ကို ပြန်ပြောပြခဲ့၏။

'ကိုကိုလတ်ကို ယူမယ်လို့ခေါင်းညိတ်တာ ကိုကိုလတ်ကို ချစ်လို့မဟုတ်ဘူးလို့ ဂျမ်းထင်တယ်၊ ကိုကိုလတ်ရမယ့် အမွေပစ္စည်းတွေကို မက်တာ၊ ပြီးတော့ သဘော်သားလိုလို ကောင်နဲ့ကို ဂျမ်း မသင်္ကာဘူး ကိုလတ်'

'ပီတာလား'

'ပီတာလား ပလီပလာလားတော့ ဂျမ်းမသိဘူး၊ အဲဒီကောင်နဲ့တွဲနေတာကိုတော့ ဂျမ်းသိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဂျမ်းကို ဇော်ထွေးပြောပြလား'

'ကိုဇော်ထွေးက ဘာမှမပြောဘူး ကိုကိုလတ်၊ဟိုးတစ်နေ့က သဲမာခြံကိုလာတော့ ကောင်တစ်ကောင်က ကားနဲ့လိုက်မှာ တဲ့၊ ဂျမ်းက စပယ်ချုံဘေးမှာ ရပ်နေတာကို သူတို့မတွေ့ဘူး။ ပြီးကာ ရယ်ကာနှင့် နှုတ်ဆက်နေတာများ ပါးတောင် သွားချင်တယ်'

ပီတာနှင့်မှန်း သိလိုက်၏။

'မေမေ့ကို ပြန်ပြောပြလိုက်ပါလား ဂျမ်းရယ်'

'အို… ပြောတာပေါ့၊ မေမေလတ်က ဘာပြောတယ်မှတ်လဲ၊ သူငယ်ချင်းအပေါင်းအသင်းနေမှာပေါ့ သမီးရယ်တဲ့ကဲ… ဂျမ်းက ဘာစကားဆက်ပြောရမလဲ'

တွေနေသည်။

မရေမရာနှင့် ဘဝတစ်ခုကို ရင်ဆိုင်ရမည့်အဖြစ်အတွက် စိတ်မှာ ယူကျုံးမရဖြစ်မိ၏။

နက်ဖြန်ဆိုလျှင် မေမေသည် သဲမာနှင့်တရားဝင်စေ့စပ်တော့မည်။

သတင်းစာမှာပါပြီး တိုင်းသိပြည်သိ ဖြစ်တော့မည်။

'ကိုကိုလတ် ဘာလုပ်ရမလဲ ဂျမ်း'

ဂျမ်းက မျက်ဝန်းကို ခပ်စူးစူးကြည့်သည်။

'ကိုဇော်ထွေးနဲ့ကိုကိုလတ် မတိုင်ပင်ဘူးလားဟင်'

ရင်မှာ မီးပွင့်ကလေး လက်လာသည်။

ဘဝတွင် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ရှိသည်။





ကျော်စွာနှင့်ဇော်ထွေး။

ကျော်စွာကမူ သည်ကကျောင် ခံစားနေရသည့် ဒုက္ခသုက္ခများကို သိရှိလိမ့်မည် မဟုတ်။

ကျောင်းပြီးကတည်းက မေမြို့တက်သွားသည်။

မေမြို့မှ သူ့အဘွားများနှင့်သွားနေတော့မည်ဟုတော့ နှုတ်ဆက်သွား၏။

ပြီး… အဲဒီမှာ စိုက်ပျိုးရေးလုပ်ရမည်ဟုလည်း ဆိုသွားသေးသည်။

အနီးကပ်ဆုံး တိုင်ပင်ဖော်အဖြစ် ဇော်ထွေးသာ ရှိတော့၏။

'ဟုတ်တယ်ဂျမ်း… ကိုကိုလတ် ဇော်ထွေးဆီ ပြေးဦးမယ်'

နံရံမှ ကားသော့ကို လှမ်းယူသည်။

တိုက်ထဲမှ အပြေးကလေး ထွက်ခဲ့၏။

ဂိုဒေါင်တံခါးကို ဂျမ်းကနောက်မှလိုက်ပါလာပြီး ဖွင့်သည်။

ကားကိုဂိုဒေါင်ထဲမှ အထုတ်တွင် မေမေရောက်လာ၏။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

'မောင်နှမနှစ်ယောက် ဘယ်သွားကြမလို့လဲ'

မေးရင်းမေမေက စူးစမ်းသလို ကြည့်သည်။

'ဂျမ်း မလိုက်ပါဘူး မေမေ၊ သား ကျောင်းကို ခဏသွားမလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်ဖို့လဲ သားရဲ့'

'ဦးချစ်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ မေမေ၊ အဲဒီကနေစုပြီး စက်မှုမှာသွားပြီး လက်ဖက်ရည်သောက်ကြဦးမှာ'

'ရှည်လျားလိုက်တာ သားရယ်'

'ကျောင်းသားဘဝကို သတိရတာပါ မေမေ'

'ဂျမ်းကို ခေါ်သွားပါလား'

မေမေက ဂျမ်းကို အပိုင်တွက်ထားပြီး ပြောခြင်း ဖြစ်သည်။

မိမိဘာလုပ်လုပ် ဂျမ်းသည် အကုန်အစင် ပြန်ပြောပြလိမ့်မည်ဟု မေမေ ယုံကြည်ထား၏။

ကျော်ကိုလတ်ကမူ စိတ်ထဲက ရယ်ချင်နေသည်။

'လိုက်လို့ကောင်းမလား မေမေရဲ့၊ သားတို့က အကြာကြီးထိုင်မှာ'

မေမေက မျက်မှောင်ကို အသာကြုတ်သည်။

'အရမ်းအကြာကြီးတော့ မဖြစ်ဘူးနော်၊ သားပြန်လာရင် ခိုင်သဇင်တို့ သားအမိကို ဝင်ခေါ်၊ ညစာ... ဒီမှာစားဖို့ အစီအစဉ်ရှိတယ်'

'မေမေရယ်... ဦးသော်ကို ကားနဲ့လွှတ်လိုက်ပါလား'

'သားပဲ ဝင်ခေါ်ခဲ့ပါ'

မေမေ့စကားက တစ်ချက်လွှတ်။

ပြောပြီးမေမေ မီးဖိုဆောင်ဘက် ပြန်တက်သွားသည်။

'ကိုကိုလတ်'



'ဘာလဲ ဂျမ်း'

'ညနေစာ လာပြီးတော့ သုံးဆောင်ကြဦးမှာ၊ သားအမိနှစ်ယောက်စလုံးကို အစာမှာ အဆိပ်ခတ်ကျွေးလိုက်မယ်လေ'

ဂျမ်းကအရွှန်းအပြက်သဘောမျိုး ဆိုသည်။

ပြုံးပြလိုက်ရသော်လည်း ရင်မှာ နွမ်းရိသည်။

သြော်... ဒီမျက်နှာကို ညနေမှာ ဆုံဆည်းရဦးမည်။

□ □ □

တရိပ်ရိပ်တက်နေသည့် ဝေဒနာသောကများကို သိရှိနားလည်လိမ့်မည်။

ဇော်ထွေး၏မရွှင်မျက်နှာကိုလည်း သတိထားမိသည်။

သူငယ်ချင်း၏ သောကအစွန်းအစများ ဇော်ထွေးမှာ ပေစွန်းနေပြီကို သိသည်။

ငှက်ပျောတောကလေး၏ ထောင့်ကျသော စားပွဲ။

လက်ဖက်ရည်နှစ်ခွက်သည် ရှေ့မှာ ငုတ်တုတ်ကလေး ဖြစ်နေ၏။

လာချပေးသည့် ဒူးယားစီးကရက်ကိုမူ ကောက်ယူရှိုက်ဖွာလိုက်သည်။

စိတ်၏ မငြိမ်းချမ်းသည့် အဖြစ်ကြောင့် နှစ်ယောက်တည်းသော စကားဝိုင်းသည် တိတ်ဆိတ်နေ၏။

အတန်ကြာမှ ဇော်ထွေးက စကားပြန်စသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ် ဆုံးဖြတ်ချက်တစ်ခုကို ချရလိမ့်မယ်'

ဇော်ထွေးမျက်နှာကို လှမ်းကြည့်သည်။

တည်ငြိမ်သက်စွာ နေတတ်သလောက် အကြံဉာဏ်ကောင်းများ ထွက်တတ်သည်။

'ဘာဖြစ်လို့လဲဆိုတော့ အန်တီ့ဘက်က အခိုင်အမာလုပ်ထားပြီးပြီ မဟုတ်လား'

'မေမေ မတရားဘူးကွာ'

ဂျမ်းကို ပြောခဲ့သည့် စကားကို ပြန်ပြောဖြစ်သည်။

'ကိုယ့်အပေါ်မှာတော့ အန်တီတရားပါတယ်'

'မင်းကို မအေတစ်ခု သားတစ်ခု ဖြစ်တာရယ်၊ ဘွဲ့ရတော့မယ့် ပညာတတ်တစ်ယောက် ဖြစ်တာရယ်၊ မြင်တွေ့နေကျမို့ သံယောဇဉ်ကလေးရှိသွားတာရယ် တရားသွားတာပါ'

'ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့လေ'

'ကုသိုလ်တွေ ကုသက်တွေအသာခေါက်ထားလိုက်စမ်းပါ၊ ငါ့ပြဿနာကို ဘယ်လိုလုပ်မလဲ'

'ကိုလတ် ဘာလုပ်ချင်လဲ'

'ငါ သဲမာကို မယူချင်ဘူး'

'ဒါဖြင့် စပယ့်ကိုယူလေ'

ရင်မှာတင်းခနဲ ဖြစ်သွား၏။

လူးလိမ့်နေရသည့်ကြားက အပျော်အပျက် စကားများပြောသလားဟု ဇော်ထွေးမျက်နှာကို လှမ်းကြည့်သည်။

ဇော်ထွေးမျက်နှာက တည်တည်ငြိမ်ငြိမ်။





'ကိုယ်နှောက်နေတာ မဟုတ်ပါဘူး၊ ပြီးတော့ မြှောက်ပေးတာလည်း မဟုတ်ဘူး၊ အဖြေကို အမှန်ဆုံးဖြစ်အောင် ရှာမယ်ဆိုရင်တော့ ကိုလတ် စပယ့်ကိုယူပါ'

ပင့်သက်ကိုအသာချရသည်။

စပယ့်ဘက်မှ ပြန်တွေးကြည့်သည်။

ကျောင်းပြီး ဘွဲ့ရတော့င်မှ သုံးနှစ်ဆိုသည့်ကာလကို ကျော်ဖြတ်ရမည်ဟု ကတိစကားရှိခဲ့သည်။

ဗြုန်းစားကြီး ပုံစံနှင့်စပယ့်ကိုဆွေးနွေးလျှင် စပယ်လက်ခံပါမည်လားဆိုသည့် အသိက ဝင်လာ၏။

စပယ်နှင့်ထားရှိခဲ့သည့် ကာလကတိစကားများကို ဇော်ထွေးအား ပြန်ပြောပြမိသည်။

'အချေအတင် ဆွေးနွေးရမှာပေါ့ ကိုလတ်ရယ်၊ ဖြစ်ပေါ်လာတဲ့ ပြဿနာက ဘဝနဲ့ပတ်သက်နေတာပဲ၊ စပယ် နားလည်နိုင်မှာပါ'

စိတ်မှာ အင်အားအနည်းငယ် ဝင်လာရသည်။

ဇော်ထွေး၏ အကြံပေးချက်အရဆိုလျှင် စပယ့်ဆီသွားမည်။

အပြင်ကိုခေါ်ထုတ်မည်။

အပြတ်ဆွေးနွေးပြီး ညရထားနှင့်မန္တလေးတက်မည်။ မန္တလေးမှတစ်ဆင့် ကျော်စွာရှိသည့် မမြို့သို့...

အစီအစဉ်ကတော့ ချောမွေ့နေသည်။

'ကျော်စွာကြီးက အရမ်းဝမ်းသာမှာ၊ လိုပ်စာသိတယ်

www.burmeseclassic.com

မဟုတ်လား၊ ဒီမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေ အားလုံးကို ကိုယ်ကဆက်သွယ်ပြီး ပြောမယ်၊ မေမြို့က ကျော်စွာအဘွားတို့ဆီ မှာ ဖုန်းလည်းရှိတာပဲဟာ'

'မေမေတော့ လူးနေမှာပဲ ဖော်ထွေးရာ'

'မတတ်နိုင်ဘူးလေ၊ အဲသလိုမှ မပြတ်သားခဲ့ရင် ကိုလတ်ဘာလုပ်မလဲ၊ အချိန်ကလေးရင့်လာတော့ အန်တီ နားလည်လာမှာပါ၊ စပယ်နဲ့အနီးကပ်ဆုံးထိတွေ့နေရင် အန်တီ စပယ့်ကို အရမ်းနားလည်သွားမှာပါ'

စကားပျော့ကလေးများ ဖြစ်သည်။

လွမ်းမောရသည့် အပိုင်းကလေးကို ချက်ချင်းဖျက်ဆီး ပစ်လိုက်၏။

လက်မှနာရီကို ဆတ်ခနဲ ငုံ့ကြည့်ပြီး ကဲ ဖော်ထွေးမြန် မြန်သောက်ဟုဆိုကာ လက်ဖက်ရည်ကို ကတိုက်ကရိုက်သောက် သည်။

ကျသင့်ငွေကိုရှင်းပြီး ရင်မှာပေါ့ပါးစွာ ထလိုက်ကြ သည်။

ဩော်... စပယ် နားလည်နိုင်ပါစေဟုပဲ ဆုတောင်းရ မည်။

ကားကိုခပ်ကြမ်းကြမ်းမောင်းဖြစ်သည်။

စပယ်တို့အိမ်ရှေ့အရောက်တွင် ဘရိတ်ကို ခပ်ဆတ် ဆတ်ဖိနင်းပစ်လိုက်၏။

ကားစက်ကိုရပ်ပြီး ကားပေါ်မှအပြေးကလေး ဆင်း





သည်။

'စပယ်... စပယ်'

အသံတွင် တုန်ခါမှုနှင့်တက်ကြွမှု ပါဝင်နေသည်ဟုထင် သည်။

အိမ်လှေကားကို တစ်ထစ်ချင်းပင် မတက်ဖြစ်။ တစ်ထစ်ကျော်လှမ်းတက်လိုက်သည်။

'ဩော်... မောင်ကျော်ကိုလတ်'

စပယ့်ဖေဖေကို တွေ့ရသည်။

တည်ငြိမ်သောမျက်နှာ။

အေးစက်သောမျက်နှာ။

ဧည့်ခန်းမှာ အင်ကြင်းနှင့်ခတ္တာတို့ကို မတွေ့ရ။

စပယ်သည်လည်း နောက်ဖေးဘက်မှာရှိလိမ့်မည်ဟု ထင်ထားသည်။

'စပယ်ကောအန်ကယ်၊ စပယ်မီးဖိုမှာ အလုပ်များနေ တယ်ထင်တယ်'

ထိန်းထိန်းသိမ်းသိမ်း မေးဖြစ်သည်။

စပယ့်အဖေက မျက်နှာကို ခပ်စူးစူးကြည့်၏။ ပြီး ပင့် သက်ကို အသာမှုတ်ထုတ်လိုက်သည်။

'စပယ်မရှိဘူး မောင်ကျော်ကိုလတ်'

'ဗျာ...'

'ဟုတ်တယ်၊ စပယ် ရန်ကုန်မှာမရှိတော့ဘူး၊ ဘယ်ကို သွားတယ်ဆိုတာကိုလည်း အန်ကယ်မသိဘူး၊ ဒါကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ကိုလတ်ရယ် တို့မိသားစုဟာ ဘဝကို အရိုးသားဆုံးနဲ့ အကြိုးစားဆုံးနေကြတာပါ၊ လူငယ်သဘာဝကို နားလည်တဲ့အဖေ တစ်ယောက်အနေနဲ့ သမီးရဲ့ဆုံးဖြတ်ချက်ကို မကန့်ကွက်ပေမယ့် တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ အန်ကယ် နားလည်ထားပြီး သားပါ'

'အန်… အန်ကယ်၊ ဘာတွေပြောနေတာလဲဟင်… ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘူး အန်ကယ်'

အေးစက်သောမျက်နှာမှ ချက်ဝန်းသည် ဝေသီလျက် ရှိ၏။

စပယ့်ဖေဖေသည် ရှေ့တူရူသို့ ကြည့်နေသည်။

'တကယ်နားမလည်တာလား၊ တကယ် မသိတာလား မောင်ကျော်ကိုလတ်ရယ်၊ မင်းမေမေ အိမ်လာသွားတယ်၊ စပယ့်ကို စကားတွေပြောသွားတယ်ဆိုတာကို မင်းမေမေက ပြန်မပြောပြဘူးလား'

'ဗျာ…'

'အေး… ပြန်ပါတော့ မောင်ကျော်ကိုလတ်၊ တစ်နယ်တစ်ကျေးမှာ သမီးလေးဘဝ အေးဆေးပါစေကွာ၊ မင်း ပြန်ပါတော့'

မျက်ဝန်းတွင် မျက်ရည်များ ဝဲရစ်လာသည်။

လေးလံသော ခြေလှမ်းဖြင့် အိမ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းခဲ့သည်။

'ဇော်… ဇော်တွေး'





သူငယ်ချင်းကို ဆို့နင့်စွာ ခေါ်မိသည်။

'ဩော်… ကိုလတ်ရယ်'

'စပယ်… စပယ်မရှိတော့ဘူး၊ စပယ် ငါ့ပတ်ဝန်းကျင်ကို အရမ်းနာကျင်သွားပြီ ထင်ပါရဲ့ သူငယ်ချင်းရယ်'

ရင်မှာ အမောတွေ ဝေလာသည်။

ထိန်းထားသည့်ကြားမှ စပယ့်အတွက် မျက်ရည်တစ်ပွင့်က ဖြုတ်ခနဲ ကြွေလာ၏။

အချစ်မဲ့သောဘဝ၏ အထီးကျန်ခြင်းကို လတ်တလော ရင်ဆိုင်လိုက်ရသည်။

ဆုံခွင့်မရလိုက်ဘဲနှင့် အလွမ်းရင့်ရသောဘဝကို မချိတင်ကဲလည်း ဖြစ်ရ၏

ဩော်… စပယ်ရယ်…။

ကံပေးသမျှပဲချစ်ရတော့မှာလား စပယ်ရယ်…။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

အလွမ်းနှင့်ကျွမ်းရသည့်ဘဝကို စပယ်ရင်ဆိုင်ကြုံတွေ့ရသည်။

ရွှေ့လျားခဲ့သော ရာသီများကြားဝယ် စပယ်သည် ကိုလတ်ကို တစ်ရက်တစ်နေ့မှမမေ့ခဲ့။

ခပ်တွေတွေ ခပ်ဝေဝေဖြစ်နေသည့်အခါများတွင် နွဲ့ဝေက စပယ့်ကို ရယ်သလိုမောသလိုနှင့်ပြောသည်။

'စပယ် နှစ်နဲ့ချီပြီး လွမ်းနေတာများ အံ့သြတယ်၊ ရန်ကုန်နဲ့မန္တလေးဆိုတာ ဆက်သွယ်ရေးချို့တဲ့တဲ့မြို့ပြ မဟုတ်ပါဘူး စပယ်ရဲ့၊ အော်တိုတင်ပြီး ဖုန်းနဲ့ပဲပြောမလား၊ ကြေးနန်းရိုက်ပြီး ပြောမလားပဲ'

'ဘာကိုလဲ နွဲ့ဝေရဲ့'





'အဆက်ကြီးကိုလေ၊ မန္တလေးမှာရှိနေတဲ့အကြောင်း စိုက်ပျိုးရေးဌာနမှာ အလုပ်ဝင်နေတဲ့အကြောင်း၊ အမြန်လာခေါ်ပါလို့ ဆက်သွယ်လိုက်ရင် ကိစ္စပြတ်ရောပဲဟာ'

ပြုံးနေမိသည်။

မချိပြုံးပြုံးသည့်အဖြစ်ကိုတော့ ကိုယ့်ဘာသာကိုယ် သိသည်။

ကိုလတ်ဆိုသည်သာ သိပြီး အချစ်သည် အချစ်သစ်နှင့် ပေါင်းဖက်နေသည်ဆိုသည့် အတိုင်းအတာထိတော့ နွဲ့ဝေမသိ။

သိအောင်လည်း ပြောမပြဖြစ်ခဲ့ချေ။

ဝေဒနာကို ရင်မှာသိုသိပ်ပြီး တစ်ခွန်းတစ်စမျှလောက်သာ ပြောဖြစ်ခဲ့၏။

'နွဲ့ဝေမသိတာတွေ အများကြီးပါကွာ'

'ဒါကတော့ဒါပေါ့ စပယ်ရယ်၊ ချစ်သူချင်း အခန့်မသင့်ရင် အလွန်ဆုံးတစ်လနှစ်လပေါ့၊ ခုတော့ နှစ်အကြာကြီးအလုပ်ကို ရန်ကုန်ပြန်ပြောင်းမယ်ဆိုတဲ့ အတွေးကိုကော စပယ်မတွေးဘူးလား'

'ကိုယ်ရန်ကုန်ကို သိပ်မုန်းတယ် နွဲ့ဝေ၊ အရမ်းလည်း နားကြည်းတယ်၊ မန္တလေးက ဖေဖေညီမအပျိုကြီးဆီမှာ လာနေတာ ရန်ကုန်မှာခြေရာဖျောက်ပြီး လာနေတာ'

'ဟင်... စပယ့်အမျိုးသားက မသိဘူးလား'

ခေါင်းကို ညင်သာစွာ ညိတ်ပြသည်။

'ဟင်... ဒါကြောင့်ပါ၊ သိသာသိရင် ဟိုကလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ'

'မလိုက်လာပါဘူး နွဲ့ဝေ'

'ဘာဖြစ်လို့လဲဟင်'

'ကိုလတ်က သူ့မေမေရဲ့အမိန့်အာဏာကို မလွန်ဆန်နိုင်ပါဘူး'

'ချမ်းသာလို့လားဟင်'

စပယ်က ခေါင်းညိတ်ပြသည်။

'အချစ်မှာ အဲဒါကြီးက ပြဿနာကြီးနော်၊ စပယ်နဲ့ဆွေးနွေးတော့ ကိုလတ်က သူ့အမေဘက်ပါလို့လား'

'ကိုယ်နဲ့တွေ့ဆုံပြီး မဆွေးနွေးဖြစ်ပါဘူး နွဲ့ဝေ၊ လုပ်သင့်လုပ်ထိုက်တဲ့ ဆုံးဖြတ်ချက်နဲ့ ကိုယ့်မိသားစုနဲ့ တိုင်ပင်ပြီး မန္တလေးကိုတက်လာခဲ့တာ'

'ဟာ... အဲဒါတော့ စပယ် မတရားဘူး၊ တကယ်ဆို ကိုလတ်နဲ့တွေ့သင့်တယ်'

စပယ် နှုတ်ကိုဆိတ်သွားသည်။

အပြတ်ဖြတ်ခဲ့သည်ဆိုသည့် အတွေးက အသိသို့ရှူးခနဲဝင်လာသည်။

စေ့စပ်ကြောင်းလမ်းခြင်းသဘင်နှင့် လက်ထပ်ပြီးစီးခြင်းသတင်းကို သတင်းစာမှာတွေ့ရစဉ်က လူးအောင်ခံနေရသည့် ကိုယ့်အဖြစ်ကို ကိုယ်သာသိသည်။

'နွဲ့ဝေရယ် ကိုယ်တို့ဒီအကြောင်းတွေ မပြောကြပါနဲ့လားကွာ၊ ဘဝတွေခြားသလို ကမ္ဘာတွေခြားသွားပါပြီ၊ အတိတ်





တို့သည် ပြေးလွှားကုန်လွန်ခဲ့ကြပြီပေါ့ကွာ'

'စပယ်က ဖြေလို့ရခဲ့လို့လား'

မချိပြုံးကလေးကို ပြန်ပြုံးရသည်။

'အချစ်ဦးနဲ့ အချစ်ဆုံးကိုကွာ၊ တစ်ခါတလေတော့ လွမ်းတာ ဆွေးတာလေးတွေ ရှိမှာပေါ့'

'လွမ်းတာတွေ ဆွေးတာတွေ အသာခေါက်ထားစပယ်၊ တနင်္ဂနွေကျရင် မေမြို့တက်မယ်၊ အလွမ်းပြေ အပန်းပြေပေါ့'

'ဘယ်သူတွေနဲ့လဲ'

'ဦးသက်တင်တို့ အဖွဲ့နဲ့လေ'

'ဟာကွာ... ဦးသက်တင်ကြီးနဲ့မသွားချင်ဘူး'

'ဘာဖြစ်လို့လဲ စပယ်ရဲ့'

'စကားပြောရင် ရိုသလိုနဲ့ကွ'

နွဲ့ဝေက သဘောကျစွာ ရယ်လေ၏။

'သြော်... စပယ်ရယ်၊ ဦးသက်တင်ကလည်း လူပျိုကြီး၊ စပယ်ကလည်း အပျိုကြီး...'

စပယ်က စကားကို ကြားဖြတ်ပြီး...

'အောင်မာ အပျိုကြီးမဟုတ်ပါဘူးနော်၊ အငယ်လေးရှိသေးတာ'

'အင်းလေ... ဒါကတော့ ကိုယ့်ဘာသာကိုယ်သိမှာပေါ့'

'ဟယ်... နွဲ့ဝေ...'

စားပွဲပေါ်မှ စာရင်းစာအုပ်ကိုဆွဲပြီး မနာမချင် လှမ်းရိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဌာနခွဲမန်နေဂျာဆိုတာ အဆင့်မသေးဘူးနော်၊ လူပျိုကြီး ဂုဏ်ပုဒ်အပြင် တိုက်တစ်လုံး ကားတစ်စီး အရန်သင့် ရှိသေးတာ'

'တော်စမ်းပါကွာ၊ ဒါတွေ စိတ်မဝင်စားပါဘူး၊ ကိုယ့်ရင်ထဲမှာ ကိုလတ်ကိုပေးခဲ့ရလို့ အချစ်တွေကုန်ပြီ၊ ဘယ်သူ့ကိုမှ ထပ်ပေးစရာမရှိတော့ဘူး'

'တကယ်'

'အကယ်နှစ်ဆယ်ကွာ'

'အေးပါ၊ အသေအချာကို မှတ်ထားလိုက်ပါ့မယ်'

ပြောပြီး နွဲ့ဝေက အသံကလေးထွက်အောင် ရယ်ချေ၏။

ဆန်းဒေးတော့ စိတ်ချမယ်နော်ဟု ဆိုသောအခါ ဘာဖြစ်လို့ ခေါင်းညိတ်ရသည့် ကိုယ့်အဖြစ်ကို စပယ်လည်း မသိတတ်လိုက်ချေ။

❒ ❒ ❒





## (၂၇)

မေမေက မျက်နှာကိုလှမ်းကြည့်သည်။

ပင့်သက်ကို ခပ်ကြမ်းကြမ်း မှုတ်ထုတ်ပစ်လိုက်သည်။

'ဘယ်အချိန်ရှိပြီလဲ သား'

'ဆယ်နာရီတိတိပဲ မေမေ'

မေမေ ထိုင်ရာမှ ထသည်။

ပုခက်တွင်းမှ ဖုန်းခွက်ကို ကောက်ကိုင်ပြီး နံပါတ်ပေါက်ကလေးများကို လက်ညှိုးသွင်းလှည့်လိုက်သည်။

'ဟဲလို...'

'....'

'ခိုင်လား'

'....'


www.burmeseclassic.com

www.burmeseclassic.com



'သဲမှာ နိုင်တို့ဆီများရောက်နေသလားလို့'

'....'

'ဟုတ်လား၊ ဒါဖြင့် သူ့သူငယ်ချင်းတွေနဲ့ စကားအရှင် မပြတ်သေးလို့ နေမှာပေါ့လေ။ သြော်… ဘာမှ မဖြစ်ပါဘူး ကိုကိုလတ် ပါမသွားဘူး၊ ညနေကတည်းက သူ တစ်ယောက်တည်း ထွက်သွားတာ၊ ကောင်းပြီနိုင်… ကောင်းပြီ'

မေမေက ဖုန်းခွက်ကို ပြန်ချသည်။

မေမေ့မျက်နှာသည် အနည်းငယ် တင်းမာသယောင် ဖြစ်နေသည်ကို သတိပြုမိ၏။

'စညားကတည်းက ကြည့်နေတယ်၊ အိမ်မှုကိစ္စမှာလည်း မိန်းမ မပီသဘူး၊ ဘယ်သူငယ်ချင်းက ပါတီပွဲဆိုလည်း လိုက်သွားလိုက်တာပဲ၊ မင်းကလည်း ကိုယ့်မိန်းမကို အဆုံးအမမရှိဘူး'

မေမေက စကားမြွားဦးလှည့်လာ၏။

'မေမေ သဘောတူနှစ်ခြိုက်လို့ ပေးစားတဲ့ မေမေ့ချွေးမ ပဲလေ'

စကားကိုအေးစက်စွာ ပြန်ပြောမိသည်။

မေမေက မျက်စောင်းကို ဝင့်ခနဲထိုး၏။

'လင်ယောက်ျားတစ်ယောက်အနေနဲ့ အဆုံးအမရှိဖို့ ပြောနေတာ၊ မေမေက နေရာတကာ လိုက်ဆုံးမနေလို့ ဖြစ်မလား၊ မင်းတို့ဟာ လင်မယားပဲ'

'ကျွန်တော်လည်း ပြောတန်သလောက်ပြောတာပဲ မေမေ၊ ပြောတော့လည်း သူငယ်ချင်း အပေါင်းအသင်းဆိုတာ





လင်ရမှုရှိလာတာ မဟုတ်ဘူးတဲ့။ မိဘလက်ထက်ကတည်းက ရှိလာတာတဲ့၊ အဲဒီတော့ သားက ဘာပြောရမလဲ'

'အချိန်နဲ့ ပြန်လာဖို့ကိုတော့ သားပြောရမှာပေါ့'

စကားကို တိတ်ထားဖြစ်သည်။

နံရံမှ သံစုံမြည်နာရီကြီးမှ ဂီတသံထွက်လာသောအခါ နာရီကို ဆတ်ခနဲ မော့ကြည့်သည်။

ညဆယ်နာရီခွဲတိတိ။

'မေမေ သွားအိပ်ပါ၊ သား စောင့်နေပါမယ်'

မေမေက သက်ပြင်းကိုချပြီး ထိုင်ရာမှထသည်။

အိပ်ခန်းထဲဝင်သွားပြီး တံခါးချက်ပိတ်သံကို ကြားရ၏။

ကုလားထိုင်ပေါ် ငုတ်တုတ်ထိုင်ရင်း တိုင်းမဂ္ဂဇင်းတစ်အုပ်ကို စားပွဲအောက်မှ လှမ်းဆွဲယူလိုက်သည်။

ခြေသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်၏။

ဂျမ်းနှင့်ဇော်ထွေး…

'မရောက်သေးဘူးလား ကိုလတ်'

မေးပြီး နံဘေးမှာဝင်ထိုင်သည်။

ကျော်ကိုလတ်က ခေါင်းကိုညင်သာစွာ ခါယမ်းပြလိုက်သည်။

'ကိုကိုလတ်က သိပ်အလျှော့မပေးနဲ့၊ ဂျမ်းကိုကိုလတ်နဲ့ နေရာချင်း လဲလိုက်ချင်တယ်… သိလား'

ဂျမ်းက မခံရပ်နိုင်စွာပြောသည်။

ဂျမ်းကိုကြည့်ပြီး ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သည်ဘဝ ရောက်သည်တောင်မှ ဂျမ်းမှာ ကလေးစိတ်နှင့် ကလေးအတွေး မကုန်သေး။

ဖော်တွေးကမူ ဂျမ်း၏ ရုပ်သေးရုပ်။

ဂျမ်းပြောသမျှ သူ ခေါင်းညိတ်သည်။

'လျှော့ပေးတာ မဟုတ်ပါဘူး ဂျမ်းရယ်၊ ကိုကိုလတ်က မပြောချင်လို့ မပြောတာပါ'

အမောနှင့်ဆိုမိသည်။

'မေမေလတ် ကော်ဖီသောက်ပြီးပြီလား ကိုကိုလတ်'

ခေါင်းကို အသာခါသည်။

'မေမေလတ်ကလည်း ဒုက္ခပါပဲ၊ သူ့ချွေးမအဖျော်ကောင်းနေလို့ကတော့ တစ်သက်သောက်ရမှာ မဟုတ်ဘူး၊ ကဲ... ဂျမ်း ကော်ဖီဖျော်လိုက်ဦးမယ်၊ ကိုကိုလတ်နဲ့ကိုကို့အတွက်ပါ ဖျော်လာခဲ့မယ်'

ပြောပြီး ထိုင်ရာမှထသည်။

ဂျမ်းကဖော်တွေးကို စသား၍ အိမ်ပေါ်တက်ကတည်းက ကိုကိုဟုခေါ်သည်။

ဂျမ်းတို့အတွက်မေမေက တိုက်နှင့်တွဲကပ်ပြီး တစ်ထပ်တိုက်သေးလေးတစ်လုံး ဆောက်ပေးသည်။

ဂျမ်းနှင့်အိမ်ထောင်ကျမှ ဖော်တွေးတို့ ကျူတာဝင်လုပ်မည်ဆိုသည့် အစီအစဉ်ပျက်ရသည်။

မေမေက ကျောက်အကြောင်းနှင့်ရွှေအကြောင်းကို လက်ထပ်သင်ပြီး ဆိုင်မှာထိုင်ခိုင်းသည်။





အိမ်စရိတ်အဖြစ် တစ်လတစ်ထောင်ကျပ်တိတိ ထောက်ပံ့ပေး၏။

ဂျမ်းတို့နှင့်အတူ ဖော်တွေးအမေ အမေသုန်ပါ နေသည်။ မေမေကမူ အားလပ်သည့်ရက်များနှင့် အနားယူချိန်များတွင် အမေသုန်နှင့် စကားသက်ဆုံကျတတ်သည်။

အမေသုန်ကလည်း မေမေ့အပေါ်တွင် ကျေးဇူးနွံသည်။

ပျပ်ဝပ်သည်။

သည်အချက်နှင့်ပင် ဖော်တွေးတို့မိသားစု အမှတ်ပြည့်ရထား၏။

'ကိုလတ်... သဲမာကိုချွေးနွေးပါဦး'

'ချွေးနွေးတာပဲကွာ၊ ဒီထက်မက ချွေးနွေးရရင်လည်းလျှာရေညိုတက်မှာပဲ၊ တစ်မျိုးပဲလေ၊ အချစ်မှာ ဦးကျိုးခဲ့ရတော့ အိမ်ထောင်ရေး ဘာကောင်းတော့မလဲ'

ဆို့နင့်ကြေကွဲမှုကို အတတ်နိုင်ဆုံး ထိန်းထားရသည်။

စသားကတည်းက အဆင်မပြေရသည့်အိမ်ထောင်ရေးကို ဖော်တွေးသိသည်။

စရိုက်ချင်းမတူ၊ ဝါသနာချင်းမတူသော အိမ်ထောင်မှု၏ ဒုက္ခကို လက်တွေ့ကျမှ သိရသည်။

အဆင်မပြေမှုများနှင့် ဝါသနာစရိုက် မတူမှုများကို မေမေသည်လည်း နားလည်လိမ့်မည်။

သိလိမ့်မည်။

မေမေရွေးတည်ပေးခဲ့သော အိမ်ထောက်ဘက်၏ ဒဏ်


www.burmeseclassic.com

www.burmeseclassic.com



ကို မေမေသည်လည်း ခါးစည်းခံနေရသည်ကို မပြောဘဲနှင့် သိသည်။

ကော်ဖီပန်းကန်များနှင့် ဂျမ်းရောက်လာသည်။

စားပွဲမှာ ပန်းကန်များချပေးပြီး ဂျမ်းက မေမေ့အတွက် ကော်ဖီတစ်ပန်းကန်ယူပြီး သွားပို့သည်။

ဂျမ်းပြန်ထွက်လာသောအခါ ဂျမ်း မျက်နှာမကောင်း။

ဘာဖြစ်လို့လဲဆိုသည့် အမေးမျိုးဖြင့် ဂျမ်းမျက်နှာကို လှမ်းကြည့်ဖြစ်သည်။

'ကော်ဖီသောက်ရင်း မေမေလတ် မျက်ရည်တွေဝဲနေတယ် ကိုကိုလတ်ရယ်၊ ပြီးတော့ မေမေလတ် အံကိုမသိမသာကြိတ် တယ်၊ ဂျမ်းကို သမီးလေးရယ်ဆိုပြီး တွေတွေကြီး စိုက်ကြည့်တယ် ကိုကိုလတ်ရယ်'

ပိုမိုမောသွားသည်။

စကားကို ဆက်မပြောဖြစ်။

သောက်ရမည့် ကော်ဖီအရသာပင် ပျောက်ကွယ်သလိုဖြစ်နေသည်။

ခြံရှေ့မှ ကားရပ်သံကြားရသည်။

ဂျမ်းက ခေါင်းကလေး ထောင်ကြည့်သည်။

ကားသံကြားကတည်းက သဲမာ ပြန်ရောက်လာမှန်းသိသည်။

တစ်ဆက်တည်းပင် ဦးသော်အသံနှင့် ခြံတံခါးဖွင့်သံကို ကြားရသည်။





'တိုင်းခန်းလှည့်လည်ပြီး ပြန်လာပြီ ကိုကိုလတ်'

ပြောပြီး ဂျမ်းက ဖော်ထွေးကိုခေါ်ပြီး သူ့တိုက်ဘက် ပြန်ကူးသွားကြသည်။

ကျော်ကိုလတ် ထိုင်ရာမှထလိုက်၏။

သံတံခါးသော့ကို ဖွင့်သည်။

သဲမာနှင့် မျက်နှာချင်းဆိုင် ဖြစ်လိုက်၏။

'ဟင်… ကိုကိုလတ် မအိပ်သေးဘူး'

သဲမာအသံက နွဲ့နေသည်။

'ဟုတ်တယ်… သဲမာကိုကိုယ်စောင့်နေတာ'

'ဩော်… ကိုကိုလတ်ရယ်၊ မျက်လုံးချင်းတူတာလိုက်လို့၊ အိပ်ချင်ရင် အိပ်နှင့်ရောပေါ့'

စကားကိုဆက်မဆို။

စလင်းဘက်စ်အိတ်ကို ယမ်းပြီး သဲမာ အိပ်ခန်းထဲဝင်သွား၏။ သံတံခါးသော့ကိုခတ်ပြီး သဲမာနောက်မှ လိုက်ပါလာခဲ့၏

'စီပီယာတို့နဲ့ စကားကောင်းနေတာ ကိုကိုလတ်ရယ်၊ အပြန်တော့ သူတို့မောင်နှမ လိုက်ပို့တယ်လေ၊ စီပီယာရဲ့မောင် အော်စကာကို ကိုကိုလတ် မြင်ဖူးတယ် မဟုတ်လား ဟင်း… ဟင်း… အော်စကာက သဲမာကို ဘာပြောတယ် မှတ်သလဲကိုကိုလတ်'

မျက်မှောင်ကို ကြုတ်ထားလိုက်မိသည်။

ဆက်ဆံရေးသည် လင်မယားဆက်ဆံရေးမှ ဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လေစ ဟုတွေးမိ၏။

'သဲမာကတဲ့ အိမ်ထောင်ကျတယ်သာ ဆိုတယ်တဲ့ အလှကတော့ လုံးဝမကျဘူးတဲ့၊ အပျိုတွေလှတယ်ဆိုတာ သဲမာခြေသည်း ဆိုးသလောက်ရှိတယ်တဲ့၊ ဟင်း… ဟင်း အော်စကာကတော့ ပြောကောင်း ကိုကိုလတ်ရေ… အဲဒါနဲ့ မိသဲမာတို့ နန်းယုမှာကျွေးလိုက်ရတာ နှစ်ရာတန်နှစ်ချပ်ကလေး ချောရော'

ပြောရင်းရယ်ရင်းနှင့် သဲမာက အပေါ်အင်္ကျီကိုချွတ်သည်။ ကျော်ကိုလတ် သဲမာ၏လှုပ်ရှားမှု အားလုံးကို ခပ်စူးစူးကြည့်နေမိသည်။

'သဲမာ'

'ဘာလဲ ကိုကိုလတ်ရယ်'

'လင်ယောကျ်ားရှေ့မှာ အရှက်အကြောက်တရားလေးကိုတော့ ထားပါဦး သဲမာ'

'အို… ကိုကိုလတ်ရယ် လင်မယားအခန်း၊ ကိုယ့်လင်ရှေ့မှာချွတ်တာ ဆန်းသလား၊ သဲမာနဲ့ ကိုကိုလတ်က သူစိမ်းလား'

'ကဲ… ဒါတွေထားပါ သဲမာ၊ သဲမာဟာ အိမ်ထောင်သည်တစ်ယောက်ဆိုတာကိုကော သဲမာ သတိပြုမိရဲ့လား'

'ဘာဖြစ်လို့လဲကိုကိုလတ်'

အံ့ဩဟန်ကို သရုပ်ဆောင်လုပ်ထားမှန်း သိသည်။

မျက်လုံးကလေးများကို ဝိုင်းအောင်လုပ်ထားပြီး တအံ့တဩပြုမူတတ်သည်မှာ သဲမာ၏ အကယ်ဒမီပေးလောက်သည့်ဟန်။





'သဲမာ ပြန်လာတာ ဘယ်အချိန်ရှိပြီလဲ၊ လင်ရှိမိန်းမတစ်ယောက်ရဲ့လည်ရာက ပြန်လာတဲ့အချိန်လားကွ'

စကားကို ခပ်ကြမ်းကြမ်းသုံးဖြစ်သည်။

သဲမာကလည်း မာနကိုထုတ်လာ၏။

'မိဘလက်ထက်ကတည်းက သွားလာလည်ပတ်နေတာကိုကိုလတ်၊ ယောကျ်ားရမှ အလည်လျှော့ရမယ်၊ အခွင့်အရေးဆုံးရှုံးရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး'

စကားကို အဆီအငေါ် မတည့်ဆိုသည်။

'ဒီမှာ သဲမာ တို့နေတာ သီးခြားအရပ်မှာနေတာ မဟုတ်ဘူးကွ၊ မိဘရိပ်မှာနေတာ၊ မေမေဟာ ခေတ်ဆန်ပေမယ့် ခေတ်ရှေ့မပြေးဘူး၊ မင်းရဲ့အနေအထိုင်ကို မေမေ စိတ်မတွေ့ဘူး သဲမာ'

'အဲဒါကို ကျွန်မက ဘာလုပ်ပေးရမလဲ'

'ဘာကွ'

ဒေါသက ထိတ်ခနဲ ကြွတက်လာသည်။

'ဟုတ်တယ်လေ၊ ဒါကို ကျွန်မက ဘာလုပ်ပေးရမှာလဲ'

ရွဲ့မှန်းသိသည်။

မျက်နှာကို ခပ်စူးစူးကြည့်ပြီး ပါးကိုဆတ်ခနဲ ရိုက်လိုက်သည်။

'ဖြန်း…'

'ဟင်… ရှင်က ကျုပ်ကို ရိုက်တယ်'

သဲမာက အာက။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး နပန်းလုံးသည်။

အိပ်ခန်းထဲမှ အလဲလဲအပြိုပြိုသံများကြောင့် မေမေအိပ်ခန်းထဲ ပြေးဝင်လာသည်။

မေမေ့နောက်မှ ဓော်ထွေးနှင့်ဂျမ်း။

ဂျမ်းကမူ သဲမာကိုမျက်လုံးစိမ်းကြီးနှင့် စိုက်ကြည့်နေသည်။

'ငါ့ပါးကို ငါ့မိဘတောင် မရိုက်ဘူး'

သဲမာက ကုန်းအော်သည်။

'ဟုတ်တယ် နင့်မိဘ မရိုက်ပေမယ့် ငါရိုက်တယ်၊ နောက်နောင်ကို အသွားအလာ အနေအထိုင် ဆင်ခြင်ပါ၊ ခုရိုက်တာ အကင်းအဖျားပဲ ရှိသေးတယ်ဆိုတာမှတ်'

သဲမာက အံကိုကြိတ်သည်။

စူးနစ်သော မျက်လုံးကြီးနှင့်မိုက်ကြည့်ကြည့်၏။

ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ချေသည်။

□ □ □





(၂၈)

သစ်ရွက်ကလေးများ လှုပ်ခတ်သလို ရင်မှာလှုပ်ခတ်ရသည်။

အပျော်ခရီးဖြစ်သော်လည်း ရင်မှာ အပျော်လေးများဖြစ်နေသည်။

တောတွေ တောင်တွေ ငှက်ကလေးတွေ မြင်လျှင် ကိုလတ်ကို သတိရရသည်။ လွမ်းရသည်ဆိုသည့် အဖြစ်ကို စပယ် မစဉ်းစားတတ်တော့။

ကားပေါ်မှာ ခပ်ငူငူ ထိုင်နေသည့်အဖြစ်ကို ကားပေါ်ပါလာသူ အားလုံးက သိသည်။

'စပယ်ရယ်... တစ်လမ်းလုံး စကားမပြောနဲ့ ဘာတွေစဉ်းစားနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

နွဲ့ဝေအသံကြောင့် သတိဖျတ်ခနဲ ဝင်လာသည်။

'အဲ…ဟို… ဘာမှ မစဉ်းစားပါဘူး နွဲ့ဝေ၊ ပတ်ဝန်းကျင်သဘာဝက တောတောင်တွေဆိုတော့ စိတ်မှာတစ်မျိုးသစ်ဆန်းသွားလို့ပါ'

အမေးကို အမှောတကောဖြေမိသည်။ ယုံကြည်ကြလိမ့်မည် မဟုတ်တော့ဟု ထင်၏။ အားလုံး၏ မျက်နှာတွင် အပြုံးလေးများက ကိုယ်စီ။

ဦးသက်တင်က ကားမောင်းနေရင်းမှ အသာလှည့်ကြည့်ပြီး…

'လွမ်းစရာတွေ ဆွေးစရာတွေ ကျန်သေးလို့လား မစပယ်ရာ၊ ကျွန်တော် မေမြို့တက်ပြီး ပျော်ပွဲစားထွက်တယ်ဆိုတာ မစပယ်အတွက် အပျော်ဖြစ်ဖို့ မနွဲ့ဝေနဲ့တိုင်ပင်စီစဉ်ရတာပါ'

စကားကြောင့် စပယ့်မျက်နှာမှာ ရဲခနဲ ဖြစ်သွားရသည်။ ကားပေါ်မှာ ပါသူများက ရင်းသားရင်းသူများဖြစ်သည်။

အမျိုးသားဆို၍မှ ဦးသက်တင်နှင့် သူ့မိတ်ဆွေ ငွေစာရင်းဌာနမှ ကိုတင်ဆန်းတို့ဖြစ်သည်။

ကျန်လူများက စပယ်တို့အဖွဲ့။

ပါလာသူ ဖြူဖြူနှင့် ကြူကြူ ညီအစ်မကမှ စကားနည်းသည်။

စကားအေးသည်။

ဘာတွေပြောပြော ပြုံးပြုံးလေးသာ နေတတ်ကြ၏။

စပယ်က အားလုံး၏ မျက်နှာကို ဝေ့ခနဲ ကြည့်သည်။





မျက်နှာအားလုံးတွင် ထူးခြားရိပ်များမပြ။

ဦးသက်တင်က စပယ့်ကို မေတ္တာရှိနေကြောင်းကိုမူ နွဲ့ဝေဆိုသည့် မောင်းကြောင့်အားလုံး သိထားကြသည်။

တစ်နေ့ သူတို့နှစ်ဦး စုလျားရစ်ပတ်နေကြပေမည်ဟု တွက်ထားပြီးသူများ ဖြစ်ကြသည်။

သို့သော်လည်း စပယ့်ရင်မှ လှုပ်ရှားသွားလာရမှုကို အားလုံးမသိကြ။

'စပယ့်အတွက် စေတနာတွေ သိပ်ပိုမနေပါနဲ့ ဦးသက်တင်'

ယင်းစကားကို စပယ်သည် ရဲရဲဝံ့ဝံ့ ဆိုဖြစ်၏။

'ဘာဖြစ်လို့လဲ စပယ်ရယ်'

'စေတနာဆိုတာ တုံ့ပြန်တတ်ရစမြဲ မဟုတ်လား၊ စပယ့်မှာ တုံ့ပြန်နိုင်တဲ့ အင်အားတွေမဲ့နေရင် အားနာစရာ ဖြစ်နေမှာစိုးလို့ပါ ဦးသက်တင်'

အားလုံးက စပယ့်ကို ဝေ့ခနဲ ကြည့်ကြသည်။

နွဲ့ဝေက စပယ့်ဖိုက်သားအိအိကို တံတောင်နှင့်မသိမသာ တွက်သည်။

အဲသလို မပြောပါနဲ့ စပယ်ရယ်ဆိုသည့် သဘော။

စပယ်သည် ပင့်သက်ကို တိုးညင်းစွာ ချလိုက်မိသည်။

စကားသည် အားနာစရာ စကားမဟုတ်သည်ကိုတော့ ကိုယ့်ဘာသာကိုယ်သိ၏။

ဦးသက်တင် မျက်နှာကို မသိမသာ လှမ်းကြည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

မျက်နှာတွင် ညှိုးရိပ်တွေ ဝေနေသည်။

ကြေကွဲရိပ်များ တစ်လိပ်လိပ်တက်လာသည်ဟု ခံစားရ၏။

ခြောက်ထပ်ကွေ့အရောက်တွင် လမ်းလျှောက်ပြီး တက်ကြရအောင်၊ ကိုတင်ဆန်းက ကားကို ကြိုမောင်းသွားဗျာ'

'အိုကေ… ကိုသက်တင်'

အားလုံးကားပေါ်မှ ဆင်းကြသည်။

ပျော်သလိုတော့ စိတ်မှာ ခံစားလာရသည်။

သဘာဝရေမြေ တောတောင်က စိတ်နှလုံးကို လန်းဆန်းစေလာ၏။

စပယ့်ကိုကြည့်ပြီး ဦးသက်တင်က ပြုံးသည်။

'မေမြို့ကားလမ်းမပေါ်က သဘာဝရှုခင်းတွေကတော့ အရမ်းလှပတာပဲ စပယ်'

'ဟုတ်တယ် ဦးသက်တင်၊ သဘာဝကို စပယ်ခံစားလို့ ရပါတယ်'

အရယ်ကလေးနှင့်ပြန်ဆိုဖြစ်၏။

စပယ့်မျက်နှာမှ အပြုံးရိပ်များ ပေါ်ထွက်လာသဖြင့် ဦးသက်တင်ရင်မှာ အပျော်လေးများ ဖြစ်လာသည်။

နွဲ့ဝေက ဖြူဖြူနှင့်ကြူကြူကို ဦးဆောင်ပြီး ရှေ့မှအပြေးကလေးတက်ကြသည်။

'ကျွန်တော် အရမ်းပျော်နေပါတယ် စပယ်'





သည်တစ်ခါမှ စပယ်က ခပ်လှဲ့လှဲ့ ပြုံး၏။

'ပျော်တယ်ဆိုတာ ကောင်းပါတယ်ရှင်'

ကုန်းမြင့်ပေါ်မှ သစ်ပင်ကြီးကိုကြည့်ပြီး စပယ်ကပြောသည်။

တောင်အတက်လမ်းကို ဖြည်းညင်းစွာလျှောက်ရင်း ကားကိုလှမ်းကြည့်သည်။

ကွေ့၏ နောက်ဆုံးအတက်တွင် ကိုတင်ဆန်းက ကားကို ရပ်ထားသည်။

နွဲ့ဝေ၊ ဖြူဖြူနှင့်ကြူကြူတို့က ကားဆီသို့ အပြေးကလေး သွားကြ၏။

'စပယ်…'

ဦးသက်တင်က တီးတိုးခေါ်သည်။

'ရှင်…'

စပယ်က တိုးညင်းစွာထူးသည်။

'ကျွန်တော် စပယ့်ကို စကားတွေ ပြောချင်ပါတယ် စပယ်'

'ဘာများလဲရှင်'

စပယ့်အမူအရာက အေးဆေးတည်ငြိမ်နေသည်။

တောင်တန်းများကြားမှ လေအေးက ဝှေ့ခနဲ တိုက်ခတ်လာ၏။

'ကျွန်တော် စပယ်နဲ့ ဆက်နွယ်နေတဲ့ ဝေဒနာခံစားမှုတွေကို သိသင့်သလောက် သိထားပါတယ် စပယ်'



www.burmeseclassic.com

www.burmeseclassic.com



စပယ် နှုတ်ကို ဆိတ်ထားသည်။

'အတိတ်ဆိုတာ မေ့ပျောက်လို့မရပေမယ့် ပစ္စုပ္ပန်မှာ နာတာရှည်ကြီးလို ဖြစ်နေတာက ကိုယ့်စိတ်ကို ကိုယ်ညှဉ်းပန်းနှိပ်စက်နေသလို ကျပါတယ် စပယ်'

'အဲဒါ ကျွန်မရဲ့ဝေဒနာ အပျော်ပါ ဦးသက်တင်၊ ကျွန်မချစ်သူအကြောင်းကို စဉ်းစားပြီး ခံစားနေရတဲ့သောကကို ကျွန်မ အရမ်းသဘောကျနေမိတယ်'

'အင်း… မစပယ်တော့ စိတ္တဇဝေဒနာ စွဲကပ်နေပြီထင်ပါရဲ့ဗျာ'

ရယ်သလိုဆိုသော်လည်း အရယ်က ခြောက်ကပ်နေသည်။

'ကျွန်မ… ကျွန်မ… ချစ်သူကို အရမ်းချစ်ခဲ့တယ် ဦးသက်တင်'

ဦးသက်တင် မျက်နှာ ညှိုးခနဲ ဖြစ်သွား၏။

'ကျွန်မ ခေတ်ပညာတတ်တစ်ယောက်ပါ၊ ဦးသက်တင်က ကျွန်မကို စကားတွေအများကြီး ပြောချင်ပါတယ်ဆိုကတည်းက ကျွန်မ အရိပ်ခြည်ကို နားလည်ခဲ့ပါတယ်'

'အာ… ဝမ်းသာလိုက်တာ မစပယ်ရယ်'

စပယ်က ဦးသက်တင်မျက်နှာကို ဆတ်ခနဲကြည့်သည်။

ပြင်ဦးလွင် မန္တလေးပြေးဆွဲနေသော ဂျစ်ကားတစ်စီးက နံဘေးမှနေ၍ ခပ်ကြမ်းကြမ်း မောင်းဆင်းသွားသည်။

'သြော်… ဦးသက်တင်ရယ်၊ အရမ်း ဝမ်းမသာပါနဲ့ဦးလားရှင်၊ ကျွန်မရင်ထဲမှာ ကျွန်မ ကိုကိုကလွဲလို့ ဘယ်သူ့ကိုမှ ကျွန်မမေတ္တာပေးနိုင်မယ် မဟုတ်ပါဘူးရှင်'





'မစပယ်ရယ်… စပယ့်ကိုကိုနဲ့က ဘဝခြားသွားပြီပဲဗျာ'

'ရှင်…'

အံ့ဩစိတ်က ရိပ်ခနဲတက်လာသည်။

အထိတ်တလန့်ဖြင့် မျက်နှာကိုကြည့်မိ၏။

'ကျွန်တော် စပ်စုတဲ့သူတစ်ယောက် မဟုတ်ပါဘူး စပယ်၊ ဒါပေမဲ့ ကျွန်တော် မြတ်နိုးမိတဲ့ မစပယ်နဲ့ ပတ်သက်လို့ ကျွန်တော် လေ့လာသင့်သလောက် လေ့လာရင်း သိခဲ့ရတာပါ စပယ်ရယ်၊ ကျွန်တော့်ကို ယုံပါ၊ ဒီအသက်အရွယ်ရောက်မှ ချစ်ခွင့်ကို မတောင်းဆိုချင်ပါဘူး၊-လက်ထပ်ခွင့်ကိုပဲ တောင်းဆိုပါရစေ၊ ကျွန်တော် စပယ့်ကို လက်ထပ်ပါရစေဗျာ'

'အို… မဖြစ်နိုင်တာရှင်'

'ဖြစ်နိုင်ပါတယ် စပယ်ရယ်၊ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ လွတ်လပ်သူတွေပါ'

'ကျွန်မ… ကျွန်မ… ကျွန်မ ချစ်သူအပေါ် သစ္စာမဖောက်ပါရစေနဲ့ရှင်'

အကြောက်တလန့်ဆိုသည်။

မျက်ဝန်းရိပ်တွင် ကိုကိုလတ်၏ ပုံသဏ္ဌာန် ထင်ဟပ်လာသည်။

သြော်… အချစ်ရယ်၊ ဘဝခြားပြီး ကမ္ဘာခြားပြီဆိုတာ တကယ်လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်တာ စပယ်ရယ်၊ ဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ စပယ်က သစ္စာဖောက်ခဲ့တာမှ မဟုတ်တာဗျာ၊ [illegible] လို့ တခြားအမျိုးသမီးတစ်ယောက်ကို သူက စတင်ယူသွားတာပဲဗျာ'

ရင်မှာ မောကျပ်လာသည်။

ပျော်စပြုလာသည့် အပျော်ကလေးသည် ရုတ်ခြည်း ပျောက်ကွယ်သွားရ၏။

မျက်ဝန်းတွင် မျက်ရည်ကြည်လေးများ ဝဲရစ်လာသည့် ကိုယ့်အဖြစ်ကို ပြန်လည် သတိပြုမိသည်။

'ကျွန်မစိတ်တွေ အရမ်းလှုပ်ရှားနေပြီ ဦးသက်တင်၊ ကျွန်မခေါင်းတွေ နောက်ကျိနေပြီ ကျွန်မတို့ ဒီကိစ္စတွေ မပြောကြပါနဲ့လားရှင်'

'တောင်းပန်ပါတယ် စပယ်ရယ်၊ ကျွန်တော့်ရင်ထဲမှာ စပယ် စိတ်ဆင်းရဲပါစေဆိုတဲ့ စိတ်ဆန္ဒ လုံးဝမရှိပါဘူး၊ စပယ် အချိန်ယူစဉ်းစားပါဗျာ၊ ကျွန်တော် စပယ့်ထံက လက်ထပ်ခွင့်ကို နေ့ရှိသရွေ့ စောင့်မျှော်နေပါ့မယ်'

'ဟင်... ဒုက္ခပါပဲရှင်'

စကားကိုဆက်မဆိုဖြစ်တော့။

ကားဆီသို့ လျှောက်ခဲ့သည်။

ကားနားသို့ရောက်သောအခါ အပြုံးကိုယ်စီနှင့် လှမ်းကြည့်နေသော မျက်လုံးများကို တွေ့ရသည်။

နွဲ့ဝေက...





'ဦးသက်တင်...'

'ဗျာ...'

'ကျွန်မ သူငယ်ချင်း မျက်နှာမကောင်းဘူး'

'ဘာဖြစ်လို့လဲဗျာ'

'ရှင် ကပ်ပြီးရည်းစားစကား ပြောလာတယ် မဟုတ်လား'

'ဟာဗျာ... မနွဲ့ဝေကလည်း'

အားလုံးဝိုင်းရယ်ကြသည်။

စပယ်ကမူ မျက်စောင်းကြီးကို လှဲခနဲ ထိုးလိုက်၏။

'နွဲ့ဝေနော်၊ သူတော်တော် အူမြူးနေတယ်'

'ဩော်... သူငယ်ချင်းရယ်၊ အပျော်ခရီးမှာ အားလုံးကိုပျော်စေချင်လို့ပါကွာ'

'ဒါဖြင့်ရင် မျောက်က ကပြလေ'

'အယ်... စပယ်ကလည်း'

ထပ်မံရယ်ကြပြန်၏။

ကားပေါ်တက်ခါနီးတွင် မေမြို့မှဆင်းလာသည့် လင့်ရိဘာ ကားတစ်စီး ခပ်ရမ်းရမ်းမောင်းဆင်းလာသည်။

စပယ်တို့ကားနှင့် ကိုက်နှစ်ဆယ်အကွာတွင် ကားက ကျွီခနဲ ထိုးရပ်သွား၏။

စပယ်တို့အားလုံး အစိမ်းရောင် လင့်ရိဘာကားဆီသို့ လှမ်းကြည့်ဖြစ်ကြသည်။

ဘက်ဂီယာသွင်းပြီး ကားက နောက်သို့ ခပ်ကြမ်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုတ်လာသည်။

အနားသို့ရောက်သောအခါ စပယ်၏ မျက်လုံးကလေး ဝိုင်းဝိုင်းလည်သွားတော့သည်။

'ဟင်… ကိုကျော်စွာ'

'ဟုတ်တယ် စပယ်၊ စပယ့်ကိုမြင်လို့ ပြန်လှည့်လာတာ မမျှော်လင့်ဘူး'

ရင်တွင် လိပ်ပြာလေးများ တောင်ပံခတ်နေပြီ။

ကိုကို့သူငယ်ချင်းနှင့်တွေ့သောအခါ ကိုကိုလတ်ကို ပို သတိရသည်။

မလွင့်ပြယ်နိုင်သေးသော အလွမ်းငွေ့လေးများ ပြန်လည် ဝေလာသည်။

ကျော်စွာ ကားပေါ်မှဆင်းလိုက်သည်။

အားလုံးကျော်စွာနှင့် စပယ့်မျက်နှာကို တစ်လှည့်စီ ကြည့်ဖြစ်ကြ၏။

ကျော်စွာက အားလုံးကို မျက်လုံးဝေ့ကြည့်ပြီး…

'ကျွန်တော် သတင်းတွေအကုန်ကြားတယ် စပယ်'

'ဟုတ်… ဟုတ်ကဲ့'

'ကျော်ကိုလတ် ပြောစကားအရဆိုရင်တော့ စပယ့်ဘက် ကအမှားပါဗျာ၊ လက်မထပ်ခင် ဒီကောင်ကြီး စပယ်တို့အိမ်လာ တယ်၊ အဲဒီတော့ စပယ် ရန်ကုန်မှာ မရှိတော့ဘူးလေ၊ တကယ်ဆို ဟိုကောင်ကြီးနဲ့ ပြန်တွေ့သင့်တယ်ပေါ့ဗျာ၊ တွေ့ပြီး အစီအစဉ်တွေ လုပ်ရင်နှစ်ယောက်စလုံး ဒီလောက် ခံစားကြရမှာမဟုတ်ဘူး'





ဝဲချင်သည့် မျက်ရည်က ဝိုင်းရစ်လာ၏။

'သူ့အတွက် ကျွန်မ ဆုံးဖြတ်ချက်ချပြီး လုပ်ခဲ့တာပါ ကိုကျော်စွာရယ်'

'သူ့အတွက်ဆိုတာက သောကတွေ၊ ဒုက္ခတွေပေးခဲ့တာ မဟုတ်လားဗျာ၊ ခု အိမ်ထောင်ကို သူမချစ်မနှစ်သက်ဘဲနဲ့ ယူ လိုက်ရတာပါ၊ အိမ်ထောင်ရေးကလည်း အဆင်မပြေကြပါဘူး စပယ်၊ ကောင်ကြီးက အေးအေးချမ်းချမ်းနေတတ်တယ်၊ တစ်ယောက်က ဆိုးရွယ်ကျတယ်'

'ဒါ… ဒါနဲ့… ကိုကျော်စွာ ပြင်ဦးလွင်က အလည်လာ တာလားဟင်'

စကားကို လမ်းကြောင်းပြောင်းရသည်။

ဆက်ပြောလျှင် မျက်ရည်တွင်တွင် ကျလာမည့် ကိုယ့် အဖြစ်ကို ကိုယ်သိသည်။

ဦးသက်တင်နှင့်နွဲ့ဝေတို့အားလုံးက မလှုပ်မယှက်။

ကျော်စွာကလည်း ပြောချင်သည့်စကားများကို သောဝန်း ကျင် မကြည့်ဘဲပြောသည်။

'ကျွန်တော် ကျောင်းပြီးကတည်းက ပြင်ဦးလွင်က အဘွားတွေနဲ့နေတာ စပယ်၊ အနီးစခန်းအနားမှာ ခြံလုပ်နေတယ် လေ၊ ခု မန္တလေးဆင်းပြီး ပစ္စည်းဝယ်မှာ'

'ရန်ကုန်ကို မရောက်ဘူးလားဟင်'

'ရောက်တာပေါ့ဗျာ၊ ရန်ကုန်ရောက်တုန်း ဘော်ခိုက် သူငယ်ချင်းတွေဆီသွားပြီး ပျော်ရမလား အောက်မေ့တယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲကိုဖျန်ပြီး ပြင်ဦးလွင် ပြန်တက်ခဲ့ရတယ်'

'ရှင်…'

'ကျော်ကိုလတ်နဲ့ သဲမာလေ၊ ရန်ဖြစ်ပြီး သတ်ကြပုတ်ကြနဲ့၊ ဟိုကောင်က လူအေးမဟုတ်လားဗျ၊ သဲမာက လက်သည်းရှည်ကြီးနဲ့ ဖိဖိပြီးကုတ်တာ သွေးကို ချင်းချင်းနီရော'

ပြောပြီး ကျော်စွာကရယ်သည်။

စပယ့်ရင်တွင်မူ အရယ်နှင့်အပြုံး အားလုံးကွယ်ပျောက်နေပြီ ဖြစ်သည်။

အတွေးတွင် ကိုကိုလတ် ရပ်ပုံကားချပ်ကို မြင်သည်။

'ကဲ… ကျုန်တော် သွားမယ် စပယ်၊ ဒါနဲ့ စပယ်ဘယ်မှာနေလဲ'

'စပယ် မန္တလေးနန်းရှေ့မှာနေတယ် ကိုကျော်စွာ စိုက်ပျိုးရေးရုံးမှာ စပယ်အလုပ်ဝင်နေတာ ကြာပြီ'

ဟုတ်လား၊ မဆုံဖြစ်ဘူးဗျာ၊ မန္တလေးကိုတော့ ခဏခဏဆင်းတယ်၊ ကဲ… သွားမယ် စပယ်၊ ကြုံရင် ရုံးကိုဝင်လည်မယ်'

'ဟုတ်ကဲ့… ကိုကျော်စွာ'

ကျော်စွာက ကားပေါ်တက်ပြီး လက်ကလေးကို မြှောက်ပြသည်။

ခပ်ကြမ်းကြမ်းလိမ့်ဆင်းသွားသော လင့်ရိဘာကားလေးကို ကြည့်ပြီး စပယ် ခပ်ငူငူ ရပ်နေမိသည်။

'သွားကြပါစို့ စပယ်'

နွဲ့ဝေ၏အသံကြားမှ လှုပ်ရှားသက်ဝင်လာသည်။





စပယ်သည် ကားပေါ်သို့ သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လို တက်လိုက်သည်။

ကားက ဘီးစလိမ့်သည်။

ကားပေါ်တွင် အရယ်စကားလေးများမဲ့သွားသည့် အဖြစ်ကို စပယ်သည် သတိထားလိုက်မိ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



(၂၉)

'မမလတ်ရယ်၊ ကိုယ့်ကိုကိုယ် နှိမ့်ချပြီးပြောမယ်ဆိုရင် ကျွန်တော်တို့ လင်မယားဟာ ဆရာ့လက်ထက်ကတည်းက မမလတ်တို့အပေါ် သစ္စာစောင့်သိခဲ့တဲ့ ကျွန်အရင်းကြီးတွေပါ၊ ကိုကိုလတ်ဆိုလည်း ကျွန်တော်ကုန်းပိုး ထိန်းကျောင်းပြီးကြီးပြင်းလာတာပါ၊ ကိုကိုလတ်တို့ လင်မယားကွဲစေချင်လို့ ဒီစကားမျိုးပြောတာမဟုတ်ပါဘူး၊ ကျွန်တော့်ရင်ထဲမှာ မခံမရပ်နိုင်လွန်းလို့ပြောရတာပါ'

မေမေက အံကို တင်းတင်းကြိတ်သည်။

ဂျမ်းက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။

ဖော်ထွေးကမူ အံ့အားအသင့်နှင့် ဦးသော်မျက်နှာကို လှမ်းကြည့်နေသည်။





'တစ်နေ့ကလည်း(၃၅)လမ်းက တိုက်ခန်းပေါ်တက်သွားတာ အကြာကြီးပဲ၊ ပြန်ဆင်းလာတော့ ပီတာဆိုတဲ့ ကောင်ကကားထိုလိုက်ပို့တယ်၊ ပြောရမှာ ရှက်ပါတယ် မမလတ်ရယ်၊ ကျွန်တော် လောကအတွေ့အကြုံတွေ ရှိလာတဲ့ယောက်ျားတစ်ယောက်ပဲ၊ အခြေအနေကို ကျွန်တော် သိတာပေါ့၊ ကျွန်တော်က မျက်နှာတင်းတင်းနှင့် ဖြစ်နေတော့ ပီတာ့ညီမတွေက လက်ဖက်သုပ်အတင်းကျွေးနေလို့ ကြာသွားတာ ဦးသော်ရေဆိုပြီး လေပြည်ထိုးတယ်၊ အဲဒီတော့ ပီတာဆိုတဲ့ကောင်က ပြုံးတယ်၊ အဲဒီအပြုံးကိုကျွန်တော်လည်း သဘောပေါက်တယ် မမလတ်ရာ၊ တော်တော်လည်းအခံရခက်ခဲ့ရတယ်'

ရင်မှာ တင်းခနဲ ဖြစ်သွားသည်။

ဒေါ်သက ဦးနှောက်ဆီသို့ ဒိုင်းခနဲရောက်လာ၏။

'ဘောက်...'

ကျော်ကိုလတ်သည် တက်ကို ပြင်းပြင်းထန်ထန် ခေါက်ပစ်လိုက်၏။

'ကိုကိုလတ်ရယ်၊ ဦးသော်က လင်မယားကြားဝင်တာ မဟုတ်ပါဘူး၊ မခံမရပ်နိုင်လွန်းလို့ပါ၊ ဦးသော်ကိုသတ်ချင်ရင်လည်း သတ်ပစ်လိုက်ပါ'

'မဟုတ်ဘူးဦးသော်၊ မဟုတ်ဘူး၊ တကယ်တော့ ဦးသော်ဟာ ကားဒရိုင်ဘာဆိုပေမယ့် ကျွန်တော်တို့ မိသားစုအရင်းကြီးလိုပါ၊ အဖြစ်မှန်အားလုံးကို ဦးသော်ပြောပြရမှာပေါ့၊ ပြောလည်း ပြောသင့်တယ် ဦးသော်'



www.burmeseclassic.com

www.burmeseclassic.com



'ခုလည်း ပါတီပွဲတဲ့၊ ယောကျ်ားတွေချည်းပဲ ကိုကိုလတ်၊ ပုံစံတွေက ကိုးရိုးကားရားနဲ့၊ ဦးသော်က ပြီးတဲ့အထိ စောင့်နေပါ့မယ်ဆိုတော့ ပြန်တော့တဲ့၊ အပြန်မိုးချုပ်မယ်လို့ ပြောလိုက်တဲ့ဘော်ဒါတွေထဲက တစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းမယ်တဲ့'

ကျော်ကိုလတ် ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။

'ကျွန်တော့်ကို အဲဒီနေရာ လိုက်ပို့ပါ ဦးသော်၊ ကျွန်တော် ရှင်းမယ်'

ဦးသော် မျက်စိသူငယ် ဖြစ်သွားသည်။

'သား... စိတ်ကို ငြိမ်ငြိမ်သက်သက်ထားစမ်း၊ ဒီမိန်းတွေက မေမေမွေးခဲ့တဲ့မီးတွေ၊ မေမေပဲ ငြိမ်းသတ်မယ်၊ သားပြန်ထိုင်'

'မေမေရယ် သားနေရာက ဝင်ခံစားကြည့်ပါ'

ဒေါသနှင့်ယှဉ်သော မျက်ရည်က ဝဲလာ၏။

'မေမေနားလည်ပါပြီ သားရယ်၊ မေမေကြောင့် ငါ့သားစိတ်သောကရောက်ရတာပါ၊ တွေ့ကြမှာပေါ့လေ၊ ဒီညပဲ မေမေနဲ့တွေ့မှာပါ'

မေမေ့မျက်နှာမှာ တင်းမာလွန်းသည်။

အပေါ်သွားနှင့်အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်မှာ ပေါက်ထွက်လုမတတ် ဖြစ်သည်။

'မေမေလတ် အဲဒီမိန်းမကို ဂျမ်း ကြည့်မရတာကြာပြီ၊ ရတနာ့ဥယျာဉ်ခြံကို သူရောက်လာမှ မိသားစုအားလုံး စိတ်သောကရောက်ရတယ်၊ ဂျမ်းမခံနိုင်ဘူး၊ ဒီကောင်မပြန်လာရင် ဂျမ်း





ကိုယ်တိုင် ဝင်နပန်းလုံးမယ်'

'ဩော်... သမီးရယ်... စိတ်ကိုအေးအေးထားကြစမ်းပါ၊ မေမေလတ် ရှင်းပါ့မယ်ဆိုကွယ်'

အားလုံး ငြိမ်သက်သွားကြသည်။

ဦးသော် ခပ်ယိုင်ယိုင်နှင့် ပြန်ထွက်သွားသည်။

အားလုံးမေမေ့မျက်နှာကို စောင်းငဲ့ကြည့်ဖြစ်ကြသည်။

မေမေ့မျက်နှာ အသွင်သဏ္ဌာန်တွင် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချနေသည့် သဏ္ဌာန်များပေါ်လွင်နေ၏။

□ □ □

ခြံရှေ့မှာရပ်သည့် ကားသံကို ကြားရသည်။

စကားသံသဲ့သဲ့ကိုကြားရပြီး ခြံတံခါးဖွင့်သံကိုပါ ကြားရသည်။

မေမေသည် ထိုင်ရာမှ ဆတ်ခနဲ ရပ်လိုက်၏။

မေမေ့မျက်နှာတွင် မခံရပ်နိုင်သည့် အသွင်သဏ္ဌာန်များ ရုတ်ခြည်းပေါ်လွင်လာ၏။

သဲမာ၏အချစ်... မင်းငါအားလုံး လွတ်လပ်ခွင့်ပေးသည်ဆိုသည့် အင်္ဂလိပ် သီချင်းသံသဲ့သဲ့ကို ကြားရသည်။

တစ်ဆက်တည်းပင် ဘာဂျာတံခါးလှုပ်ခတ်သံကိုပါ ကြားရ၏။

'ကိုကိုလတ်... ဟေ့... ကိုကိုလတ်၊ အိပ်နေပြီလား



www.burmeseclassic.com

www.burmeseclassic.com



မောင်ရ'

သဲမာအသံ မမှန်။

မေမေသည် သံတံခါးဆီသို့ ဆတ်ခနဲ ထသွားသည်။

မေမေ့ကို မြင်သောအခါ သဲမာကိုယ်ရှိန်တန့်သွား၏။

'ဟင်… အန်တီ မအိပ်သေးဘူးလား'

'မေမေက စကားမဆို။ ခတ်ထားသည့် သော့ကို ဖွင့်လိုက်၏။

သဲမာတိုက်ထဲ ဝင်လာသည်။

'ကိုကိုလတ်… သဲမာ အိပ်ချင်ပြီကွာ၊ အိပ်ကြရအောင်ပါ'

မေမေ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်ကို မီးရောင်အောက်မှာ မြင်ရသည်။

ကျော်ကိုလတ်သည် သဲမာကို အံ့သြထိတ်လန့်သော အကြည့်ဖြင့်ကြည့်နေမိ၏။

'သဲမာ ထိုင်ပါဦးကွ'

'ဘာပြောစရာရှိလို့လဲ အန်တီ'

'ညည်းနဲ့ စကားပြောချင်လို့'

'ပြောစရာရှိရင် နက်ဖြန်မှပြောပါ၊ သဲမာ အိပ်ချင်ပြီ'

အမူအရာက ဖမာမခန့်နိုင်သည်။ ကျော်ကိုလတ်ရင်မှာ တင်းခနဲ ဖြစ်သွား၏။

မပြောတော့ဟု ဆုံးဖြတ်ထားသော်လည်း ပြောရမည့် အခြေအနေ။





မေမေ့ကို မရှိမသေပြုသည်ကို ရင်မှာ ခံခက်နေသည်။

'သဲမာ၊ မင်း မေမေပြောမယ့်စကားကို နားထောင်ပါ၊ ဒီအိမ်မှာ မေမေ့ရဲ့စကားဟာ အမိန့်ပဲ'

သဲမာက ကျော်ကိုလတ်ကို မျက်လုံးစွေစောင်းပြီး ကြည့်သည်။

'ညည်းရဲ့ အပြုအမူတွေဟာ သိပ်လွန်နေပြီ သဲမာ'

'ဒါဟာ ကျွန်မ ယောကျ်ားပြောရမယ့် စကားတွေပါ၊ ယောက္ခမက ဘာမှ ပြောနေစရာ မလိုပါဘူး'

'ဘာ'

မေမေ့အသံ ဟိန်းတက်သွား၏။

ဂျမ်း တစ်ဖက်တိုက်ခန်းမှ အပြေးကလေးရောက်လာသည်။ ကျော်ကိုလတ် မျက်လုံးဝိုင်းခနဲ ပြူးသွား၏။

'ဂျမ်း ကိုယ့်အခန်းကိုယ် ပြန်သွားစမ်း၊ ဖော်ထွေး ဂျမ်းကိုခေါ်သွား'

ကျော်ကိုလတ်က ဂျမ်းကို လှမ်းပြီးမာန်ရသည်။ ဂျမ်းစိတ်ဓာတ်နှင့်သတ္တိကို သိသည်။

မေမေ့ကို သဲမာ ပမာမခန့်ဆက်ပြောလျှင် ဂျမ်းနှင့်ထိပ်တိုက်တွေ့မည်။

ဖော်ထွေးက ဂျမ်းကို တိုက်ဘက်ဆွဲခေါ်သွား၏။

'ဩော်… ရှင်တို့အားလုံးက ကျွန်မကို ဝိုင်းပြီးအမျက်ကြဖို့ ကြံစည်နေကြတာလား၊ ဒီမယ် တစ်ကောင်ကြွက် တစ်မျက်နှာမဟုတ်ဘူး၊ စမ်းကြည့်စမ်းပါ၊ ယောက္ခမကလည်း လူကြီးမပီ



www.burmeseclassic.com

www.burmeseclassic.com



သဘူး၊ လင်ကလည်း မအေရဲ့ရုပ်သေးရုပ်လေး ဒီမယ် သဲမာဆိုတဲ့ ကောင်မကို ရုပ်သေးရုပ်လေးလို ကခိုင်းတိုင်ခိုင်းလို့ မရဘူးဆိုတာ မှတ်ထားစမ်းပါ'

သဲမာ ခုနစ်သံချီလာသည်။

မေမေသည် ဒေါသစိတ်ဖြင့် အသားများ တဆတ်ဆတ် တုန်လာသည်။

သဲမာ၏ ပါးကိုရိုက်ရန် လက်ကိုရွယ်လိုက်၏။

'ဟင်း…'

မေမေသည် စိတ်ကို ပြန်ထိန်းလိုက်သည် ထင်၏။

မျက်နှာကို ခပ်ရှုးရှုးကြည့်ပြီး ဖုန်းတင်ထားသည့် ခုံသို့ သွားသည်။

ဖုန်းခွက်ကို ကောက်ကိုင်ပြီး ဂဏန်းကွက်ကလေးများကို လှည့်လိုက်၏။

'ဟလို… ခိုင်သဇင်လား'

'….'

'အိမ်ကို ခဏကြွပါ ခိုင်သဇင်'

'….'

'အရေးကြီးတာမှ သိပ်ကိုအရေးကြီးတာပေါ့ကွာ၊ မင်းရဲ့ သူငယ်ချင်း ခင်မေလတ်ဆိုတာကလည်း ငယ်ငယ်ကတည်းက အလုပ်တစ်ခုကို ခုဆိုထလုပ်တတ်တဲ့သူမဟုတ်လား'

'….'

'ကောင်းပြီ စောင့်နေမယ်'





မေမေ ဖုန်းခွက်ကို ပြန်ချသည်။

'ဒါ ဘာသဘောလဲ အန်တီ'

'ဘာသဘောလဲ ဟုတ်လား၊ သဘောကတော့ မိန်းမ မပီသတဲ့၊ လင်ယောကျ်ားရှိလျက်နဲ့ ဖောက်ပြားတဲ့ မင်းကို ရတနာဥယျာဉ်ခြံက မလိုလားတော့လို့ပဲ'

'ဪ… သည်လိုလား၊ ရှင့်သား နွားကျခံပြီးပေါင်းတာကိုကော ခုမှ သိတယ်လား'

'ခွေး… ခွေးမ'

ကျော်ကိုလတ် ဝုန်းခနဲ ထသည်။

မေမေ၏တားဆီးမှု မရခင်ဝယ် ကျော်ကိုလတ်၏ လက်ဝါးသည် သဲမာ၏ ပါးပြင်ပေါ်သို့ ဖြန်းခနဲ ရောက်သွားသည်။ သဲမာ ဆက်တီခုံဘေးသို့ ခွေခနဲ လဲကျသွားသည်။

'နွား… နွား ငါ့ကိုရိုက်တယ် ဟုတ်လား'

ထပ်မံရိုက်ရန် ကြိုးစားသည်။

မေမေက ရှေ့မှ ကာဆီးလိုက်၏။

'ကိုကိုလတ်… မေမေ့ စကားနားထောင်ပါ၊ မင်းဆိုဖာပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်နေစမ်းပါ'

'သားကို အရှမ်းစော်ကားလွန်းနေပြီ မေမေ'

'အေး… ဘဝတွေ ပြတ်တော့မယ့်ဟာ၊ မင်းငြိမ်ငြိမ်မနေနိုင်ဘူးလား'

တင်းမာနေသည့် စိတ်ကို လျှော့သည်။

မေမေသည် ဖုန်းခွက်ကိုမပြီး ဂဏန်းကွက်လေးများကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြန်၏။

'ဟလို… ဟလို'

'….'

'ဦးဘုန်းကျော် အိပ်များနေပြီလားရှင်'

'….'

'ဟုတ်လား၊ ကျွန်မ ဦးဘုန်းကျော်နဲ့ စကားပြောပါရစေ'

ဖုန်းခွက်ကို နားမှာ ကပ်ထားသည်။

မေမေက မျက်လုံးကို အသာစွေစောင်းပြီး သဲမာကို လှမ်းကြည့်သည်။

ပြဿနာကြားတွင် ဘွားဘွားမပါသည်ကိုတော့ ဝမ်းသာရသည်။

မင်းကွန်းသွား၍ တရားအားထုတ်နေသော ဘွားဘွားသည်အိမ်တွင်းရေး အခြေအနေများကို သိရှိလိမ့်မည် မဟုတ်ချေ။

သိလျှင် ဘွားဘွား တရားပျက်လိမ့်မည်။

'ဦးဘုန်းကျော်လား'

'….'

'အရေးကြီးလို့ပါ ဦးဘုန်းကျော်၊ တိုက်ကို ခဏကြွခဲ့ပါဦး၊ လိုအပ်တဲ့ စာရွက်စာတမ်းများလည်း ယူခဲ့ပါရှင်'

'….'

'ကွာရှင်းပြတ်စဲခြင်း အတွက်ပေါ့ရှင်၊ မေလတ်တို့မှာ အရေးကြုံရင် သူငယ်ချင်းရှေ့နေကြီးကိုပဲ အပူကပ်အားကိုးရတဲ့ဟာ'





'….'

'ဟင်း… ဟင်း'

မေမေရယ်သည်။

မေမေ့အရယ်သည် ခြောက်သွေ့လွန်းသည်ဟု ကျော်တို့ လတ်ထင်သည်။

ဆယ်မိနစ်ခန့်သာကြာသည်။

တိုက်ထဲသို့ သဲမာ၏ မေမေ ကားနှင့်ပေါက်ချလာသည်။

'ဘယ်လိုများ ဖြစ်ကြတာလဲ မေလတ်ရယ်'

'မင်းရဲ့သမီးကိုပဲ မေးပါခိုင်'

ဒေါ်ခိုင်သဇင်က သဲမာကို လှမ်းကြည့်၏။

သဲမာမျက်နှာ တင်းနေသည်။

'ဘာမှမမေးနဲ့ မာမီ၊ သမီးကျော်ကိုလတ်နဲ့ မပေါင်းနိုင်ဘူး'

'ရတယ် သဲမာ၊ ငါကလည်း မေမေ စိတ်ချမ်းသာအောင်လို့ဆိုပြီး မင်းကို လက်ထပ်လိုက်ရတာ၊ အိမ်ထောင်စကျကတည်းက မင်းနဲ့ငါ သဘောတိုက်ဆိုင်မှု မရှိခဲ့တာပဲ၊ တို့မိသားစုက အေးအေးချမ်းချမ်း နေတတ်တယ်၊ ဘာသာတရားကိုင်းရှိုင်းတယ်၊ မင်းက ဒီလိုမဟုတ်ဘူး'

'ဒီမယ်… ရှင် စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ ကွာမယ် ရှင်းမယ် မဟုတ်လား'

'ဆုံးဖြတ်ပြီးသားပဲ'



www.burmeseclassic.com

www.burmeseclassic.com



သဲမှာ မျက်နှာမဲ့ရှုံ့သွား၏။

'ဒါဖြင့် လက်ထပ်ပွားပစ္စည်းစာရင်း ရှင်းမယ်'

'ဘာပြောတယ်အေ့'

မေမေဝင်လာသည်။

ဒေါ်ခိုင်သဇင်မှာ မျက်လုံးအဝိုင်းသားနှင့် ကျောက်ရုပ်လို ဖြစ်နေသည်။

'လက်ထပ်ပွားဆိုရအောင် ငါ့သားက ဘာတွေရှာထားလို့လဲ၊ ငါ့ပစ္စည်းတွေကို လက်ထပ်ပွားဆိုပြီး ညည်းကိုတစ်ဝက်ခွဲပေးရမှာလား'

'မေလတ်ရယ် ခိုင် ပြောပါရစေဦး'

သဲမှာက ဒေါ်ခိုင်သဇင်ကို စူးခနဲ လှမ်းကြည့်သည်။

'မာမီ ဘာမှမပြောနဲ့၊ ကာယကံရှင်သမီးနဲ့ပဲပြောမယ်'

ဒေါ်ခိုင်သဇင် ငြိမ်ကျသွားသည်။

အခြေအနေအားလုံးကို ချက်ချင်း ရိပ်စားမိပြီးလည်း ဖြစ်သည်။

ကြိုးတစ်မျှင်သည် ပြတ်အံ့ဆဲ အနေအထားမှာ ရောက်နေ၏။

'ခံစားခွင့်မရဘဲနဲ့ ကွာရှင်းမှုလက်မှတ်ကို ဘယ်တော့မှ မထိုးဘူး မှတ်လိုက်'

'အော်… ညည်းက ပစ္စည်းအရမ်းမက်သလား၊ ပစ္စည်းမက်ပြီး ငါ့သားကို ယူတာလား'

မေမေ၏ဒေါသများ အထွတ်အထိပ်သို့ ရောက်နေပြီ





ဖြစ်၏။

သို့သော်လည်း မေမေသည် စိတ်ကို ထိန်းချုပ်နိုင်သမျှ ထိန်းချုပ်သည်။

'ကဲ… ညည်းဘာလိုချင်သလဲ'

'လက်ရှိ စိန်တစ်ဆင်စာနဲ့ ငွေငါးသောင်းလိုချင်တယ်'

သဲမှာက စကားကို သံပြတ်နှင့်ပြော၏။

ဒေါ်ခိုင်သဇင်က စကားစမည်လုပ်တိုင်း သဲမှာက လှမ်းမာန်သည်။

ဒေါ်ခိုင်သဇင်သည် သမီးဖြစ်သူ၏ ရုပ်သေးရုပ်။

သမီး၏အခြေအနေ အားလုံးကိုလည်း နားလည်သင့်သလောက် နားလည်ထားသဖြင့် ပါးစပ်ကို အာစေးထည့်ထားသလို ငြိမ်နေရ၏။

'ကောင်းပြီ၊ ငွေစကားပြောတော့လည်း ငွေနဲ့ပဲ အလုပ်လုပ်ပေးတာပေါ့၊ ဒီမယ် မှတ်ထား ငွေငါးသောင်းကို အရည်ဖျော်ပြီး ငါ့သားကို လူပျိုပြန်ဖြစ်အောင် တိုက်ချွတ်မယ် သိလား'

'မေလတ်၊ ခိုင့်မျက်နှာကိုလည်း ထောက်ပါဦး၊ ရှင်းကြလင်းကြပြီပဲ ဒီလောက်ပြောဖို့ မကောင်းပါဘူး'

'အို… သိပ်ပြောသင့်တာပေါ့၊ မင်းသမီး တို့အပေါ် ဘယ်လို ယုတ်မာဖောက်ပြန်ခဲ့တယ်ဆိုတာ အိမ်ရောက်မှ တိုးတိုးတိတ်တိတ်ပြန်မေး'

တိုက်ရှေ့မှာ ကားရပ်သံ ကြားရသည်။

'ဟော… ဦးဘုန်းကျော်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကျော် ဝင်လာသည်။

မေမေက ထိုင်ပါဦးဘုန်းကျော်ဆိုပြီး နေရာထိုင်ခင်း ပေးသည်။

ပြီး ဦးဘုန်းကျော်နားကပ်ပြီး စကားကို တီးတိုးဆိုၡ၏။

'လက်နှိပ်စက် ရှိတယ် မဟုတ်လား'

'ရှိတယ်ဦးဘုန်းကျော်'

'ဒါဖြင့်ရင် သက်သေအဖြစ် ရပ်ကွက်လူကြီးတစ်ဦးဦး ကို ခေါ်ခိုင်းပေးပါလား မေလတ်၊ ဖြစ်ပါ့မလား'

'အာ··· ဖြစ်ပါတယ်၊ ဦးကျော်လှိုင်က မေလတ်တို့လမ်း က ရပ်ကွက်လူကြီးပဲ၊ မောင်ဇော်ထွေး···'

မေမေက ဇော်ထွေးကို လှမ်းခေါ်သည်။

ဇော်ထွေးအနားရောက်လာ၏။

'ကားနဲ့သွား··· ဦးကျော်လှိုင်ကို ခဏလေးကြွခဲ့ပါလို့ မေမေလတ်က တောင်းပန်ပြီး ခေါ်ခိုင်းတယ်လို့ပြော၊ ဟုတ်လား'

'ဟုတ်ကဲ့ မေမေလတ်'

ဇော်ထွေးအပြေးကလေး ထွက်သွားသည်။

မေမေသည် ပြဿနာကို အစီအစဉ်လိုက် ဖြေရှင်းတတ် သူဖြစ်သည်။

ကျော်ကိုလတ်သည် သဲမာကို လှမ်းကြည့်မိသည်။

နာကျင်မှုက မာနများကို ဆွဲဖျက်ပစ်လိုက်၏။

မျက်စိထဲတွင် ပီတာဆိုသည့်ကောင်၏မျက်နှာ။

ပြီးတော့ ပါတီတက်နေသည့် သဲမာ လှုပ်ရှားမှုများ





အားလုံးကို ရေးရေးထင်လာသည်။

မျက်စိကို စုံမှိတ်ထားလိုက်သည်။

ရှေ့နေဦးဘုန်းကျော်၏ လက်နှိပ်စက်ရိုက်သံ တဖြောက် ဖြောက်က နားထဲသို့ တစ်ချက်တစ်ချက် ဝင်လာသည်။

ဇော်ထွေးပြန်ရောက်လာသောအခါ ဦးကျော်လှိုင် ပါလာ သည်။

မေမေက နှစ်ဦးသဘောတူ ကွာရှင်းကြပါတယ်ဆိုသည့် စကားမျှသာပြောပြီး လူကြီးများရှေ့တွင် သဲမာတောင်းဆိုသည့် ပစ္စည်းများကိုပေးသည်။ ပြီးတော့···

'သား··· လက်မှတ်ထိုး'

မေမေ့အသံက ဩဇာတတ်ဖြင့်လေးနက်တည်ငြိမ်နေ၏။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း စာချုပ်ပေါ်တွင် လက်မှတ်ထိုးသောအခါ လက်ကလေးက ဆတ်ခနဲ တုန်ယင် သွားသည်။

အို··· ဘုရားသခင် ဘဝတွင် သည်လိုစာရွက်မျိုးပေါ် တွင် သည်လိုလက်မှတ်မျိုးကို သည်တစ်ကြိမ်သာ ထိုးခွင့်ကြုံသူ ဖြစ်ရပါစေလို၏။

ကျော်ကိုလတ်ရင်မှာ ဆုတောင်းပဲ့တင်သံတွေ တုန်ခါနေ တော့သည်။

ဩော်··· ဘဝတစ်ခုတော့ ပြီးဆုံးသွားပြီပဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



# (၃၀)

'ခရီးတိုလေးကို အပျော်ထွက်တယ်ဆိုတာ စိတ်ပြေလက်ပျောက်ပေါ့ စပယ်၊ ရုံးအလုပ်ရုံးတာဝန်နဲ့လူတွေကြားထဲမှာ နေရတော့ စိတ်က မကြည်လင်ချင်ဘူး၊ ခုလို မြို့ပြနဲ့ အလှမ်းကွာနေတဲ့နေရာတွေ သွားရတာ စိတ်လန်းဆန်းတာပေါ့'

ကားကို ထိန်းမောင်းရင်း ဦးသက်တင်က ပြောသည်။ နွဲ့ဝေက ပြုံးပြီး မျက်နှာကို လှမ်းကြည့်၏။

'စပယ် ကျောက်ဆည်ကို ရောက်ဖူးလား'

'ရထားပေါ်ကပဲ ဖြတ်သွားဖူးတာ ဦးသက်တင်၊ မန္တလေးမှာ တစ်နှစ်သာပြည့်တော့မယ်၊ ကျောက်ဆည်ဆိုလို့ တစ်ခါမှ မဆင်းဖြစ်ဘူး၊ ခုလည်း နွဲ့ဝေက အဖော်ညှိလို့'

'အင်း… နွဲ့ဝေကတော့ သူများအကျိုးဆို ဆောင်တတ်





ပါတယ်ဗျာ'

ဦးသက်တင် စကားကြောင့် စပယ့်မျက်နှာ တည်သွားသည်။

'ဘာကို ဆိုလိုတာလဲ ဦးသက်တင်'

'စပယ်မရောက်ဘူးတဲ့နေရာကို လိုက်ပြတယ်၊ လိုက်ပို့တယ်ဆိုတာ အကျိုးဆောင်တာပေါ့ဗျာ'

ပင့်သက်ကို အသာချသည်။

အစ ပထမက ကျောက်ဆည်လာဖို့ အစီအစဉ်မရှိ။

ကျောက်ဆည်မှာ နွဲ့ဝေ၏ သူငယ်ချင်းများရှိသည်ဆိုသည့် စကားမှအစပြုပြီး သွားလည်ရအောင် စပယ်ဟု နွဲ့ဝေက ဆိုခဲ့သည်။

ခေါင်းညိတ်ခဲ့စဉ်က ဦးသက်တင် ပါမည်မှန်းမသိ။

ကျောက်ဆည်ဆင်းရန် ရွှေဆည်မန်း ကားဂိတ်သို့ရောက်မှ ဦးသက်တင် ဗီလီဂျစ်ကလေး ပေါက်ချလာသည်။

ဦးသက်တင်က ဘယ်သွားကြမှာလဲ မေးသည်။

ပြီးတော့ ကျွန်တော် လိုက်ပို့ပါရစေဆိုပြီး စကားချီပြီး ပါလာခဲ့ခြင်း ဖြစ်သည်။

ဦးသက်တင်က ကားကိုမောင်းရင်း မှန်ဝိုင်းပြားလေးထဲမှနေ၍ နောက်သို့ လှမ်းကြည့်သည့် အဖြစ်ကို သိသည်။

စပယ်က မျက်လုံးကို ဘေးဝန်းကျင်သို့ ရွှေ့လှုပ်းလိုက်သည်။

'ဟိုးမှာ… ကျောက်ဆည် ရွှေသာလျောင်းတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို လှမ်းမြင်နေရပြီ တွေ့လား…'

ဦးသက်တင်က ကားလီဗာကို အသာလျှော့ပြီး မေးဆတ်ပြသည်။

'ဒီဘက်က ဝေဘူချောင်လေ၊ စိတ်နှလုံးငြိမ်းချမ်းသူတွေအတွက် တရားအားထုတ်ဖို့ အင်မတန်ကောင်းတဲ့နေရာပေါ့'

ပြောပြီး ဦးသက်တင်က ပြုံးသည်။

ရည်ရွယ်၍ ပြောမှန်းလည်း သိသည်။

'အင်း… တစ်နေ့ရောက်ချင်လည်း ရောက်လာနိုင်ပါတယ် ဦးသက်တင်၊ ဘုရားရိပ် တရားရိပ်လောက် အေးမြတဲ့နေရာမရှိဘူးလို့ စပယ် ယုံကြည်ထားပါတယ်'

'အာ… ကျွန်တော်က နောက်တာပါဗျာ၊ ရိပ်ကြီးတော့ မခိုလိုက်ပါနဲ့ဦး'

သူ့စကားကိုသူ သဘောကျစွာ ရယ်သည်။

နွဲ့ဝေကပါ အသံကလေးထွက်အောင် ရယ်သည်။

တောင်နောက်ရွာသို့ လွန်သည်နှင့်ကျောက်ဆည်မြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏ဆိုသည့် အစိမ်းရောင်ဆိုင်းဘုတ်ကို ထင်းခနဲ မြင်တွေ့ရသည်။

အေးချမ်းသော မြို့ကလေးတစ်မြို့ကို တွေ့ထိရသည်။

ဦးသက်တင် ကားကို ပြည်နိုင်ရှိ သူ့မိတ်ဆွေ၏ ဝိုင်းမှာ သွားအပ်သည်။

ရွှေသာလျောင်းခြေတော်ရင်းသို့ လမ်းလျှောက်ခဲ့ကြသည်။





မျက်နှာသုံးခုက မျက်နှာစိမ်းအဖြစ် သိသာလွန်းသည်။

လမ်းပေါ်မှ မျက်လုံးများက စပယ်တို့ဆီ စုပြုံရောက်လာသည်။

'မြို့က ကျဉ်းတယ်မဟုတ်လား၊ လူစိမ်းဝင်ရင် သိပ်သိသာတာ'

နွဲ့ဝေကပြောသည်။

စပယ်က နံဘေးတွင် စီးဆင်းနေသော မြောင်းကြီးကို ကြည့်ပြီး…

'လူတွေ မြောင်းထဲမှာ ရေချိုးကြတယ်နော်'

နွဲ့ဝေက အသံကလေးထွက်အောင် ရယ်၏။

'အဲဒါ မင်းရဲမြောင်းလို့ခေါ်တယ် စပယ်ရဲ့၊ ဇော်ဂျီမြစ်ရေကိုဆည်ပြီး လွှတ်ပေးတာ၊ ရေက သန့်တယ်၊ ကျောက်ဆည်မြို့သူတွေ ဒီရေချိုးပြီး လှလာကြတာပဲ'

'ကေနွဲ့… နွဲ့ဝေက ကျောက်ဆည်သူ ထင်တယ်'

'ဟင်… စပယ် မသိဘူးလား'

'မသိဘူးလေ… ပြောမှ မပြောဖူးဘဲနဲ့'

'ကိုယ်က ကျောက်ဆည်မှာမွေးတာ စပယ်ရဲ့၊ ကိုယ်မန်းတက္ကသိုလ် စတက်တဲ့နှစ်ကစပြီး မိသားစုအားလုံး မန္တလေးပြောင်းကြတာ'

'ဪ…'

မင်းကုန်းကျောင်းရှေ့ရောက်လာသည်။

မြောင်းနံဘေးတွင် စီတန်းနေသည့် ကုက္ကိုတန်းလေးကို


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ရင်မှာ အေးချမ်းသလို ခံစားရသည်။

မြောင်းနံဘေးမှာ လက်ဖက်ရည်ဆိုင်လေးများက အထင်ကရရှိသည်။

ပန်းကမ္ဘာဆိုင်။

အန့်တီခင့်ဆိုင်။

ကျောက်ဆည်မှာနေစဉ်က ညညများတွင် မြောင်းဘေးရှိ အန့်တီခင်၏ လက်ဖက်ရည်ဆိုင်တွင် မေမေနှင့်လာလာထိုင်တတ်သည်ဟု နွဲ့ဝေကပြောသည်။

'ကျောက်ဆည်ဈေးထဲ ဝင်ရအောင် စပယ်၊ အဲဒီကနေပြီးမှ ကိုယ်တို့တောင်ပေါ်တက်ကြတာပေါ့'

ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

ဈေးထဲဝင်ခဲ့သည်။

မြို့ငယ်ကလေး၏ ဈေးသည် သေးသေးကွေးကွေးမျှသာ ဖြစ်လိမ့်မည်ဟု စပယ် ထင်ခဲ့သည်။

ဝင်ကြည့်မှ ရန်ကုန်မှ သိမ်ကြီးဈေးကြီး၏ ထက်ဝက်မျှ ကျယ်ဝန်းသည်ကို တွေ့ထိရသည်။

လျှောက်ကြည့်ရင်း ရွှေဆိုင်တန်းဘက် ရောက်လာသည်။ ရွှေဆိုင်နှင့်အထည်ဆိုင်ကြီး တွဲထားသည့်ဆိုင်ရှေ့အရောက်တွင် နွဲ့ဝေက ဆိုင်ပေါ်မှ အမျိုးသားနှင့်အမျိုးသမီးကို လှမ်းနှုတ်ဆက်၏။

'ဦးသက်တင်နဲ့စပယ်တို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကိုကံညွန့် မမြင့်ရွှေတဲ့၊ ရတနာကုန်သည်အထည်ကုန်





သည်ကြီးတွေပေါ့၊ ကျောက်ဆည်မြို့မှာ ကိုကံညွန့်ဆိုင်က ရွှေဆိုရင်တော့ စိတ်အချရဆုံးပဲ စပယ်'

ရယ်ရယ်မြူးမြူးနှင့်မိတ်ဆက်ပေးသည်။

စပယ်က ဆိုင်ပေါ်မှ မျက်နှာနှစ်ခုကိုပြုံးပြီး လှမ်းကြည့်သည်။

အမျိုးသမီးက အမျိုးသားထက်ဝသည်။ ဝသော်လည်း မျက်နှာပေါက်က ငယ်နုနေ၏။

ပြုံးရယ်သော အပြုံးတွင် ဟန်ဆောင်မှုမပါ။

မျက်နှာကြည့်ရုံနှင့် ပွင့်လင်းရိုးသားမှုန်း စပယ်ချက်ချင်းလေ့လာမိ၏။

'သေသေချာချာ မှတ်ထားမယ်နော် စပယ်၊ စပယ့်မင်္ဂလာသဘင်အတွက် ကိုကံညွန့်-မမြင့်ရွှေတို့ဆိုင်က စိန်တစ်ဆင်စာနဲ့ ရွှေတစ်ဆင်စာကို ကြိုမှာထား'

နွဲ့ဝေက ရယ်ပြီးနောက်သည်။

စပယ့်မျက်နှာ ရဲခနဲ ဖြစ်သွား၏။ ဦးသက်တင်ကမူ ပြုံးလျက်နေသည်။

နှုတ်ဆက်ပြီး ပြန်ထွက်လာသောအခါ နွဲ့ဝေကို တံတောင်နှင့်တွက်မိ၏။

'တော်တော်လောင်နော် နွဲ့ဝေ၊ မဟုတ်က ဟုတ်ကတွေ...'

'မဟုတ်က ဟုတ်ကဆိုတာ ဟုတ်လားဦးသက်တင်'

'ဟယ်... နွဲ့ဝေ... အစုတ်မ'



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပိုမို ရဲသွားရသည်။ ဆက်ပြောလျှင် ပိုဆိုးလာမည့် အဖြစ်ကိုသိသည်။

စကားလမ်းကြောင်း ပြောင်းပစ်ရ၏။

'ဆာတယ်ကွာ'

'အာ… စားမယ်လေ၊ ကျောက်ဆည်ဈေးထဲမှာတော့ ပေါက်ပေါက်ကြီးအသုပ်ဆိုင်က နာမည်ကြီးမဲ့'

'ကောင်းလို့လား နွဲ့ဝေ'

'အိုး… စားကြည့်လေ၊ နောက်မှကြိုက်လှပါချည်ရဲ့ဆိုပြီး မနွဲ့လေးကနေ မနက်တိုင်း ကျောက်ဆည်ဆင်းပြီး စားနေမှ ကားခနဲ့မောမယ်'

ရယ်မိကြ၏။

ပေါက်ပေါက်ကြီးအသုပ်ဆိုင်ဘက် လျှောက်ခဲ့သည်။

ပေါက်ပေါက်ကြီးနှင့် နွဲ့ဝေက သိဟောင်းကျွမ်းဟောင်း။ ပေါက်ပေါက်ကြီးဆိုသည့်အတိုင်း လူနှင့်နာမည်နှင့်လိုက်ဖက်လွန်းလှ၏။

ဝဝထောင်ထောင် မောင်းမောင်းကြီးဖြစ်ပြီး ပြုံးလိုက်လျှင်မှု လှပသောမျက်နှာပေါ်မှ ပါးချိုင့်ကလေးက ထင်းခနဲ လင်းခနဲ ပေါ်ထွက်လာတတ်၏။

စားပြီး ပိုက်ဆံမယူဘူးဆိုသဖြင့် ကျသင့်ငွေကိုအမွှေကြီး ပေးခဲ့ရသည်။

ဈေးမှထွက်ပြီး တောင်ပေါ်စတက်သောအခါ ချွေးကလေးများပင် စို့ချင်လာ၏။





'ရွှေသာလျောင်းတော်ရဲ့ အမြင့်ပေက (၉၇၅)ပေအမြင့်ရှိတယ် ဂပယ်'

နွဲ့ဝေက ပြောပြသည်။

'ကျောက်သေတ္တာတို့ ကျောက်သဘော်တို့က လမ်းခုလတ်မှာရှိတယ်၊ ဟော့… စပယ် ပြောတာကော ကြားရဲ့လားကွ၊ ဘာလဲ အမောဆိုက်နေပြီလား'

အမောကြားမှ နွဲ့ဝေကို ပြုံးပြမိသည်။ ဦးသက်တင်ကမူ စပယ့်ဘေးမှ ထက်ကြပ်မခွာ။

'ကျောက်ဆည်သူတွေ ခြေသလုံးသား လှတာသိလားစပယ်'

'ဟင့်အင်း'

'တောင်ပေါ်ဘုရားတက်ရလို့လေ၊ (၉၇၅)ပေအမြင့်ဆိုတာက ကျောက်ဆည်သူတွေအတွက် ရိုးနေပြီ'

ပြောပြီး နွဲ့ဝေက ရှေ့မှ အပြေးကလေးတက်သည်။ နွဲ့ဝေလို လိုက်ပြေးကြည့်မိသည်။

လှေကားထစ် တစ်ရှောင်းဆယ်မြောက် အုတ်ခုံလေးတွင် စပယ်သည် ခြေပစ်လက်ပစ် ထိုင်ချမိလိုက်၏။

'ဟူး… မောလိုက်တာ ဦးသက်တင်ရယ်'

'အင်း… ကျွန်တော်သာ လူငယ်တစ်ယောက်ဖြစ်နေရင်တော့ နုတ်သွက်အာသွက်နဲ့ ဟိုတောင်တန်းကို မောင်လမ်းခေါ်ပါ့မယ်ဆိုတဲ့ သီချင်းကိုဆိုပစ်လိုက်မိမှာ အမှန်ပဲ'

စပယ့်မျက်လုံး ဝိုင်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်တင်က စပယ့်နံဘေးတွင် ဝင်ထိုင်လိုက်၏။

'စပယ်'

'ဘာလဲ … ဦးသက်တင်'

'အမောကြားမှာ နှလုံးသားစကားပြောတာတော့ မဟုတ်ပါဘူး စပယ်ရယ်၊ ကျွန်တော် စပယ့်ဆီက အဖြေကိုသိချင်လှပါပြီ'

'ကျွန်မ ဦးသက်တင်ကို အဖြေပေးမယ်လို့ မပြောခဲ့ရပါလားရှင်'

'မပြောခဲ့ပေမယ့် ကျွန်တော် မျှော်လင့်ချက်တွေနဲ့ စောင့်စားနေပါတယ်ဗျာ၊ ကျွန်တော့်မှာနေ့ရှိသရွေ့ စပယ်နဲ့ပတ်သက်တဲ့ ဝေဒနာကို ခံစားနေရတာပါ'

'အင်း… ခက်လိုက်တာ ဦးသက်တင်ရယ်'

'ကျွန်တော့်ကို လေ့လာပါ စပယ်ရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ချွတ်ယွင်းချက်တွေ ကျွန်တော့်မှာ ဘာရှိလို့ပါလဲ'

'ဘာမှ မရှိပါဘူး ဦးသက်တင်၊ ဦးသက်တင်ဟာ မိန်းမတွေကျလောက်တဲ့ အရည်အချင်းတွေရှိတဲ့ လူတော်တစ်ယောက်ပါ'

'စပယ်ရယ်… ကျွန်တော် ဝမ်းသာလိုက်တာ'

မျက်နှာမှာ ဝေနေသည့် အပြုံးများကို မြင်တွေ့ရ၏။

'ဦး… ဦးသက်တင်၊ ကျွန်… ကျွန်မ ဦးသက်တင်ကို အဖြေမပေးရသေးပါဘူးနော်'

အထိတ်တလန့်ဆိုမိသည်။





ညှိုးသွားသည့်မျက်နှာကို ပြန်မြင်ရပြန်၏။

'ကျွန်တော် ဒီလိုပဲ စမနေရတော့မှာလားဗျာ'

ဝမ်းနည်းကြေကွဲရိပ်တွေ လွှမ်းနေ၏။

ဦးသက်တင်ကိုကြည့်ပြီး စပယ့်ရင်မှာ သနားသလို ခံစားရသည်။

တကယ်ဆိုမူ ဦးသက်တင်တွင် ငြင်းစရာအကြောင်းချက် တစ်စုံတစ်ရာမရှိ။

စပယ့်ရင်မှာ အမောတွေ ပိုမိုသိပ်သည်းလာသည်။

ပင့်သက်ကို ရှည်လျားစွာ ချလိုက်မိ၏။

ဦးသက်တင်က မျှော်လင့်ချက်များဖြင့် စပယ့်မျက်နှာကို လှမ်းကြည့်သည်။

'ကျွန်မကို အချိန်ပေးပါဦး ဦးသက်တင်ရယ်၊ ကျွန်မ အချစ်ကို ပြန်စဉ်းစားတဲ့အခါမှာ ဦးသက်တင်ကို အခွင့်အရေးအများကြီးပေးပါ့မယ်'

'အမလေး… ဝမ်းသာလိုက်တာ စပယ်၊ ကျွန်တော် မျှော်လင့်တကြီး စောင့်စားနေရတဲ့ စကားတစ်ခွန်းပါ၊ ပျော်တယ်ဗျာ… ကျွန်တော် အရမ်းကို ပျော်သွားပြီ'

စပယ် ပြုံးလိုက်မိသည်။

ဦးသက်တင်၏ လှိုက်လှဲစွာသော အပျော်မျက်နှာကို သည်တစ်ကြိမ်သာ ဆုံတွေ့ဖူးလိုက်၏။

'ဟော့… တက်ခဲ့ကြလေ၊ ဘာလုပ်နေကြတာလဲ'

လှေကားထစ်များပေါ်မှ နွဲ့ဝေ၏အော်သံက ဆူးခနဲရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

စပယ့်ရင်မှာ ဖိန်းခနဲ ဖြစ်သွားၡ၏။ အရှက်ဖြင့် ဦးသတ်တင်မျက်နှာကို ဖြတ်ခနဲ ကြည့်ဖြစ်သည်။

ပြုံးနေသည်။

ဩော်… ရင်မှာ ပိုရှက်သွားရသည်။

□ □ □





## (၃၁)

'ကလင်… ကလင်'

ဖုန်းမှ အသံမြည်လာသည်။

ကျော်ကိုလံတ်သည့် သတင်းစာဖတ်နေရာမှ ဆတ်ခနဲ ထပြီး ဖုန်းခွက်ကို ကောက်ယူမလိုက်၏။

'အမိန့်ရှိပါ'

'…. ကလား'

တစ်ဖက်မှ မေးသံကို ပီပီသသကြားရ၏။

'ဟုတ်ပါတယ်၊… ကိုကပါ'

'ပြင်ဦးလွင်က ခေါ်ပါတယ်၊ ပြင်ဦးလွင်နဲ့စကားပြောပါ'

ကျော်စွာမှန်း သိလိုက်၏။

ဖုန်းခွက်ကို နားမှာ ခပ်ဖိဖိ ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ'

'ဟော့ … ကျော်ကိုလတ်လား'

'ဟုတ်တယ် သူငယ်ချင်း၊ ကိုယ်ပါ'

'အရေးကြီးတဲ့ စကားပြောမလို့'

တစ်ဖက်မှအသံက အနည်းငယ် တိုးညင်းသည်။

မိုင်အဝေးကြီးပြောရသည့်အတွက် ပီပီသသမကြားရ။

'ပြောလေ … ကိုယ် နားထောင်နေတယ်'

'စပယ့်ကို မင်းရင်ထဲက သတိရသေးရဲ့လား'

ရင်မှာ အေးခနဲ ဖြစ်သွားသည်။ တစ်ဖက်မှအော်ပြောနေသည့်အသံကြောင့် အသံလှိုင်းက ပီလာသည်။

'အချစ်ဦးကို ဘယ်လိုလုပ် မေ့လို့ရမှာလဲ ကျော်စွာရာ၊ စပယ်ဟာ ငါ့ရင်ထဲမှာ အမြဲရှိနေတယ်'

'ခု စပယ် ဘယ်မှာလဲဆိုတာ မင်းသိလား'

'စပယ် ငါ့ကို ခြေရာဖျောက်သွားတာ ကြာပြီလေ'

'ခု စပယ် မန္တလေးမှာ၊ လိပ်စာ ငါရထားတယ်'

'ဟင် …'

ရင်မှာ ငြိမ့်ခနဲ ဖြစ်သွား၏။

အရေးထဲ အသံလှိုင်းက လုံးဝပြန်ပျောက်သွား၏။

'ဟလို … ဟလို … ပြင်ဦးလွင်နဲ့ပြောနေတာပါ'

'ရလား'

သူစိမ်းလူ၏ အသံကို ကြားရ၏။

'မရဘူးဗျ … ပြောနေတုန်းပြတ်သွားတာ'





ဖုန်းလှည့်သံများကြားရသည်။ ချက်ချင်းဆိုသလိုဝင် ကျော်စွာနှင့် အဆက်အသွယ်ပြန်ရသည်။

'မနေ့က သတင်းစာမှာ ပြတ်စဲကြောင်းတွေ့တယ်'

'ဟုတ်တယ် ကျော်စွာ၊ သည်းမခံနိုင်ဖွယ် ဖြစ်ရပ်တွေကြောင့် နှစ်ဦးသဘောတူ ပြတ်ရှင်းတာ၊ အဲဒါ ထားပါ၊ စပယ် မန္တလေးမှာဆိုတာ သေချာလား'

'ငါနဲ့ကိုတွေ့တာပါ၊ ဒီမှာ ကျော်ကိုလတ် သေသေချာချာ နားထောင်'

'အေး … နားထောင်နေတယ်'

'ဖုန်းထဲကပြောရတာ ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေတယ်၊ ခု ငါပြောတာကြားလား'

'ကြားတယ်'

'ဒါဖြင့်ရင် … ဒီနေ့ ၂၁ရက်နေ့ … ၂၄ရက်နေ့အရောက် မန္တလေးဘက်ကိုတက်ခဲ့၊ ငါ ပြင်ဦးလွင်ကနေဆင်းပြီး မန္တလေးဘူတာမှာ မင်းကိုလာစောင့်မယ်၊ ကြားလား'

'ကြားတယ် သူငယ်ချင်း၊ ကိုယ် ၂၄ရက်နေ့အရောက် လာမယ်၊ ဘူတာကကြို'

စကားအဆုံးဝယ် ဖုန်းလိုင်းပြတ်သွားသည်။

ကျော်ကိုလတ်သည် ဖုန်းခွက်ပုခက်ပေါ်သို့ အသာပြန်ချလိုက်၏။

နောက်သို့အလှည့်တွင် မမေ့ကို ဘွားခနဲတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ'

ထိတ်လန့်စွာဖြင့်ခေါ်မိသည်။

မေမေ၏ရှုံးနှစ်သောမျက်ဝန်းအကြည့်ဝယ် စိတ်နှလုံးသည် ပိုမို၍ တုန်လှုပ်လာသည်။

မေမေ့နှုတ်ခမ်းကလေး လှုပ်လာသည်။

ပြုံးသည်ကို ချက်ချင်း သိလိုက်၏။

အပျော်က ရင်ထဲသို့ ဒိုင်းခနဲရောက်လာသည်။

မေမေ့ကို တအားပြေးဖက်မိ၏။

တင်းကျပ်စွာ ဖက်တွယ်ထားဖြစ်သည်။

'သား ဖုန်းပြောစကတည်းက မေမေအနားမှာရှိတယ်'

'သား… သားကိုခွင့်လွှတ်ပါ မေမေ၊ သားချစ်သူဆီကို သားလိုက်သွားပါရစေ'

'လိုက်သွားမှာလား၊ သွားခေါ်မှာလား သားရယ်'

မေမေက ပြုံးရင်းဆို၏။

'သွားခေါ်မှာပါ မေမေ၊ သားချစ်သူကို မရမက သွားခေါ်မှာပါ၊ မေမေသားကို ခွင့်လွှတ်ပါနော်၊ ခွင့်ပြုပါနော်'

အပြုံးများကြားမှ မေမေက ခေါင်းကို ညင်သာစွာ ညိတ်သည်။

ဝမ်းသာစိတ်ဖြင့် မေမေ့ ပါးနှစ်ဖက်ကို နမ်းပစ်လိုက်၏။

ဪ… မေမေ အချစ်ကို နားလည်တတ်သွားပြီပဲ။

❒ ❒ ❒





(၃၂)

စက်ရှိန်အားကောင်းသော အမြန်ရထားကြီး၏ အပြေးနှုန်းကို စိတ်မှာ ငြိုငြင်နေမိသည်။

သည့်ထက် မမြန်ဆန်နိုင်တော့ဘူးလား၊ မန္တလေးမြို့ကြီးကို အချိန်တိုတိုနဲ့ မဝင်ရောက်နိုင်တော့ဘူးလား။

စိတ်မောနေသည့်အဖြစ်။

ကိုယ့်ကိုကိုယ် ပြန်တွေးပြီး ပြုံးမိသည်။

ရယ်ချင်သလို ဖြစ်မိသည်။

တဆက်တည်းပင် စပယ်၏ရုပ်ပုံလွှာကို အတွေးမှာ ပြေးမြင်သည်။

စပယ်သည်တွေ့လျှင် ရယ်ပြုံးမည်လား၊ ငြိုစိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသိနေမည်လား၊ လွမ်းလိုက်ရတာကိုကိုရယ်ဟုဆိုပြီး နှမ်းစကားနဲ့ ယန်းစကားတွေများ ပြောမည်လား။

တရိပ်ရိပ် ဖြတ်သန်းလာသော ဘူတာစဉ်များကိုပင် မကြည့်ဖြစ်တော့၊ မျက်စိကို စုံမှိတ်ထားဖြစ်သည်။

ရှေ့ခုံမှ အမျိုးသမီးကြီးသည် စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသည်ကိုလည်း သိသည်။

မေးပျော်သွားသည်မဟုတ်မှန်း သိလျှက်နှင့်မျက်စိကို စုံမှိတ်ထားဖြစ်၏။

'မန္တလေးကို ဘယ်အချိန်ဝင်မှာလဲ မောင်'

ကိုယ် တွန့်ခနဲ ဖြစ်သွား၏။

မောင်ဟုခေါ်သည့် အမျိုးသမီးကြီး၏မျက်နှာကို ဖြတ်ခနဲကြည့်သည်။

'မသိဘူးအဒေါ်'

အမျိုးသမီးကြီး တွန့်ခနဲဖြစ်သွားသည်။

နှုတ်ခမ်းကို စူသွားသည့်အဖြစ်ကို မြင်လိုက်ရ၏။

'သြော်... တစ်မျိုးကြီးပါလား'

ရင်မှာ ဆန္ဒတစ်ခုတော့ ရှိသည်။

မန္တလေးကို မြန်မြန်ရောက်ပါတော့။

မီးပွင့်များအောက်ဝယ် ကျော်စွာကို ထင်းခနဲတွေ့လိုက်ရ၏။

မြင်သည်နှင့်ကျော်စွာ အပြေးကလေးလာသည်။

'ဝီရိယကတော့ တယ်ကောင်းကွာ'





'ချစ်တာကိုးကွ'

'ငါ့ကိုလား'

'မဟုတ်ဘူး... စပယ့်ကို'

'ခွေးကောင်'

ကျော်စွာ အရယ်နှင့်ဆဲသည်။

ကျော်စွာနှင့်အတူ လိုက်ရယ်ပြီး ဘူတာအပြင်သို့ ထွက်ခဲ့၏။

'ငါက ဧော်ထွေးပါမယ်ထင်တာ'

'ဒီကောင် မအားဘူးကွ၊ ဆိုင်မှာ ဂျမ်းနဲ့သူနဲ့ထိုင်ရတာ၊ မေမေက အားလုံးကိုလွှဲထားတာ'

'တော်ပါတယ် ဂျမ်းကိုရတဲ့အတွက်လည်း ဧော်ထွေး ကံကောင်းတယ်၊ ဧော်ထွေးလို ရိုးရိုးသားသားလူရတဲ့အတွက် လည်း ဂျမ်း ကံကောင်းတယ်'

ပြုံးနေမိသည်။

စိတ်တွင်မူ စပယ့်အကြောင်းသာ သိချင်နေသည်။

စပယ့်အကြောင်းသာ ကြားချင်နေသည်။

ကားပေါ်တက်သည်အထိ ကျော်စွာဆိုသည့်ကောင်က စပယ့်အကြောင်း မပြော။

ကားကို မျှော်ချိုဘက်မောင်းနေသဖြင့် မနေနိုင်သဖြင့် မေးရသည်။

'စပယ့်ဆီ သွားမယ်လေ'

'ဟ... ညကြီးသွားလို့ကောင်းမလား၊ ငါက ရှုံးလိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



သာအတိကျသိတာ၊ နှန်းရှေ့က အိမ်ကို မသိဘူး'

'ဟာ… မင်းကလည်း'

'ကဲ့ပါ… ကျော်ကိုလတ်ရာ၊ ဒီညတည်းခိုခန်းမှာအိပ်မယ်၊ နက်ဖြန် ရုံးတက်ချိန်ကျတော့ စပယ့်ဆီသွားတာပေါ့'

ဖော့နှင့်ယှဉ်သော ပင့်သက်ကို အသာချလိုက်ရသည်။

ညြော် အခုမှ ကိန္နရာချောင်းခြားအဖြစ်မျိုးလို အချစ်လေးတွေက ကဲနေချင်သည်။

နက်ဖြန်အမြန်ရောက်ဖို့အတွက် နေမင်းကြီးကိုသွား၍ တောင်းပန်ချင်တော့သည်။

❐ ❐ ❐

ကျုံးနံဘေးမှ ဖြတ်တိုက်သည့်လေပြည်ကို အေးခနဲခံစားလိုက်ရသည်။

ကျော်စွာက လီဗာကို နှင်းသည်ဆိုရုံလောက်သာနင်း၏။

ကျုံး၏အလှကို ကားပေါ်မှ ခံစားရင်း ရင်မှာမြူးကြွနေသည်။ လက်မှနာရီကို ကြည့်လိုက်၏။

နံနက် ၉နာရီမိနစ်သုံးဆယ်တိတိ။

သည်အချိန်ဆိုလျှင် စပယ်သည် ရုံးသို့လာနေပြီကို စိတ်မှာ ခန့်မှန်းကြည့်မိ၏။

'ကျော်ကိုလတ် ရှေ့ကကားမှာ ကြည့်စမ်း၊ စပယ်မဟုတ်လား'





ရင်မှာ ထိတ်ခနဲခုန်သွားရသည်။

ဖြည်းညင်းစွာမောင်းနှင်နေသော ရှေ့မှ အစိမ်းရောင်ဝိလီဂျစ်ကားကို အထိတ်တလန့် လှမ်းကြည့်မိသည်။

'အို… စပယ်ရယ်'

ရင်မှာ ဆတ်ဆတ်ခါသွားရသည်။

'အဲဒီလူကို ငါမြင်ဖူးတယ် ကျော်ကိုလတ်၊ ပြင်ဦးလွင်လမ်းမှာ စပယ်နဲ့တွေ့တုန်းက အဲဒီလူပါတယ်'

ကျော်စွာမျက်နှာကို တုန်လှုပ်ချောက်ချားစွာကြည့်မိသည်။

ကျော်စွာမျက်လုံးအိမ်ထဲမှ အသိရခက်သော အကြည့်တစ်ခုနှင့် ရင်ဆိုင်လိုက်ရ၏။

'အလာကောင်းပေမယ့် အခါနှောင်းသွားပြီ ထင်ပါရဲ့သူငယ်ချင်းရယ်၊ ကိုယ် သိပ်နောက်ကျသွားပြီ'

မောလျစွာ ဆိုမိသည်။

ကျော်စွာက မျက်လုံးတစ်ဖက်ကို မှေးစင်းပြီး ကားဟွန်းကိုသုံးလေးချက် ဆင့်တီးလိုက်၏။

စပယ်က နောက်သို့ ဆတ်ခနဲ လှည့်ကြည့်သည်။

စပယ် မျက်လုံးလေး ဝိုင်းဝိုင်းဆက်သွားသည်ကို မြင်တွေ့လိုက်ရ၏။

'တို့ကို စပယ်မြင်သွားပြီ ကျော်ကိုလတ်၊ သူ့ကားရှေ့မှာ ထိုးရပ်လိုက်ရမလား၊ မင်း စပယ်နဲ့ ပြတ်ပြတ်သားသားရင်ဆိုင်ဖြေရှင်းလိုက်ပေါ့ကွာ၊ အမှန်တရားဆိုတာ အပြင်ကအဆင်းသဏ္ဌာန်ကို ဝေဖန်နေရုံနဲ့ ပြီးပြည့်စုံတာမှ မဟုတ်တာ'

www.burmeseclassic.com



စိတ်မှာပိုမို၍ ပန်းလာသည်။

ညကအတွေးနှင့်ပျော်ခဲ့ရသော အပျော်သည် ကမ္ဘာ့အနောက်ဖျားသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီ ထင်၏။

'မရုပ်ပါနဲ့တော့ ကျော်စွာ၊ ဒီအချိန်အခါဟာ စပယ်မျက်နှာငယ်ပြရမယ့် အချိန် မဟုတ်တော့ပါဘူး၊ ကိုယ့်လမ်းကိုယ်ဆက်မောင်းပြီး ကိုယ့်ခရီးကိုယ်ဆက်ရုံပဲ ရှိတော့တာပေါ့၊ ရှေ့မှာလမ်းခွဲလေးတစ်ခုရှိတယ် ကျော်စွာ၊ အဲဒီလမ်းရောက်ရင်ငါနဲ့စပယ်တို့နှစ်ယောက်ရဲ့ခရီးစာ အဆုံးသတ်ပြီလို့ ငါထင်တယ်'

'မဟုတ်တာကွာ'

ကျော်စွာက မျက်နှာကို တည်ပစ်လိုက်သည်။

ကားလီဗာကို နင်းဖိလိုက်၏။

ရှေ့မှကားကို ခပ်ရမ်းရမ်းကျော်တက်ပြီး ဘရိတ်ကို ခပ်ကြမ်းကြမ်း နင်းဖိလိုက်၏။

ကျွီခနဲအသံနှင့်အတူ နောက်မှကားကလည်း တုံ့ခနဲ ရပ်သွားသည်။

ကျော်ကိုလတ် နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်၏။

စပယ်ကားပေါ်မှ အပြေးကလေးဆင်းလာသည်။

'ကိုလတ်… ကိုလတ်'

စကြာဝဠာတစ်ခုလုံးတွင်ရှိသည့် အပျော်များ ရင်ထဲသို့စုပြုံရောက်ရှိလာသည်ဟု ထင်လိုက်ရသည်။

ကျော်ကိုလတ် ကားပေါ်မှ အလျင်အမြန်ဆင်းသည်။

အမောနှင့်ပြေးလာသော စပယ့်ကို ထွေးပွေ့လိုက်၏။



'ကိုလတ်ရယ်… မောင်ရယ်'

အရှက်ကလေးများ ပြေးလွှားပုန်းလျှိုးသွားကြသည်။

'စပယ်ရယ်… အချစ်ရယ်၊ မောင် အလာကောင်းပြီး အခါနှောင်းသွားပြီလားလို့ကွယ်'

'မဟုတ်တာမောင်ရယ်၊ စပယ်ရုံးကို ဦးသက်တင်နဲ့လမ်းကြုံလို့လိုက်လာတာပါမောင်ရယ်…'

ရင်မှာ လိပ်ပြာတောင်ပံလေးများ တဖျပ်ဖျပ် ခတ်သွားရသည်။

ကျော်စွာက စပယ်နှင့်ကျော်ကိုလတ်ကိုကြည့်ပြီး ပင့်သက်မောများကို မှုတ်ထုတ်လိုက်သည်။

စပယ့်မျက်နှာကို ရွှန်းရွှန်းစားစားကြည့်နေဆဲဝယ် ကားစက်နှိုးသံကို ကြားရသည်။

စပယ်တို့အားလုံး လှမ်းကြည့်လိုက်ကြသည်။

'ဩော်… ဦးသက်တင်ရယ်'

စပယ့်ရင်မှ တီးတိုးသံလေး ပွင့်ထွက်မလာမီ အစိမ်းရောင် ဝီလီဂျစ်ကားလေးသည် ကျူးအရှေ့ဘက်သို့ စက်ကုန်ဖွင့်မောင်းနှင်သွားသည်။

'စပယ်'

'ရှင်'

'ဦးသက်တင်ဆိုတာ ဘယ်သူလဲဟင်'

'စပယ့်ကိုချစ်နေတဲ့သူပါ မောင်'

ကျော်ကိုလတ် မျက်နှာညှိုးသွားသည်။

www.burmeseclassic.com



စပယ့်အဖြေကြောင့် ကျော်စွာက ခွီးခနဲရယ်၏။

'ဒါပေမဲ့ စပယ်က မချစ်ပါဘူး မောင်'

'အင်း… တော်ပါသေးရဲ့'

'ဩော်… မောင်ရယ်… မိန်းမကောင်းမိန်းမမြတ်မှန်ရင် တစ်ပွင့်ပန်ပါတယ် မောင်ရယ်၊ မောင့်အပေါ်မှာ သစ္စာမယွင်းခဲ့တာတွေကို မန္တလေးတောင်ကြီးကိုပဲ သက်သေပြရမလား၊ ရန်ကင်းတောင်ကြီးကိုပဲ သက်သေပြရမလားဟင်'

'ယုံပါတယ် စပယ်ရယ်၊ မောင် ယုံပါတယ်'

လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်သည်။

စပယ့်ကို ကားပေါ်သို့ တယုတယ တွဲခေါ်သည်။

'ဟော့ကောင်…'

'ဘာလဲကွ'

'ငါ့ကိုလည်း နည်းနည်းပါးပါးရှက်ပါဦးကွာ၊ မင်းတို့ဟာက မန္တလေးမြို့လယ်ခေါင်ကြီးမှာ'

ရယ်ဖြစ်ကြသည်။

ခံစားခဲ့ရသော အလွမ်းကလေးများသည်အရယ်များကြားဝယ် ပျောက်ကွယ်သွားရ၏။

'ချစ်နေတာကွ၊ အရှက်မဲ့နေတဲ့ အလုပ်ကို လုပ်နေတာမဟုတ်ဘူး'

'အို… မောင်ရယ်'

စပယ်က နွဲ့ဟန်ကလေးနှင့် ချစ်ဖွယ်ကောင်းနေသည်။

'အေးပါ… မင်းက ခုတော့ ငါ့ကို စကားတင်းမာရဲ





ပြီပေါ့၊ ဟင်း… စပယ် မန္တလေးမှာရှိတယ်ဆိုတာ ဖုန်းဆက်မပြောရင်လား အသည်းဟက်တက်ကြီးကွဲပြီး သေမယ့်ကောင်'

ထပ်မံ၍ ရယ်မောဖြစ်ကြသည်။

ကားဘီးစလိမ့်သောအခါ ကျော်စွာက တစ်စုံတစ်ရာကိုတွေးပြီး စဉ်းစားသည်။

'ကျော်ကိုလတ်'

'ဘာလဲ… ကျော်စွာ'

'ဒီနေ့ကို မင်း ပိုင်ဆိုင်တာလား၊ ငါပိုင်ဆိုင်တာလား'

'ဟ… ငါပိုင်ဆိုင်တာပေါ့ကွ၊ ငါ့ရဲ့မင်္ဂလာနေ့ပဲ'

'ကောင်းပြီ… ဒီနေ့ကို မင်းပိုင်ဆိုင်ရင် ဒီနေ့အတွက်တာဝန်ကို မင်းယူရမယ်'

'ဘာတွေများလဲဟ'

'မန္တလေး ဟိုတယ်မှာ ဘီယာကောင်းကောင်းသောက်မယ်၊ အစားကောင်းကောင်းစားမယ်၊ ညနေစာကိုလည်း ငါ့စိတ်ကြိုက် ဟိုတယ်မှာ ကောင်းတောင်းစားမယ်'

'လုပ်လေ… စည်းစိမ်တွေ ထက်ဝက်ပြုတ်ချင် ပြုတ်သွားစမ်းပါလေ့စေ'

ရယ်သံလေးများ ကျုံးရေပြင်သို့ ပြေးလွှားထိကပ်သွားကြသည်။

ဩော်… သည်နေ့အချစ်ကို ပြန်လည်တွေ့ရပြီပဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



## (၃၃)

'တကယ့်ကောင်ကွာ... ပြင်ဦးလွင်ကို ဟန်းနီးမွန်း အဖြစ် လိုက်ခဲ့ပါဆိုတာကို ဂဂျီဂကျောင်နဲ့၊ မိန်းမလည်းခေါ်ပြီး ရော ရန်ကုန်ကို တစ်ချက်တည်း တန်းသွားတာပဲ'

ကျော်စွာက စကားပြောလျှင် အဆီးအတားမဲ့ ပြောတတ်သည်။

စပယ်က ကျော်ကိုလတ် နံဘေးတွင် အပြုံးကလေးနှင့် ရပ်နေ၏။

ရထားထွက်ဖို့က မိနစ်နှစ်ဆယ်လိုသေးသည်။

'မေမေက ရက်အကြာကြီးဆို စိတ်ပူမှာကွ'

'ဟ... ဖုန်းဆက်ပြောလည်းရတာပဲဟာ'

'မေမေက ငါ့ကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူးကျော်စွာရ၊ ခုတောင် မင်းအမျိုးသမီးကို အပါခေါ်ပြီး





ပြန်လာခဲ့တဲ့၊ ခြေကို ရှုပ်မနေနဲ့တဲ့'

'အန်တီ မင်းကိုချစ်တာကတော့ လွန်တယ်ကွာ'

'ဟ... သားတစ်ယောက်တည်းကိုးကွ'

'ခုဆိုရင် သမီးတစ်ယောက်တိုးပြီပေါ့'

ကျော်စွာက စပယ့်ကိုကြည့်ပြီးပြောသည်။

'နောက်ဆိုရင် မြေးပါတိုးဦးမှာ မောင်'

ကျော်ကိုလတ်က လှမ်းခွပ်သည်။ ကျော်စွာမျက်နှာ ရှုံ့မဲ့သွား၏။

'အင်း... သားတွဲလောင်း သမီးတွဲလောင်း မြင်ရဦးမှာ ပေါ့ကွာ'

'အို... ကိုကျော်စွာကလဲ'

စပယ်က ရှက်မျက်နှာကလေးဆိုသည်။

'ခုမှတော့ ရှက်မနေပါနဲ့ဗျာ... နောက်လည်း မဟုတ် မှာကျနေတာပဲ'

'အို... ဒုက္ခပါပဲ'

ကျော်စွာက သူ့စကားကို သဘောကျစွာဖြင့် တဟားဟားရယ်သည်။

'ကဲ... သွားကြတော့၊ ရထားထွက်ချိန်နီးပြီ၊ သားသမီး ဆယ်ယောက်လောက်မွေးပြီးမှ ပြင်ဦးလွင်ကိုလာလည်ကြပေါ့ ဟုတ်လား'

'ဟေ့အေး... အယောက်နှစ်ဆယ်လောက်ရှိမှ လာမှာ'

'အို... မောင်တို့ကလည်းကွာ'

www.burmeseclassic.com



စပယ့်မျက်နှာတွင် ပန်းရောင်သွေးကလေးများ ဖြာသွားသည်။

ရထားထွက်ရန် အချက်ပေးခေါင်းလောင်းထိုးသောအခါ စပယ်နှင့်ကျော်ကိုလတ်တို့ ရထားပေါ်သို့အပြေးကလေးတက်ခဲ့သည်။

ဝီစီမှုတ်သံ၊ ဥဩဆွဲသံများနှင့်အတူ မန္တလေး-ရန်ကုန် အမြန်ကြီးက ဘီးစလိမ့်သည်။

ကျော်စွာကလက်ကလေးကို ဝှေ့ယမ်းပြသည်။

လူလုံးပျောက်ကွယ်သည်အထိ ကျော်စွာကို ပြန်လည်နှုတ်ဆက်ဖြစ်၏။

'မောင်…'

'ဘာလဲ … စပယ်'

'ကိုကျော်စွာကမောင့်ကို တော်တော်သံယောဇဉ်ကြီးတယ်နော်'

'ငယ်ပေါင်းသူငယ်ချင်းတွေပဲ စပယ်ရယ်'

'ပြင်ဦးလွင်မှာတွေ့တုန်းက ကိုကျော်စွာမျက်နှာ မှုန်နေတာပဲ၊ ဦးသက်တင်ကို မကြည်ဘူးထင်ပါရဲ့'

'နှစ်ယောက်တည်းသွားကြတာလား စပယ်'

'အို… မဟုတ်တာမောင်ရယ်၊ အဖော်အပေါင်းတွေနဲ့သွားတာပါ၊ ဘာလဲမောင် မယုံလို့မေးတဲ့ သဘောလား'

'အာ… မဟုတ်ပါဘူး စပယ်ရယ်၊ မောင် စပယ့်ကို အရမ်းကြီးယုံပါတယ်'



စပယ်က မျက်စောင်းကလေးဝင့်သည်။

'မောင်က စပယ့်ကိုယုံတာထက် စပယ်က စပယ့်ကိုယ်စပယ်ပိုယုံတယ်မောင်၊ အတိမ်းအစောင်းမရှိအောင်လည်းနေတယ်၊ ကိုယ့်ကိုကိုယ် တန်ဖိုးရှိအောင်လည်း နေတယ်၊ ပြီးတော့ စပယ့်စိတ်ထဲမှာလေ တစ်နေ့မောင်နဲ့ ပြန်ဆုံဆည်းရလိမ့်မယ်လို့ ယုံကြည်တယ်မောင်'

'သိပ်မှန်တာပေါ့ စပယ်ရယ်'

'ဒါပေမဲ့မောင်ရယ်…'

'ဘာများလဲ စပယ်ရယ်…'

'စပယ်ဟာ မောင့်ရဲ့အချစ်ဦးဖြစ်ပေမယ့် ဒုတိယလူပါနော်'

'စပယ်ရယ် … ကံတရားပါကွယ်'

ရင်မှာ ဝမ်းပမ်းတနည်း ဖြစ်သွားရသည်။

ကြေကွဲရိပ်ထင်ဟပ်သွားသော မျက်နှာကိုကြည့်ပြီး စပယ်က ရယ်သည်။

'မောင်ရယ်… ဘာဖြစ်လို့ မျက်နှာကြီးအိုသွားရတာလဲ၊ စပယ် မောင့်ကိုချစ်တဲ့အချစ်မှာ ဖျိုတယ် အိုတယ် မရှိပါဘူးမောင်၊ ခု မောင်ဟာ စပယ့်မောင်ဖြစ်နေပြီလေ ပြီးပြီပေါ့'

'အို… ကွယ်… အချစ်ရယ်… မောင် ဝမ်းသာလိုက်တာ'

တီးတိုးသံကလေးများ ဖြစ်ပေမယ့် ဘေးကကြားလိမ့်မည်ထင်သည်။

www.burmeseclassic.com


နံဘေးမှ အဘိုးကြီးနှင့်အဘွားကြီးက ဆတ်ခနဲ လှည့်ကြည့်သည်။

ကျော်ကိုလတ်နှင့် စပယ်ကလည်း လှည့်အကြည့်နှင့် မျက်လုံးချင်းဆုံသွားသည်။

ကျော်ကိုလတ်နှင့်စပယ်က ရယ်ပြသည်။

အဘိုးကြီးနှင့်အဘွားကြီးကလည်း ပြန်ရယ်ပြသည်။

မန္တလေး-ရန်ကုန် အမြန်ရထားကြီးကမူ ရန်ကုန်မြို့ကြီးသို့ ဦးတည် ခုတ်မောင်းနေဆဲ။

မောင်သာပြည့်

BURMESE CLASSIC



www.burmeseclassic.com